www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၅၂၀၆၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၆၉၀၆၀၇

ပုံနှိပ်ခြင်း - ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

အဖုံးဒီဇိုင်း - ဘိုဘိုထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။





www.burmeseclassic.com

www.burmeseclassic.com



လောကကြီးတွင် သူမ ဘယ်သောအခါမှ မငြင်းကွယ်မည့် အမှန်တရားတစ်ခုရှိပါသည်။ ထိုအမှန်တရားမှာ သူ့စိမ်းယောက်ျားတစ်ဦးအပေါ်တွင် မည်သည့်မျှော်လင့်ချက်မှ မပါဝင်ဘဲ ချစ်ခြင်းမေတ္တာတစ်ခုတည်းဖြင့် စွဲရှုနက်ရှိုင်းစွာ ချစ်မက်မြတ်နိုးမိခြင်းတည်း။

ချစ်ခြင်းတစ်ခုထဲဖြင့် . . .

သူ့ကို ထိုကဲ့သို့ လိုက်လှဲစွာ ချစ်မြတ်နိုးမိခြင်းအပေါ်၌ သူမကိုယ်တိုင် ဘယ်သွေသာအခါမှ နောင်တမရချေ။

သူမ၏ ချစ်မြတ်နိုးအပ်သော ချစ်သူသည် သူမနှင့် ဆုံစည်းနိုင်ခွင့်ရှိသည်ဖြစ်စေ၊ မဆုံစည်းနိုင်သည့်ဖြစ်စေ သူမကတော့ သူမ၏ချစ်သူကို ထာဝရချစ်မြတ်နိုးနိုင်သူသာဖြစ်ကြောင်း သူမကိုယ်တိုင်မှလွဲ၍ တခြားမည်သူမျှ သိရှိယုံကြည်ဖို့ရာလည်း မလိုအပ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

''စိတ်ကူးတွေ သိပ်ယဉ်မနေစမ်းပါနဲ့ တိမ်စင်သာရယ်၊ မင်းလုပ်ရပ်တွေကို ရပ်တန်းကရပ်ဖို့ အန်တီသတိပေးလိုက်ပါရဲ့နော်၊ ယောက်ျားတွေကို နည်းနည်းမှ လှေ့ကွက်မတွက်ခမ်းဖါနဲ့၊ တစ်နေ့မှာ မင်းပဲ ဒုက္ခလှလှကြီး တွေ့လိမ့်မယ်ကွဲ့သိလား''

တိမ်စင်သာသည် အန်တီဂရေ့စ်၏ စကားများကို ဂရုမစိုက်သလို လက်ထဲက ပန်းအိုးလေးကို တစ်ချက်မျှ လှည့်ပတ်ဆော့ကစားလိုက်ပါသည်။ အပျိုကြီးပီသစွာ အန်တီဂရေ့စ်ကတော့ ယောက်ျားတွေအပေါ် ဘယ်တုန်းကမှ အကောင်းမမြင်ဟု နားလည်ခံယူထားခြင်းကြောင့် အန်တီဂရေ့စ်၏ စကားများအတွက် မည်သည့်စောဒကမှ တက်ဖို့မကြိုးစားခဲ့ချေ။

''ပြောနေတာ ကြားရဲ့လား တိမ်စင်သာရယ်''

''တိမ်စင်သာက ဘာလုပ်နေလို့လဲ အန်တီရဲ့''





သူမ၏ မတုန်မလှုပ်အမူအရာကို အားမလိုအားမရဟန်ရှိနေသော အန်တီဂရေ့စ်က သူမအမည်ကိုခေါ်၍ မေးသောအခါ တိမ်စင်သာကလည်း စိတ်ရှုပ်ထွေးသောအမူအရာဖြင့် ပြန်မေးလိုက်ခြင်းဖြစ်သည့်အတွက် အန်တီဂရေ့စ်က တိမ်စင်သာကို ထူးဆန်းသော သတ္တဝါတစ်ကောင်လို ကြည့်လာပါသည်။

''ဘုရားရေ…တိမ်စင်သာ ဘာလုပ်နေလို့လဲ ဟုတ်လား၊ ညီညီဆိုတဲ့ကောင်လေးနဲ့ ညည်းဒက်ဒီကိုယ်တိုင် သဘောမတူမှန်းသိရက်နဲ့ ဘာဖြစ်လို့ ခုချိန်ထိ တွဲနေရသေးလဲ တိမ်စင်သာရယ်''

''တစ်ခုတော့ ကြိုပြီးသတိပေးလိုက်ပါရဲ့နော်၊ ညည်းဒက်ဒီဒေါသကို သဘောပေါက်ရင် အချိန်မီတယ်ဆိုရုံလေး အမြန်ဆုံးလမ်းခွဲပါလို့ တိုက်တွန်းလိုက်ပါရဲ့၊ တော်တော်ကြာ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်မှအခက်''

''ဘာဆိုင်လို့လဲ အန်တီရဲ့၊ တိမ်စင်သာတို့ချင်း ဘာပြဿနာမှမရှိတဲ့ဥစ္စာ၊ ဒက်ဒီကိုက အကဲပါနေတာ''

''ဟဲ့…ကြည့်စမ်း ကိုယ့်အဖေကို ဒီလိုပြောစရာလား၊ မဖြစ်ဘူး…မဖြစ်ဘူး ကြာရင် ဒီထက်ပိုဆိုးလာတာပဲ အဖတ်တင်မယ့်အတူတူ မောင်ငြိမ်းချမ်းလာရင်တော့ စီစဉ်စရာရှိတာ အမြန်ဆုံးစီစဉ်နိုင်းရမှာပဲ''

''အန်တီနော်…တိမ်စင်သာ မသိဘဲနဲ့ ဘာမှလျှောက်မလုပ်နဲ့သိလား၊ တစ်ခုခုဖြစ်လာလို့ကတော့ အိမ်ကထွက်ပြေးမှာပဲ''

www.burmeseclassic.com



"ဘုရားရေ…ဒါ မိန်းကလေးတစ်ယောက်ရဲ့ နှုတ်ဖျားက ပြောရမယ့်စကားတဲ့လား တိမ်စင်သာရယ်၊ ကြောက်စရာကောင်းလှချည်ရဲ့ ကလေးမရယ်"

အန်တီသည် တိမ်စင်သာကိုကြည့်ပြီး အံ့သြတုန်လှုပ်စွာ ရင်ဘတ်ကို လက်နှင့်ဖိလျက် မျက်လုံးအပြူးသား ကြည့်နေစဉ်မှာပင် သူမကတော့ မျက်နှာလှလှလေးကို ပင့်ချိုးပုတ်လျက် သူမအိပ်ခန်းလေးအတွင်းသို့ ဝင်ရောက်ပြီးဖြစ်လေသည်။

သူမ့ကို ဘယ်တုန်းကမှ အတင်းအကျပ် အမိန့်ပေးလို့မရ။ ဒက်ဒီက သူမကို တစ်ခွတ်ထိုးချုပ်ကိုင်ဖို့ ကြိုးစားလာလျှင်တော့ သူမကလည်း ဒက်ဒီ့သမီးပီသစွာ ဒက်ဒီထက် ခေါင်းမာဖို့ရာ ဘယ်တုန်းကမှ ဝန်မလေးတတ်သူ ဖြစ်လေသည်။

ညီညီ၏ ဂျစ်ကတ်ကတ်မျက်နှာပေးနှင့် မိုက်ကမ်းကမ်းအပြုအမူများအားလုံး သူမနှင့် မည်သို့မျှ မသက်ဆိုင်ဟု အမှန်အတိုင်း တွေးထားသူဖြစ်သည်။

သူမနှင့်ပတ်သက်ပြီး ညီညီက ဘယ်တုန်းကမှ လူမိုက်မဆန်ခဲ့ဘူးချေ။ သူမအတွက် လိုအပ်သည့် အကူအညီများကိုပေးရုံသာမက သူမအပေါ်တွင် အမြဲညင်သာနူးညံ့တတ်သော ညီညီလို ခင်မင်စရာကောင်းလှသည့် သူငယ်ချင်းတစ်ယောက်ကိုမည်သည့်အကြောင်းပြချက်မှ မပါဘဲ ဖြတ်တောက်စွန့်ပစ်ရမည်ဆိုတာကတော့ သူမတို့နှစ်ယောက်စလုံးအတွက် သိပ်ပြီး တရားမျှတမှုမရှိဟုထင်လေသည်။





ပြဿနာ၏အစမှာ ညီညီ၏ အပိုးမကျိုးလှသော အနေအထိုင်၊ အကြည့်အပြော၊ အပြုအမူများက ဒက်ဒီနှင့်အန်တီတို့၏ နားမျက်စိများအတွင်းသို့ ကန့်လန့်ကြီး ဝင်သွားရခြင်းမှ အစပြုပါသည်။

သည်ကြားထဲ သူဝတ်ပုံစားပုံတွေက လူကြီးသူမတွေ ဘယ်လိုမှ ကြည့်မရသည့် ဒီဇိုင်းများဖြစ်ပြီး ကြောင်ကြောင်ကျားကျား ကိုယ့်ကားယား သူ၏ဒီဇိုင်းများအတွက် သူမကတော့ ဘယ်တုန်းကမှ စိတ်အနှောင့်အယှက် မဖြစ်သည့်အပြင် သူ့ကိုပင် ကြိုက်ပြီး သဘောကျစွာ လိုက်ပြီးတုပမိသည့်အထိ ဖြစ်သည်။

သူမက ညီညီကို အားကျပြီး လိုက်တုပချင်သည့်စိတ်ကို ဒက်ဒီနှင့် အန်တီတို့ မသိကြသေးလို့ပါ။ သိများသိသွားလို့ကတော့ နေရာမှာတင် တက်ချက်သွားနိုင်သည့် အနေအထားမျိုး ဖြစ်ပါသည်။

ညီညီက အဝတ်အစား အပြင်အဆင် ဒီဇိုင်းတွေမှာသာ ဆန်းသစ်သည်မဟုတ်ပါ။ သူ့အတွေးအခေါ် စိတ်ကူးများကပြန်တော့လည်း တိမ်စင်သာအတွက် ထာဝရသစ်ဆန်းနေတတ်ပြန်ပါသေးသည်။

သူနှင့်သူမသည် ဆယ်တန်းကျောင်းသားအရွယ်မှာပင် ကျောင်းသားလောကမှာ ပြောစမှတ်ပြုအောင် နေရာယူထားပြီးဖြစ်သည့်အတိုင်း ယောကျာ်းလေးများက ညီညီ၊ မိန်းကလေးများက တိမ်စင်သာဖြစ်ကာ တခြားကျောင်းတွေက လာကြည့်ကြရသည့်



www.burmeseclassic.com

www.burmeseclassic.com



အထိ လူများစိတ်ဝင်စားအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

တက္ကသိုလ်ရောက်တော့လည်း အားလုံး၏ အသိအမှတ်ပြုခြင်းကို ခံနေရဆဲဖြစ်သည်။ အဝတ်အစားမှာလည်းကောင်း၊ ပညာထူးချွန်ရာမှာလည်းကောင်း သူများအားကျချင်စရာ၊ ငေးကြည့်နေချင်စရာ ဖြစ်နေအောင် ညီညီက ဖန်တီးနိုင်သူဖြစ်သည်။

"ငါက...ငါ့ကို လူတွေစိတ်ဝင်စားနေတာ၊ ဂရုစိုက်နေတာမျိုးကို လိုချင်တာမဟုတ်ဘူးကွ၊ ငါ့စိတ်ကူး၊ ငါ့ဆန္ဒတွေကို ငါ့ဘာသာ လွတ်လပ်စွာ ခံစားရင်ခုန်ကြည့်နေတာပါ"

"အဲဒီအတွက် ငါ့ဟာ ဘယ်သူနဲ့မှ တူနေစရာမလိုဘူး၊ ညီညီဟာ ညီညီပဲဖြစ်နေရမယ်၊ သဘောပေါက်တယ်နော်၊ ညီညီရဲ့ လွတ်လပ်ခွင့်က ဘယ်သူ့ကိုမှ မထိခိုက်ဘူး၊ ဘယ်သူ့ကိုမှ မနှောင့်ယှက်ဘူး၊အင်း...မင်းရဲ့ဒက်ဒီနဲ့ အန်တီကလွဲရင်ပေါ့ ဟုတ်လား တိမ်စင်သာ"

သူ့ပုံစံကို လုံးဝကြည့်မရဖြစ်နေသော သူမ၏ဒက်ဒီနှင့် အန်တီတို့အကြောင်းကို ကောင်းစွာ နားလည်သဘောပေါက်ထားသော ညီညီကိုကြည့်ပြီး သူမ ပြုံးနေခဲ့သည်။

ဘာပဲပြောပြော သူနှင့်သူမကတော့ စိတ်တူကိုယ်တူ သူငယ်ချင်းကောင်းများ ဖြစ်ခဲ့ကြတာကတော့ သေချာပါသည်။ တစ်ခုဝန်ခံစရာရှိသည်မှာ ညီညီနှင့်ပတ်သက်သမျှ အစိတ်အပိုင်းတော်တော်များများကတော့ သူမအာရုံကို နေရာအတော်ယူလျက် လွှမ်းမိုးထားခြင်းခံနေရတာလည်း သေချာပါသည်။





မေရျာမတူသော်လည်း အတွဲမပျက်ခဲ့ကြပါ။ ညီညီက သူ့ကျောင်းတွင် သူ့နည်းသူ့ဟန်ဖြင့် သူ့စတိုင်လ်အတိုင်း နာမည်ကြီး ထင်ရှားလူသိများသလို သူမကိုယ်တိုင်ကလည်း သူ့နည်းနှယ်နှယ်ပင် လူသိများ ကျော်ကြားသူဖြစ်ခဲ့ပါသည်။

ထို့အပြင် သူမနှင့်ပတ်သက်ဖို့ ကြိုးစားအားထုတ်လာသူ ယောကျ်ားများကို သူမ လုံးဝစိတ်အနှောင့်အယှက် မဖြစ်စေရဘဲ သူ့နည်းသူ့ဟန်ဖြင့် ဖယ်ရှားပစ်ခြင်းမှာလည်း ကျေးဇူးတင်ကျေနပ်စရာ ဖြစ်ရပါသေးသည်။

သူသည် တိမ်စင်သာအတွက် သူငယ်ချင်းကောင်းဖြစ်သလို သူ့အတွက် လိုအပ်သော အကြံဉာဏ်မှန်သမျှကို မဆိုင်းမတွ ပေးတတ်သော အဖော်ကောင်းတစ်ယောက်လည်း ဖြစ်ပါသည်။

ထိုသို့နေလာရာမှ တစ်နေ့မှာတော့ သူမအိမ်မှာ ပြဿနာအကြီးအကျယ် တက်ခဲ့ပါသည်။ အကြောင်းကတော့ ညီညီနှင့် သူမတို့ကို ချစ်သူစုံတွဲအဖြစ် အပြင်မှကြားလာသော ဒက်ဒီက ညီညီ့ပြစ်ချက်များကို ခါးခါးသီးသီး ဖော်ထုတ်လျက် သူမနှင့် ဘယ်လိုမှ သဘောမတူနိုင်ကြောင်း ပြင်းထန်စွာ တားမြစ်သတိပေးခြင်းမှ အစပြုလေသည်။

သူမက ညီညီနှင့် ချစ်သူတွေမဟုတ်ကြောင်း ဘယ်လိုပင် ရှင်းလင်းထုချေပါသော်လည်း ဒက်ဒီက နားမဝင်ခဲ့ချေ။ ဒီကြားထဲ သူက သူငယ်ချင်းတွေနှင့် ရန်ပွဲဖြစ်ပြီး ရပ်ကွက်ထဲနာမည်ကြီးသွားပြန်သေးရာ ဒက်ဒီက သူနှင့်သူမတို့ ဆက်ပြီးမပတ်သက်ဖို့ တင်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကြပ်စွာ ပိတ်ပင်တားဆီးလာသောအခါ သူနှင့်သူမကြားမှာ တစ်စုံတစ်ရာ မှားယွင်းမှုဖြစ်တော့မည်ဟု ကြိုသိနေခဲ့သည်။

အဆိုးရွားဆုံး မှားယွင်းမှုကတော့ ဒက်ဒီကိုယ်တိုင် သူနှင့်နှစ်ယောက်ချင်းတွေ့ကာ သူ၏တစ်ဦးတည်းသော သမီးလေးနှင့် သူလိုလူတစ်ယောက်ကို ဘယ်လိုနည်းနှင့်မှ သဘောမတူနိုင်ကြောင်း သွားပြောခဲ့ခြင်းဖြစ်လေသည်။

ထိုအဖြစ်အပျက်များကို သူမ လုံးဝမသိခဲ့ချေ။ ညီညီပြန်ပြောမှ သူမကတစ်ဆင့် ပြန်သိခွင့်ရခဲ့ခြင်းဖြစ်သည်။ တစ်ခု ကျေးဇူးတင်စရာ ကောင်းသည့်အချက်မှာ သူသည် ဒက်ဒီ၏ မှားယွင်းလွဲချော်နေသော စွပ်စွဲချက်များအပေါ် မည်သို့မှ မတုံ့ပြန်ခဲ့ဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ခေါင်းငုံ့နားထောင်ပေးခဲ့ခြင်း ဖြစ်သည်။

ညီညီနှင့် သူမသည် ဘယ်တုန်းကမှ ဘာမှမဖြစ်ခဲ့ကြောင်း သူတို့နှစ်ယောက်သာ အသိဆုံးဖြစ်ပါလျက် ဒက်ဒီက နားလည်မှုလွဲမှားခဲ့သည်။

"မင်းဒက်ဒီက တကယ်မလွယ်ဘူးကွ သိလား၊ ငါနဲ့သူကြားမှာ ရန်ငြိုးအကြီးကြီး ရှိနေသလိုပဲကွာ၊ တကယ်…တကယ် ငါတကယ်ပြောတာ"

ဟု မှတ်ချက်ချလိုက်ပါသေးသည်။

သူနှင့်သူမ ညဘက်မှာ တိတ်တိတ်ခိုးပြီး ဖုန်းပြောနေခြင်းဖြစ်သည်။ ထို့အတွက် ညီညီအပေါ်မှာ ဒက်ဒီပြုမိပြောခဲ့မိသမျှသူ့ကို မျက်နှာပူသက်သာရခဲ့ရပါသေးသည်။





"အဲဒီအတွက် နင် စိတ်မဆိုးဘူးမဟုတ်လားဟင်"

"မဆိုးပါဘူး…ဒါပေမယ့် နင်ဟာ ဘယ်လောက်တန်ဖိုးကြီးမှန်း အဲဒီတော့မှ ငါသိသွားတယ်၊ နင် နားလည်လား"

"ဘာကိုလဲ"

"ဩော်…နင်လိုမိန်းကလေးမျိုးနဲ့ ပတ်သက်ချင်ရင် အဲဒီလူမှာ တော်ရုံအရည်အချင်းမျိုးနဲ့ မရဘူးဆိုတာမျိုးပေါ့ကွ၊နောက်ပြီး နင့်ဒက်ဒီ ငါ့အပေါ်မှာ ထားတဲ့သဘောထား၊ အဲဒါ အဓိကပဲကွ"

"နင် သိလား၊ သူ ငါ့ကို တော်တော်မုန်းနေတယ်၊ သူ ငါ့ကို လုံးဝကြည့်မရဘူး၊ နင့်ဒက်ဒီနဲ့ ငါ့ကြားမှာ တစ်ခုခုတော့ မှားနေပြီလို့ ငါထင်တယ်၊ အဲဒါ ဘာဖြစ်နိုင်မလဲ တိမ်စင်သာ၊ ငါ့ကို နည်းနည်းလောက် ရှင်းပြနိုင်မလား၊ အနည်းဆုံး သူဘာဖြစ်လို့ နင်နဲ့ငါ့ကို သဘောမတူနိုင်တာလဲ ဆိုတာမျိုး"

ရုတ်တရက် သူမသည် သူ့ကို ဘာပြန်ပြောရမှန်းမသိအောင် ဆွံ့အသွားသည်။ ညီညီတွင် မိန်းကလေးတစ်ယောက်မက်မောလောက်သော ပိုင်ဆိုင်မှုရှိသူဖြစ်သလို ရုပ်ရည်၊ အရုပ်အမောင်းမှစ၍ ဘာဆိုဘာတစ်ခုမှ ပြောစရာမရှိအောင် ပြည့်စုံချောမောသူလည်း ဖြစ်ပါသည်။

သူကိုယ်တိုင် တစ်ဦးတည်းသော သားဖြစ်ကာ သူ့တွင် အမေမရှိပါ။ အမေဖြစ်သူက နောက်အိမ်ထောင်နှင့် နိုင်ငံခြားမှာနေပြီး ညီညီအတွက် မိခင်ဖြစ်သူဘက်က ကျန်ရှိသော အမွေမွှည်း



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ဘာမှပူပင်ကြောင့်ကြစရာ မရှိသည့်အပြင် ပိုလျှံနေပါသေးသည်။

နောက်ဆုံးပေါ် အင်္ကျီရာနံ့ပါတ်ကားကို ကိုယ်တိုင်မောင်း၍ ကျောင်းတက်နေသော စက်မှုတက္ကသိုလ် ကျောင်းသားတစ်ယောက်ဖြစ်ပြီး မဆွတ်ခင်က ညွတ်ချင်သူတွေ ညီညီအပါးမှာ ဝိုင်းဝိုင်းလည်သူတစ်ယောက် ဖြစ်သည့်အတိုင်း သူမဒက်ဒီက သူ့အပေါ်မှာ ခါးခါးသီး ငြင်းဆန်ခြင်းခံရတာကို အံ့သြနေပုံရပါသည်။

ဒက်ဒီဘက်က တစ်ဖက်သတ် အထင်မြင်လွဲမှားခဲ့ပြီး ပြောခဲ့ဆိုခဲ့မိသမျှအတွက် သူမဘက်က သူ့ကျေနပ်အောင် သင့်လျော်သည့် အကြောင်းပြချက်တော့ ပေးရပါမည်။

ထို့ကြောင့် ညီညီကျေနပ်အောင် ဘယ်လိုပြောရပါ့မှာ အပြေးအလွှား စဉ်းစားရပါသည်။

"ဒီလိုပါဟယ်…ဟိုလေ ဒက်ဒီက သူ့သမီးဖြစ်တဲ့ ငါ့ကို သိပ်ချစ်လွန်းတော့ ဘယ်လိုပြောရမလဲ သူ့ယက်ချစ်နေမယ့်သူနဲ့တွေ့သွားရင် သူ့ကိုထားသွားမှာစိုးရိမ်တဲ့သဘော၊ အဲ…အဲဒီလိုမျိုးလေနင်နားလည်တယ်မဟုတ်လားဟင်"

"အင်း…နားလည်သလိုလိုပဲ၊ ဒါပေမယ့် အဲဒီထက်လေးနက်တဲ့ အကြောင်းအရာတစ်ခုခု ရှိဦးမယ်ထင်တယ်၊ ဥပမာ သမီးရှင်တစ်ယောက်က သဘောမတူနိုင်ပါဘူးလို့ ခါးခါးသီးသီး ငြင်းပယ်နိုင်မယ့် အကြောင်းအရာမျိုးကွာ"

"နင်…စိတ်မဆိုးနဲ့နော် ညီညီ၊ ငါက နင်မေးလို့ပြောပေး





မှာနော်၊ ဒီပြင် သမီးရှင်တွေအနေနဲ့တော့ ငါမသိဘူး၊ ငါ့ဒက်ဒီကတော့ ဟို ဘာခေါ်မလဲ နင်နဲ့ငါကို သဘောမတူနိုင်ဘူးဆိုတာက ဟိုလေ…ဟို နင်ရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ဒေါင့်မကျိုးတဲ့ပုံစံကို ကြည့်မရလို့တဲ့၊ ရှင်းပြီလား"

"အေး…ရှင်းသွားပြီ၊ ကျေးဇူးတိမ်စင်သာ၊ ဒီလိုလုပ်စမ်းပါကွာ၊ အိုဓော…အိုကေ ငါနားလည်ပြီ၊ ဘိုင့်"

သူ တဟားဟားရယ်မောပြီး ဖုန်းချသွားပေမယ့် သူမကတော့ မရယ်မောနိုင်ပါချေ။ ဒက်ဒီ၏ တစွတ်ထိုးဆန်ဆန် ပြုမူပြောဆိုနေခြင်းအတွက် အဖြစ်မှန်လည်းမဟုတ်ဘဲနှင့် သူမမှာ ကြားထဲ အကြီးအကျယ် စိတ်ဂျက်စိက်ဆိုးရပါသည်။

မှားယွင်းလွဲချော်နေမှုများကို ဒက်ဒီနှင့် ဘယ်လိုရှင်းလင်း၍ မရတော့သောအခါ သူမသည် ညီညီနှင့် ပိုတွဲလိုက်ခြင်းဖြင့် ဒက်ဒီကို အရွဲ့တိုက်ခြင်းတစ်ဝက် သူနှင့်အတူရှိနေသည့် အချိန်များတွင် ပျော်ရခြင်းတစ်ဝက်ဖြင့် သူနှင့်သူမမှာ ဟိုအရင်အတိုင်း မပြောင်းမလွဲ ရှိနေကြမြဲတည်း။

"နင်…ငါ့ကို ဘယ်လိုမြင်လဲ တိမ်စင်သာ"

ရုတ်တရက်ကြီး ညီညီက မေးလာသောအခါ သူမမှာ ပခုံးနှစ်ဖက်ကို ညင်သာစွာတွန့်လိုက်ပြီး…

"နင်ဟာ…ငါ့ရဲ့ တစ်ဦးတည်းသော သူငယ်ချင်းကောင်းလို့ မြင်တာပေါ့။ ပြီးတော့ ငါတွေ့ဖူးတဲ့ ယောကျ်ားတော်တော်များများဟာ ဘာလို့ နင်နဲ့မတူပါလိမ့်လို့ ငါစဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားအဆုံးမှာ ညီညီက သူ့စတိုင်လ်အတိုင်း ဦးခေါင်းကို ဆတ်ခနဲ တစ်ချက်ခါလျက် နှုတ်ခမ်းကို တင်းတင်း စေ့လျက် ကျေနပ်စွာ ပြုံးပါသည်။

"ဘာများ စဉ်းစားစရာလိုလို့လဲ တိမ်စင်သာရယ်၊ ဘယ်သူနဲ့မှ မတူတာကိုက ညီညီဆိုတဲ့ ငါပဲပေါ့၊ ငါဟာ ငါပဲ တိမ်စင်သာ၊ ငါနဲ့တူတဲ့သူဆိုတာ ဟောဒီက ငါကိုယ်တိုင်ကလွဲပြီး တခြားတစ်ယောက်မရှိနိုင်ဘူး"

တိုးတိတ်ညင်သာစွာ သူဖြေလိုက်သည့်အခါ သူမသည် ညီညီ၏မျက်နှာကို တစ်ခါမှ မမြင်ဘူးသူတစ်ယောက်လို ခပ်ကြာကြာလေး ငေးကြည့်နေမိပါသည်။

ကြည့်စမ်းပါဦး...

ညီညီဆိုတာ တကယ့်ကိုပဲ အံ့သြထူးခြားဆန်းပြားမှုတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့သူပဲ။

ဒါကြောင့်လည်း...ညီညီဆိုတဲ့သူဟာ တခြားဘယ်ယောက်ျားတွေနဲ့ မတူတာထင်ပါရဲ့။

"အေးလေ...နင်ပြောသလိုပဲ နင်နဲ့တူတဲ့သူဆိုတာ တခြားတစ်ယောက်မရှိနိုင်ပါဘူး"

ယုံကြည်စိတ်ချစွာ သက်တောင့်သက်သာ ဆိုလိုက်သည့်အခါ သူမတို့နှစ်ဦးအကြားတွင် ပို၍နွေးထွေးသွားတော့သည်။

+ + +





## အခန်း (၂)

ညီညီ့ကို ပြဿနာများသူ၊ ကြွတ်ဆတ်ဆတ် ကြွစောင်းစောင်းနှင့် တစ်စက်မှ အပိုးမကျိုးသူအဖြစ် ဒက်ဒီက ပြင်းထန်စွာ ကဲကဲဆတ် စွပ်စွဲနေချိန်မှာ သူမကတော့ သူ အဲဒီလိုဖြစ်နေရခြင်း အပေါ်မှာ ဘာတစ်ခုမှ ပြစ်တင်ဝေဖန်ခြင်း မပြုခဲ့ချေ။

လူတစ်ယောက်မှာ အကျင့်ဗီဇတစ်မျိုးစီ ရှိကြသည်ဖြစ်ရာ ညီညီကိုလည်း သူ့ဝါသနာ၊ သူ့ဗီဇအတိုင်း ပြုမူနေထိုင် ပြောဆိုတတ်သူအဖြစ်သာ မြင်လေသည်။

တခြားသူကို မကြည့်ပါနှင့်။ သူမ၏ဒက်ဒီကို အရင်ကြည့်ပါ။ ဒက်ဒီသည် ကိုယ်မှန်သည်ဟု ထင်လျှင် ခေါင်းမာစွာ တစွတ်ထိုးဆန့်ဆန့် ပြုမူပြောဆိုလုပ်ကိုင်တတ်သည့်နေရာမှာ မည်သူမှ လိုက်မမှီချေ။

သူ့ဆုံးဖြတ်ချက်အတိုင်း လုပ်၍ မှန်လျှင် ခေါင်းမော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ကော့နေတတ်ပြီး သူမှားလျှင်လည်း တစ်ယောက်တည်း အလှူ အလဲ ကြိတ်ခံလျက် အများအမြင်မှာတော့ ဘာမှမဖြစ်လေဟန်ဖြင့် အစွမ်းကုန် လွတ်လပ်ပေါ့ပါးချင်ဟန်ဆောင်ကာ ပြုံးရယ်နေဖို့ ကြိုးစားတတ်သူမျိုး ဖြစ်သည်။

"စိတ်ထဲရှိတဲ့အတိုင်း လုပ်ခွင့်ရလိုက်တာ ဘယ်လောက် စိတ်ချမ်းသာတယ်ထင်လဲ၊ ကိုယ်က ဒါကိုလုပ်ချင်နေပါရဲ့နဲ့ မလုပ် ဖြစ်အောင် မျိုသိပ်ပြီး သင့်ပါ့မလား၊တော်ပါ့မလား၊ ရှုံးမှာလား မြတ်မှမြတ်ပါ့မလား သံသယတွေနဲ့ စိတ်ကို ဒွိဟဖြစ်အောင် ဒုက္ခ ခံနေမယ့်အစား တုံးတိုက်တိုက် ကျားကိုက်ကိုက် ရဲရဲဆုံးဖြတ်တာ အကောင်းဆုံးပဲ၊ ငွေလည်းကုန်၊ လူလည်းပင်ပန်းရမယ့် အလုပ်မျိုး တော့ လုံးဝရှောင်တယ့်ဗျာ၊ နှစ်ခါနာမယ့်အလုပ် ဘာတစ်ခုမှမလုပ် ဘူး"

ဒါက ဒက်ဒီရဲ့ လက်သုံးစကားပါ။

ပြောသည့်အတိုင်းလည်း ဒက်ဒီက ဘယ်လိုကိစ္စကိုမဆို လုပ်ရဲကိုင်ရဲ ဆုံးဖြတ်ရဲသူဖြစ်ခဲ့သည်။ ဒက်ဒီသမီးဖြစ်ရသော တိမ်စင်သာသည်လည်း အဖေတူသမီးပီသစွာ ကိုယ်မှန်သည်ထု ထင်သမျှ လုပ်တတ်သူ။

ပုံစံတူနှစ်ယောက် ထိပ်တိုက်တွေ့ကြသောအခါ သေးသေးမွှားမွှားကိစ္စ ဘာတစ်ခုမှမရှိတော့။ မိုးမီးလောင်မတတ် ဒေါသကြီးတတ်သော ဒက်ဒီနှင့် ထုံပေပေ တိမ်စင်သာက ဒက်ဒီ ကို ဘာတစ်ခုမှ ပြန်မပြောသလို နားထောင်ချင်မှ ထောင်တတ်သူ။





ထိုနှစ်ဦးကြားမှာ ခေါင်းပူနားပူရသူက အန်တီဂရေ့စ် ဖြစ်သည်။ မောင်ဖြစ်သူဘက်ကို ပါတော့မယောင်ယောင်နှင့် မိတဆိုးမလေး တိမ်စင်သာဘက် ရောက်ရောက်လာတတ်ပြီးမှ မနည်းဘရိတ်အုပ်ကျန်ရစ်တတ်သူ။

ဒက်ဒီစကားကို နားထောင်ဖို့ အာပေါက်မတတ် ပြောဆို ဆုံးမနေတာကို ကြားပေမယ့် ပြန်မပြောမိပါ။ စိတ်ထဲမှာတော့ သူမကိုယ်သူမ ဘာတစ်ခုမှ အမှားမရှိဟု ယုံကြည်စိတ်ချနေသည်။

"ငါ နေမကောင်းဘူး တိမ်စင်သာ"

ဖျော့တော့အားနည်းစွာ ပြောလာသည့် ညီညီ့ဖုန်းကို လက်ခံရရှိပြီးနောက် သူမတတ်နိုင်သည့်ဘက်မှ လူမမာဖြစ်နေသော ညီညီကို ကူညီရန် ဆုံးဖြတ်ခဲ့ခြင်းမှာ ဒက်ဒီအမိန့်အာဏာကို တမင် အရွဲ့တိုက် ဆန့်ကျင်တာမဟုတ်ကြောင်း သူမသာ အသိဆုံးဖြစ် သည်။

ဒက်ဒီက သူမကို ညီညီနှင့်မပတ်သက်ဖို့ ခါးခါးသီးသီး *တားမြစ်နေချိန်မှာ သူမကတော့ ဒက်ဒီမသိအောင် သူ့ကို ဆေးခန်း* ကြိုပို့တာဝန်ကို တိုက်တဆိတ် တာဝန်ယူထားရုံမက သူ့အတွက် လိုအပ်မည့် လူမမာစာများကို အလွယ်တကူ စားသောက်နိုင်အောင် ကြိတ်ပြီး စီစဉ်ဆောင်ရွက်ပေးခဲ့လေသည်။

ညီညီ ဖျားနာနေချိန်မှာတော့ တကယ့်ကလေးငယ် တစ်ယောက်နှင့် တူလေသည်။ သူ့နားတွင် သူမမှလွဲ၍ တခြားမည် သူတစ်ဦးတစ်ယောက်မှ ရှိ၍မနေခဲ့ခြင်းမှလည်း သူ့စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



အတော်လေးထိခိုက်စေသော အကြောင်းအရင်းလည်း ဖြစ်ပါသည်။

သူ အဖျားတက်နေချိန်မှာတော့ သူမက သူ့ကို အညင်သာဆုံး ပြုစုပေးခဲ့သည်။ သူမလို တစ်ဦးတည်းသော သမီးလေးအတွက် ညီညီသည် သူမ၏အစ်ကိုတစ်ယောက် ဖြစ်သလို မောင်တစ်ယောက်လည်း ဖြစ်နေပါသည်။

ထို့အတူ ညီညီလို တစ်ဦးတည်းသော သားတစ်ယောက်အတွက် သူမသည်လည်း သူ့အတွက် တစ်ဦးတည်းသော ကွယ်တာစရာ ဖြစ်နေပါလိမ့်မည်။

ညီညီနှင့် သူမကြားတွင် မည်သည့်အရောင်မှ စွန်းထင်းမနေသော အဖြူရောင်သံယောဇဉ်သက်သက်သာရှိကြောင်း သူမတို့အပေါ် အထင်အမြင်လွဲမှားနေသော ဒက်ဒီကို သိစေချင်လှသည်။ ညီညီက သူမကို သန့်ရှင်းစွာ ခင်တွယ်နေသလို သူမကလည်း ညီညီ့အပေါ်မှာ ဆွေမျိုးရင်းချာတစ်ယောက်လို ရင်းနှီးတွယ်တာခဲ့သည်။

လူငယ်တွေရဲ့ သဘောထားမှန်ကို မသိဘဲနှင့် ဒက်ဒီအနေဖြင့် အခုလို တစ်ဖက်သတ်ကြီး ဇွတ်အတင်း ဝင်ရောက်စွက်ဖက်ဖို့ မကောင်းလှပါ။ သို့သော်လည်း သူမှန်လျှင် ဘာမဆိုလုပ်တတ်သော ဒက်ဒီအတွက် အခုကိစ္စမှာ ဘယ်သူ့မျက်နှာမှ ထောက်ညာစရာ အကြောင်းပြချက်လည်း မရှိခဲ့ချေ။

ခိုးကြောင်ခိုးဝှက်လုပ်ပါသည်ဆိုမှ လူမိခံရသူက တိမ်စင်သာ ဖြစ်သည်။ ညီညီ့ကို ဆေးခန်းကိုသွားအပို့ တိုက်ဆိုင်စွာပင်





သူမတို့ကို ဒက်ဒီက သူ့ကားပေါ်မှ လှမ်းတွေ့ဖြစ်အောင် တွေ့လေသည်။

ဒက်ဒီကားပေါ်တွင် တခြားအသိမိတ်ဆွေများပါ၍သာ တော်တော့သည်။ မဟုတ်လျှင် ကားကို ဖြစ်ချင်ရာဖြစ် လမ်းဘေးသို့ ထိုးရပ်ပြီး သူမတို့ရှိရာကို အပြေးရောက်ချလာမည်ဖြစ်ကြောင်း ရယ်နေသော ဒက်ဒီ့မျက်နှာကြီး တည်သွားပုံ၊ ဖြူသောမျက်နှာကြီး ချက်ချင်းနီရဲခက်ထန်လာပုံ၊ မျက်လုံးကြီးပြူးပြီး တိမ်စင်သာတို့နှစ်ယောက်ကို ကြည့်ရှုနေပုံမှာ တော်ရုံအသည်းငယ်သော သမီးမိန်းကလေးတစ်ယောက်အတွက် အိမ်ကိုပင် မပြန်ရဲတော့လောက်သည့်အထိ ဒက်ဒီဒေါသကြီးနေပုံကို သိမြင်အကဲခတ်၍ ရနိုင်လေသည်။

"ဘယ်လိုလုပ်ကြမလဲ တိမ်စင်သာ၊ နင့်ဒက်ဒီတော့ ငါတို့ကို တွေ့သွားပြီ၊ ငါ လိုက်ရှင်းပြရမလား"

"ရပါတယ်ဟာ . . . ငါတို့က ဒက်ဒီထင်သလိုမှမဟုတ်ဘဲ၊ ချောင်ကြိုချောင်ကြား လျှောက်သွားနေတာလည်း မဟုတ်ဘူး၊ အထူးကုဆေးတိုက် ဆိုင်းဘုတ်ကြီးကိုတော့ ဒက်ဒီမြင်မှာပါ၊ လူမမာဖြစ်တဲ့ နင့်ကို လာပြတာပဲ၊ ငါ ရှင်းပြမှာပေါ့"

"ဖြစ်ပါ့မလားကွာ . . . နင့်ဒက်ဒီက ငါ့ကိုတွေ့တာနဲ့ အမှန်ကြိတ်ချင်နေလောက်ပြီ၊ တော်ကြာ ငါ့ကြောင့် နင့်ကို အရိုက်ခံနေရဦးမယ်"

စိုးရိမ်ကြောင့်ကြစွာ ပျာလောင်ခတ်နေသော ညီညီကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး သူမတစ်ချက်ရယ်လိုက်သည်။ ဒက်ဒီက တိမ်စင်သာကို ဘယ်လောက်ချစ်တယ်ဆိုတာ ညီညီမသိလို့ပါ။ မိတဆိုးသမီးအဖြစ် ကြီးပြင်းခဲ့ရသော သူမအပေါ်မှာ လေသံမာမာဖြင့် ပြောဆိုငေါက် ငမ်းသည်မှာ အလွန်အမင်း ဒေါသထွက်ရခြင်းကြောင့်ဖြစ်ပြီး သူမကို သိတတ်စအရွယ်မှစ၍ အခုချိန်ထိ တစ်ခါမှ လက်ဖျားနှင့်ပင် မတို့ဘူးချေ။

"အဲဒီအတွက်ဆိုရင်တော့ နင် ဘာမှမပူနဲ့ ညီညီရေ၊ ဒက်ဒီ ဘယ်လောက်ပဲ ငါ့ကို စိတ်ဆိုးနေနေ ငါ့ကို ဘယ်တော့မှ မရိုက်ဘူး၊ စိတ်ချ၊ နင်သာ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်စမ်းပါ၊ နင်နေကောင်းရင် ငါကျေနပ်ပြီ သိလား"

"အေးပါကွာ…အမြန်ဆုံးနေကောင်းစေရမယ် ဟုတ်လား"

"အိုကေ"

ညီညီနှင့်သူမတို့ လမ်းခွဲပြီး အိမ်ကိုပြန်ရောက်သည့်အချိန်မှာတော့ ဒက်ဒီ့ကားက ကြိုရောက်နေခဲ့ပြီဖြစ်သည့်အတွက် ပခုံးတွန့်ရုံသာ တတ်နိုင်ပါသည်။

ဒက်ဒီ အိမ်ပြန်မရောက်သေးလျှင် အကြောင်းပြချက်တစ်ခုနှင့် သူမ အိပ်ခန်းလေးထဲ ဝင်နေ၍ ဖြစ်နိုင်သေးသော်လည်း အခုလို ရှောင်ပြေး၍ မဖြစ်တော့သောအခါ ပြဿနာကို ရဲရဲရင်ဆိုင်ရန်သာ ရှိလေသည်။

"ဒီကိုလာစမ်း…တိမ်စင်သာ"





သူမ အိမ်ထဲကို လှမ်းဝင်လိုက်သည်နှင့် ဧည့်ခန်းမှာ သူမအလာကို အသင့်ကြိုစောင့်နေပုံရသော ဒက်ဒီ၏ ဒေါသမျက်နှာကြီးနှင့် စိတ်ဆိုးနေသော အသံကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကလေးအတွင်း မိုးကြိုးသို့ ထစ်ချုန်းလိုက်ခြင်းဖြင့် ညီညီ့အပေါ်ထားရှိသည့် အမုန်းနှင့် မကျေနပ်ခြင်းတို့ကို ထင်ထင်ရှားရှား ဖော်ပြလျက်ရှိနေရာ သူမလည်း မည်သို့မျှ မတတ်သာဘဲ ဒက်ဒီနားသို့ လျှောက်ခဲ့ပါသည်။

"ငါကတော့ ငါ့သမီးလေးတစ်ယောက်တည်းဆိုပြီး ပြောရက်၊ မဆိုရက်နဲ့ အလိုလိုက်နေခဲ့သမျှ နင်က ငါ့ကို တမင်အရှုံတိုက်ပြီး ဟိုကောင်နဲ့တွဲပြနေတာပေါ့လေ၊ ဟုတ်လား"

"ငါမကြိုက်တာကိုမှ ရွေးပြီး လုပ်ပြနေတာ ဘာသဘော[illegible] ငါ့ကို ဂရုမစိုက်ဘူးဆိုတဲ့သဘောလားဟင်၊ ပြောစမ်း…ပြောစမ်း"

နှုတ်ခမ်းမွေးကြီး ကော့တက်လာသော ဒက်ဒီကိုကြည့်ပြီး တိမ်စင်သာ စိတ်ရှုပ်သွားပါသည်။ ကြည့်လေ ဒက်ဒီမျာ ဒေါသ[illegible] သိပ်ထွက်နေပြီ။ ရောဂါအခံတစ်ခုခုသာ ရှိနေလို့ကတော့ [illegible]မှာတင် လဲကျသွားနိုင်သည့် အနေအထားပါ။ တော်ပါသေးရဲ့ [illegible]ဒီမှာ ဘာရောဂါမှမရှိဘဲ ဒေါင်ဒေါင်မြည်နေလို့သာပေါ့။ မဟုတ်[illegible]တော့ ဒက်ဒီ ဒီလိုဒေါသကြီးနေပုံမျိုးနှင့် တကယ့်ကိုမလွယ်ပါ။

"တိမ်စင်သာ ရှင်းပြပါရစေဦး ဒက်ဒီရယ်၊ စိတ်ကို [illegible]နည်းလောက်လျှော့ပါဦး၊ အခုဟာက ဒက်ဒီထင်နေသလိုတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှမဟုတ်ပါဘူး၊ သူတကယ်နေမကောင်းဖြစ်နေလို့ သမီးက သူ့ကို ဆေးခန်းလိုက်ပို့ပေးဖို့ ကူညီပေးရုံသက်သက်ပါ''

''ဒက်ဒီပြောသလို တစ်ခုမှမဟုတ်ရပါဘူးဆိုတာ ယုံကြည်ပေးစမ်းပါ ဒက်ဒီရယ်''

လေပြေလေးသုံးပြီး ဒက်ဒီထင်သလို မဟုတ်ကြောင်း အတတ်နိုင်ဆုံး ကြိုးစား၍ ရှင်းပြတာကို ဒက်ဒီ့ပုံစံက နည်းနည်းလေးမျှ ယုံကြည်လက်ခံခြင်းမရှိကြောင်း နှုတ်ခမ်းတစ်ဖက် ရွဲ့တဲ့တဲ့ပြုံးခြင်းဖြင့် သက်သေပြပါသည်။

''သြော်...သြော် ဒက်ဒီသမီးလေးမှ သူ့ကို ဆေးခန်းလိုက်ပို့မပေးရင် အဲဒီမျောက်လိုကောင်က သေသွားတော့မယ့်သဘောလား''

''ဟုတ်တယ်...ဒက်ဒီ၊ သူ့မှာ သမီးကလွဲပြီး တခြားဘယ်သူမှမရှိတာလည်း အမှန်ပဲ၊ သူ့မှာ သူတစ်ယောက်တည်းကျန်ခဲ့တာ၊ သူ့မိသားစုအားလုံး နိုင်ငံခြားမှာပါ၊ ပြီးတော့ သမီးနဲ့သူဆိုတာ ငယ်ငယ်လေးထဲက သူငယ်ချင်းတွေပါ ဒက်ဒီ၊ ဒက်ဒီထင်နေသလို တစ်ခုမှမဟုတ်ပါဘူး''

''တော်စမ်း...တိမ်စင်သာ၊ အဲဒီငယ်သံယောဇဉ်ကိုအကြောင်းပြပြီး သမီးတို့ကို ဒက်ဒီက ဘယ်အချိန်ထိ တွဲခွင့်ပြုထားရမှာလဲ၊ အားလုံးက ဒက်ဒီကို အဲဒီ့ကောင်လေးနဲ့ သမီးတွဲနေတာကို တားမြစ်ဖို့ ဝိုင်းပြီးသတိပေးနေတဲ့ကြားက ဒက်ဒီက ဆက်ပြီးခွင့်ပြုနေရအောင် ဒက်ဒီ မရူးသေးဘူး တိမ်စင်သာ''





''အခုချိန်ကစပြီး အဲဒီကောင်နဲ့ သမီးတို့ဆက်ဆံရေးကို ရပ်တန့်ကရပ်ဖို့ ဒက်ဒီ နောက်ဆုံးသတိပေးလိုက်မယ်၊ နောက်မှ ဒက်ဒီ့ကို အဆိုးမဆိုပါနဲ့''

ဒက်ဒီက ဒေါသဖြင့် ဂုန်းဒိုင်းကြဲ၍ သူ့ကားကြီးဖြင့် ပြန်ထွက်သွားသည့်အခါ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့လေသည်။

နီးရာဆိုဖာပေါ် ခြေပစ်လက်ပစ်ထိုင်လိုက်သောအခါ တိမ်စင်သာရှိရာသို့ အန်တီဂရေ့စ် ရောက်လာပါသည်။

''တိမ်စင်သာရယ်...ကိုယ့်ဒက်ဒီ ဒေါသကိုလည်း သိရဲ့သားနဲ့ကွယ်၊ တော်ကြာ တစ်ခုခုထလုပ်ရင် မခက်ဘူးလား''

''နေပါစေ အန်တီ၊ တိမ်စင်သာမှ မမှားဘဲ၊ ဒက်ဒီ့ဘာသာ တစ်ဖက်သတ် ထင်ချင်ရာထင်နေတဲ့ကိစ္စကို တိမ်စင်သာလည်း ရှင်းမပြတတ်တော့ဘူး''

''အခုချိန်မှာ တိမ်စင်သာက ညီညီ့ကို ဘယ်လိုနည်းနဲ့မှ တစ်ယောက်တည်း ပြစ်မထားနိုင်ဘူး အန်တီဂရေ့စ်''

''ခက်လိုက်တာ ကလေးမရယ်၊ ခေါင်းမာတယ်၊ တဇွတ်ထိုးဆန့်တယ်ဆိုတာ နေရာတိုင်းမကောင်းဘူးကွဲ့ နားလည်လား''

သူမသည် အန်တီဂရေ့စ်ကို ဘာတစ်ခွန်းမှ ပြန်မပြောသော်လည်း ဒက်ဒီမသိအောင် ညီညီ့ထံ သွားမြဲတည်း။ သိပ်မကြာပါ။ ညီညီ ကျန်းမာရေးကောင်းသွားသည့်အချိန်မှာပင် ဒက်ဒီနှင့်သူမတို့ ထိပ်တိုက်ရင်ဆိုင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိမ်စင်သာ"

"ဟော့…ဟိုမှာ ညည်းဒက်ဒီ ခေါ်နေပြီ၊ သွား…သွား"

ဒက်ဒီအသံက တစ်တိုက်လုံး ဟိန်းထွက်သွားသည်။ အန်တီဂရေ့စ်က လန့်ဖြန့်နေသလောက် သူမကတော့မလန့်ပါ။ စာအုပ်တစ်အုပ်ကိုပေပြီး ဆက်ဖတ်နေလေသည်။

"ဟဲ့…သွားလေ ဟိုက တော်ကြာ ဒေါသတွေ ပိုထွက်လာမှ ပိုပြီးခက်ကုန်လိမ့်မယ်"

"ဒက်ဒီ့ဒေါသက အချိန်မရွေးထွက်နေတာပဲ အန်တီ"

"အိုအေ…သွားမှာသာသွားစမ်းပါ"

အန်တီဂရေ့စ်က ပြောပြော့ဆိုဆို သူမကို ဖွတ်အတင်းသွားခိုင်းနေသဖြင့် လက်ထဲကစာအုပ်ကို ပြစ်ချပြီး ဒက်ဒီ့ရှေ့ကို ရောက်ခဲ့ရပါသည်။

"တိမ်စင်သာ"

"ရှင်…ဒက်ဒီ"

"မနက်ဖြန်ညနေ ဧည့်ခံပွဲတစ်ခုသွားစရာရှိတယ်၊ အဲဒါ သမီး အသင့်လုပ်ထားပါ၊ အကောင်းဆုံးဝတ်ပြီး အလှဆုံးပြင်ထားနော်၊ ဒက်ဒီ့သမီးလေး ဘယ်လောက်ချောကြောင်း လှကြောင်း ဒက်ဒီ့မိတ်ဆွေတွေကို ကြွားရအောင်လို့"

သူမထင်သလိုလည်း မဟုတ်ပါလား။

ညီညီနှင့်ပတ်သက်ပြီး သူမကို ဒက်ဒီ တစ်စုံတစ်ခု ပြောဆိုအပြစ်တင်ပြီး ဒေါသတကြီး ပေါက်ကွဲအော်ဟစ်တော့မည် ထင်





ထားသမျှ အတောက်ပဆုံးပြုံးနေသည့် ဒက်ဒီ၏ အပြုံးမျက်နှာကြောင့် တိမ်စင်သာမှာ အံ့သြသွားရလျက် ဒက်ဒီမျက်နှာကို ကြောင်တောင်တောင်လေး ပြန်ငေးကြည့်နေမိပါသည်။

"ဒက်ဒီ…ပြောတာ နားလည်တယ်မဟုတ်လား၊ သမီး မာမီပစ္စည်းတွေထဲက စိန်ထည်တွေကိုပဲ ရွေးဝတ်နော်၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဒက်ဒီ"

"အေး…အေး သမီးအန်တီကိုလည်း ဒက်ဒီ သေချာမှာထားရဦးမယ်၊ သမီးသွားလို့ရပြီ"

"ဟုတ်"

တိမ်စင်သာ …ဒက်ဒီရှေ့မှ ထွက်ခဲ့သည်။

သူမတစ်သက် ဒက်ဒီ၏ ဒေါသမျက်နှာကြီးနှင့် မခံ့ချိမခံ့သာပြုံးနေသလိုကြီး ဖြစ်နေတာကို ဒီတစ်ကြိမ်သာ တွေ့မြင်ဖူးသည်ဖြစ်ရာ ထူးခြားဆန်းပြားလှသော အခြေအနေကို ရုတ်တရက် ဘယ်လိုမှ အဖြေရှာမရဘဲ ရှိလေသည်။

ဒက်ဒီ တစ်ခုခုကို အကြီးအကျယ် မကျေမနပ်ဖြစ်နေသလို တစ်စုံတစ်ခုကိုလည်း အကျေနပ်ကြီးကျေနပ်နေသည်ဟု ကိုယ်နားလည်သလို ဘာသာပြန်လိုက်သည်။

ထူးတာကတော့ သိပ်ကိုထူးပါသည်။ သို့သော် ဘာက ထူးနေမှန်းမသိပါ။

သူမ စဉ်းစားအဖြေရှာမရဖြစ်နေစဉ်မှာ ဒက်ဒီနှင့် အန်တီတို့က နှစ်ယောက်သား ခေါင်းချင်းဆိုင်လျက် တီးတိုးပြောဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်မှာ ဘာအကြောင်းအရာဟူ၍ တိကျစွာသိခွင့်မရချေ။ သိလည်းမသိချင်တော့ပါ။

ညီညီနှင့် ပတ်သက်ပြီး ဘာတစ်ခုမှ နားပူမခံရတာကိုပဲ ဝမ်းသာလှပြီဖြစ်ရာ အိပ်ရာပေါ်ပြစ်လှဲပြီး ဖတ်လက်စစာအုပ်ထဲမှာ အာရုံစူးနစ်နေချိန်မှာပင် ဒက်ဒီ့ဆီမှ အသံဝါကြီးဖြင့် ကျေနပ်အားရစွာ ရယ်မောလိုက်သံကြီးက တိတ်ဆိတ်သော အိမ်လေးအတွင်းမှာ ပွဲတင်ထပ်သွားပါတော့သည်။

+++





## အခန်း (၃)

ရောင်စုံမီးရောင်ဟို့နှင့်အပြိုင် သူမခန္ဓာကိုယ်ပေါ်ရှိ စိန်ပွင့်ဘို့မှာ ဖျတ်ဖျတ်လက်လျှက်ရှိသည်။ အန်တီဂရေစ်၏ လက်စွမ်းပြ ခြယ်မှုန်းပေးလိုက်သည့် အလှအပများက တိမ်စင်သာကို မိုးပေါ်က ပြုတ်ကျလာသည့် နတ်သမီးလေးတစ်ပါးနှယ် ငေးကြည့်နေချင်စရာ အကောင်းဆုံးဖြစ်စေခဲ့သည့်အတိုင်း ဒက်ဒီနှင့်အတူ လိုက်ပါလာသည့် သူမကို မည်သူမျှ နှစ်ခါပြန်မကြည့်ဘဲ မနေနိုင်အောင် ဆွဲဆောင်ညို့ငင်စွမ်းရှိသူဖြစ်ခဲ့ပါသည်။

အဖြူဆွတ်ဆွတ် ပိုးသားဝတ်စုံနုနုအေးအေးနှင့် အပြိုင် ခဲသားရောင် စိန်တွေ တစ်ဖျပ်ဖျပ်လက်ခါနေသော တိမ်စင်သာမှာ ပုံပြင်ထဲက နတ်သမီးလေးလို ဖြစ်နေသည်။

ထိုသို့ဖြစ်အောင်လည်း သူမက ဒက်ဒီသဘောကျ ပုံစံပေးလိုက်ခြင်းဖြင့် ညီညီနှင့်ပတ်သက်ပြီး သူမတို့သားအဖ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြားရှိ မပြေလည်မှုများ လွဲမှားချတ်ချော်မှုများကို ချေဖျက်ကျေအေးနိုင်ရန် အစွမ်းကုန် ကြိုးစားပေးခြင်းလည်းဖြစ်သည်။

"ဦးခွန်ချမ်း…ဒါ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော သမီးလေး တိမ်စင်သာ ဆိုတာပေါ့ဗျာ"

"ဟာ…ခင်ဗျားသမီးက တကယ့်အချောအလှလေးပါလားဗျာ၊ ဒါကြောင့် သားတော့ ကြိတ်ပြီး သဘောကျနေတာဖြစ်မယ်ဗျို့"

ဖေဖေနှင့် သူ၏မိတ်ဆွေ ဦးခွန်ချမ်းတို့၏ ကြည်နူးကျေနပ်စွာ ရယ်မောလိုက်သံက ညင်သာစွာ စီးမျောပြန့်လွင့်နေသည့် တေးဂီတသံကို ဖော်ကထွက်သွားသလို တိမ်စင်သာမှာလည်း ပွင့်လင်းလွန်းလှသော ဦးခွန်ချမ်း၏ စကားကြောင့် ပါးလေးနှစ်ဖက်ထူပူနီမြန်းကာ ရှက်အမ်းအမ်းလေးဖြစ်သွားရပါသည်။

တစ်ပြိုင်နက်ထဲမှာပင် ဒီညနေ ညစာခံပွဲမှာ ဘာကြောင့်သူမကို အလှဆုံးပြင်ဆင်ခိုင်းရတာလည်း ဆိုတာကိုပါ အနည်းငယ်ရိပ်စားသဘောပေါက်စ ပြုလာရပါသည်။

ဒက်ဒီက သူ့သမီးလေး၏ ချောတာလှတာကို ဂုဏ်ယူချင်တာတစ်ခုထဲအတွက် ပွဲထုတ်ပြခြင်းမျိုးမဟုတ်ဘဲ တစ်စုံတစ်ခုသော အကြောင်းအရင်းခံကြောင့် သူမကို အခုလိုလှပခမ်းနားစွာ ပြင်ဆင်စေလိုကြောင်း သိလာရပါသည်။

"ဟော…ဟိုမှာ သားတော်မောင် လာပါပြီဗျာ၊ သားရေ လာပါဦး သမီးလေးနဲ့ မိတ်ဆက်ပေးချင်လို့"





၄ ဦးခွန်ချမ်း၏ ခေါ်သံကြောင့် အနောက်တိုင်းဝတ်စုံအဖြူရောင်ဝတ်ထားသောလူတစ်ယောက်။ သူမတို့ရှိရာသို့ တည်ကြည်ခန့်ညားစွာ လျှောက်လာတာကို မြင်လိုက်ရပါသည်။

အရပ်မြင့်မြင့်၊ အသားလတ်လတ်နှင့် လိုက်ဖက်သော အဆီပိုမရှိသည့် ခန္ဓာကိုယ်နှင့် ယောကျ်ားပီသစွာ ကြည့်ကောင်းသော လူတစ်ယောက်ကို သူမ ပထမဦးဆုံး တွေ့မြင်ဘူးခြင်းဖြစ်ပါသည်။

ခိုင်မာသော မေးရိုးနှင့် လိုက်ဖက်စွာ ကျယ်ပြန့်သော နဖူးပြင်တွင် မည်းနက်သန်စွမ်းသော ဆံပင်တွေကို သေသပ်စွာ နေရာယူထားပါသည်။ မထူမပါး မျက်ခုံးအောက်မှ အထူးခြားဆုံးက စူးရှတောက်ပသော မျက်ဝန်းအစုံပဲဖြစ်သည်။ နှာတံစင်းစင်းအောက်မှ ပိရိသေသပ်သော လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းအစုံက တင်းတင်းစေ့လျက် စူးရှသော မျက်ဝန်းအကြည့်က သူမရှိရာသို့ ဖျပ်ခနဲ ရွေ့လျားရောက်ရှိလာသောအခါ သူမရင်ထဲမှာ ဒိတ်ခနဲ လှုပ်ရှားတုန်ရီသွားသည်မှာလည်း ဘာကြောင့်မှန်းမသိပါ။

"သားရေ…ဒါ တိမ်စင်သာတဲ့၊ အန်ကယ်ငြိမ်းရဲ့ တစ်ဦးတည်းသော သမီးလေး၊ သမီး…သူက အန်ကယ်ရဲ့ တစ်ဦးတည်းသောသား မိုးသောက်ဦးတဲ့"

"တွေ့ရတာဝမ်းသာပါတယ် တိမ်စင်သာ၊ ကိုယ် မိုးသောက်ဦး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က လက်ကမ်းပေးလာခြင်းကြောင့် သူမလက်ကလေးကို ပြန်ကမ်းပေးလိုက်ရပါသည်။ နွေးထွေးသန်မာသော လက်ချောင်းများက တိမ်စင်သာ၏ နူးညံ့လှပသော ဖယောင်းသွယ်လက်ချောင်းလေးများကို ညင်သာစွာ ဆုပ်ကိုင်လှုပ်ယမ်းလိုက်သော အခါ သူမတစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထသွားသလို ထင်လိုက်ရသည်။

''ကဲ...သားကပဲ သမီးလေးကို တာဝန်ယူပြီး ဧည့်ခံလိုက် ဟုတ်လား၊ လာဖို့၊ ကိုငြိမ်းသူ၊ ကျွန်တော်တို့ လူကြီးတွေက သတ်သတ်တစ်ဝိုင်းထိုင်မှ ဖြစ်မယ်''

ဦးခွန်ချမ်း ဦးဆောင်ရာနောက်သို့ ခပ်ပြုံးပြုံးလိုက်ပါသွားသည့် ဒက်ဒီကိုကြည့်ပြီး သူမကို အခုမှတွေ့ဖူးသော သူစိမ်းယောက်ျားပျိုတစ်ယောက်နှင့်အတူ စိတ်ချလက်ချထားသွားတာကို အံ့ဩမဆုံးရှိလေသည်။

''တိမ်စင်သာကို ကိုယ့်မာမီနဲ့ မိတ်ဆက်ပေးပါရစေ''

''ဟုတ်ကဲ့''

သူက အိမ်ရှင်၊ ကိုယ်က ဧည့်သည်မို့ မိုးသောက်ဦး ဦးဆောင်ရာသို့ သူမ အတူလိုက်ပါခဲ့ရပါသည်။ အသက်ကြီးကြီး အမျိုးသမီးအုပ်စုမှာလည်း အဖိုးတန်ဝတ်စုံ အမျိုးမျိုးနှင့်အတူ စိန်ပွင့်အကြီးအသေးတို့မှာလည်း မီးရောင်နှင့်အပြိုင် အတောက်ပဆုံး လင်းလက်နေကြသည်မှာ မျက်စိကြိမ်းရလောက်ပါသည်။

''မေမေ''





''ဩော်...သား သူလေးက...''

အနက်ရောင်ဝတ်စုံတွင် စိန်မှုံကြဲထားသလို ဖျတ်ဖျတ်လက်နေသည့် ဝတ်စုံဖြင့် လှပကျော့ရှင်းလျက်ရှိသော အမျိုးသမီးကြီးမှာ မိုးသောက်ဦး၏ မာမီဖြစ်ကြောင်း ဖွင့်ပြောစရာမလိုအောင်ပင် ရုပ်ချင်းဆင်လှပါသည်။

သားဖြစ်သူနှင့် အတူပါလာသော သူမကို စိတ်ဝင်စားသလိုလို အံ့ဩသလိုလို ပြုံးရိုးရိုးလေး ကြည့်ရှုလာပုံကပင် တမျိုးကြည့်ကောင်းလျက် နှစ်လိုဖွယ်ရာအသွင်ကို ဆောင်နေပါသည်။

''သူက တိမ်စင်သာတဲ့ မာမီ၊ အန်ကယ်ငြိမ်းရဲ့ တစ်ဦးတည်းသောသမီးလေးပါ''

''အို...မာမီ သိပြီ...သိပြီ၊ လှလိုက်တာကွယ်၊ ကိုငြိမ်းသူ သမီးလေး သိပ်လှတာပဲလို့ ကြားဖူးပေမယ့် ဒီလောက်ချစ်စရာကောင်းလိမ့်မယ်လို့ မသိခဲ့ဘူးကွယ်၊ နောက်လည်း အန်တီတို့အိမ်ကို အမြဲဝင်ပါထွက်ပါ ဟုတ်လား''

''မာမီကြီးရေ''

''ဟော...ဟိုမှာ သားတို့ဒက်ဒီကြီး ခေါ်နေပြီ၊ ခဏနော် သမီးလေးရေ သားရေ သမီးလေးကို ဧည့်ခံထားပါဦးကွယ်''

''အန်တီသွားလိုက်ဦးမယ်နော် သမီးလေး''

''ဟုတ်ကဲ့ပါရှင်''

ဗျားပန်းခတ် လှုပ်ရှားနေသော ဧည့်သည်များကြား၌ ဒက်ဒီကို မတွေ့ရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"လာ...တိမ်စင်သာ ကိုယ်တို့ ဒီမှာထိုင်ကြမယ်"

"ဟုတ်ကဲ့"

အေးချမ်း၍ ဆိတ်ငြိမ်သော နေရာကို သူကရွေးချယ်သဖြင့် သူမလည်း သူနှင့်အတူ ထိုင်လိုက်ပါသည်။ စားပွဲထိုးလေးများ လာချပေးသည့် ဟိုတယ်စာများထဲမှ ကောင်းနိုးရာများကို သူကိုယ်တိုင် သူမအတွက် ပြင်ဆင်ပေးပါသည်။

သို့သော်လည်း တိမ်စင်သာမှာ သူမရှေ့တည့်တည့်ရှိ သူစိမ်းယောကျ်ားပျိုတစ်ယောက်ကြောင့် ဘာကိုမှ ဟုတ်တိပတ်တိ မစားနိုင်ခဲ့သလို မည်သည့်အရာကမှ မခံစားနိုင်ခဲ့ပါချေ။

"ကိုယ်..တိမ်စင်သာကို သိနေတာကြာပါပြီ"

"ဟုတ်ကဲ့"

"ကိုယ့်ကိုတော့ တိမ်စင်သာ သိမှာမဟုတ်ဘူးထင်တယ်"

"ဟုတ်ကဲ့"

"အခုမှသိရလည်း နောက်မကျသေးပါဘူးနော်"

"ရှင်"

"အဟွန်း...ဟွန်း...ဟွန်း"

အံ့ဩမှုအမလည်နိုင်သော မျက်ဝန်းအစုံဖြင့် မိုးသောက်ဦးဆိုသူ၏ မျက်နှာကို မော့ကြည့်မိသောအခါ သူက သူမမျက်နှာကို ခပ်ပြုံးပြုံးလေးကြည့်နေရာမှ သဘောကျသလို အသံတိုးတိုးဖြင့် လျှက် ရယ်ပါသည်။





"တိမ်စင်သာကိုကြည့်ရတာ တကယ့်ကလေးလေးလုပဲ ကိုယ့်ကို အခုလို မျက်လုံးဝိုင်းလေးတွေနဲ့ ကြည့်နေတာကိုတော့ ကိုယ် သဘောအကျဆုံးပဲ"

"အိုး"

သူမသည် မိုးသောက်ဦး မျက်နှာကို ကြည့်နေရာမှ သူ့စကားကြောင့် ရှက်ကိုးရှက်ကန်းလေး ဖြစ်သွားရကာ မျက်နှာနီနီဖြင့် ချက်ချင်းအကြည့်လွှဲလျှင် သူက ဘာကိုထပ်ပြီး သဘောကျ ခုန်းမသိဘဲ တိုးညှင်းစွာ ရယ်ပြန်ရာ သူမမှာ အတော့်ကို အနေရ ခက်လျက် သူနှင့်ဝေးရာကို ထွက်ပြေးချင်စိတ်ပေါက်လာရပါသည်။

ထို့ကြောင့် လူစုစုများအကြား ဒက်ဒီကို အပြေးအလွှား ရှာဖွေကြည့်ရာ ရှာဖွေ၍မရအောင် ရှိလေသည်။ သူမနှင့်တစ်ခါမှ သိကျွမ်းရင်းနှီးခဲ့ဘူးခြင်း မရှိသော သူစိမ်းယောကျ်ားတစ်ဦးကတော့ ရဲတင်းဖျတ်လတ်သော အစွမ်းအစများဖြင့် တိမ်စင်သာဘဝထဲသို့ တောင်ကြီးပမ်းနေပြီဖြစ်သည်။

ထိုအဖြစ်အပျက်များ၏ တရားခံမှာ ဒက်ဒီကိုယ်တိုင်ဖြစ်ပြီး သူမကို စကားလုံးအပြုအမူများဖြင့် မွှန်းကြပ်စေသူမှာ မိုးသောက်ဦးဆိုသူကိုယ်တိုင် ဖြစ်လေသည်။

မိုးသောက်ဦး၏ အသက်အရွယ်နှင့် ခန္ဓာကိုယ်ဖွဲ့စည်းမှုမှာ ညီညီနှင့် မတိမ်းမယိမ်းဖြစ်သော်လည်း ရုပ်ရည်ချောမောမှုကတော့ ညီညီကပင် ပိုသာသလို ထင်ရသော်လည်း မိုးသောက်ဦးကိုယ်တိုင် စွဲဆောင်မှုအပြည့်ရှိသော ယောကျ်ားတစ်ယောက်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သူမ မငြင်းနိုင်ပါချေ။

သို့ပါသော်လည်း ဝတ်စားဆင်ယင်မှုနှင့် အနေအထိုင်မှာတော့ ထိုသူနှစ်ဦးမှာ သုံးနှင့်လေးကဲ့သို့ ဆန့်ကျင်ဘက်အနေအထားဖြစ်သည်။

မိုးသောက်ဦးက လူကြီးလူကောင်းစတိုင် အပြည့်ရှိသူဖြစ်ပြီး ညီညီကတော့ လွတ်လပ်ပေါ့ပါးသော ခေတ်လူငယ်တစ်ယောက်၏ စတိုင်လ်မျိုး ဖြစ်သည့်အတွက် သူတို့နှစ်ဦးစလုံးမှာ ကိုယ်ပိုင်ပုံစံရှိနေသူများဟု ဆိုရမှာ သေချာပါသည်။

"တိမ်စင်သာနဲ့ကိုယ် မိတ်ဆွေဖွေဖြစ်သွားပြီနော်၊ သိမ်လှတဲ့ နှုတ်သမီးလေးနဲ့ ခင်မင်ခွင့်ရတာ ကိုယ်ကျေနပ်တယ်"

သူက သူမနှင့် မျက်နှာချင်းဆိုင်မှာထိုင်ပြီး စူးရှတောက်ပသော အကြည့်တစ်မျိုးဖြင့် ရဲတင်းစွာဆိုလာလျှင် တိမ်စင်သာမှာ အတော့်ကိုပင် အနေအထိုင် ကျဉ်းကြပ်ရလေသည်။

မိုးသောက်၏အကြည့်များက သူမ၏မျက်လုံးများမှတစ်ဆင့် သူမနှလုံးသားထဲအထိ ထိုးဖောက်ကြည့်နေသလားဟု ထင်ရသည်။

"တိမ်စင်သာကို…ညစာဖိတ်ကျွေးပါရစေ၊ ကိုယ်တို့နှစ်ယောက်ရဲ့ ခင်မင်မှုအထိမ်းအမှတ်အနေနဲ့ တိမ်စင်သာ ခွင့်ပြုနိုင်မလား"

သူ၏နှုတ်ခမ်းများက ပြုံးနေသလို သူ့မျက်ဝန်းအကြည့်များကလည်း ရွှန်းလဲ့တောက်ပလျက်ရှိရာ ရုတ်တရက် သူမမျက်နှာသည် ဖြန်းခနဲ ပူနွေးနီမြန်းသွားသည်။

"ကျွန်မ တစ်ခါမှ အဲဒီလိုမသွားဖူးပါဘူး၊ အဲဒီအတွက် ကျွန်မကို ခွင့်လွှတ်ပါ"

"တိမ်စင်သာလို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို ညစာစားဖို့ ဘယ်သူကမှမဖိတ်တာ ကိုယ်သိပ်အံ့ဩတာပဲဗျာ၊ တကယ်မရှိခဲ့ဘူးလား"

"ရှိလည်း ကျွန်မကိုယ်တိုင်က စိတ်မဝင်စားဘူးရှင့်"

အမှန်အတိုင်း သူမဖြေနေတာကို မယုံကြည်နိုင်သည့်ပုံစံဖြင့် လာမေးနေခြင်းကြောင့် စိတ်ပေါက်ပေါက်ဖြင့် ပြောလိုက်လျှင် သူက တိမ်စင်သာ စိတ်ဆိုးသွားပုံကို ကြည့်လျက် ခပ်ပြုံးပြုံးလုပ်နေပါသည်။

"အဲဒီလိုလုပ်စမ်းပါဗျာ…တိမ်စင်သာက စိတ်မဝင်စားလို့ငြင်းတာဆိုရင် ကိုယ်ယုံကြည်ပါတယ်"

"ရှင်မယုံကြည်လည်း ကျွန်မက ဂရုမစိုက်ပါဘူး"

"ဟုတ်ပါပြီတဲ့ဗျာ…ကိုယ့်စကားကို စိတ်မဆိုးလိုက်ပါနဲ့ဦး၊ ကိုယ်က ပျော်လို့တမင်စနေတာပါ"

"တစ်ယောက်နဲ့တစ်ယောက် စရနောက်ရလောက်အောင်ရင်းနှီး ကျွန်မက အခုမှ တွေ့ဖူးကြရုံပဲ ရှိပါသေးတယ်"

မခံမရပ်နိုင်သလိုလေး သူမဆိုလိုက်သောအခါ သူကတစ်ချက်မှ စိတ်ဆိုးပုံမရဘဲ အသံထွက် ခပ်တိုးတိုးရယ်ပြန်ရာ ..သပ်သော သူမမျက်နှာလေးမှာ အခံရခက်သလို တင်းမာလာရပါ







www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ကျွန်မစကားထဲမှာ ရှင်ရယ်ရလောက်တဲ့စကား ဘာတစ်ခုမှမပါဘူးရှင့်"

"ဟုတ်ပါတယ်ဗျာ…ကိုယ်ကလည်း တိမ်စင်သာတို့ ရယ်တာမဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကို သဘောကျလို့ရယ်တာပါ၊ ကိုယ့်အပြုအမူက တိမ်စင်သာအတွက် ရိုင်းပျသွားခဲ့ရင် ခွင့်လွှတ်ပါ ဟုတ်လား"

တိမ်စင်သာသည် သူ့ကို ဘာတစ်ခုမှ တုံ့ပြန်စကားမဆိုတဲ့ လက်ကနာရီလေးကိုသာ တစ်ချက်ငုံ့ကြည့်လိုက်ပါသည်။ သူမတို့ ရောက်လာသည်မှာ သိပ်မကြာလှသေးသော်လည်း မိုးသောက်ဦး ဆိုသူ့ရှေ့မှာ ကြာကြာမနေလိုတော့သော သူမမှာ အိမ်ကိုအမြန်ဆုံး ပြန်လိုလှပြီဖြစ်သည်။

ဒါကို သူလည်း သိပုံရပါလျက် သူမအတွက် ဒက်ဒီကို ကူရှာပေးရန် လုံးဝစကားမစချေ။

"တိမ်စင်သာက…ကိုယ်တွေ့ဖူးတဲ့ မိန်းကလေးတွေနဲ့ မတူဘူးနော်၊ အဲဒါကိုက ကိုယ့်အတွက် ထူးခြားတဲ့အချက်ပဲ"

"ထင်လို့ပါ…ကျွန်မက သာမန်မိန်းကလေးတွေနဲ့ အတူတူပါပဲ"

"ကိုယ့်အတွက်တော့ တစ်မျိုးထူးဆန်းနေတာ သေချာတယ်"

သူမက သူ့စကားကို ရွတ်အတင်းဖြတ်ပစ်နေတာကို သိရဲ့





နှင့် သူကလည်း ရွှတ်ရအောင် ရွှတ်တိုးပြောသောအခါ တိမ်စင်သာမှာ ဘယ်လိုလှူပါလိမ့်ဟူသော စိတ်အတွေးဖြင့် မကျေမနပ်နှင့် တစ်ချက်မျှ လှမ်းကြည့်လိုက်သောအခါ ဘယ်အချိန်ထဲက သူမ မျက်နှာကို ငေးစိုက်ကြည့်နေမှန်းမသိသော သူက မရယ်မပြုံးမျက်နှာဖြင့်…

"သေချာပါတယ်…ကိုယ့်ကြောင့် တိမ်စင်သာ ရှက်နေတယ်မဟုတ်လား"

ပွင့်လင်း၍ တိုက်ရိုက်ကျလှသော မိုးသောက်ဦး၏စကားက သူမကို ရုတ်တရက် ပြာဝေသွားစေကာ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားရပါသည်။

ဟုတ်ပါသည်ဟု ဝန်ခံ၍မဖြစ်သလို မဟုတ်ပါဘူးဟု ငြင်းပယ်၍မရသော အနေအထားမှာ သူမ ရေငုံနှုတ်ဆိတ်နေရုံသာ တတ်နိုင်ပါသည်။

သူက သူမကို ချစ်စရာကောင်းသော အရုပ်ကလေး တစ်ရုပ်ကို ကြည့်သလိုမျိုး စိတ်ဝင်တစား ငေးကြည့်နေလျှင် သူမမှာ သူ့အကြည့်များနှင့် မဆုံမိအောင် သတိနှင့်ရှောင်ရှားရင်း စိတ်ထဲမှာ ကသိကအောက်ကြီး ဖြစ်နေရပါသည်။

မဖြစ်ဘူး…မဖြစ်ဘူး ဒီနေရာက သူမအမြန်ဆုံးထွက်သွားမှ ဖြစ်မည်ဟု တွေးနေဆဲမှာပင် သူက တိမ်စင်သာနှင့် ပိုတိုး၍ ရင်းနှီးခင်မင်ခွင့်ရအောင် ကြိုးစားအားထုတ်လျက်ရှိသည်။

"တော်ပြီလား တိမ်စင်သာ၊ ကိုယ်မျော်ရည်ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်''

''နေပါစေ''

သူက တိမ်စင်သာ ဘာတစ်ခုမှ မစားတော့တာကိုကြည့်ပြီး သူမအတွက် ဖျော်ရည်ထည့်ပေးနေရာ သူမ၏ တုံ့ပြန်ခြင်းပယ်စကားကို နည်းနည်းမှပင် ဂရုမစိုက်ချေ။

သူက ဖျော်ရည်ခွက်ကို သူမနားသို့ တိုးပေးပြီး တစ်ရှူးတစ်ခုကို ညီညာလှပစွာခေါက်လျက် သူမကို ကမ်းပေးလျှင် တိမ်စင်သာမှာ အယောင်ယောင်အမှားမှားဖြင့် လက်ခံယူမိလျက်သား ဖြစ်သွားပါသည်။

သူနှင့်တိမ်စင်သာမှာ အခုမှတွေ့မြင်ဘူးကြသူများ ဖြစ်ပါလျက် သူ့ပုံစံက သူမနှင့် ဟိုးအရင်ကတည်းက ရင်းနှီးနေသည့်ပုံစံမျိုးဖြင့် လိုက်လှဲနွေးထွေးစွာ ဆက်ဆံနေခြင်းကိုဖြင့် နားမလည်နိုင်အောင်ရှိလေသည်။

သူမဘဝတွင် ညီညီပြီးလျှင် တခြားသူစိမ်း ယောကျ်ားတစ်ယောက်က ဒီလောက်တရင်းတနှီး ပြောဆိုဆက်ဆံတာမျိုး ဒီတစ်ကြိမ်သာ တွေ့ဘူးပါသည်။

''နှုတ်ခမ်းထောင့်စွန်းမှာ အဆီတွေနည်းနည်းပေနေတယ် တိမ်စင်သာ၊ သုတ်လိုက်ပါဦး''

''အို''

သူမမျက်နှာကို စေ့စေ့ကြည့်ပြီး ပြောလာသောအခါ သူမတစ်ကိုယ်လုံး ရှက်စိတ်ဖြင့် ထူအမ်းအမ်းကြီးဖြစ်သွားပါသည်။





ဘုရား…ဘုရား…။

သိပ်ကိုရဲတင်းတာပဲဟု သူမစိတ်ထဲက အသံတိတ် ကျိတ်၍ အပြစ်တင်နေမိသော်လည်း လက်များက သူပြောသည့်အတိုင်း သူပေးထားသည့် တစ်ရှူးဖြင့် နှုတ်ခမ်းတစ်ဝိုက်ကို တို့သုတ်ပြီးဖြစ်သည်။

''ကျေးဇူးတင်ပါတယ် ကိုမိုးသောက်ဦး''

''ကိုယ့်ကို မိုးသောက်ဦးလို့ ခေါ်မယ့်အစား ခင်မင်ရင်းနှီးမှုနဲ့ ကိုဦးလို့ခေါ်ရင် ပိုပြီးအဆင်ပြေမယ်ထင်တယ်၊ ခေါ်နိုင်မလား တိမ်စင်သာ''

''ရှင်''

မြတ်စွာဘုရား…သူ့ကို ကိုဦးလို့ ခေါ်ရမယ်ဆိုပါလား။ သူနဲ့သူမက စာယ်လောက်များ ရင်းနှီးလို့ ဒီလိုတောင်းဆိုရတာလဲ။ တဆိတ်…တဆိတ် သူဟာ သူမအတွက် သိပ်ကိုရဲတင်းဝံ့စားလွန်းလှချည်ရဲ့ကွယ်။

''ကိုဦးလို့ခေါ်ရတာ တိမ်စင်သာအတွက် သိပ်ပြီးခက်ခဲနေလို့လား''

''ဟုတ်ကဲ့''

ဟု သူမက ယောင်မှားစွာ ခေါင်းညိတ်လိုက်မိလျှင် သူက သူမအပြုအမူများအတွက် ရယ်လို့သာနေပါသည်။

ငါ့နှယ်…ဘာလို့များ သူ့ကိုရန်မစွာမိဘဲ ခေါင်းညိတ်ပြလိုက်မိတာပါလိမ့်နော်။

မိုးမိုး ◊ တာဝယ

တကယ်ဆို…ရှင်နဲ့ကျွန်မ ဘယ်လောက်များ ရင်းနှီးလို့ ကျွန်မက ရှင့်ကို ကိုဦးလို့ခေါ်ရမှာလဲလို့ မေးပစ်လိုက်ရမှာ။

သိပ်ပြီး ကိုဦးလို့ အခေါ်ခံချင်နေရင် ရှင့်ရည်းစားကို အခေါ်ခိုင်းလိုက်ပါလားလို့ ပြောလိုက်ရင် သူ အခုလိုရယ်နိုင်ဦးမှာ တဲ့လား။

"ကိုယ့်ဘဝမှာ မိန်းကလေးတော်တော်များများနဲ့ တွေ့ဖူး တာ ခန့်ခံပါတယ် တိမ်စင်သာ၊ ဒါပေမယ့် ဘယ်သူမှ မင်းလို ရှက်ကိုးရှက်ကန်းနဲ့ အနေရအထိုင်ရခက်နေတဲ့ ကလေးမမျိုးနဲ့ မတွေ့ ဖူးဘူး"

"သိပ်အံ့ဩစရာကောင်းတာပဲ၊ တိမ်စင်သာကို ကြည့်ရ တာ ကလေးလေးတစ်ယောက်လိုပဲ သိပ်အပြစ်ကင်းလွန်းတယ် သိလား"

"ကျေးဇူးတင်ပါတယ်"၊

သူမကို ရွှေတည့်တည့်မှာထားပြီး ချီးမွမ်းစကားဆိုနေသည့် သူစိမ်းယောကျ်ားတစ်ယောက်ကို အနေရခက်ခက်နှင့်ပင် ကျေးဇူး တင်စကား ခပ်တိုးတိုးပြောလိုက်ရတာကတော့ သေချာပြန်တွေး ကြည့်လျှင် ရယ်စရာကြီးဖြစ်နေမည်လား မပြောတတ်ပါ။

သူမ မျက်နှာတွင် ဒက်ဒီနောက်ကို လိုက်လာခဲ့မိခြင်း အတွက် ပထမဦးဆုံး နောင်တရမိခြင်းနှင့်အတူ စိတ်ရှုပ်ထွေးခြင်း များ အရိပ်ထင်ဟပ်နေမည်ထင်ပါသည်။

"သမီးလေး…ပျင်းနေပြီလားကွ"





သူမ၏အကျပ်အတည်းကို ကယ်တင်လိုက်သူက သူမ၏ ဒက်ဒီကိုယ်တိုင်ဖြစ်သည်။ ဒက်ဒီက သူမဘေးတွင် ဝင်ထိုင်လိုက် သည်။

"အန်ကယ်တို့ ပြန်ကြတော့မလို့လားခင်ဗျာ"

"အေးကွ…အန်ကယ်သမီးလေးကို အခုလို ဧည့်ခံပေး ထားတဲ့အတွက် မောင်မိုးသောက်ဦးကို ကျေးဇူးတင်ပါတယ်ကွာ"

"ကျွန်တော်တို့က မိတ်ဆွေတွေဖြစ်သွားကြပါပြီ အန်ကယ်၊ သူစိမ်းတွေမဟုတ်တော့ပါဘူး"

သူ့စကားကြောင့် တိမ်စင်သာမှာ မိုးသောက်ဦး၏မျက်နှာ ကို အလန့်တကြားလေး လှမ်းကြည့်လိုက်မိလျက်သား ဖြစ်သွားပါ သည်။

မိတ်ဆွေတွေဖြစ်သွားကြပြီ ဆိုတာကတော့ ထားပါတော့။ သူစိမ်းတွေမဟုတ်တော့ပါဘူးဆိုတာက ဘယ်လိုအဓိပ္ပာယ်နဲ့ပြော လိုက်တာပါလိမ့်။

ဒက်ဒီသာ အဓိပ္ပာယ်ကောက်လွဲသွားခဲ့မယ်ဆိုရင် အနှောင့် မလွတ် အသွားမလွတ်နဲ့ သူ့စကားက တကယ်ကို တစ်မျိုးပဲဟု တွေးနေစဉ်မှာပင်…

"အေး…မင်းတို့လူငယ်ချင်း အဆင်ပြေတယ်ဆိုရင် ပိုကောင်းတာပဲကွ"

ဒက်ဒီထံမှ ထင်မှတ်မထားသည့် တုံ့ပြန်စကားကို ကြားရ သောအခါ ထူးထူးခြားခြား သူမကျောရိုးတစ်လျှောက် စိမ့်ခနဲအေး

www.burmeseclassic.com



သွားလေသည်။

ဘာတွေလဲ…။

ဘယ်လိုအခိုက်အတန့်မှာ ဒီစကားတွေ ပြောနေကြတာလဲ

"အန်ကယ်တို့သားအဖကို မနက်ဖြန်ညစာ ဒင်နာအတွက် ဖိတ်ပါရစေ၊ တိမ်စင်သာကို ဘွားဘွားနဲ့လည်း တွေ့စေချင်လို့ပါ၊ ဘွားမြင်ရင် သိပ်ချစ်သွားမှာပါ"

ညင်သာတိုးတိတ်စွာ သူ့ထံမှ မှတ်ချက်ချသံက တိမ်စင်သာ၏နားထဲတွင် ကျယ်လောင်ပြင်းထန်စွာ ပေါက်ကွဲသွားလေသည်။

မြတ်စွာဘုရား…။

သူဟာ သူမနဲ့ တွေ့ဆုံရတဲ့ တစ်ခဏလေးအတွင်းမှာပဲ ဘာတွေကို ဘယ်လောက်တောင်များ စိတ်နယ်ချဲ့တွေးတောနေတာပါလိမ့်နော်။

"အေးကွ…အန်ကယ်လည်း မင်းတို့ဘွားဘွားနဲ့ စကားမပြောဖြစ်တာ ကြာပြီကွ၊ မနက်ဖြန်အတွက် အသင့်သာဖြင့်ထားလိုက် ဟုတ်ပြီလား"

"ဟုတ်ကဲ့…ကျေးဇူးတင်ပါတယ် အန်ကယ်"

သူမ ဒက်ဒီ့မျက်နှာကို တအံ့တဩ လှမ်းကြည့်လိုက်သောအခါ ဒက်ဒီက ဘာမှမဖြစ်လေဟန်နှင့် သူမကို ပခုံးတွန့်ပြပါသည်။ သူလည်း ဘာမှမတတ်နိုင်ပါဘူးဆိုသည့်သဘော။

တိမ်စင်သာကတော့ ဒက်ဒီကို လုံးဝစိတ်ချယုံကြည်၍





မရတော့ပါ။ တစ်ခုခုပါပဲ၊ ဒက်ဒီမှာ သူမနဲ့ပတ်သက်ပြီး အကြံအစည်တစ်ခု သေချာပေါက်ရှိနေပါပြီ။

"မနက်ဖြန်…လိုက်ဖြစ်အောင်လိုက်ခဲ့နော် တိမ်စင်သာ၊ ဘွားကို တိမ်စင်သာလာမယ့်အကြောင်း ကိုယ် ပြောပြထားနှင့်မယ်"

မိုးသောက်ဦးစကားကြောင့် သူမ စိတ်ညစ်သွားသည်။ မနက်ဖြန် အကြောင်းပြချက်တစ်ခုခုနှင့် မလိုက်ဖြစ်အောင် ကြိုးစားပြီး ဒက်ဒီကို အရွဲ့တိုက်မည့် စိတ်ကူးလေးများ ပျက်သွားပြီဖြစ်သည်။

"လာမယ်မဟုတ်လား တိမ်စင်သာ"

"သမီး…ဖြေလိုက်လေကွာ ဘွားဘွားကြီးက သဘောကောင်းပါတယ်"

"ဟို…မနက်ဖြန်"

"စိတ်ချနေ…မိုးသောက်ဦးရေ မနက်ဖြန် သူသေချာပေါက်လိုက်လာမှာပါ၊ ဟုတ်တယ်မဟုတ်လား သမီး"

"ဟုတ်ကဲ့…ကျွန်မ လိုက်ခဲ့ပါ့မယ်"

"သင့်ခ်ယူ …တိမ်စင်သာ"

ဒက်ဒီက ခွတ်တရွတ်တိုက်တွန်းနေမှတော့ သူမလည်း ဘာမှမတတ်နိုင်တော့ပါ။ ဒက်ဒီအလိုကျ ခေါင်းညိတ်ရုံသာ တတ်နိုင်ပါသည်။

ဖြစ်နိုင်လျှင် မိုးသောက်ဦးဆိုသည့် သူ၏ရှေ့မှ အမြန်ဆုံးပြန်ချင်နေမိပြီဖြစ်သော်လည်း ဒက်ဒီကနေရာမှမထသေး၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်၏ ဈေးကွက်စီးပွားရေးအကြောင်း၊ ဟိုအကြောင်း ဒီအကြောင်းတွေ စကားကောင်းနေသဖြင့် သူမမှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘဲ ရှိလေသည်။

သူသည် အသက်ငယ်သော်လည်း စီးပွားရေးလုပ်ငန်းမှာတော့ ဒက်ဒီလို လူကြီးတစ်ယောက်နှင့်အပြိုင် ကျွမ်းကျင်နှံ့စပ်လွန်းလှသည့်အတွက် သူမမှာ အံ့ဩရပါသေးသည်။

"တိမ်စင်သာ ပြန်ချင်နေပြီထင်တယ်"

ဟု သူက ဂရုတစိုက်မေးလာသောအခါ...

"ရပါတယ်"

ဟု ခပ်တိုးတိုးအဖြေပေးရင်း သူ့အကြည့်များနှင့် ကြာကြာ ရင်မဆိုင်ချင်စွာ မျက်နှာလွှဲမိသည်။ သူမတို့ အတော်လေးနောက်ကျမှ ပြန်ခဲ့ကြသည်။ သူက တိမ်စင်သာတို့ သားအဖကို အရေးတယူ ဂရုတစိုက် လိုက်ပါပို့ဆောင်နှုတ်ဆက်ရုံမက သူမတက်မည့် ကားတံခါးကိုပင် အသင့်ကြိုဖွင့်ပေးထားပြန်သည်။

သူမကတော့ သူ၏ ဂရုတစိုက်ရှိလွန်းလှသော အပြုအမူများအတွက် ဒက်ဒီရှေ့မှာ စိတ်ရှုပ်ထွေးလျက် အနေအထိုင် ကျဉ်းကြပ်နေမိတော့သည်။ သူ့ရှေ့မှ လွတ်မြောက်ခွင့်ရရှိသွားမှပင် သူမကိုယ်တိုင် အသက်ဝဝရှူနိုင်သူ ဖြစ်သွားသည်။

သူဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် ဖန်တီးရယူပြီး သူမဘဝထဲသို့ တစွတ်ထိုးဝင်ရောက်လာမည့်သူမှန်း ထိုစဉ်ထဲက သူမရိပ်မိခဲ့ကောင်းသော်လည်း သူမသည် ထိုအထိ မစဉ်းစားမိခဲ့ချေ။

✢✢✢





## အခန်း (၄)

ဒက်ဒီ၏အကြံအစည်ကို တစ်စွန်းတစ်စ ရိပ်မိသလိုလိုရှိသော်လည်း သူမအတွက် အခြားအကြောင်းပြချက်ဖြင့် ငြင်းပယ်၍ မရနိုင်သော အခြေအနေတို့ကြောင့် ဒက်ဒီအစီအစဉ်အတိုင်း မိုးသောက်ဦးတို့အိမ်သို့ သွားရောက်ခဲ့ရပါသည်။

လိုက်လုံခွေးထွေးသော၊ ရင်းနှီးပျူငှာသော မိုးသောက်ဦး၏ မိသားစုများကြားတွင် သူမသည် အရေးပါအရာရောက်ဆုံး ပုဂ္ဂိုလ်တစ်ယောက်လို အားလုံးက ဝိုင်းပြီး ဂရုစိုက် အလေးထားခြင်း ခံနေရသည့်အတွက် တိမ်စင်သာမှာ အနေရအထိုင်ရ အခက်ကြီး ခက်လျက်ရှိသည်။

**တိမ်စင်သာတို့သားအဖကို သာမန်ရိုးရိုး ထမင်းစားဖိတ်ထားသည်နှင့်မတူဘဲ သူနှင့်သူမတို့ကို အဓိပ္ပာယ်တစ်မျိုး သက်ရောက်သွားစေနိုင်သည့် အနေအထားမျိုးကိုပင် ရောက်သွားတော့**



www.burmeseclassic.com

www.burmeseclassic.com



မည်လားဟု ထင်ရသည်။

မိုးသောက်ဦး၏ မေမေသည်လည်းကောင်း၊ ဘွားသည်လည်းကောင်း တိမ်စင်သာကို သမီး...သမီးနှင့် ပါးစပ်ဖျားက မချသလို ရှက်ကိုးရှက်ကန်းဖြစ်လျက် ပန်းနုရောင်နီမြန်းနေသော သူမမျက်နှာလုလုလေးကို တစိမ့်စိမ့်ကြည့်လျက် သဘောအကျကြီးကျပြီး ကျေနပ်နေသူမှာ မိုးသောက်ဦးကိုယ်တိုင်ဖြစ်ပါသည်။

"သမီးလေးက...သိပ်လှတာပဲကွယ်၊ ဆံပင်ကလည်း အရှည်ကြီး၊ သိပ်ကျက်သရေရှိတာပဲကွယ်"

သူ့ဘွားဘွားကြီးက တိမ်စင်သာ၏ ပိုးသားလို နက်မှောင်ပြောင်လက်နေသော ဆံပင်ရှည်ကြီးကို တယုတယ ကိုင်တွယ်ချီးကျူးလျှင် သူ၏မျက်လုံးမှာ ရွှန်းလဲ့တောက်ပသွားသည်မှာ အံ့သြစရာပင် ကောင်းသေးတော့သည်။

"ကိုယ် ငယ်ငယ်တုန်းက မေမေပြောပြတဲ့ ပုံပြင်တွေထဲက မင်းသမီးလေးကို တွေ့ချင်နေခဲ့တာ၊ တိမ်စင်သာကို တွေ့လိုက်ရတော့ ကိုယ်တွေ့ချင်တဲ့ မင်းသမီးလေးပဲဆိုတာ သိလိုက်တယ်"

သူနှင့် ဒုတိယအကြိမ် တွေ့ရှုံမှုရှိသေးသည်။

မိုးသောက်ဦးထံမှ မရိုးသားမှုများကို သူမ မရိပ်မိ၍မရအောင် ဖြစ်ခဲ့ရလေသည်။ သူသည် သူမဘဝအတွင်းသို့ အင်မတန် ရဲတင်းဝံ့စားလွန်းစွာ ဝင်ရောက်နေရာယူဖို့မိုးရန် ကြိုးစားနေသော သူစိမ်းယောကျ်ားတစ်ယောက် ဖြစ်သော်လည်း သူ၏မိဘများနှင့် သူမ၏ဒက်ဒီအတွက်တော့ အင်မတန်မှ နှစ်လိုဖွယ်





ကောင်းသော စိတ်ဝင်စားဖွယ်ရာကောင်းသော လူငယ်လေးတစ်ယောက် ဖြစ်ခဲ့ပါသည်။

သူ့ထံမှ ဂုဏ်သရေရှိ ရှုကြီးလှူကောင်းဆန်မှု၊ ပါးနပ်ထက်မြက်မှုကို သူမကိုယ်တိုင် အသိအမှတ်မပြုဘဲ မနေနိုင်ပါ။

"တိမ်စင်သာက စကားနည်းတယ်နော်"

သူက တိုးတိတ်စွာ မှတ်ချက်ချလေသည်။

"ဒီလိုပဲ နေတတ်လို့ပါ"

သူမက ဆင်ခြေပေးလိုက်သည့်အခါ သူက တိမ်စင်သာကို ခပ်ပြုံးပြုံးငေးမောရင်း...

"တိမ်စင်သာမှာ... အခုချိန်ထိ ချစ်သူရည်းစားမရှိသေးဘူးနော်၊ ဟုတ်တယ်မဟုတ်လား"

သူက ကလေးတစ်ယောက်ကို မေးသလို မေးလျှင် တိမ်စင်သာမှာ သူပြောတာမှန်နေသဖြင့် ဘာပြန်ပြောရမှန်းမသိစွာ သူ့မျက်နှာကို ခပ်အမ်းအမ်းတစ်ချက်မျှ မော့ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်ရပါသည်။

သူက သူမမျက်နှာကို အချိန်အကြာကြီး စူးစိုက်ကြည့်လာသောအခါ သူမ ဘယ်လိုမှ မနေတတ်တော့ဘဲ သူမမျက်နှာကို ဆံပင်ရှည်များကြားမှာ ဖုံးကွယ်ဖို့ ကြိုးစားမိပါသည်။

တကယ့်ကိုပါပဲ။ အခုချိန်ထိ ဖြစ်ပျက်နေခဲ့သမျှကတော့ သူမအတွက် ဘယ်လိုမှ မလွဲမရှောင်သာတဲ့ အခြေအနေတွေချည်းဖြစ်လို့နေသည်။ ညစာစားချိန်တစ်လျှောက်လုံးလည်း သူက



www.burmeseclassic.com

www.burmeseclassic.com



တိမ်စင်သာကို တစ်ချိန်လုံး ဂရုစိုက်လျက်ရှိရာ သူမပန်းကန်ထဲမှာ ဟင်းတွေ မောက်လျှံနေပါသည်။

"တိမ်စင်သာက သိပ်အစားနည်းတာကိုးကွ၊ ဒါကြောင့် ပိန်နေတာနေမှာ"

သူ့ဘာသာ ဝေဖန်အပြစ်တင်လိုက်သေးသည်။

တကယ့်အဖြစ်မှန်မှာ လူကြီးများရှေ့တွင် သူမကို ဂရုစိုက်လွန်းနေသော သူ့အပြုအမူကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပြီး ဘာကိုမှ ဟုတ်တိပတ်တိ စားမဝင်တော့တာဖြစ်သည်။

တစ်ထိုင်တည်း သူမဆုံးဖြတ်လိုက်သည်မှာ နောက်ထပ် မိုးသောက်ဦးတို့အိမ်ကို ဘယ်တော့မှ ထပ်မသွားရန်ဖြစ်ပါသည်။

ထိုအချိန်မှစ၍ သူသည် သူမဘဝအတွင်းသို့ ပိုင်စိုးရှင်မှုများဖြင့် တဖွတ်ထိုးဆန်ဆန် စတင်ဝင်ရောက်လာခဲ့တာပဲဖြစ်သည်။

ညီညီနှင့် သူမ ပြန်ဆုံတွေ့ကြသည့်အချိန်မှာတော့ သူမသည် မိုးသောက်ဦးဆိုသူနှင့် ပတ်သက်သော အကြောင်းအရာများကို မေ့ပျောက်သွားပြီဖြစ်သည်။ ဒက်ဒီမသိအောင် သူမနှင့်ညီညီတို့မှာ အရင်လိုသွားလာမြဲသာတည်း။

တစ်နေ့ ညီညီနှင့်အတူ စာတိုက်ကြီးသို့ သူမ အဖော်အဖြစ်လိုက်သွားပါသည်။ သူက စာအိတ်ထူထူကြီးနှင့် အလုပ်ရှုပ်နေသည့်အချိန်မှာ သူမကတော့ ထုံးစံအတိုင်း လူတွေလှုပ်ရှားသွားလာနေတာကို လိုက်ငေးကြည့်နေမိသည်။

ကြည့်ပါဦး…





လူတွေအားလုံး တစ်ယောက်ကိုတစ်ယောက် ဂရုမစိုက်နိုင်ကြပဲ ကိုယ်လုပ်ရမည့် အလုပ်တာဝန်တွေထဲမှာသာ အာရုံရောက်သွက် စိတ်ဇောထက်သန်စွာ လှုပ်ရှားသွားလာနေလိုက်ကြတာ။

တချို့ကလည်း ပြုံးရွှင်ရယ်မောလျက် ခြေလှမ်းက ခပ်သွက်သွက်။ တချို့ကြပြန်တော့လည်း မျက်နှာထားက ခပ်တည်တည်။ ခြေလှမ်းက ခပ်မှန်မှန်။

အို…လူအမျိုးမျိုး မျက်နှာအမျိုးမျိုးပါပဲ။ မတူညီတဲ့ စိတ်ခံစားချက်တွေနဲ့ ဦးတည်ရာကို သွားလာနေကြသည်။ သူမလည်း လူအမျိုးမျိုးကိုကြည့်ပြီး အတွေးအမျိုးမျိုး လျှောက်တွေးရင်း ညီညီမျက်နှာကို စေ့စေ့ပြန်ကြည့်မိသည်။

တည်ကြည်ငြိမ်းချမ်းတဲ့ ညီညီပုံစံကတော့ တကယ့်ကို ဘာအပူအပင်မှမရှိတဲ့ ကလေးတစ်ယောက်ပါပဲလား။ သူ့ကိစ္စတွေပြီးသွားတော့ သူက လူတွေကြားမှာ အတူတိုးဝှေ့ဆင်းရင်း ရုတ်တရက် သူမကို လှည့်ကြည့်သည်။

"နှင် ဝက်သားတုတ်ထိုးစားမလား တိမ်စင်သာ"

"ဟင်"

သူက လမ်းဘေးရှိ ဝက်သားတုတ်ထိုးဆိုင်ရှိရာကို တစ်ချက်မေးဆတ်ပြရာ သူမ အံ့သြသွားသည်။

"လမ်းဘေးဆိုင်ကြီးမှာလား"

"ဒါပေါ့"

"အို"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ…တစ်ခါတလေ ဒီလိုပဲ ကိုယ့်ကိုယ်ကို လွတ်လပ်ခွင့်ပြုစမ်းပါ"

လမ်းဘေးဆိုင်မှာ တစ်ခါမှ မစားဘူးသဖြင့် စိတ်ထဲမှာ မဝံ့မရဲဖြစ်နေမိသော်လည်း ညီညီကိုယ်တိုင်က ဦးဆောင်သွားနေသဖြင့် သူမ မငြင်းဆန်ဘဲ လိုက်ပါလာခဲ့ပါသည်။

နှစ်ယောက်သား တစ်ခါမှမထိုင်ဘူးခဲ့သော လမ်းဘေး တစ်နေရာမှာ အကျထိုင်ကာ ဝက်သားတုတ်ထိုးကို နှစ်မြိုက်စွာ စားမိကြပြီးနောက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ရယ်မောမိကြသည်။

အင်း…တစ်ခါတစ်ရံတော့လည်း စိတ်ထဲမှာ ဖြစ်ပေါ်လာသည့်အတိုင်း လွတ်လပ်စွာ လုပ်ခွင့်ရသည်မှာလည်း ဘယ်လိုအရသာနှင့်မှမတူချေ။

"တို့နှစ်ယောက်သိတဲ့လူတွေကတော့ ဘာပြောကြမယ် မသိဘူးနော် ညီညီ"

"လူတွေကို သိပ်ပြီး ဂရုစိုက်မနေစမ်းနဲ့ တိမ်စင်သာ လောကကြီးမှာ အပြောအဆိုလွတ်တဲ့သူ ဘယ်သူမှမရှိဘူး။ လူ ဘယ်လိုပဲ ကောင်းအောင်ကြိုးစားပြီး နေထိုင်ပြီပဲထားဦး ကြံဖန်ပြီး ပြောစရာတွေချည်းပဲဆိုတာ အလွယ်ဆုံးမှတ်ထား ဟုတ်လား"

"အဓိကက ကိုယ့်ကြောင့် ဘယ်သူ့ကိုမှ မထိခိုက်ဘူးဆိုရင် ကိုယ့်လွတ်လပ်ခွင့်ကို ကြိုက်သလို အသုံးချခွင့်ရှိတယ်၊ ဒါပဲ ဒါပဲ"





"အဲဒါကို နင် ကောင်းကောင်းသဘောပေါက် နားလည်အားရင် နင့်စိတ်ထဲမှာ ဘာမဆို လွတ်လပ်စွာ ခံစားခွင့်ရပြီကွာ"

"အင်း…နင်ပြောတော့လည်း ဟုတ်နေတာပဲ"

"ဟုတ်ရမယ်လေ…ငါက ညီညီပဲဥစ္စာ"

လွတ်လပ်ပေါ့ပါးစွာ သူထင်မြင်ယူဆချက် ပြောနေသော ညီညီကို သူမ အားကျသလို ငေးကြည့်မိသည်။ ဘယ်လိုပဲဖြစ်ဖြစ် ညီညီဆိုတာ သူမအတွက် အကောင်းဆုံးသူငယ်ချင်းပါပဲလေ။

"ဒါပေမယ့်ဟာယ် နင်ပြောသလို ငါ့အတွက်ကြောင့် ဘယ်သူ့ကိုမှ မထိခိုက်စေချင်ပေမယ့် ဒက်ဒီက ငါ့ကြောင့် ထိခိုက်နေတယ်၊ အဲဒါကို နင်သိမှာပါ ညီညီ"

"တစ်ခါ တစ်ခါ တို့နှစ်ယောက် ရှေ့ဆက်ပြီး မပတ်သက်ပဲ နေရရင် ကောင်းမလားလို့ စဉ်းစားကြည့်မိတယ်"

သူက ခြေလှမ်းအစုံကို မြန်းခနဲရပ်တန့်လိုက်ပြီး သူမ မျက်နှာကို တစ်ခါမှ မမြင်ဘူးသလို ကြည့်လာပါသည်။

"နင့်ကို ငါတစ်ခုပြောမယ် တိမ်စင်သာ၊ အဲဒါက တခြားဘာတွေ ဘာလဲ၊ ငါဘဝမှာ နင်မရှိလို့မဖြစ်ဘူး၊ ဒါကို မြဲမြဲမှတ်ထား"

ရုတ်တရက် သူမမှာ ဘာပြန်ပြောရမှန်းမသိဘဲ နှုတ်ဆွံ့သွားသည်။ သူမတစ်ခုခုပြန်ပြောဖို့ ကြိုးစားနေစဉ်မှာပင် သူကပဲ ဆက်ပြီး…

"ငါကတော့ နင်နဲ့ ရှေ့ဆက်ပြီး ပတ်သက်ဖို့အကြောင်းတွေချည်းပဲ စဉ်းစားနေတယ်၊ အဲဒီအတွက် နင်နဲ့ငါ ဆန့်ကျင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကောင်းဖြစ်မယ်၊ သေချာတာကတော့ နင်နဲ့ငါ ဝေးလို့မဖြစ်ဘူး အဲဒါ နင်နားလည်လား''

ဟင့်အင်း…သူမကတော့ ဘာကိုမှ မခွဲခြားတတ်တော့တာ သေချာပါသည်။ ညီညီ့စကားတွေကိုလည်း နားလည်သလိုလို နားမလည်သလိုလိုနှင့် အတော်လေးကြာအောင် တွေဝေတုံ့ဆိုင်းနေပြီးမှ လေးလံလှသော အသံတစ်မျိုးဖြင့်…

''အင်းလေ…နင်နဲ့ငါက ငယ်သူငယ်ချင်းတွေပဲ''

ဟု တုံ့ပြန်လိုက်သည်။

ထို့အတွက် သူက သူမကို ဘာတစ်ခုမှ ထပ်ပြီး မေးခွန်းမတက်တော့သော်လည်း သူမဘဝတွင် ညီညီသာမရှိတော့ဘူးဆိုရင် သိပ်ကို ဝမ်းနည်းစရာကောင်းမှာပဲဟု တွေးမိလျက်သားရှိနေပါသည်။ ပြောပြီးသားစကားတစ်ခွန်းကို မဖြစ်ဖြစ်အောင်လုပ်တတ်သော ညီညီ စိတ်ဓာတ်ကို သူမ ဘယ်တုန်းကမှ မမေ့ခဲ့ဖူးပါ။

အပေါ်ယံအမြင်မှာ ညီညီ့ပုံစံက မာကျောကျတ်ဆတ်ပုံရသော်လည်း တကယ့်အတွင်းစိတ်ကမူ နူးညံ့သူလည်းဖြစ်ပါသည်။ မဟုတ်မခံစိတ်ရှိသော သူ့ကို သူမက သည်းညည်းခံနိုင်သလို ဆိုးချင်နွဲ့ချင်သော သူမ၏ တဇွတ်ထိုးစိတ်များကိုလည်း သူက ခံစားနားလည်ပေးနိုင်သူဖြစ်သည်။

''ငါ့ကို ဒက်ဒီတို့မိသားစုက ဟိုကိုလိုက်ခဲ့ဖို့ ခေါ်နေပြီ တိမ်စင်သာ၊ အဲဒါကို နင်ဘယ်လိုသဘောရလဲ''

တစ်ရက်မှာတော့ သူက သူမအသဘောထားကို နူးညံ့စွာ





သာစွာ တောင်းခံလာရာ သူမက လိုက်မသွားပါနှင့်ဟု တစ်ကိုယ်ကောင်းဆန်စွာ တားမြစ်ပိတ်ပင်စကား မဆိုခဲ့ချေ။

''အမှန်အတိုင်းပြောရရင် နင့်ကို ငါနဲ့ ခွဲမသွားစေချင်ဘူးပေါ့ဟယ်၊ ဒါပေမယ့် ဒီမှာက နင်တစ်ယောက်တည်းရယ်၊ ဟိုတစ်ခါကလို နေထိုင်မကောင်းဖြစ်ရင် ဘယ်လောက်ရင်ပူစရာကောင်းလဲ၊ ဟိုမှာဆို နင့်ဒက်ဒီရှိတယ်လေ၊ ညီအစ်ကိုမောင်နှမနဲ့ မိဘရဲ့မေတ္တာကိုလည်း ခံစားရမယ်၊ နင့်ဘဝလည်း တိုးတက်ဦးမယ်ဆိုတော့ အားလုံးကောင်းဖို့ချည်းပဲလေ၊ နင့်ဘာသာဆုံးဖြတ်ပါ''

သူမထံမှ အဖြေစကားအဆုံးမှာ သူက ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ ထိုရယ်သံထဲမှာ နာကြည်းမှုတစ်မျိုးများ ပါဝင်နေသလားဟု သံသယဖြစ်မိသော်လည်း သူမ ဘာတစ်ခွန်းမှ မမေးခဲ့ပါ။

''ငါ့ဘဝက ပြည့်စုံပြီးသားပဲ တိမ်စင်သာရယ်၊ သူများနိုင်ငံကိုရောက်မှ တိုးတက်တာမဟုတ်ပါဘူး၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ်ကြိုးစားရင် ကြိုးစားသလောက် တိုးတက်အောင်မြင်မှာပါ'' ၃

''အေးလေ…အဲဒါကြောင့် နင့်ဘာသာဆုံးဖြတ်လို့ ပြောတာပေါ့''

သူနှင့်သူမတို့ ထိုအခြေအနေမှာပင် တစ်စုံတစ်ခုသော ပြောင်းလဲခြင်းသို့ မရောက်ရောက်အောင် မသိမသာရော သိသိသာသာပါ တိုက်တွန်းဖိအားပေးခံရသော အဖြစ်အပျက်များကို ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



မှ စပါသည်။

''မောင်မိုးသောက်ဦးနဲ့ သမီးကို ဒက်ဒီသဘောတူတယ်၊ နှစ်ဖက်လူကြီးချင်းလည်း ပြောဆိုကျေနပ်ပြီးကြပြီ၊ အဲဒါ သမီးသိအောင်ပြောတာ''

ဒက်ဒီ ဖွင့်ပြောလာသည့်နေ့က သူမ အကြီးအကျယ် စိတ်ဆိုးမိလေသည်။

''သမီး အိမ်ထောင်မပြုချင်သေးဘူး''

''ဒါဆို…သမီးနဲ့ဟိုကောင်တွဲနေတာ အဆက်အသွယ် ဖြတ်မလား''

''ဒက်ဒီ''

သူမ ခပ်ကျယ်ကျယ်လေး အော်ဟစ်လိုက်မိသည့်အထိ အံ့သြသွားသည်။ ညီညီနှင့်သူမ အတွဲမပျက်ရှိနေတာကို ဒက်ဒီ ကြိုသိနေရက်နဲ့ ဘာတစ်ခုမှမပြောခဲ့တာ ဒါကြောင့်ကိုးဟု သူမ သဘောပေါက်လာပါသည်။

''သူနဲ့သမီး အခုချိန်ထိ ဘာမှမဖြစ်သေးဘူးဆိုတာ ဒက်ဒီကို သမီးဘယ်နှစ်ခါ ရှင်းပြရမလဲဟင်''

''အခုချိန်ထိ ဘာမှမဖြစ်သေးဘူးဆိုကတည်းက နောင်ရှေ့ဖြစ်ချင်ရာဖြစ်မယ်ဆိုတဲ့ သဘောပဲမဟုတ်လား တိမ်စင်သား၊သမီးတကယ်ပဲ သူနဲ့ ကင်းကင်းရှင်းရှင်းနေနိုင်မလား၊ဒါဆို သမီးကတိပေးနိုင်ရင် ဒက်ဒီ့အစီအစဉ်ကို ရုတ်သိမ်းပေးမယ်၊ ဘယ့်နှယ်လဲ''

''ညီညီနဲ့ အဆက်အသွယ်မဖြတ်ဘူးဆိုရင်ရော''





''ဒါဆို ဒက်ဒီကလည်း မောင်မိုးသောက်ဦးနဲ့ကိစ္စကို အမြန်ဆုံး စီစဉ်သင့်ရင် စီစဉ်ရမှာပေါ့''

သူမသည် ဒက်ဒီထံမှ အကျပ်ကိုင်ခံရသော စကားကြောင့် ငိုခြင်းပြင်းစွာ အခံစားရခက်ရလေသည်။

''သမီးစဉ်းစားပါကွယ်… မောင်မိုးသောက်ဦးကိုယ်တိုင်က သမီးအပေါ်မှာ တန်ဖိုးထားပြီး လေးနက်စွာ တောင်းဆိုခြင်းခံရတာ သမီးအတွက် ဂုဏ်ယူစရာပါကွယ်''

''သူက လူကြီးလူကောင်း ဂုဏ်သရေရှိ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ အသက်ငယ်ပေမယ့် ဂုဏ်မငယ်ဘူး၊ လူကြီးစိတ်ရှိတော့ သူ့ကိုယ်သူ ဂုဏ်သိက္ခာထိခိုက်မယ့် အလုပ်မျိုး အပြုအမူ အပြောအဆိုမျိုး သူ့မှာမရှိဘူး၊ လူကြီးတွေ မျက်စိထဲမှာလည်း မိုးသားကြိုးစားမှုရှိပြီး ဘယ်လောက်တင့်တယ်သလဲ၊ ဒါကြောင့် ဒက်ဒီ့သမီးလေးကို မောင်မိုးသောက်ဦးလိုလူနဲ့ပဲ သဘောတူတယ်''

''ညီညီ့မှာ ဘာအပြစ်ရှိလို့လဲ ဒက်ဒီရယ်''

''ကြည့်စမ်း…သမီးက ဝန်ခံလိုက်ပြီပေါ့ ဟုတ်လား''

''ဟာ…မဟုတ်ဘူး၊ သမီးဆိုလိုတာက တခြားပါ ဒက်ဒီရယ်''

''ထားပါလေ…သူ့အကြောင်းကို အချိန်ကုန်ခံပြီး သမီးနဲ့ ဒက်ဒီ မဆွေးနွေးချင်ဘူး၊ ဟုတ်လား၊ အဲဒီတော့ သမီးဘာလုပ်သင့်တယ်ဆိုတာ သမီးဘာသာ သေချာစဉ်းစားပြီး ဆုံးဖြတ်ကြည့်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင် ဒက်ဒီ့သမီးလေးကို ဘာတစ်ခုမှ ဖွင့်အတင်းအကျပ် ဖိအားပေးတိုက်တွန်းတာမျိုး မဖြစ်ချင်ဘူး၊ ဒက်ဒီ့စေတနာမေတ္တာကို သမီးနားလည်ပါကွယ်"

ကြင်နာနွေးထွေးစွာပြောလာသည့် ဒက်ဒီ့စကားကြောင့် သူမခေါင်းငုံ့သွားရပါသည်။ အခုကိစ္စမှာ သူမမပြောသော်လည်း ဒက်ဒီက ရှေ့ဆက်ရန် ခွင့်မပြုနိုင်တော့သည့်အနေအထားမှာ သူမအနေနှင့် တစ်ခုခုတော့ ဆုံးဖြတ်မှဖြစ်တော့မည်ဟု တွေးမိလာရာ ညီညီနှင့်သူမကိစ္စကို ဘာလုပ်ရကောင်းမလဲဟု တွေတွေဝေဝေလေး ဖြစ်ရသည်။

နှစ်ယောက်စလုံး၏ အခြေအနေသည် ဒီအတိုင်းရှေ့ဆက်လို့မဖြစ်နိုင်။ သူမသည် ညီညီနှင့် မတွေ့ဘဲနေကြည့်ရန် တိတ်တဆိတ်ဆုံးဖြတ်လိုက်သည်။ ထိုအထဲတွင် သူ့ဘက်က ဖုန်းဆက်လာလျှင်လည်း သူမဘက်က လက်ခံမပြောမိစေရန် ပါဝင်လေသည်။

ထိုအခြေအနေကို သူမ လက်ခံနိုင်မည်ဆိုလျှင် မိုးသောက်ဦး၏ကိစ္စကို သူမဆန္ဒမပါဝင်ဘဲ ဒက်ဒီ့ဘက်က ဘာတစ်ခုမှ အကောင်အထည်ဖော်ခွင့် မရနိုင်တော့သည်မှာလည်း သေချာပါသည်။

သူမသည် ထိုဆုံးဖြတ်ချက်ကို **အကောင်အထည်ဖော်**သည့်အနေဖြင့် ညီညီနှင့် **လုံးဝတွေ့ဆုံခြင်းမရှိတော့သလို သူပြော**လာသည့် ဖုန်းများကိုပါ **ရက်စက်စွာ ဖြတ်တောက်လိုက်ခြင်းဖြင့်**





သူမကိုယ်သူမ စမ်းသပ်လေသည်။

တစ်ပတ် ဆယ်ရက်ဆိုသော အချိန်များသည် အတော်ကိုရှည်လျားလွန်းသည်ဟု ထင်မြင်မိသလို ခါတိုင်း တစ်နေ့တာကိုတွေ့ရသမျှ တစ်ယောက်နှင့်တစ်ယောက် မခွဲနိုင်မခွာနိုင် ပြောကြရမှ ကျေနပ်သော သူတို့နှစ်ယောက်သည် အခုတော့ တစ်ကမ္ဘာစီဝေးသွားသလို ခံစားရကာ အချိန်များကို ပျင်းရိခြောက်သွေ့စွာ ဖြတ်သန်းလျက်ရှိသည်။

ညီညီတစ်ယောက်မှာလည်း သူမခံစားသလိုပဲ ခံစားနေရမည်လားဆိုတာ သေချာရေရာစွာ မပြောနိုင်သော်လည်း သူလည်း ပျင်းရိနေလောက်ပြီဟု စာနာစွာတွေးမိစဉ်မှာပင် ဖုန်းသံမြည်လာရာ သူမသည် ဘာကိုမှ မစဉ်းစားနိုင်ဘဲ ဖုန်းခွက်ကို ဖျတ်ခနဲကောက်ယူနားထောင်မိလျက်သား ဖြစ်သွားသည်။

"ဟိတ်…တိမ်စင်သာ၊ နင်ဘာဖြစ်နေလဲဆိုတာ ငါသိတယ်နော်၊ ဖုန်းကို လုံးဝမချလိုက်နဲ့သိလား၊ နင်နဲ့မတွေ့ရတဲ့ ရက်တွေမှာ ငါဘာတွေဖြစ်နေတယ်ဆိုတာ နင်မသိချင်ဘူးလား"

ဟဲလိုဟု သူမထူးလိုက်သည်နှင့် ညီညီ့ထံမှ အောင်မြင်သြရှသော အသံကို ကြားရခြင်းဖြစ်သည်။

"အေး…သိချင်တယ်၊ ဒါပေမယ့် ငါ့အထင်ပြောရရင်သိပ်မထူးခြားလှပါဘူး၊ စကားပြောဖော်မရှိလို့ ငါ့လိုပဲ ပျင်းရိနေမှာပေါ့၊ မဟုတ်ဘူးလား"

"လုံးဝမဟုတ်ဘူး"

www.burmeseclassic.com



"ဟင်"

"နင် အခုလို စမ်းသပ်လိုက်တာလည်း ကောင်းပါတယ်၊ ငါ့ကိုယ်ငါ ပိုပြီးသေချာသွားတာပေါ့"

"ဒီမှာ တိမ်စင်သာ"

"ပြော"

"ငါလေ…နင့်ကို သိပ်ချစ်တယ်သိလား"

"ဟာ"

သူမရင်ထဲမှာ ဘာမှန်းမသိသော အရာတစ်ခု ရုတ်တရက် စွန့်လွှတ်ဆုံးရှုံးခဲ့လိုက်ရသလို ဘာအသံမှမထွက်ဘဲ အချိန်အတော်ကြာ ငြိမ်သက်တိတ်ဆိတ်သွားသည်။

ဟင့်အင်း…

နင် ငါ့ကို အဲဒီလိုစကားမျိုး ဘာလို့ပြောရတာလဲ ညီညီရယ်၊ တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ပြုစုင်ရိုးသားစွာ မိုခိုအားထားကြရုံပဲ မဟုတ်ဘူးလား။

သူငယ်ချင်းတစ်ယောက်လို၊ မောင်နှမလိုရှိနေသင့်တယ်လို့ နင်မထင်ဘူးလားဟယ်။

"ငါ နင့်ကိုချစ်တယ်၊ လက်ထပ်မယ်၊ ငါ့ဘဝမှာ နင်မရှိလို့ မဖြစ်ဘူး တိမ်စင်သာ၊ ငါ့ဘဝမှာ နင်ရှိမှဖြစ်မယ်"

"နင် ငါ့ကိုပြန်ချစ်ပါ၊ နင် ငါ့ကိုပြန်ချစ်လိုက်စမ်းပါ တိမ်စင်သာရယ်၊ ငါလေ…ငါ နောက်ကျသွားပြီလားဟင်။ နောက်ကျသွားပြီလား"





သူ့အသံမှာ လှိုက်လှဲသလောက် နာကျင်ကြေကွဲနေခြင်းက သူမရင်ကို မွှန်းကြပ်ရှုပ်ထွေးသွားစေပါသည်။

အချစ်…။

ယောကျ်ားများထံမှ ချစ်ပါသည်ဆိုသော စကားများစွာကို သူမကြားဘူးပါသည်။ သို့သော်လည်း ထိုစကားများအတွက် သူမ မည်သို့မျှ မခံစားခဲ့ရသလို ရင်လည်းမခုန်ခဲ့ဘူးပါချေ။

ညီညီကို သူမချစ်သလား မချစ်ဘူးလားဆိုသည့်အချက်ကို သူမ မဝေခွဲတတ်ပါ။

"တိမ်စင်သာ"

"ဟင်"

"ငါပြောတာတွေ နင်ကြားပါတယ်နော်၊ ငါ နောက်ကျသွားပြီလားဟင်၊ ပြောစမ်းပါဦးကွာ"

"ဘာဖြစ်လို့ နင်က အဲဒီလိုထင်ရတာလဲ ညီညီရယ်"

"ဒါဆို…နင်…နင် ငါ့ကိုချစ်တယ်ပေါ့ ဟုတ်လား"

တခြားသူတစ်ယောက်သာဆို ညီညီမေးခွန်းကြီးက စိတ်ဆိုးစရာဖြစ်ပေမယ့် ညီညီဖြစ်နေတော့လည်း နားလည်ခွင့်လွှတ်ရပါသည်။

"ဟင့်အင်း…နင့်ကို အမှန်အတိုင်းပြောရင် ငါ့ကို စိတ်မဆိုးရဘူးနော်၊ နင့်ကို ခင်တယ်၊ သံယောဇဉ်ရှိတယ်၊ ဒါပေမယ့် ချစ်သူတစ်ယောက်လိုမဟုတ်ဘူး၊ ငါပြောတာ နင်နားလည်ပါတယ်နော်"

www.burmeseclassic.com



"နားလည်တယ် တိမ်စင်သာ၊ တို့နှစ်ယောက်ကြားမှာ ပြောင်းလွဲဖို့ကလည်း သိပ်အကွာဝေးကြီးမဟုတ်လှဘူးလို့ ငါထင်ပါတယ်"

"အဲဒီအတွက် ငါ့ကိုယ်ငါ သေချာချင်သေးတယ် ညီညီ"

"အိုကေ...အိုကေ ငါခံစားနေရတာတွေ နင်သိသွားပြီဆိုရင် ငါကျေနပ်ပြီကွာ၊ အဲဒီအတွက် နင့်ကို အချိန်ဘယ်လောက်ပေးရမလဲ၊ တစ်လလား၊ တစ်နှစ်လား"

"ဒါတော့ ပြောလို့မရသေးဘူး ညီညီ၊ အချစ်ဆိုတာကြီးကို ဘယ်အချိန်ကြမှငါ့နှလုံးသားထဲ ဖြုန်းခနဲဒိုင်းခနဲ ဝင်လာမယ်မှန်းမှ မသိတာ"

"ဟုတ်ပြီ...ငါနားလည်ပြီ၊ နင် ကြိုက်သလောက်အချိန်ယူကွာ ဟုတ်ပြီလား"

အဲဒီအချိန်ကစလို့ သူနှင့်သူမကြားတွင် အင်မတန်ရှုပ်ထွေးနက်ရှိုင်းသော အတားအဆီးတစ်ခု ဖြစ်ရှိလာခဲ့သည်။ အချစ်နှင့် သံယောဇဉ်ကို ရတ်တရက် ခွဲခြား၍မရသော တိမ်စင်သာသည် ညီညီ့အပေါ်မှာ ဟိုအရင်တုန်းကထက် ထူးပြီး မခံစားတတ်ခဲ့ချေ။

သို့သော် သူနှင့်အတူခါတိုင်းလိုပင် ဒဏ်ဒီမသိအောင် တိတ်တဆိတ် ဆက်သွယ်ပြီး ညဘက်လူခြေတိတ်ချိန်အထိ ဖုန်းဆက်ကြပြန်လေသည်။





ညီညီက သူမကို ချစ်ရေးဆို ချစ်ခွင့်တောင်းထားသည်မှန်ပါသော်လည်း သူမ အနေရအထိုင်ရခက်စေမည့် အပြောအဆိုအပြုအမူမျိုးကို အထူးဂရုစိုက် ရှောင်ရှားတတ်ပြီး အတတ်နိုင်ဆုံး အလိုက်သိဖြည့်ဆည်းပေးနိုင်ဖို့သာ ကြိုးစားခဲ့သည်။

ထို့အတွက် သူနှင့်သူမကြားတွင် ဘာတစ်ခုမှ ထူးခြားစွာ ပြောင်းလွဲမသွားသော်လည်း သူ့ထံမှ အပြောင်းအလွဲတစ်ခုမှာ သူမမျက်နှာကို စကားပြောသော မျက်လုံးများဖြင့် မကြာခဏခိုးကြောင်ခိုးဝှက် ကြည့်တတ်လာခြင်းဖြစ်သည်။

"နင့်ကို...ငါ တစ်ခုပြောစရာရှိတယ် တိမ်စင်သာ၊ နင့်ဒက်ဒီက နင်နဲ့ငါ့ကို လိုးဝသဘောမတူဘူးလို့ ငါ့ကို ပြောထားတာရှိတယ်နော်၊ သူက ငါ့ကို နင်နဲ့ ဘာလို့သဘောမတူနိုင်တာလဲဆိုတာလည်း နင်အသိဆုံးပဲ၊ အတတ်နိုင်ဆုံး ငါ့ကိုယ်ငါ ကြိုးစားပြုပြင်မယ်ကွာ၊ အဲဒါ နင့်ကိုသိပ်ချစ်လို့ဆိုတာ နင်သိရင် ငါကျေနပ်ပြီ"

"နင့်ဒက်ဒီကြောင့်ဆိုတဲ့ အကြောင်းပြချက်တစ်ခုထဲနဲ့ ငါတို့ဝေးရမှာကို အကြောက်ဆုံးပါ၊ အရေးအကြီးဆုံးက နင့်ဆုံးဖြတ်ချက်မှားသွားမှာကိုပဲ ငါဆိုလိုတာက..."

"အဲဒီအတွက် စိတ်ချပါ ညီညီ၊ ငါဟာ ပျော့ညံ့တွေဝေတဲ့ မိန်းကလေးမျိုးမဟုတ်ပါဘူး။ ဘယ်အချိန်မှာ ဘာလုပ်သင့်တယ် ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာ ငါသိပါတယ်"

"ဆောရီး...ငါ စိတ်နည်းနည်းလောသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါသိပ်ချစ်တယ်ဆိုတာတော့ နင့်အသည်းနှလုံးထဲမှာရော ဦးနှောက်ထဲမှာပါ စွဲနေအောင် မှတ်ထားပေးပါ"

သူက ခပ်တိုးတိုးပြောလျက် နေရာမှ ဖြုန်းခနဲထွက်သွားလျှင် သူမရင်ထဲမှာ ခံစားချက်တစ်မျိုးဖြင့် တွေဝေပျော့ညံ့စွာ ကျန်ရစ်ခဲ့လေသည်။

"ငါလည်း နင့်ကိုချစ်တယ်"ဟု မသေမချာ မရေရာသည့်ကြားမှပင် သူစိတ်ချမ်းသာအောင် ပြောလိုက်ရမည်လားဟု ကယောင်ခြောက်ခြားလေး စိတ်ကူးယဉ်ကြည့်မိဘူးပါသော်လည်း တင်းတင်းစေ့ပိတ်ထားသည့် နှုတ်ခမ်းများက နှလုံးသား၏ အလိုဆန္ဒမပါဘဲ ဘာကိုမှခွင့်မပြုခဲ့ချေ။

ထို့နောက် သူမနှင့်ညီညီသည် ခါတိုင်းထက် ပို၍ နီးကပ်လာသလိုလို ထင်ရပြီးနောက် တစ်ဖန် မခန့်မှန်းနိုင်လောက်အောင် ဝေးကွာသွားသလို ထင်မြင်မိပြန်ပါသည်။

တစ်ယောက်၏အခြေအနေကို တစ်ယောက်က မျက်ခြေမပြတ် စောင့်ကြည့်ခဲ့ကြသလို ဒက်ဒီအပါအဝင် ဟော်ဝန်းကျင်ကလည်း သူမတို့နှစ်ယောက်ကို ချစ်သူများအဖြစ် သတ်မှတ်ယုံကြည်ထားဆဲ ဖြစ်သည်။ ဒါကို ဘယ်လိုအကြောင်းပြချက်နှင့်မှ ငြင်းဆန်၍ မရခဲ့ချေ။

+++





အခန်း (၅)

သူမ သင်တန်းချိန်ပြီးဆုံးသွားသောအချိန်မှာ အတော်...း မှောင်ရီပျိုးနေပြီဖြစ်သည်။ ဒီနေ့ ညီညီလာမကြိုသဖြင့် သူမ...စ်ယောက်တည်း ဖြစ်သည်။ သူမကားမှာ စက်သိပ်မကောင်း...ဖြင့် ဝပ်ရှော့ပို့ထားသည်။

ဒက်ဒီက လာကြိုမည်ဟု ပြောထားသော်လည်း သူမက ...မကြိုပါနှင့်၊ အငှားကားစီးလာမည်ဟု ဒက်ဒီဆီကို ကြိုတင်...ဆက်ထားခဲ့သည်။ တကယ်တမ်းကြတော့ သူမ ရုတ်တရက် ...ငှားစီးချင်စိတ်မရှိသဖြင့် ရောင်စုံလူစီးကြောင်းကြီးထဲမှာ ရော...ာင်လျှောက်ဖို့ ကြိုးစားရင်း လမ်းပေါ်မှ မြင်တွေ့သမျှ ငေးမော...က်ရှိစဉ် သူမနားသို့ နောက်ဆုံးပေါ် အကွေ့ရာန်ပါတ်နှင့် ကားလှ...လေးတစ်စီး ထိုးရပ်လာသည်။

တဖြည်းဖြည်း လျော့ကျသွားသည့် ကားမှန်၏နောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် သူမ၏မျက်နှာလှလှလေးကို ခပ်ပြုံးပြုံးအမူအရာဖြင့် ငေးစိုက်ကြည့်နေသည့် မိုးသောက်ဦးဆိုသည့် ပုဂ္ဂိုလ်ကို သပ်ရပ်၍ စတိုင်လ်ကျခန့်ညားသော သူ့ပုံစံအတိုင်း သက်တောင့်သက်သာ အနေအထားဖြင့် တွေ့လိုက်ရလေသည်။

"ကားပေါ်တက်လေ…တိမ်စင်သာ၊ ကိုယ် မင်းကိုလာကြိုတာပါ"

"ဘယ်သူက ကြိုခိုင်းတာလဲဟင်၊ ဒက်ဒီလား"

"ဒါပေါ့…ကိုယ်ကလည်း တိမ်စင်သာကို သိပ်တွေ့ချင်နေတာဆိုတော့ ဝမ်းသာအားရ လက်ခံလိုက်တာပေါ့ဗျာ"

ကားတံခါးကို သူကိုယ်တိုင်ဖွင့်ပေးနေသဖြင့် သူမ မလိုက်ခင်ဘူးဟု ငြင်းဆန်ရန် မသင့်တော်သည့်အတွက် သူ၏ဂုဏ်သိက္ခာကို ငဲ့ညှာရသလို သူမကို ဝိုင်းကြည့်အကဲခတ်နေသူများရှေ့ ကားပေါ်သို့ လှမ်းတက်လိုက်ရပါသည်။

"တိမ်စင်သာရဲ့ကား ပြန်မကောင်းမချင်း ကြိုပို့တာကိုယ်ယူပါရစေလို့ အန်ကယ့်ဆီမှာ ကိုယ် ခွင့်တောင်းခဲ့ပြီးပြီ၊ အဲဒီအတွက် တိမ်စင်သာ စိတ်အနှောင့်အယှက်မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး…ဒါပေမယ့် တိမ်စင်သာ ကိုယ့်ဘာသာပြန်ပါ့မယ်"

"ဘာလို့လဲ"

"ကိုယ့်ကြောင့် သူတစ်ပါးကို မထိခိုက်စေချင်လို့"

"စိတ်ချပါဗျာ…တိမ်စင်သာကို ကြိုပို့လုပ်ခွင့်ရလို့





ဘာတစ်ခုမှ မထိခိုက်တဲ့အပြင် ပျော်တောင်ပျော်နေဦးမှာပါ"

သူမမှာ ပြောစရာစကားမရှိတော့ဘဲ နှုတ်ဆိတ်နေလိုက်ပါသည်။ သူနဲ့ဘာပြောပြော သူမပဲရှုံးမှာ သေချာပါသည်။

"ကိုယ်တို့ မတွေ့ရတာကြာပြီနော်၊ ဒါပေမယ့် တိမ်စင်သာကို အမြဲသတိရနေပါတယ်"

သူသည် ရှုပ်ထွေးနေသော လူများကို ကွင်းရှောင်ကျော်ဖြတ်မောင်းနှင်ရင်း နူးညံ့အေးဆေးစွာ စကားဆိုလျက်ရှိသည်။ စိတ်လွတ်လက်လွတ် ကြည့်ချင်ရာကြည့်ပြီး ငေးချင်ရာငေးရန် စဉ်းစားစိတ်ကူးထားသော သူမမှာ မိုးသောက်ဦး၏ ကားပေါ်မှာ အတူလိုက်ပါလာရင်း အလွန်စိတ်ကျဉ်းကြပ်လျက်ရှိသည်။

"ကိုယ်တို့ တစ်ခုခုစားရင်း စကားပြောကြရအောင်လား တိမ်စင်သာ"

"ဟင့်အင်း…ကျွန်မမှာ အလုပ်တွေရှိသေးတယ်ရှင့်"

"ဘာအလုပ်တွေလဲ…ကိုယ်သိထားရသလောက်ကတော့ ဒီအချိန်ဟာ တိမ်စင်သာရဲ့ အားလပ်ချိန်ပဲမဟုတ်ဘူးလား"

အလို သူကတောင်ပြန်ပြီး သူမအချိန်တွေကို ပြောပြနေပါရော့လား။ တိမ်စင်သာမှာ သူ့မျက်နှာကို မကျေမချမ်းတွေ့ တွေ့ စောင်းစောင်း ပြန်ကြည့်လိုက်ပြီး စိတ်မှာ ဂျစ်တိုက်ချင်ကို ဒါ ပါသည်။

"အမြဲအားနေမယ်လို့ ဘယ်သူမှ အာမခံ တိမ်စင်သာ" အလုပ်ဆိုတာ တစ်ခုမဟုတ်တစ်ခု ရှိနေ

www.burmeseclassic.com



"ဟုတ်ပါပြီဗျာ…ဒါဆိုလည်း များပြားရှုပ်ထွေးလှတဲ့ အလုပ်တွေကို ခဏထားပြီး ကိုယ်နဲ့အတူ တစ်ခုခုလိုက်စားပါလို့ လေးစားစွာ ဖိတ်ခေါ်ပါတယ်ဆိုရင် လက်ခံပေးမယ်မဟုတ်လား"

ဒီတစ်ခါတော့ ဟင့်အင်းဟု သူမဘက်က ငြင်းခွင့်မရလိုက်ပါ။ သူ့ကားလေးက အေးချမ်းတိတ်ဆိတ်၍ သစ်ရိပ်ဝါးရိပ်များရှိနေသော စားသောက်ဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်ပြီးနေ၍ ဖြစ်ပါသည်။

သူ၏ဦးဆောင်မှုဖြင့် တိမ်စင်သာမှာ သူ့နောက်က လိုက်ပါလာခဲ့ရပြီးနောက် စားပွဲတစ်လုံးတွင် အတူထိုင်မိကြသောအခါ သူက သူမနှင့် မျက်နှာချင်းဆိုင်နေရာကို ရွေးချယ်လိုက်ခြင်းဖြင့် သူမမျက်နှာကို တစိမ့်စိမ့် ကြည့်ခွင့်ရအောင် ဖန်တီးခဲ့လေသည်။

သူ၏မျက်လုံးများက ရွှန်းလဲ့တောက်ပနေသလို သူ၏ နှုတ်ခမ်းအစုံကလည်း သိမ်မွေ့နူးညံ့စွာ ပြုံးနေပါသည်။

"တိမ်စင်သာ ဘာစားမလဲ"

ဟု သူက ချိုသာစွာမေးပါသည်။

"ဟင့်အင်း"

ဟု သူမက ငြင်းဆန်လိုက်လျှင် သူကပဲ ကောင်းနိုးရာများကို ဦးဆောင်မှာကြားပါသည်။

"ကိုယ့်မှာ ဒီရက်ပိုင်းအတွင်း ကုမ္ပဏီလုပ်ငန်းတွေနဲ့ ကော့ တိမ်စင်သာနဲ့တွေ့ဖို့ နည်းနည်းနောက်ကျသွားတယ်

"စိတ်ချမ.





"ကိုယ့်မှာ တိမ်စင်သာကို ပြောစရာစကားရှိနေတယ်၊ အမှန်တော့ ဒါက တော်တော်အချိန်ပေးပြီးမှ ပြောရမယ့်ကိစ္စမှန်း ကိုယ်သိပါတယ်၊ ဒါပေမယ့် ကိုယ်နဲ့ တိမ်စင်သာကြားမှာ နောက်ကျသွားတယ်ဆိုတာမျိုး ကိုယ်က မလိုချင်ဘူးလေ"

"ကိုယ် တိမ်စင်သာကိုလက်ထပ်ပါရစေ၊ လက်ထပ်ခွင့်ပြုပါလို့လည်း တောင်းဆိုပါတယ်"

ရုတ်တရက် သူမမှာ အသက်ရှူမှားသွားရပါသည်။

အယောင်ယောင်အမှားမှားဖြင့် သူမပါးစပ်ကို လက်ဖဝါးလေးများဖြင့် ဖိအုပ်လိုက်ပြီး တစ်စုံတစ်ရာ အသံထွက်မသွားအောင် ကြိုးစားလိုက်ရသလို သူ့မျက်နှာကို အံ့သြသင့်သော မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် မော့ကြည့်မိလျက်သား ဖြစ်သွားသည်။

ဘုရား…ဘုရား…။

သူမ နားကြားမှားတာတော့ မဖြစ်နိုင်ပါဘူးနော်။ သူကိုယ်တိုင် နှုတ်က ဖွင့်ပြောလိုက်တဲ့ စကားအစစ်အမှန်ကို သူမ သေချာကြားလိုက်ရတာပါ။

ဘုရားရှူးရပါစေရဲ့။

သူမ တစ်သက်နှင့်တစ်ကိုယ် နှစ်ကြိမ်နှစ်ခါထက် ပိုမတွေ့ဘူးတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လက်ထပ်ခွင့်ပန်စကားကို ဒါပထမဆုံး ကြားရခြင်းပါပဲ။

"ကိုယ့်ကို တစ်ခုခုပြန်ပြောပါဦး တိမ်စင်သာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို…ကျွန်မက ဘာကိုဘယ်လိုပြောရမလဲ"

သူမစကားများမှာ မညီမညာ ထစ်ငေါ့လျက် လည်ချောင်းဝမှာ တစ်စို့နေလေသည်။ သူသည် ဂုဏ်သရေရှိ ယောကျ်ားကောင်းတစ်ယောက် ဖြစ်ရုံသာမက ဒက်ဒီကိုယ်တိုင်က သူမနှင့်သူ့ကို လူကြီးချင်းသဘောတူထားပါကြောင်း အတိအလင်း ဖွင့်ဟပြောထားနှင့်ပြီးဖြစ်ရာ သူမအနေဖြင့် ဘာကိုဘယ်လို ငြင်းဆန်ရမှန်း မသိတော့ချေ။

"ကိုယ့်ကို အဖြေပေးဖို့လေ၊ ချက်ချင်းဖြေရမယ်လို့ မဆိုလိုပါဘူး၊ကိုယ့်ဘက်က သဘောထားကို သိရပြီဆိုတော့ တိမ်စင်သာဘက်က စဉ်းစားပေးဖို့ပါ၊ ပြီးတော့ ကိုယ့်မှာ တိမ်စင်သာမကြိုက်တဲ့ အချက်တွေ ရှိနေရင်လည်း ကိုယ့်ကို ပြောပြပြီး ပြုပြင်ခိုင်းပေါ့"

"အားလုံး တိမ်စင်သာ စိတ်ကြိုက်မဖြစ်ခဲ့ရင်တောင် အနီးစပ်ဆုံးဖြစ်လာနိုင်တဲ့အထိ ကိုယ့်ဘက်က အစစအရာရာ ပြုပြင်ယူသွားပေးမယ်၊ တိမ်စင်သာ စိတ်ကျေနပ်လာတဲ့အထိပေါ့၊ ဟုတ်ပြီနော်"

"တစ်ခုတော့ တိမ်စင်သာကို ကိုယ် ဝန်ခံစရာရှိတယ်၊ အဲဒါဟာ ဘာဖြစ်မယ်လို့ထင်လဲ"

"ဟင့်အင်း…ကျွန်မ မထင်တတ်ဘူး"

သူမစကားအဆုံးမှာ သူက ခပ်လွန့်လွန့်ပြုံးပါသည်။

ထို့နောက် တိမ်စင်သာမျက်နှာလေးကို ရွှန်းလက်တောက်ပသော မျက်ဝန်းအစုံဖြင့် စူးစိုက်ကြည့်ရင်း…





"တိမ်စင်သာကို အန်ကယ်ရုံးခန်းထဲမှာ ရှိနေတဲ့ ဓါတ်ပုံလေးကို စမြင်ကတည်းက စိတ်ဝင်စားခဲ့ဆိုတာပါ"

သူ့အသံက ညင်သာနူးညံ့ပါသည်။ သူမကို သိပ်ချစ်၊ သိပ်မြတ်နိုးနေသော ချစ်သူတစ်ယောက်၏ အစွမ်းကုန်အလိုလိုက်သော့မည့် လေသံမျိုးဖြစ်သည်။

"တိမ်စင်သာဆီကအဖြေကို ကိုယ်ဘယ်တော့ သိခွင့်ရမလဲ"

"ဟို…အဲဒါက အချိန်ကန့်သတ်လို့မှမရဘဲ၊ ကျွန်မစဉ်းစားဦးမယ်"

"ကိုယ့်ကို စိတ်ကြိုက်လေ့လာဖို့ အချိန်သုံးလပေးမယ်ဟုတ်လား၊ ဒီကြားထဲမှာ တိမ်စင်သာဘက်က တစ်ခုခုတော့ ဆုံးဖြတ်နိုင်ပါလိမ့်မယ်"

"ကျွန်မမသိဘူး"

သူမ ခပ်တိုးတိုးပြောလိုက်ရသော်လည်း မျက်နှာတစ်ခုလုံးကတော့ ထူပူနီရဲကာ အနေရခက်လှပါသည်။ သူက သူမကို စူးစိုက်ကြည့်နေတာကိုသိလျှင် ချွေးတွေပျံကာ မျက်နှာကို ဘယ်လိုထားရမှန်း မသိတော့ချေ။

"မသိဘူးဟုတ်လား"

"အဟွန်း…ဟွန်း…ဟွန်း"

"တိမ်စင်သာက တကယ့်ကလေးလေးလိုပဲ၊ အခုလိုပုံးလေး ဖြစ်နေတာကိုက ကို့စိတ်တွေကို ပိုပြီးလှုပ်ရှားလာအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးနေသလိုပဲသိလား''

ဟင့်အင်း…သူမ ဘာတစ်ခုမှ မသိချင်ပါ။

နေရာကသာ ထွက်ပြေးချင်နေမိပါသည်။ သူကတော့ သူမအတွက် ရဲတင်းဝံ့စားလွန်းတာတော့ အမှန်ပင်။ သေချာတာ တစ်ခုကတော့ သူမဘဝတွင် တစ်ခါမှ မခံစားဘူးသော ခံစားချက် တစ်မျိုးဖြင့် ရင်ခုန်နေခြင်းဖြစ်သည်။

ရင်ခုန်နေတာ အချစ်ပဲဆိုရင်တော့ သူမအချစ်ဆိုတာကို ရှာတွေ့ပြီထင်ပါရဲ့။

အို…အဲဒီလိုလည်း မဟုတ်သေးပါဘူး။

ရင်ခုန်တိုင်း၊ စိတ်လှုပ်ရှားတိုင်း အချစ်ဆိုရင် ခက်ပဲခက် ရချည်ရဲ့ကွယ်။ ဘဝမှာ တစ်ခါမှမကြုံဘူးတဲ့ အဖြစ်မို့ စိတ်လှုပ်ရှား မိတာမျိုးပဲနေမှာပါ။

ပူနွေးမွှေးကြိုင်သော အစားအသောက်များ ရောက်လာ သောအခါ သူက သူမကို အထူးဂရုစိုက်လုပ်ကိုင်ပေးနေပုံမှာ ဒက်ဒီ နှင့်ပင် ဆင်ဆင်တူသော ကြင်နာနွေးထွေးမှုမျိုး ဖြစ်လေသည်။

သို့သော် သူနှင့်တွေ့လျှင် ဖြစ်နေကျ ထုံးစံအတိုင်း သူမ အတွက် မည်သည့်ဟင်းလျာမှ အရသာမရှိတော့သလို ဘာတစ်ခု မှ ကောင်းစွာစားမဝင်နိုင်ခဲ့ချေ။

''ကိုယ်ပေးထားတဲ့ အချိန်သုံးလပြည့်ရင် တိမ်စင်သာ ကို့ကို အဖြေပေးဖို့ သတိပေးမယ် ဟုတ်လား''

သူမ ခေါင်းလည်းမညိတ်မိသလို ခေါင်းလည်းမခါမိပါ။





သူနှင့်တွေ့တိုင်း သူမ စိတ်လှုပ်ရှားရသည်ကိုတော့ ဘယ်လိုမှ မငြင်းကွယ်နိုင်ပါ။ ထိုနေ့ညက သူမ ဘယ်လိုပုံစံနှင့် အိမ်ကိုပြန် ရောက်လာခဲ့သည်ကို ကောင်းစွာမမှတ်မိတော့ချေ။

+++



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

''မနေ့ညနေက နှင်နဲ့အတူ စားသောက်ဆိုင်မှာ ရှိနေတာ ဘယ်သူလဲ''

မျှော်လင့်မထားသည့် မေးခွန်းကြောင့် သူမနှင့် မိုးသောက်ဦး အတူရှိနေသည့်အဖြစ်ကို ညီညီ တွေ့သွားပြီဖြစ်ကြောင်း သူမ ကောင်းစွာသဘောပေါက် နားလည်လိုက်ပါသည်။

ထိုအတွက် ညီညီကို သူမအနေဖြင့် ဘာတစ်ခုမှ ဖုံးကွယ် လျှို့ဝှက်ထားစရာလည်း မရှိပါ။

''သူက…မိုးသောက်ဦးတဲ့''

နှင်နဲ့အဆက်မဖြတ်ချင် ဒက်ဒီက ငါ့ကို သူနဲ့ပေးစားတော့ မှာဆိုသည့် စကားကိုတော့ စိတ်ထဲကပဲ ပြောလိုက်ပါသည်။

''မိုးသောက်ဦးတဲ့လား၊ သူက ဘယ်သူလဲ၊ နှင့်နှုတ်များ က သူစိမ်းယောက်ျားရဲ့ နာမည်ကို ကြားရတာ ငါ့ဘဝမှာ ဒါ





ပထမဦးဆုံးပဲထင်တယ်''

''သူက ငါ့ဒက်ဒီရဲ့ မိတ်ဆွေသားပေါ့၊ ညစ်ခံပွဲတစ်ခု မှာ ဒက်ဒီနဲ့အတူသွားရင်း မိတ်ဆက်ပေးလို့ သိခဲ့ရတာလေ''

အတွန့်ချိုးသွားသည့် မျက်ခုံးထူထူများမှာ အလိုမကျခြင်း ကို အထင်းသားတွေ့ရသည်။ မြွေမြွေခြင်းခြေမြင်တယ်ဆိုတာ ဒါမျိုး များလား။

''ငါတော့ နှင့်ကို တစ်နေ့တခြား စိတ်မချနိုင်တော့ဘူး တိမ်စင်သာ''

''ငါက ဘာလုပ်နေလို့လဲ''

''နှင်က ဘာမှမလုပ်ပေမယ့် ဖြစ်တဲ့လူက ဖြစ်နေပြီ မဟုတ်လား၊ သေချာတယ်၊ အဲဒီကောင် နှင့်ကို တစ်နေ့ ပရိုပို့စ် လုပ်လာလိမ့်မယ်''

''နှင်ထင်တာ နောက်ကျသွားပြီ ညီညီရေ၊ မနေ့ကပဲ သူက ငါ့ကို လက်ထပ်ခွင့်တောင်းလိုက်ပြီ''

''ဟ…သွက်လှချည်လား၊ နှင်နဲ့သူ ဘယ်နှစ်ကြိမ် ဘယ် နှစ်ခါများ တွေ့ဘူးကြသေးလို့တုန်း''

သူမ ပခုံးနှစ်ဖက်ကို ညင်သာစွာ တွန့်ပြလိုက်သည်။

နီရဲခက်ထန်သွားသည့် ညီညီပုံစံက သူမပြောလိုက်သည့် စကားအပေါ်မှာ မကျေမချမ်းနိုင်လှစွာ တင်းမာခက်ထန်သွားတာကို မြင်လိုက်ရသည်။

''မနေ့ကအပါအဝင် ထည့်ပြောရရင် အားလုံး သုံးကြိမ်



www.burmeseclassic.com

www.burmeseclassic.com



တိတိ တွေ့ဖူးတယ်လို့ ဆိုရမှာပေါ့နော်၊ ဒါပေမယ့် သူပြောတာက တော့ ဒက်ဒီရုံးခန်းထဲမှာထားတဲ့ ငါ့ဓာတ်ပုံကို ကြည့်ပြီး သိနေတာ ကြာလှပြီတဲ့''

''အဲဒါနဲ့ပဲ လက်ထပ်ခွင့်တောင်းရရောတဲ့လား''

''သူပြောတဲ့အတိုင်း ပြန်ပြောရရင် နောက်ကျသွားတယ် ဆိုတာမျိုး အဖြစ်မခံနိုင်လို့ပါတဲ့''

''တယ်ဆိုတဲ့ စာပါလား''

မခံချိမခံသာ ရေရွတ်လိုက်သံကို ကြားလိုက်ရသည်။

''နင့်သဘောကရော ဘယ်လိုလဲ''

''ငါစောင့်ကြည့်ဦးမယ်''

''စောင့်ကြည့်ဦးမယ်''

ညီညီက သူမစကား ထပ်တူရွတ်ဆိုကြည့်သည်။

''နင်…သူ့ကိုချစ်ဖို့ စဉ်းစားထားပြီလား''

''အဲလိုမျိုးတော့မဟုတ်ဘူး၊ ဒါပေမယ့် ငါပြောရင် နင် စိတ်မဆိုးရဘူးနော်''

''ပြောပါ''

''သူ့ပုံစံက ငါ့အတွက် နည်းနည်းထူးခြားနေသလားလို့ လေ၊ သူနဲ့တွေ့ရင် ငါ့စိတ်တွေ အရမ်းလှုပ်ရှားနေတယ်''

သူ့ထံမှ ရုတ်တရက် အသံတိတ်သွားသည်။ သူမကိုယ်တိုင်လည်း အမှန်အတိုင်း ဖွင့်ပြောပြီးမှ မှားသွားပြီလားဟု ချက်ချင်း နောင်တရသွားသည်။ တကယ်ဆို ညီညီကို ဒီလိုမပြောလိုက်သင့်





ဘူးထင်ပါရဲ့။

တစ်ခါတလေ ရင်ထဲစိတ်ထဲရှိသလောက် ဖွင့်ဟထုတ်ဖော် ဝန်ခံလိုက်တာဟာ တကယ်ကို မကောင်းပါဘူး။အခုပဲကြည့်လေ။

သူမရဲ့ အမှန်တရားဟာ ညီညီရဲ့ရင်ကို ဘယ်လောက် များ ဆိုးဆိုးရွားရွား ထိခိုက်နာကျင်သွားစေခဲ့သလဲ။

''နင်…ငါ့ကို စိတ်ဆိုးသွားလားဟင်''

''ဟင့်အင်း…နင့်ကို ငါနားလည်တယ်၊ ဒါ နင့်ရဲ့ကိုယ် ပိုင်လွတ်လပ်ခွင့်ပဲ၊ ငါ့အတွက် ဘာမှတွေဝေနေစရာမလိုဘူး၊ ငါလို ချင်တာက နင့်ရဲ့အချစ်စစ်စစ်၊ နင့်ဆီကရလာမယ့် သံယောဇဉ်မဟုတ် ဘူး၊ ရှင်းတယ်နော်''

သူမ ခေါင်းညိတ်လိုက်ပါသည်။

သူမအပေါ်မှာ ဘယ်လောက်ပဲ နားလည်တယ်ဆိုပေမယ့် သူနဲ့အပြိုင် တခြားလူတစ်ယောက် ပေါ်ပေါက်လာတာကိုတော့ သူ့အနေနဲ့ ဘယ်လိုမှ သဘောထားကြီးကြီးနှင့် လက်ပိုက်ကြည့်နေ နိုင်မည် မဟုတ်ပါ။

''အဲဒီအတွက် နင့်ရဲ့ချစ်သူဖြစ်လာမယ့်သူကို နင့်နှလုံးသား က လိုက်လှဲစွာနဲ့ တောင်းဆိုလာတဲ့သူကိုပဲ ရွေးချယ်ပါ၊ ငါ ကျေနပ် တယ်''

''ကျေးဇူးတင်ပါတယ် ညီညီ''

''တစ်ခုတော့ အသိပေးစရာရှိတယ် တိမ်စင်သာ၊ ငါ့ရဲ့ ပြိုင်ဘက်ကို ငါကလည်း ငါ့နည်းငါ့ဟန်နဲ့ ယှဉ်ပြိုင်ခွင့်ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို နင့်ဘက်က နားလည်လက်ခံနိုင်ရမယ်နော်''

''အေးပါ...ငါနားလည်ပါတယ်''

''ကောင်းပြီ...ဒါဆို အခုချိန်ကစပြီး ငါတို့ရဲ့ပြိုင်ပွဲကို စလိုက်ကြစို့''

မမျှော်လင့်ဘဲ ညီညီ နှုတ်ဖျားကထွက်ပေါ်လာသည့် စကားကြောင့် တိမ်စင်သာရင်မှာ ထူးဆန်းအံ့ဩရခြင်းများစွာနှင့် အတူ ထိုပြိုင်ပွဲမှာ သူမကိုယ်တိုင် ဝင်ရောက်ပတ်သက်နေရခြင်း အတွက် စိတ်ထဲမှာ တုန်ရီလှုပ်ရှားလာရပါသည်။

ချစ်ခြင်းမေတ္တာမှာ အနိုင်နဲ့အရှုံး တစ်ခုခု လွှမ်းဆွဲပေးရမယ် ဆိုပေမယ့် ပြိုင်ပွဲရယ်လို့တော့ သူမက မသတ်မှတ်ချင်ပါ။

''အဲဒီလိုကြီး မပြောစမ်းပါနဲ့ဟယ်''

''ဒါဖြင့် ဘယ်လိုပြောရမလဲ တိမ်စင်သာ၊ ကျန်တာကို ပိတ်ကားပေါ်မှာ ဆက်ကြည့်ပါလို့ ပြောရမလား''

''ငါက နင့်ကို သူနဲ့ပြိုင်ဘက်ဖြစ်ဖို့ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ဘူး ညီညီ''

''ဒါက ငါတို့အပိုင်းပေါ့လေ၊ နင်နဲ့ လုံးဝမဆိုင်ပါဘူး''

''ဒါပေမယ့်''

''ရှူး''

''ငါ့ရဲ့ပြိုင်ဘက် ဘယ်လိုလူလဲဆိုတာ ငါစဉ်းစားနေ တယ်''

**''နင်ကလဲဟယ်''**





**''နင်သိပါတယ် တိမ်စင်သာရယ်၊** ငါက ပြိုင်ဆိုင်ရမှာ စိတ်မဝင်စားပေမယ့် အခြေအနေအရ ကြုံလာတော့လည်း ရင်ဆိုင် ရမှာပေါ့ မဟုတ်ဘူးလား''

''အခု သူနဲ့ငါက နင့်ဆီက အချစ်ကိုရဖို့ အပြိုင်အဆိုင် ကြိုးစားကြမယ်၊ အဲဒီအတွက် နင်ဘာမှမစိုးရိမ်စမ်းပါနဲ့၊ ငါ့မှာ နည်းလမ်းတွေ အများကြီးရှိပါတယ်''

''အေး...တစ်ခုတော့ နင်သိထားဖို့က ငါ့လောက် နင့် အပေါ်မှာ နားလည်ခွင့်လွှတ်နိုင်တဲ့သူ ဘယ်သူနဲ့မှမတူတဲ့ အနိုင်း မဲ့ ချစ်ခင်မြတ်နိုးနိုင်မယ့်သူကတော့ ဟောဒီ ကမ္ဘာလောကကြီးမှာ နင့်အတွက် ငါတစ်ယောက်တည်းရှိတယ်ဆိုတာ နင်ယုံကြည်လိုက် စမ်းပါ''

''နင့်ဦးနှောက်ထဲမှာ နင့်နှလုံးသားထဲမှာ အခု ငါပြောနေ တဲ့ စကားတွေကို စွဲနေအောင်မှတ်ထား၊ ဘယ်တော့မှ မမေ့ပစ်လိုက် နဲ့ သိလား''

''အေးပါ...ငါမှတ်ထားပါ့မယ်၊ ဒါပေမယ့် ငါ့ဘက်က လည်း နင်သိထားအောင် တစ်ခုတော့ပြောချင်တယ်''

''ပြော''

''အဲဒါက တခြားမဟုတ်ဘူး၊အခု နင်ပြောသလို ပြောရ ရင် ငါတို့သုံးယောက်ရဲ့ အချစ်ပြိုင်ပွဲလေးစပြီလို့ ဆိုရမှာပေါ့လေ ဟုတ်လား''

**''ဟုတ်တယ်''**



www.burmeseclassic.com

www.burmeseclassic.com



''အေး…အဲဒီပြိုင်ပွဲထဲမှာ ဘယ်သူက ဘယ်သူကို နိုင်မယ်ဆိုတာ မသိနိုင်သေးသလို ငါ့နှလုံးသားက ဘယ်သူ့ကိုမှ တောင်းဆိုလက်မခံနိုင်ခဲ့ရင်လည်း ဒီပြိုင်ပွဲကနေ ငါလည်းထွက်ခွင့်ရှိတယ်''

သူမစကားအဆုံးမှာ သူ အကြာကြီးငြိမ်သွားသည်။

''နင်ဆိုလိုတာက ငါတို့နှစ်ယောက်စလုံးကို နင် စိတ်မဝင်စားဘူးလို့ ပြောချင်တာလား''

''အဲဒီလိုတော့ မဟုတ်ဘူးလေ၊ ဖြစ်လာနိုင်တာကိုပြောတာ၊ ရှေ့အနာဂါတ်ကို ဘယ်သူမှ ကြိုမပြောနိုင်ဘူးမဟုတ်လား၊ နင်တို့နှစ်ယောက်စလုံးက ငါ့အချစ်ကိုရဖို့ အသည်းအသန်ဖြစ်ချင် ဖြစ်နေနိုင်ပေမယ့် ငါ့နှလုံးသားက နင်တို့နှစ်ယောက်စလုံးကို အသည်းအသန်ဖြစ်ချင်မှ ဖြစ်မယ်၊ အဲဒါကိုပြောတာ''

''သဘောပေါက်ပြီ…နားလည်ပြီ''

''ရှေ့ဘာဖြစ်လာနိုင်မယ်ဆိုတာ ဘုရားကလွဲပြီး ဘယ်သူမှ မသိနိုင်ဘူး၊ ဒီတော့ ဘာကြီးပဲဖြစ်ဖြစ်ကွာ ငါတို့ဘက်က အကောင်းဆုံးဖြစ်အောင် ယှဉ်ပြိုင်ကြိုးစားမယ်ဟုတ်လား''

သူမ ကျေနပ်စွာ ခေါင်းညိတ်လိုက်သောအခါ သူမတို့သုံးယောက်ကြားတွင် မျှော်လင့်မထားသော အနေအထားတစ်ခု ဖြစ်ရှိလာခဲ့တော့တာပဲဖြစ်သည်။

-+-+-+-





## အခန်း (၇)

ထို့နောက် သူမမျှော်လင့်မထားသည့် အဖြစ်အပျက်များက သိပ်မကြာခင်မှာ စတင်ပေါ်ပေါက်လာခဲ့သည်။ ထိုနေ့က ညီညီ ဖုန်းဆက်ပြီး သူမကို မိုးပြာစားသောက်ဆိုင်သို့ လာခဲ့ရန် ပြောသဖြင့် သူမတစ်ယောက်တည်း ကားကို ကိုယ်တိုင်မောင်းပြီး ရောက်သွားခဲ့သည်။

''တိမ်စင်သာ…ငါမရောက်သေးရင် ငါ ငါးမိနစ်ထက်ပိုပြီး နောက်မကျစေရဘူး ဟုတ်လား''

ညီညီပြောသည့်အတိုင်း စားသောက်ဆိုင်မှာ သူ့ကားကို တွေ့ရသဖြင့် သူမတစ်ယောက်တည်း ဖြစ်နေစဉ်မှာပင် မမျှော်လင့်သော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုသူက တခြားသူမဟုတ်ပါ။

ညီညီက သူ၏ပြိုင်ဘက်တစ်ယောက်အဖြစ် သတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်း ခံရသော မိုးသောက်ဦးကိုယ်တိုင် ဖြစ်နေခြင်းတည်း။

"တစ်ယောက်တည်းလား တိမ်စင်သာ"

သူက သူမနှင့် မျက်နှာချင်းဆိုင်ရှိရာသို့ မားမတ်ခန့်ထည်စွာ လျှောက်လာရင်း ယဉ်ကျေးသိမ်မွေ့သော အမူအရာဖြင့် သူမ ခပ်ပြုံးပြုံးနှုတ်ဆက်စကား ဆိုလာခြင်းဖြစ်သည်။

"ဟုတ်ကဲ့"

ဟု သူမပြန်ဖြေရင်း ညီညီကို စိတ်ထဲက လှမ်းပြီး အပြစ်တင်နေမိသည်။

အဲဒါ…သူ့ကြောင့် အခုလိုဖြစ်ရတာ။

သူသာ သူမကိုချိန်းပြီး ကြိုတင်ရောက်နေခဲ့မယ်ဆိုရင် အခုလို မိုးသောက်ဦးနှင့် နှစ်ယောက်ထဲ တွေ့ဆုံနေရမည်မဟုတ် ဟု တွေးနေမိပါသည်။

ဆိတ်ငြိမ်အေးချမ်းသော စားသောက်ဆိုင်လေးက အေးမြင့်မြင့်နှင့် ညီညီ သဘောကျစိတ်တိုင်းကျ ရွေးချယ်ထားမှန်း သူမ သိလိုက်ပါသည်။ သို့သော် ညီညီရောက်မလာဘဲနှင့် မျှော်လင့်မထားသည့်လူက ရောက်လာသည့်အတွက် သူမမှာ မျက်နှာ အခက်အခဲတွေ့ရကြောင်းကို ကိုရွှေညီ သိမည်မဟုတ်ပါချေ။

"တိမ်စင်သာ …တစ်ယောက်ယောက်နဲ့များ ချိန်းထား သေးလား"

"ဟုတ်ကဲ့…သူငယ်ချင်းတစ်ယောက်နဲ့ ဒီမှာချိန်းထား ပါတယ်၊ သူမလာသေးလို့ စောင့်နေတာပါ"





"ဒါဆို ကိုယ်နဲ့အတူထိုင်ပြီး သူငယ်ချင်းအလာကို စောင့်လေ၊ ကိုယ့်စားပွဲက ဟိုဘက်မှာဆိုတော့ ဝင်လာတဲ့သူတွေကို အားလုံးမြင်နိုင်တာပေါ့"

"ဟုတ်ကဲ့"

တစ်ယောက်တည်း ကြောင်တောင်တောင်လေး ရပ်နေ၍ မဖြစ်သည့်အတူ မိုးသောက်ဦး ဦးဆောင်ရာကို သူမလိုက်ခဲ့ပါသည်။ နှစ်ယောက်အတူ ထိုင်မိကြသောအခါ သူပြောသလိုပင် သူ့နေရာလေးမှာ အားလုံးကို မြင်တွေ့နိုင်ပါသည်။

ဆိုင်၏အပြင်အဆင်မှာ စိတ်ကူးကောင်းကောင်းဖြင့် လှပ ခမ်းနားစွာ ဖွဲ့စည်းတည်ဆောက်ထားသည်။ ဆိုင်ကလေးမှာလည်း အသစ်စက်စက်ကလေးဖြစ်ပြီး ဖွင့်ထားသည်မှာလည်း ကြာသေး ဟန်မတူပါချေ။

"ကိုယ်က ဒီနေရာလေးကို သဘောကျလို့ လာတာ နှစ်ခေါက်ရှိသွားပြီ၊ နေရာလေးက အေးချမ်းတိတ်ဆိတ်ပြီး သစ်ရိပ် ဝါးရိပ်တွေနဲ့ဆိုတော့ လာတဲ့လူတွေကို ဆွဲဆောင်နိုင်တယ်ပြောရမှာ ပေါ့"

သူမမမေးဘဲ သူ့ဘာသာသူ ရှင်းပြနေသည်။

"တိမ်စင်သာ …ဘာသောက်မလဲဟင်"

"ရေဆိုရင် ရပါပြီ"

သူက တိမ်စင်သာအတွက် သောက်ရေသန့်တစ်ဗူး မှာပြီး ခွက်ထဲကို သူကိုယ်တိုင် ဖောက်ထည့်ပေးနေချိန်မှာ သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



က နာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

သူက ရေထည့်ထားသော ဖန်ခွက်လေးကို သူမရှေ့သို့ တွန်းပို့လိုက်ပြီး…

"တိမ်စင်သာကို တစ်ယောက်ထဲ အခုလိုတွေ့လိုက်ရတော့ ကိုယ့်ရင်ထဲမှာ ဘယ်လောက်ပျော်သွားလဲ သိလား"

သူက တိမ်စင်သာ မျက်လုံးများထဲကို စူးစိုက်ကြည့်ရင်း ခပ်ပြုံးပြုံး မေးလာသည့်အခါ ရုတ်တရက် သူမ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

"ကိုယ်…တိမ်စင်သာဆီကို ဖုန်းဆက်ရမလား"

"ဆက်ချင်ဆက်ပေါ့၊ ဖုန်းဆိုတာ ဆက်ဖို့ထားတာပဲဥစ္စာ"

"ကိုယ်က တိမ်စင်သာ့ဆီက ခွင့်ပြုချက်ကို လိုချင်တာဆိုရင်ရော"

"အဲဒါတော့ ကျွန်မလည်း မပြောတတ်ဘူး"

"ဒါဖြင့် တိမ်စင်သာ ပြောတတ်တာပြောလေ၊ ကိုယ်နားထောင်မယ်"

"ကျွန်မက ဘာကိုပြောရမှာလဲ"

"မသိဘူး…မပြောတတ်ဘူးဆိုတဲ့စကားလွဲရင် ကျွန်တော် အားလုံး ကြိုက်သလိုပြောပေါ့"

"အို…အဲဒါက"

"အဟွန်း…ဟွန်း…ဟွန်း"

သူနှင့်တွေ့တိုင်း သူမပြောနေကျစကားများကို သူက ဖြ





ပြောလိုက်သောအခါ တိမ်စင်သာမှာ ခပ်အမ်းအမ်းလေး ဖြစ်သွားရလျက် သူ့ကို မော့ကြည့်မိသည့်အခါ သူက သူမဦးခေါင်းက ဆံပင်လေးများကို လှမ်းထိတော့မယောင်ယောင် သူ့လက်များကို လေထဲဝှေ့ယမ်းလျက် တိုးသက်ညင်သာစွာ ရယ်မောပါသည်။

ထိုခဏမှာပင် ဆိုင်တွင်းသို့ လှမ်းဝင်လာသော ညီညီကို သူ၏စတိုင်အတိုင်း ခပ်မိုက်မိုက်လှမ်းတွေ့လိုက်သည်နှင့် သူမ နေရာမှထရပ်လျက် လက်လှမ်းပြလိုက်ရာ အတူတူရှိနေသည့် မိုးသောက်ဦးနှုတ်ဖျားမှ မသည်းကွဲသော အသံတိုးတိုးထွက်လာသံကို သူ နားကကြားဖြစ်အောင် ကြားလိုက်ပါသေးသည်။

"ညီညီ"

"တိမ်စင်သာ"

သူမတို့နှစ်ယောက်သည် တစ်ယောက်အမည်ကို တစ်ယောက်ခေါ်လိုက်ကြပြီးနောက် ညီညီက သူမရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် ခပ်သွက်သွက်လျှောက်လာပါသည်။

"ဆောရီး…တိမ်စင်သာ ငါ နည်းနည်းလေး နောက်ကျသွားတယ်၊ ဒါပေမယ့် ငါပြောသလို ငါးမိနစ်ထက် မပိုပါဘူးနော်"

"အေးပါ…ဒီမှာ နင့်ကို ငါ့အသိတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့၊ သူက ကိုမိုးသောက်ဦးတဲ့၊ ခွန်ချမ်းကုမ္ပဏီက ဒါရိုက်တာပါ၊ ကိုမိုးသောက်ဦး သူက ကျွန်မသူငယ်ချင်း ညီညီပါ"

ယောကျ်ားနှစ်ယောက်သည် တွေ့ရတာဝမ်းသာပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာညာနှင့် အပိုစကား တစ်ခွန်းတစ်လေတောင် မဆိုနိုင်ကြဘဲ တစ်ယောက်ကိုတစ်ယောက် ပြိုင်ဘက်တွေကိုကြည့်သလို စူးစူးရဲရဲ စူးစိုက်ကြည့်လိုက်ကြပြီးနောက် ဘာမှမဖြစ်သလိုပုံစံဖြင့် ပထမဦးဆုံး လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးလိုက်သူမှာ မိုးသောက်ဦးကိုယ်တိုင် ဖြစ်လေသည်။

"ကိုယ်…ညီညီကို တိမ်စင်သာနဲ့ ပတ်သက်ပြီး သိခွင့်ရတဲ့အတွက် ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"

မိုးသောက်ဦး၏ စကားကြောင့် သူမ ညီညီမျက်နှာကို အလန့်တကြားလေး မော့ကြည့်လိုက်မိပါသည်။ သူ့စကားရဲ့ အဓိပ္ပာယ်ကြီးက ဘယ်လိုကြီးပါလိမ့်ဟု တွေးနေဆဲမှာပင် ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် ညီညီက တုံ့ပြန်လိုက်သည်မှာ…

"ဖြစ်နိုင်ပါတယ်…ကျွန်တော်တို့ရဲ့ တွေ့ဆုံပတ်သက်မှုဟာ တိမ်စင်သာကြောင့်ပဲ၊ ဒါကြောင့်မို့ ခင်ဗျားကိုလည်း ကျွန်တော်က မေ့ပစ်လိုက်မှာ မဟုတ်ပါဘူး"

"အိုး"

သူမသည် ယောကျ်ားနှစ်ယောက်၏ သရော်မော်ကားစိန်ခေါ်လျက်ရှိနေသော မျက်နှာများကိုကြည့်ပြီး အတော့်ကို စိတ်မသက်မသာ ဖြစ်ရလေသည်။

ကြည့်စမ်းပါဦး…။

သူတို့၏ လက်ဆွဲနှုတ်ဆက်နေကြပုံကပင် သာမန်လက်ဆွဲနှုတ်ဆက်နေကြသည့်ပုံစံမျိုးနှင့် မတူ။ တစ်ယောက်ကို





ယောက် အားပြိုင်နေသည့် သဘောမျိုးနှင့် အင်အားတစ်မျိုးစီ ဖော်ထုတ်နေသလိုမျိုး ဖြစ်နေပါသည်။

တစ်ခုခုကို အမှတ်တရ ရှိစေချင်သလိုမျိုး ဘယ်တော့မှ မေ့စေနိုင်သည့် လက်ဆွဲနှုတ်ဆက်ပုံမျိုးဟု သူမဘာသာ တွေးနေသည်။

"ကိုယ်တို့ တွေ့ဆုံပွဲအမှတ်တရအဖြစ် တစ်ခုခုနဲ့ ညှိခံရစေ"

"ဆောရီးဗျာ…ကိုမိုးသောက်ဦး ခင်ဗျားတောင်းဆိုတာကို ကျွန်တော် လက်မခံနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်၊ ဒီနေ့ ကျွန်တော်နဲ့ တိမ်စင်သာတို့ သူငယ်ချင်းနှစ်ယောက်အတွက် ထူးခြား အမှတ်တရနေ့ဖြစ်နေလို့ပါ"

"တိမ်စင်သာ…ငါပြောတာကို နင်နားလည်ပါတယ် နော်"

ညီညီစကားများကို သူမအားနာလှစွာ မိုးသောက်ဦး၏ မျက်နှာကို ယောင်ရမ်းလှမ်းကြည့်လိုက်လျှင် မိုးသောက်ဦး၏ ဖြူဖွေးသောမျက်နှာသည် ရုတ်တရက် နီရဲသွားတာကို တွေ့လိုက်ရသည်။

တဆိတ်ကလေး …ညီညီရယ်…။

တိမ်စင်သာရှေ့မှာ သူလိုလူတစ်ယောက်ကို နင့်အနေနဲ့ ဒီလိုမျိုးကြီးတော့ မပြောလိုက်သင့်ဘူးထင်တယ်။

ညီညီက အောင်နိုင်သူတစ်ယောက်၏ မျက်နှာလို အဝင့်ကြွား အတောက်ပဆုံး ပြုံးနေနိုင်ပေမယ့် သူမကတော့ ထိုယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကြားမှာ အနေရခက်လှစွာ မျက်နှာမထားတတ်အောင် ဖြစ်ရပါသည်။

"ကောင်းပြီလေ…ကိုယ်တို့ဆုံကြဦးမှာပဲ"

"အိုကေ…ကျွန်တော်တို့ သေချာပေါက် ဆုံကြဦးမှာပါ အခုတော့ ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ သွားကြစို့ တိမ်စင်သာ"

"ခွင့်ပြုပါဦး ကိုမိုးသောက်"

"ကောင်းပါပြီ"

မိုးသောက်ဦးကို နှုတ်ဆက်ပြီး ညီညီနောက်ကို လိုက်ခဲ့ ပေမယ့် သူမစိတ်ထဲကတော့ ညီညီကို ထုရိုက်ပစ်ချင်လာပါသည်။

သူပဲ ဒီဆိုင်လေးကိုလာဖို့ ချိန်းထားခဲ့ပြီး အခုကြတော့ ဒီဆိုင်ကလေးမှာ မထိုင်ဘဲ တခြားတစ်နေရာကို သွားဖို့ပြင်နေသည်။ ဘယ်လောက်များ ဒေါသဖြစ်စရာကောင်းလိုက်ပါသလဲ။

ကားရပ်နားထားရာနေရာသို့ ရောက်သောအခါ ညီညီ မှ အောင်နိုင်သောအသံဖြင့် ခပ်တိုးတိုးရယ်မောလိုက်ပြီး ရယ် နှင့်ပင်…

"မိုးသောက်ဦးဆိုတဲ့ ပုဂ္ဂိုလ်ဟာ ငါ့ရဲ့ပြိုင်ဘက်ကောင်း တစ်ယောက်ပဲ သိလား၊ တိမ်စင်သာ"

ဟု ပြောလိုက်ပါသေးသည်။

"ကဲ…ငါတို့ အခုဘယ်ကိုသွားမှာလဲဆိုတာ အရင်မေး စမ်းပါဦး ညီညီ၊ငါတော့ နင်လုပ်နေပုံတွေကို နားလည်းမလည် ဘူး၊ သဘောလည်းမကျဘူး သိလား"





သူမကတော့ နောက်ကျောမလုံလှစွာ ညီညီကို အပြစ်ဆို ရင်း မိုးသောက်ဦး၏ မျက်လုံးအကြည့်များကို ပြန်လည်သတိရ လျက် စိတ်မှာ ဘာမှန်းမသိ မွန်းကြပ်ကြပ်ကြီး ဖြစ်နေပါသည်။

"နင် ဒီတစ်ခါပဲ ငါ့ကို အပြစ်တင်ဆိုဘူးတာပါလား တိမ်စင်သာရယ်၊ ကေနှ နင်နဲ့ငါ့ကို အထင်လွဲမှာ စိုးရိမ်နေပြီထင် တယ်ဟုတ်လား"

"ဘာမှမဆိုင်ဘူး…ဒီဆိုင်မှာချိန်းပြီး တခြားတစ်နေရာ ကို သွားရမှာကို မကျေနပ်တာ"

"ဒီလိုဆိုရင်တော့ နင့်ကို ငါ အများကြီး တောင်းပန်မှာ ပေါ့ တိမ်စင်သာ၊ နင်စိတ်ကျေနပ်အောင်လုပ်တဲ့နည်းတွေ ငါ့မှာ ရှိတယ် သိလား"

ထိုနေ့က ညီညီနှင့်အတူ နေရာတော်တော်များကို ရောက် ခဲ့ပါသည့်တိုင် မိုးသောက်ဦးတစ်ယောက် ဘယ်လိုပုံစံနှင့်များ ကျန်ရစ်ခဲ့ပါလိမ့်ဟု မကြာခဏ တွေးနေမိသည်။

"တိမ်စင်သာ"

"ဟင်"

"ငါခေါ်နေတာ မကြားရအောင် နင့်အတွေးတွေ ဘယ်ကိုရောက်နေပြီလဲ"

"အင်…မဟုတ်ပါဘူးနော်၊ ငါ အငေးလွန်သွားလို့ပါ"

ညီညီက သူမကို ဘာစကားမှမဆိုအဲ ခပ်ကြာကြာကြည့် နေပါသည်။ တိမ်စင်သာအတွေးတွေ မိုးသောက်ဦးဆီကို ရောက် သွားတာ သူများသိနေလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း…မဖြစ်နိုင်ပါဘူးနော်။

"နင်…သူ့ကို စိတ်ဝင်စားနေပြီလား တိမ်စင်သာ"

"အဲလိုမဟုတ်ပါဘူး"

"အင်းလေ…နင်မဖြေချင်ရင်လည်း မဖြေပါနဲ့၊ ငါက နင့်ရဲ့လွတ်လပ်ခွင့်ကိုတောင် လိုက်ပြီးထိပါးသလို ဖြစ်သွားတယ်"

တိုးတိတ်ညင်သာသော သူ့စကားသံက သူမအပေါ်မှာ သက်ညှာမှုများစွာ ပါဝင်နေတာကို သူမ ကောင်းစွာရိပ်မိပါသည်။

"နင့်ကိုတော့ ဘာပဲဖြစ်ဖြစ် ငါ့ဘက်က အမှန်အတိုင်းပဲ ဝန်ခံချင်ပါတယ် ညီညီ၊ အဲဒီအတွက် ငါ့အပေါ်မှာ နင်ကြိုက်သလို ထင်မြင်ယူဆနိုင်ပါတယ်"

"အဲဒါက ဘာလည်းဆိုတော့ သူ့ရေ့ကို ငါရောက်သွားချိန်တိုင်း ငါ့ကို တစ်စုံတစ်ခုက ညှို့ငင်ထားသလို ခံစားရတာတော့ အမှန်ပဲ"

ညီညီက သူမစကားကို မည်သို့မှ မဝေဖန်ဘဲ နှုတ်ဆိတ် ငြိမ်သက်နေသည့်အခါ တိမ်စင်သာမှာ သူမကိုယ်သူမ ဒေါသလေးများ ဖြစ်ရပြန်ပါသည်။

သိပ်ခက်တဲ့ တိမ်စင်သာပဲ။

ဒါကို…ငါက ဘာဖြစ်လို့များ သူ့ကိုသွားပြောမိရတာပါလိမ့်ဟု သူမကိုယ်သူမ ကြိတ်ပြီး ပြစ်တင်မိပြန်သည်။

မိုးသောက်ဦးက 'တိမ်စင်သာ' ဟု သူမကို ခေါ်ခါအခေါ် ခံရတိုင်း သူမနားထဲမှာ ဆန်းကြယ်ထူးခြားမှုများစွာနဲ့ တုန်ခါသွား ရသည်ကလည်း ဘာခံစားချက်နှင့်မှမတူသည့် အဖြစ်ပါ။



ဖေဖေ ခေါ်တာနှင့်လည်း မတူ။

အန်တီဂရေ့စ် ခေါ်တာနှင့်လည်း မတူ။ ညီညီခေါ်တာ နှင့်လည်း လုံးဝမတူသည့်အဖြစ်။

"အင်းပေါ့လေ…သူက ငါပြီးရင် နင့်အတွက် ဒုတိယ မြောက် လူစိမ်းတစ်ယောက်ပဲ၊ နင့်အတွက် အသစ်အဆန်း ဖြစ်ချင် ဖြစ်နေမှာပေါ့"

"ဘာခေါ်မလဲ…ကစားစရာအသစ်ထပ်ရတဲ့ ကလေး တစ်ယောက်လိုပေါ့၊ အဲဒါပဲ"

ညီညီထံမှ သူမအပေါ် ထင်မြင်ယူဆချက်များကို တစ်ခုခု ပြောမည်ပြုပြီးမှ နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ထားလိုက်ပါသည်။

မိုးသောက်ဦးနှင့် ပတ်သက်ပြီး သူမရဲ့သဘောထားက ညီညီထံသလောက် လွယ်ကူပေါ့လျှန်းမနေခဲ့ကြောင်း သူသိအောင် …ပြမနေချင်တော့ပါ။

မိုးသောက်ဦးနှင့် ပတ်သက်၍ သူမ၏ ခံစားချက်က …အံ့တသြနှင့် ဆန်းကြယ်မှုများ ပြည့်နေကြောင်း ဘယ်တော့မှ …မပြောပြဖို့ ဆုံးဖြတ်လိုက်သည်။

"ဒီနေ့ နင့်ကို ငါ ထူးခြားတဲ့ နှုတ်ဆက်ပွဲလေး လုပ်တာ …အတွက်လို့ ထင်လဲ"

"ထင်တတ်ပါဘူး …နင့်စိတ်ထဲရှိတာ ငါက ဘယ်လို …သိမလဲ"

"မသိရင်လည်း မှတ်ထား၊ ဒီနေ့ နင်နဲ့ငါ သူငယ်ချင်း …ခြင်း နောက်ဆုံးနှုတ်ဆက်တဲ့ပွဲပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ဘယ်လိုလည်းဆိုတော့ နောက်ရက်ကစပြီး ငါက နင့်ကို မိုးသောက်ဦးနဲ့အပြိုင် ချစ်သူတစ်ယောက်လို ပိုးပန်းတော့မှာမို့ပေါ့"

"ဟာ"

"ငါ…တကယ်ပြောတာ၊ ဒီနေ့ဟာ နင်နဲ့ငါ့အတွက် အဖြူရောင် နောက်ဆုံးနေ့ပဲ၊ ကဲ…စား နင့်အကြိုက်တွေချည်းပဲ မှာထားတာ ကုန်အောင်စားရမယ်"

"အံမယ်…ဒီလောက်အများကြီး နင်ပဲကုန်အောင်စား"

သူမပန်းကန်ထဲသို့ စုပုံရောက်ရှိလာသည့် ဟင်းများကို ကြည့်ပြီး တိမ်စင်သာကလည်း အားကျမခံ ညီညီပန်းကန်ထဲကို ရှိသမျှဟင်းတွေ စုပုံထည့်ပေးလိုက်ရာ သူက…

"ငါက နင့်ရဲ့ဘောဘီလေးပေါ့ ဟုတ်လား တိမ်စင်သာ"

ဟု သူမ မခံချင်အောင် စရာ ဟန်မဆောင်တတ်သော သူမ မျက်နှာကလည်း ချက်ချင်းပင် ရှုပုတ်လာပြီး ဆတ်ဆတ်ထိ မခံ ပြန်ပြောနေကျအတိုင်း သူ့ကို ပြန်စွာလိုက်ပါသည်။

"ဟုတ်ပါလိမ့်မယ် အားကြီး"

"ဟုတ်လိုက်ပါ တိမ်စင်သာရယ်၊ ငါ့အတွက်တော့ နင် ငါ့ရဲ့ဘောဘီလေးပဲ၊ ဘာလဲ နင်က ငါ့ရဲ့ဘောဘီဖြစ်ရတာကို သဘော မကျဘူးလား၊ မဖြစ်နိုင်ပါဘူး နင်က ငါလုပ်သမျှကို ကျေနပ် တာပဲဥစ္စာ၊ ဟုတ်တယ်နော် တိမ်စင်သာ"

"သွားစမ်းပါ…ဘယ်တုန်းကမှ သဘောမကျဘူး"

ညစ်ကျယ်ကျယ်လေသံဖြင့် သူမက ပြောလျှင် သူ





အသံထွက်၍ ခပ်ကျယ်ကျယ် အော်ဟစ်ရယ်ရာ သူမလည်း မနေနိုင်တော့ဘဲ ရော၍ အတူလိုက်ပြီးရယ်မိပါသည်။

"သိပ်လွတ်လပ်တာပဲ ညီညီရယ်၊ ငါလေ နင်နဲ့ အခုလို သွားနေရရင် သိပ်ပျော်တာပဲသိလား"

"ဒါဆို နင်တစ်သက်လုံး ပိုပြီးပျော်သွားရအောင် ငါနဲ့ ရာသက်ပန်အတူနေလိုက်၊ နင့်တစ်သက်လုံး ပျော်ဖို့အတွက် ငါ့ တာဝန်ယူမယ်၊ ဘယ်နှယ့်လဲ တိမ်စင်သာ၊ နင် နေရဲ့ပါ့မလား"

"နေတော့နေချင်ပါတယ်၊ ဒါပေမယ့် ငါ့ရဲ့ True Love ကို ပေးချင်မှပေးနိုင်မယ်၊ အဲဒါတော့ တာဝန်မယူနိုင်ဘူး"

ဟု သူမတိုးတိတ်စွာ ပြောလိုက်လျှင် သူက ပခုံးနှစ်ဖက် ကို လှုပ်စွာတွန့်လိုက်လေသည်။

"ငါသဘောကျတာက နင့်ရဲ့ အဲဒီလို ရိုးသားပွင့်လင်း မှုတွေကိုပဲ တိမ်စင်သာ၊ နင့်ရဲ့ရင်ထဲက လှိုက်လှဲတဲ့ ချစ်မေတ္တာ စစ်စစ်ကို ပေးနိုင်မယ့်သူကိုပဲ နင့်စိတ်ကြိုက်ရွေးပါ ဟုတ်လား"

သူက ကျေနပ်စွာ ခွင့်ပြုစကားဆိုပါသည်။

ထိုနေ့ကစပြီး သူမဘဝအတွင်းသို့ သူမ၏အချစ်ကို ရယူ ပိုင်ဆိုင်နိုင်ဖို့အတွက် ထိုယောကျ်ားနှစ်ယောက်သည် ထူးဆန်းလှ သော ပုံစံတစ်မျိုးစီဖြင့် ညင်သာစွာ တိုးဝင်လာခဲ့တာပဲဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

တိတ်ဆိတ်သော ညတစ်ညတွင် ဖုန်းသံက ညင်သာစွာ အော်မြည်လာပါသည်။ စက်ကိုရှေ့ခရီးကို ဒက်ဒီသွားနေသဖြင့် ပထမ တော့ သူမစိတ်ထဲမှာ ဖုန်းခေါ်သူကို ဒက်ဒီဟု အတတ်ထင်လိုက် ပါသည်။

သို့သော် ဖုန်းခွက်ကို ကောက်ယူပြီး ထူးလိုက်သောအခါ သူမထင်ထားသလို ဒက်ဒီမဟုတ်ဘဲ သူမမျှော်လင့်မထားသော မိုးသောက်ဦး၏ဖုန်း ဖြစ်နေသည်။

"ဟဲလို…ဒက်ဒီလား"

"အန်ကယ်လ်မဟုတ်ပါဘူး တိမ်စင်သာ၊ ကိုယ်ပါ"

သူမသည် ရုတ်တရက် နှုတ်ဆွံ့လျက် ဘာပြန်ပြောရမှန်း မသိ ဖြစ်နေစဉ်မှာပင် သူက ဆက်ပြောလာပါသည်။

"တိမ်စင်သာ"





"ရှင်"

"ကိုယ်…တိမ်စင်သာတို့အိမ်ကို လာလည်ချင်တယ်၊ လာခွင့်ပြုပါ"

"အို…ဘယ်ဖြစ်မလဲရှင့်"

သူမ အကြောက်အကန် ငြင်းလိုက်ပါသည်။

ဘယ်နှယ့် ညကြီးအချိန်မတော် သူစိမ်းယောကျ်ားပျို တစ်ယောက်က သူလက်ထပ်ခွင့်တောင်း ချစ်ရေးဆိုထားသည့် မိန်းမပျိုလေးအိမ်ကို လာလည်ချင်ရတယ်ရယ်လို့ပဲ။သူမ တစ်သက် မကြားဘူးပါချေ။

ဘယ်သူမှလည်း သူများအိမ်ကို ညကြီးအချိန်မတော် လာလည်ခွင့် တောင်းရဲကြမည် မထင်ပါ။

သူကမူ တကယ့်ကို ထူးထူးဆန်းဆန်း ဘာတွေလျှောက် လုပ်နေသည်မသိပါ။

"ဘာဖြစ်လို့လဲ တိမ်စင်သာ၊ တခြားသူတွေကြတော့ တိမ်စင်သာ အိမ်ကိုလာခွင့်ပြုနေတာပဲမဟုတ်လား"

"ရှင်နော်…ကျွန်မကို ဘယ်လိုမိန်းကလေးထင်လို့ ဒီလို စကားတွေ လာပြောနေရတာလဲ၊ ကျွန်မတစ်သက် ဘယ်သူစိမ်း ယောကျ်ားကိုမှ ညကြီးအချိန်မတော် အိမ်လည်လာဖို့ မခေါ်ဖူးဘူး ရှင့် သိရဲ့လား"

"ပြီးတော့လည်း ဘယ်လိုယောကျ်ားလေးကမှ အခုလို ညကြီးအချိန်မတော် ကျွန်မဆီကို လာလည်ပါရစေလို့ မပြောဖူးဘူး

www.burmeseclassic.com



ရှင့်''

''ဟောဗျာ...တိမ်စင်သာ မှားနေပြီဗျာ''

''မမှားဘူးရှင့်၊ ဘာတစ်ခုမှ မမှားဘူး''

''အဟွန်း...ဟွန်း...ဟွန်း''

မိုးသောက်ဦးမှာ တိမ်စင်သာထံမှ ခေါသဖြင့် ခံပြင်းစိတ်ဆိုးစွာ တုံ့ပြန်ရန်စွာသံလေးကို နားထောင်ပြီး သူ့စကားကို သူမအဓိပ္ပာယ်ကောက် လွဲမှားနေသည့်အဖြစ်ကို နှစ်ခြိုက်မြတ်နိုးစွာ တသိမ့်သိမ့်ရယ်မောမဆုံး ရှိနေပါသည်။

ဖြစ်မှဖြစ်ရလေ တိမ်စင်သာလေးရယ်။ သူက သူမအိမ်ကို လာလည်ပါရစေဆိုတာ အခုလို ညကြီးအချိန် အားလပ်နေသည့်အခါများကို ဆိုလိုခြင်းဖြစ်ပါသော်လည်း သူမက ထိုသို့နားမလည်ဘဲ သူ့ကို အခုချက်ချင်း ညကြီးအချိန်မတော် သူမဆီကို လာလည်ခွင့်တောင်းသည်ဟု ထင်ပြီး ဒေါပွနေကြောင်း ကောင်းစွာသဘောပေါက်လိုက်ရပါသည်။

''ကျွန်မ ပြောတဲ့စကားက ရယ်စရာဖြစ်နေလို့လား ကိုမိုးသောက်ဦး''

''အင်း...ဖြစ်နေတယ်''

''ဘာ''

''အဟွန်း...ဟွန်း ဒေါသတွေ စွတ်ကြီးမနေနဲ့ဦးလေ ကိုယ် တိမ်စင်သာတို့အိမ်ကို လာလည်ချင်တယ်ဆိုတာ အခုချက်ချင်း ညကြီးအချိန်မတော်ကို ပြောတာမဟုတ်ဘူးခင်ဗျာ၊နေ့လယ်





နေ့ခင်း အိမ်မှာ တိမ်စင်သာရှိနေတဲ့အချိန်ကို လာလည်ပါရစေလို့ ခွင့်တောင်းတာပါ''

''စောစောထဲက အဲဒီလိုရှင်းရှင်းလင်းလင်း ပြောပါလား''

အားတုံ့အားနာ ဖြစ်သွားဟန် သူမစကားသံလေးကို နားထောင်ပြီး သူပြုံးလိုက်သည်။

''အခုပြောနေပြီလေ...တိမ်စင်သာ ခွင့်ပြုမယ်ဆိုရင် ကိုယ် တိမ်စင်သာဆီကို လာလည်ပါရစေ''

''ကျွန်မခွင့်ပြုပါတယ်...လာလည်ပါ၊ ဘယ်အချိန်လာချင်တာလဲ''

''တိမ်စင်သာရှိနေတဲ့ အချိန်ပေါ့ဗျာ''

''မနက်ဖြန် နေ့လယ်လောက်ဆိုဖြစ်မလား ကိုမိုးသောက်ကို ထမင်းဖိတ်ကျွေးချင်လို့ပါ''

''ကိုယ့်ကို ကိုဦးလို့ တစ်ခါမှမခေါ်သေးဘူးနော်၊ ဘယ်တော့လောက် ခေါ်မယ်စိတ်ကူးထားလဲ''

ရုတ်တရက် သူမ နှုတ်ဆိတ်သွားသည်။

မိုးသောက်ဦးနှင့် ပတ်သက်ပြီး သူမ စိတ်တွေ လှုပ်ရှားမိရသည်ကလည်း အမှန်ပင်။

''တိမ်စင်သာ''

သူ၏ခေါ်သံက နူးညံ့နေပါသည်။

သူမ မထူးမိပါ။

''ကိုယ် တိမ်စင်သာကို ဖြစ်နိုင်မယ်ဆိုရင် အမြဲဆုံး



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ချင်တယ်၊ ပိုင်ဆိုင်ချင်တယ်''

''တိမ်စင်သာဘက်က ကိုယ့်အပေါ်ထားတဲ့ သဘောထား ကို သိပါရစေကွယ်''

''ကျွန်မ စဉ်းစားနေပါတယ် ကိုမိုးသောက်''

''ကိုယ်ဟာ တိမ်စင်သာအတွက် အဲဒီလောက်တောင် အချိန်ယူစဉ်းစားရမယ့် အနေအထား ဖြစ်နေလို့လား''

''အဲဒီလိုလဲမဟုတ်ပါဘူး၊ ဒါပေမယ့်''

သူ့ထံမှ သက်ပြင်းချသံကို သူမကြားလိုက်ရသည်။

''ကိုယ်နားလည်ပါတယ် တိမ်စင်သာ၊ တိမ်စင်သာရဲ့ ကိုယ်တစ်ယောက်တည်းမဟုတ်ဘူးဆိုတာ မေ့သွားတယ်''

''ကိုယ်နဲ့တိမ်စင်သာကို လူကြီးချင်း သဘောတူထား ကြမှန်ပါတယ်၊ ဒါကို တိမ်စင်သာလည်း သိပြီးသားဖြစ်နေမှာပါ''

သူမ မည်သည့်စကားမှပြန်မပြောဘဲ ငြိမ်နေလိုက်မိ သည်။ လူကြီးချင်း သဘောတူထားရုံနှင့် တိမ်စင်သာက သူနှင့် မျက်စိမှိတ်လက်ထပ်လိုက်မည့် မိန်းကလေးမျိုးမှ မဟုတ်ပဲကွယ်

''ကိုယ်က လူကြီးတွေ လက်ခံသဘောတူကြရုံတင် ထဲနဲ့ အခုကိစ္စကို ခေါင်းညိတ်လက်ခံခဲ့တာမဟုတ်ပါဘူး၊ ကိုယ့် ကိုယ်တိုင်ကိုက အခုကိစ္စမှာ လူကြီးတွေဆန္ဒထက် ကိုယ့်ဆန္ဒ ထိပ်ဆုံးမှာ ပါဝင်နေတာမျိုးပါ၊ ဒီလောက်ဆို တိမ်စင်သာ နားလည် မှာပါနော်''

ဟင့်အင်း…ကျွန်မ နားမလည်ပါဘူးလို့ ပြန်ပြောလိုက်





သော်လည်း အပြင်မှာတော့ နှုတ်ခမ်းကို တင်းတင်းစေ့ထားမိပါ သည်။

ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းမှ မပါဝင်စေရဘဲ သူက သူမကို လက်ထပ်ခွင့်တောင်းနေပုံက ထူးခြားဆန်းကြယ်လှချည် ရဲ့။

သူ့အတွက် အချစ်ဆိုတာ အမှန်တကယ် မလိုအပ်တဲ့ အရာလား။

သူမအတွက်ကရော…။

သူစိမ်းနှစ်ယောက် တစ်မိုးအောက်ထဲမှာ ရာသက်ပန် ထာဝရ အတူလက်တွဲ မခွဲတမ်းရှိနေဖို့ဆိုတာ ချစ်ခြင်းမေတ္တာမပါ ဝင်ဘဲ ဖြစ်ပါ့မလား။

သင့်တော်တယ်ထင်ရုံနဲ့ ဇွတ်မိုတ်လက်ထပ်ဖို့ဆိုတာက တော့ သိပ်ပြီး စွန့်စားလွန်းရာ ရောက်ပါသည်။

''တိမ်စင်သာ ဒက်ဒီက ညီညီနဲ့ တိမ်စင်သာတို့ အခုလို အတူတူရှိနေတာကို လုံးဝမကြိုက်ဘူးလို့ ကိုယ်သိထားတယ်၊ အဲဒါ ဟုတ်သလား တိမ်စင်သာ''

''ကျွန်မ မငြင်းပါဘူး''

သူမ ဝန်ခံလိုက်ပါသည်။

အမှန်တရားအတွက် သူမတွင် ငြင်းကွယ်ရန် အကြောင်း မရှိပါ။

''ကိုယ် အကဲခတ်မိသလောက်တော့ ညီညီဟာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်မဆိုးပါဘူး''

''ကျွန်မလည်း အဲဒီလိုပဲ ယူဆထားပါတယ်''

''အင်း...ဒါပေမယ့် အခုလောလောဆယ် အနေအထား မှာ သူဟာ ကိုယ့်ရဲ့ပြိုင်ဘက်တစ်ယောက်ပဲလေ တိမ်စင်သာ''

''အဲဒါက ရှင်တို့နှစ်ယောက်ကိစ္စပဲလေ၊ ကျွန်မက ဘာ လုပ်ပေးရမှာလဲ''

သူမ ကျွဲမြီးတိုစွာ ပြောလိုက်သည်။

သူကသူမ၏ မာဆတ်ဆတ်စကားသံအဆုံးမှာ တစ်ချက် ရယ်မောပါသည်။

''တိမ်စင်သာ ကိုယ့်ကို စိတ်ဆိုးသွားတာလား အလကားစတာပါဗျာ၊ ကိုယ်တို့ကိစ္စကို ကိုယ်တို့ဘာသာ ဖြေရှင်း ပါတယ်၊ တိမ်စင်သာ ဘာမှလုပ်ပေးစရာ မလိုပါဘူး၊ အချိန် တော့ ပွဲက သူ့ဘာသာပြီးသွားမှာပါ''

ထိုစကား၏နောက်ကွယ်တွင် အဓိပ္ပာယ်များစွာ ပါ လျက် ရှိနေတာကို သူမ ကောင်းစွာရိပ်မိလိုက်ပါသည်။

''ရှင်တို့ လျှောက်မလုပ်နဲ့နော်၊ ကျွန်မကြောင့် ရှင်တို့ ဘာတစ်ခုမှ ဖြစ်တာမျိုး ခွင့်မပြုနိုင်ဘူး''

ဟု သူမက မိုက်မဲစွာ တားမြစ်ခဲ့လေသည်။

''စိတ်ချပါ...ကိုယ်တို့က ဂုဏ်သရေရှိတဲ့ လူကြီး ကောင်းတွေပဲ၊ ကိုယ့်ကိုယ်ကို ထိခိုက်နာကျင်အောင် လုပ်မဲ့သူ မဟုတ်ပါဘူး''





သူက အေးဆေးစွာ သက်တောင့်သက်သာ အဖြေပေး သွင် အစိုးရိမ်လွန်သွားသည့် သူမအဖြစ်အတွက် အတော့်ကို အနေရ ခက်သွားသည်။

တော်ပါသေးရဲ့။

သူနဲ့မျက်နှာချင်းဆိုင် အနေအထားမဟုတ်ပေလို့။

''တစ်ခုတော့ ကျွန်မ ကြိုတင်အသိပေးစရာရှိတယ်၊ နက်ဖြန် ရှင်လာခဲ့မယ်ဆိုရင် ညီညီနဲ့ ရှင်တွေ့မှာပဲ၊ ဘာဖြစ်လို့ လဲဆိုတော့ မနက်ဖြန် ညီညီကို ရှင့်လိုပဲ ကျွန်မအိမ်မှာ ထမင်းစား ဖိတ်ထားလို့ပါ''

''အဲဒီအတွက် ကိုယ့်မှာ ဘာပြဿနာမှ မရှိပါဘူး တိမ်စင်သာ၊ တစ်ခုပဲ မင်းဒက်ဒီက လုံးဝသဘောမကျတဲ့ လူ တစ်ယောက်ကို မင်းဒက်ဒီမရှိတဲ့အချိန်မှာ အိမ်ပေါ်ခေါ်တင်ရဲတဲ့ အထိ အရွဲ့တိုက်ဖို့မကောင်းဘူးထင်တယ်''

''အထူးသဖြင့် မင်းကိုအပြိုင် ပိုးပန်းနေတဲ့ ယောကျာ်း နှစ်ယောက်ကို တစ်နေရာထဲ တစ်ပြိုင်ထဲမှာ အတူဆုံတွေ့ပေးတာ မျိုး အဲဒီအဖြစ်အပျက်ဆိုတာ မဖြစ်သင့်ဘူးလို့ မင်းမထင်ဘူးလား''

''ဒါ...ကျွန်မရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ပါ၊ ကျွန်မရဲ့ လွတ်လပ်ခွင့်ကို ရှင့်ဖက်က ဘာအကြောင်းနဲ့မှ ဝင်ရောက်စွက်ဖက် ခွင့် မရှိဘူးဆိုတာ ရှင်သိသင့်တယ်လို့ ကျွန်မထင်တယ်''

သူမ မျက်လုံးများသည် မာနဖြင့် ရူးရူးတောက်ပြောင် လာခဲ့သလို သူမနှုတ်ခမ်းလွှာအစုံမှာလည်း မခံချင်စိတ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းစေ့ပိတ်သွားပါသည်။

"လက်မခံတာက မင်းအပိုင်းပဲ တိမ်စင်သာ၊ ကိုယ်ပြောသင့်တယ်ထင်လို့ ပြောလိုက်တာပဲ"

"ကျွန်မလည်း ကျွန်မမှန်တယ်ထင်ရင် ဆက်လုပ်မှာပဲ"

"ခေါင်းမာတယ်၊ တစွတ်ထိုးဆန်တယ်ဆိုတာ နေရာတိုင်း မကောင်းဘူး တိမ်စင်သာ"

သူ့ထံမှ မှတ်ချက်ချသံကို သူမ နည်းနည်းမှ ဂရုမစိုက်မိ။

"ရှင်ထင်လို့ပါ၊ အဲဒါ ကျွန်မရဲ့ကိုယ်ပိုင်အယူအဆပဲ"

"မင်း နားလည်ထားရမှာ တစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ မင်းမှန်တယ်ထင်တဲ့ အယူအဆတိုင်းဟာ နေရာတိုင်းမှာ မမှန်နိုင်ဘူးဆိုတာပဲ တိမ်စင်သာ"

"အဲဒီအတွက် ကျွန်မ ဘယ်တော့မှ နောင်တရလိမ့်မယ် မထင်နဲ့"

သူမ ဖွတ်တိုးပြောပစ်လိုက်သည်။

သူမနှင့် မိုးသောက်ဦးဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်များ ရင်းနှီးဘူးခဲ့ကြလို့လဲ။ ညီညီကတောင် သူမကို မပြောဘူးတဲ့စကားတွေ သူက ဆရာကြီးလုပ်ပြီး လာပြောနေတာကိုက မုန်းချင်စရာ အမြင်ကပ်ချင်စရာ မဟုတ်လား။

"ကောင်းပြီလေ…မနက်ဖြန်ဆယ်နာရီ ကိုယ်လာခဲ့မယ်"

"ဗွတ်နိုက် တိမ်စင်သာ"

"ဗွတ်နိုက်"





သူမ ဆောင့်ဆောင့်အောင့်အောင့်နှင့်ပင် ဖုန်းချလိုက်ပါသည်။ မိုးသောက်ဦးဆိုသည့်လူနှင့် ဖုန်းပြောပြီး သူမရင်ထဲမှာ ဘာကိုမှန်းမသိ မကျေမနပ် မွန်းကျပ်ကျပ်ကြီး ဖြစ်နေဆဲမှာပင် ဝမ်းသံက ထပ်မြည်လာပြန်ပါသည်။

"ဟဲလို"

"ငါပါ တိမ်စင်သာ၊ ငါဖုန်းခေါ်နေတာ ကြာလှပြီ၊ နင် ဘယ်သူနဲ့ စကားပြောနေတာလဲ၊ နင့်ဒက်ဒီနဲ့လား"

သူမထင်သလို မိုးသောက်ဦး၏ ဖုန်းမဟုတ်ဘဲ ညီညီ ဖုန်းဖြစ်နေသဖြင့် အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

"မဟုတ်ပါဘူး"

"ဒါဖြင့် မိုးသောက်ဦးနဲ့ပေါ့"

"နင်ဘယ်လိုသိလဲ"

"ဒီလိုပဲပေါ့၊ သူဟာ ငါ့ရဲ့ပြိုင်ဘက်မဟုတ်လား"

သူ့ထံမှ အေးစက်စွာ တုံ့ပြန်သံကို ကြားရသည်။

"အေး…နင့်ရဲ့ပြိုင်ဘက်ကို မနက်ဖြန်မှာ နင်နဲ့အတူတူ မျက်နှာချင်းဆိုင် ထမင်းစားဖို့ ဖိတ်ထားတယ်ဆိုရင် နင် ငါ့ကို ဘာပြောမလဲ ညီညီ"

"ဘာမှမပြောဘူး"

"ဟင်"

"သိပ်ကောင်းတယ်လို့ပဲ ပြောမယ်"

"အိုး"



www.burmeseclassic.com

www.burmeseclassic.com



ညီညီထံမှ မိုးသောက်ဦးနှင့် ဆန့်ကျင်ဘက်စကားကို ကြားလိုက်ရခြင်းက သူမကို ထူးခြားအံ့သြစေပါသည်။

"အဲဒီလိုမျိုး မဖြစ်သင့်ဘူးလို့ နင် ငါ့ကို အပြစ်မတင်တော့ဘူးလား"

"ဘာကိုအပြစ်တင်ရမှာလဲ တိမ်စင်သာ၊ မိန်းမတစ်ယောက်ထဲကို အပြိုင်ကြိုက်မိတဲ့ ယောက်ျားနှစ်ယောက်အတွင်း ဒါဟာ အဖြစ်သင့်ဆုံးကိစ္စပဲ"

"နိုင်ငံခြားမှာဆို သေနတ်ချင်းတောင် ချိန်းပစ်ကြသေးတာ၊ အခု ငါတို့က မျက်နှာချင်းဆိုင် ထမင်းစားကြရုံပဲလေ၊ ဘာပြဿနာမှ မရှိနိုင်ပါဘူး၊ နင် မစိုးရိမ်စမ်းပါနဲ့"

သူကတော့ သူမကိုပြန်ပြီး နှစ်သိမ့်အားပေးစကား ဆိုလိုက်ခြင်းကြောင့် တိမ်စင်သာမှာ သူမတွင် အပြစ်ကြီးတစ်ခု ကျူးလွန်မိသူတစ်ယောက်လို ဖြစ်နေရာမှ ဖြေသိမ့်လာနိုင်ပါသည်။

"ငါက သူနဲ့နင့်ကို တမင်ဆုံကြဖို့ ချိန်းပေးတာမဟုတ်ဘူးနော် ညီညီ၊ နင့်ကို ငါ အရင်ဖိတ်ထားပြီးမှ ခုနကပဲ သူက ငါ့ဆီကိုလာပါရစေဆိုတာနဲ့ လွှတ်ခနဲ ငါကလည်း ပြောမိပြီးသားဖြစ်သွားလို့ပါ"

အဖြစ်မှန်အတိုင်း ညီညီကို ဖြောင့်ချက်ပေးနေမိသလို တစ်ပြိုင်နက်ထဲမှာပင် သူတို့နှစ်ယောက်ကို သူမအိမ်မှာ လက်ခံတွေ့ဆုံခြင်းမပြုဘဲ စားသောက်ဆိုင်တစ်ဆိုင်မှာ သီးသန့်တွေ့ဆုံရန် ဆုံးဖြတ်လိုက်ပါသည်။





"ငါနားလည်တယ် တိမ်စင်သာ၊ နင်နဲ့ငါ့ကြားမှာ ထုတ်ဖော်ပြစရာမလိုတဲ့ နားလည်မှုတွေ ရှိနေတယ်ဆိုတာ နင် မေ့မပစ်စမ်းပါနဲ့"

သူနှင့်သူမသည် တခြားရောက်တတ်ရာရာ အကြောင်းအရာများကို အချိန်အတော်ကြာ ပြောပြီး ဖုန်းချလိုက်ပါသည်။

သူမ၏ ပြောင်းလွဲသွားသော အစီအစဉ်ကို မိုးသောက်ဦးကို မနက်ကြမှ အသိပေးလျှင်ဖြစ်သော်လည်း ကိစ္စတစ်ခုကို ချက်ချင်းလုပ်လိုက်ရမှ ကျေနပ်တတ်သော သူမအကျင့်အတိုင်း ဖုန်းနံပါတ်များကို နှိပ်ပြီး ဖြစ်နေသည်။

ဖုန်းမှာ တော်တော်နှင့်မထူးချေ။

အိပ်များပျော်သွားပြီလားဟု တွေးနေစဉ်မှာပင် "ဟဲလို" ဆိုသည့် မိုးသောက်ဦး၏အသံကို ကြားရလေသည်။

"ကျွန်မပါ"

"သြော်…တိမ်စင်သာလား၊ ပြော …ကိုယ်နားထောင်နေတယ်"

"ဟိုလေ…ကျွန်မတို့သုံးယောက် တွေ့ဆုံပွဲကို စားသောက်ဆိုင်တစ်ခုမှာ ပြောင်းဖို့ ဆုံးဖြတ်လိုက်တဲ့အကြောင်း အသိပေးချင်လို့ပါ"

"ဒီလိုပဲဖြစ်ရမှာပေါ့ တိမ်စင်သာ၊ မင်းကိုယ့်ကို ဖုန်းဆက်လာလိမ့်မယ်လို့ ကိုယ် မျှော်လင့်ထားပြီးသားပါ၊ မိန်းကလေးတစ်ယောက်အနေနဲ့ နေရာတကာမှာ ကိုယ်တို့ယောက်ျားတွေနဲ့အပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမမာသင့်ဘူးဆိုတဲ့ သဘောတရားကို မင်းနားလည်လာပြီပဲ"

"ကဲ...ပြော ကိုယ် ဘယ်နေရာကို လာခဲ့ရမလဲ"

"မိုးပြာ"ဟု သူမ အောင့်သက်သက်ဖြင့် ဖြေလိုက်ရသော်လည်း နှုတ်ခမ်းက ရှုနေမိပြီဖြစ်သည်။

"ကောင်းပြီ...ကိုယ်လာခဲ့မယ်"

သူ့ထံမှ ကတိပေးသံကြားသည်နှင့် သူမက အရင်ဦးအောင် နှုတ်ဆက်ပြီး ဖုန်းချလိုက်ပါသည်။

သူကိုယ်သူ ဆရာကြီးကျနေတာပဲ။ ညီညီကိုတော့ မနက်ကြမှပဲ ပြောတော့မည်ဟု ဆုံးဖြတ်ပြီး အိပ်ရာဝင်ခဲ့ရာ သူမဘဝထဲသို့ ဝင်ရောက်လာသော ယောကျ်ားနှစ်ယောက်အကြောင်းကို တွေးရင်း ညဥ့်နက်မှ အိပ်ပျော်သွားလေသည်။

+++





## အခန်း (၉)

စားသောက်ဆိုင်၏ သီးသန့်ခန်းလေးထဲတွင် တစ်စုံတစ်ခုသော မှားယွင်းမှုတစ်ခု ဖြစ်တော့မည်လားဟု သူမ တွေးထင်စိုးရိမ်ခဲ့မိသော ယောကျ်ားနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် လုံးဝဂရုမစိုက်ကြဘဲ သူမကိုသာ အံ့ဩစရာကောင်းလောက်အောင် ဂရုတစိုက် ရှိနေခဲ့ကြသည်။

အထူးသဖြင့် မိုးသောက်ဦး၏ အကြည့်များက နူးညံ့ဆရိစွာ ရွှန်းလဲ့နေပြီး သူမ၏ လှုပ်ရှားမှုတိုင်းကို အသေးစိတ်လေ့လာမှတ်သားနေသလိုမျိုး တမေ့တမောဆန်စွာ ရှိနေရာ သူမမှာ အနေရအထိုင်ရခက်နှင့် အယောင်ယောင်အမှားမှား ဖြစ်စေသည့်အထိ ခင်ဖြစ်သည်။

သူမမျက်နှာသည် နီရဲထူအမ်းကာ လေအေးပေးစက် တပ်ထားသည့် အခန်းထဲမှာပင် ချွေးစေးများ ပျံလျှက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသောက်ဦး၏ပုံစံက အလွန်တရာ သက်တောင့်သက်သာရှိနေပြီး ဟောဒီကမ္ဘာလောကကြီးထဲမှာ သူမနှင့်သူ နှစ်ယောက်ထဲ ရှိနေသလို ထင်နေသည့် ပုံစံမျိုးဖြစ်လေသည်။

ထို့အတူ ညီညီကလည်း သူမမှလွဲ၍ တခြားမည်သူမှ မရှိသည့် ပုံစံမျိုးဖြင့် သူ၏ ကြွပ်ဆတ်ဆတ် ကြွစောင်းစောင်း အမူအရာနှင့်ပင် တိမ်စင်သာအတွက် အသင့်စားသောက်နိုင်အောင် တစ်ခုပြီးတစ်ခု တယုတယ ပြင်ဆင်ပေးနေရုံမက တကယ်ကလေးပေါက်စလေးတစ်ယောက်လို အသေးစိတ်ကာစပြီး လိုက်ဂရုစိုက်နေခြင်းက မိုးသောက်ဦးဘက်က ဘာတစ်ခုမှ လုပ်ပြစရာမကျန်အောင် ဖြစ်နေသလို စကားအရာမှာလည်း သူကချည်း ဦးဆောင်လျက် ပြောနေသည်မှာ မဆုံးနိုင်ဟု ထင်ရလေသည်။

မိုးသောက်ဦးကို အားနာစိတ်ဖြင့် သူမစကားပြောရန် ပါးစပ်ပြင်ရုံရှိသေး ညီညီ၏ အမျှင်မပြတ်နိုင်သော စကားများက သူမနားစည်ကို အင်နှင့်အားနှင့် ထိုးဖောက်ဝင်ရောက်သွားရာ သူမမှာ မိုးသောက်ဦးဘက်ကို ဘယ်လိုမှ အာရုံမရောက်နိုင်ဘဲ ဖြစ်နေရ လေသည်။

"အခု ရက် ပိုင်း အတွင်း ငါ ဘာတွေအလုပ်ရှုပ်နေလဲဆိုတာ နင်သိလား တိမ်စင်သာ"

"ဟင့်အင်း"

သူမဦးခေါင်းကို ခါယမ်းပြလိုက်ပါသည်။ ညီညီမှာ တစ်ခုမဟုတ် တစ်ခု အမြဲတမ်း ဆန်းသစ်လှပသော စိတ်ကူးများ





ရှိနေသူကို သူမ လိုက်မမှီနိုင်ပါ။

"ကောင်းပြီ…ဒါဆို ငါ နင့်ကိုပြောပြမယ်၊ အခု ငါ့ဒက်ဒီနဲ့ တိုင်ပင်ပြီး အလုပ်တစ်ခုလုပ်ဖို့ ကြိုးစားနေတယ်၊ ငါ့ရဲ့ဉာဏ်၊ ငါ့ပညာနဲ့ ငါချစ်တဲ့မိန်းကလေးတစ်ယောက်ကို ချမ်းသာကြွယ်ဝအောင် ထားနိုင်ပြီလေ"

"အထူးသဖြင့် ငါမြတ်နိုးရတဲ့ မိန်းကလေးအတွက်ပေါ့၊ သူ့အတွက်ဆို ငါ့ဘက်က ဘာပဲပေးဆပ်ရ၊ ပေးဆပ်ရ ဘာကိုပဲ ခွင့်လွှတ်ရ၊ ခွင့်လွှတ်ရ ငါခွင့်လွှတ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါက သူ့ကို သိပ်ချစ်တာကိုးကွ၊ ဒီတော့ သူ စိတ်ချမ်းသာဖို့အတွက် ငါက သူ့ကို နားလည်မှု အပြည့်အဝပေးနိုင်ရမယ်၊ ငါပေးသမျှကို သူရရင် ကျေနပ်ပြီသိလား"

တိမ်စင်သာမှာ ညီညီ စကားများအတွက် ဖြန်းခနဲ မျက်နှာပူနွေးသွားရကာ မိုးသောက်ဦး၏ မျက်နှာကို လှမ်းကြည့်မိလျက်သား ဖြစ်သွားသည်။

ညီညီရဲ့ စကားလုံးတွေဟာ သိပ်ပြီး ဗြောင်ကျလွန်းလှချည်ရဲ့ဟု စိတ်မှာ တွေးလိုက်မိပါသေးသည်။ တစ်ပြိုင်နက်ထဲမှာ ထိုယောကျ်ားနှစ်ယောက်ကို ဘာကြောင့်များ အခုလို မိုက်မိုက်မဲမဲ ဆုံစည်းခွင့်ရအောင် ဖန်တီးခဲ့မိပါလိမ့်ဟု နောင်တရချင်နေမိသည်။

မိုးသောက်ဦးကတော့ ညီညီစကားများကို သူနှင့် မည်သို့မှ မသက်ဆိုင်သလို ဘာတစ်ခုမှ စိတ်ဝင်စားဟန်မပြဘဲ အစားအသောက်များကို ဟန်မပျက် စားသောက်နေသဖြင့် သူမမှာ များစွာ



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူချောင်သွားရပါသည်။

သူ့ပုံစံက သူမနှင့်ညီညီကြားမှာ ဘယ်လိုပုံစံမျိုးနှင့်မှ [illegible] ထိုးဖောက်ဝင်ရောက်ဖို့ မကြိုးစားဘဲ ပွဲကြည့်ပရိသတ်တစ်ယောက် လိုသာ ရှိနေခဲ့သည်။

ဘာပဲဖြစ်ဖြစ် သူမကတော့ သူ့ထံမှ လူကြီးလူကောင်း ဆန်မှုကို ကြိတ်ပြီး ကျေးဇူးတင်နေရပါသေးသည်။ မိုးသောက်ဦး နေရာမှာ တခြားသူတစ်ယောက်ဆိုလျှင် အခုလို သူမ စိတ်ထင်ရာ လျှောက်လုပ်နေပုံမျိုးနှင့် တစ်ခုမဟုတ်တစ်ခု ပြဿနာဖြစ်မှာ သေချာ ပါသည်။

ထိုနေ့က ငြိမ်းချမ်းစွာ လမ်းခွဲသွားကြသည်ဟု သူမ [illegible] ယင်မြင်ယူဆခဲ့သော ယောကျ်ားနှစ်ယောက်၏ ရင်တွင်းတစ်နေရာ တွင် တိတ်တဆိတ် အငြိုးဖွဲ့ပေါက်ကွဲနေသော ခံစားချက်ကိုယ်စီ ရှိကြကြောင်းကို သူမ လုံးဝ မရိပ်မိလိုက်ချေ။

တစ်ယောက်၏မာနကို တစ်ယောက် ပွန်းစွာထိခိုက်ခံ[illegible] သော အဖြစ်၏ နောက်ဆက်တွဲ ပြဿနာက သူမမသိဘဲ ထိုယောကျ်ားနှစ်ယောက်ထံမှာ ကျန်ရစ်ခဲ့လေသည်။

တိမ်စင်သာ မသိဘဲ သူတို့ဘာသာ နှစ်ယောက်ချင်း တွေ့ဆုံခွင့်ကို ဖန်တီးရယူခဲ့ကြသည့် အဖြစ်မှာ တကယ်တော့ သိပ်ပြီး အံ့ဩဖို့တော့ မကောင်းလှချေ။

မိန်းကလေးတစ်ယောက်ထံမှ အချစ်ကို တစ်ပြိုင်ထဲ [illegible] ပိုင်ဆိုင်လိုကြသော ယောကျ်ားတို့၏ စိတ်ခံစားချက်ထက် ပို[illegible]





မထူးဆန်းသော အခြေအနေမျိုးဟုလည်း ဆိုနိုင်ပါပေသည်။

ယောကျ်ားနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အရောင်လက်သော မျက်လုံးများဖြင့် စူးစိုက်ကြည့်လိုက်ကြသည်။ စားသောက်ဆိုင်တစ်ဆိုင်၏ သီးသန့်ခန်းလေးထဲတွင် မိန်းကလေး တစ်ယောက်အတွက် ယောကျ်ားနှစ်ယောက် အတူရောက်ရှိနေခြင်း မှာ အတော့်ကို စိတ်ပျက်စရာကောင်း၍ မနှစ်မြို့စရာ အခြေအနေ တစ်မျိုးလည်းဖြစ်သည်။

သို့သော် ထိုအခြေအနေကို မည်သူမှ ဂရုမစိုက်နိုင်ကြ သည်မှာလည်း သေချာလျက်ရှိသည်။ အရေးကြီးသည်က သူတို့ သည် တစ်ယောက်ကိုတစ်ယောက် အနိုင်မခံ အရှုံးမပေးလိုသော ပြိုင်ဆိုင်အနိုင်ယူလိုကြသော စိတ်ဓာတ်ကိုယ်စီ ရှိနေကြခြင်းတည်း။

"ခင်ဗျား…ကျွန်တော့်ကို ပြောချင်တယ်ဆိုတာက ဘာလဲ ကိုမိုးသောက်ပန်း"

တိတ်ဆိတ်မှုကို စတင်ဖြိုခွဲ ဖျက်ဆီးလိုက်သူက ညီညီ ဖြစ်သည်။ သူ့ကို အခုလို တွေ့ဆုံကြဖို့ စတင်ဖိတ်ခေါ်သူမှာ မိုး သောက်ပန်းကိုယ်တိုင်ဖြစ်သော်လည်း သူ့ပုံစံက ပကတိ တည်ငြိမ် အေးချမ်းလျက် သက်တောင့်သက်သာ အမူအရာမျိုး အပြည့်ရှိနေ ခြင်းက တမင်လုပ်ကြံဖန်တီးချက်ပဲဟု ညီညီ စိတ်ထဲက တိတ်တ ဆိတ် ကြိတ်ပြီး ဝေဖန်ပစ်တင်ပစ်လိုက်သည့်တိုင် မိုးသောက်ဦး ပုံစံက ပြောင်းလဲမသွားချေ။

သူ့စကားအဆုံးမှာ သူ့မျက်နှာကို တစ်ချက် စေ့စေ့ရှု



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်လိုက်တာကို မြင်ရသည်။ ထို့နောက်…

"ကိုယ်ပြောချင်တာကို မင်းလည်း သိပြီးသားပါ ညီညီ၊ မင်းနဲ့ တိမ်စင်သာရဲ့ အခြေအနေ၊ အဲဒါ ကိုယ်သိချင်တဲ့အဖြေပဲ"

မိုးသောက်ဦးစကားကြောင့် ညီညီ၏ နှုတ်ခမ်းထောင့်စွန်းလေး ကော့တက်သွားသည့်အထိ ပြုံးလိုက်ပြီး မိုးသောက်ဦး၏ မျက်လုံးများထဲကို စူးစိုက်ကြည့်လိုက်သည်။

"အဲဒီအဖြေကို ကျွန်တော်ကိုယ်တိုင် ဖြေစေချင်တဲ့ သဘောလား ကိုမိုးသောက်ဦး၊ ကျွန်တော်နဲ့ တိမ်စင်သာ ပတ်သက်မှုကို မိုးသောက်ဦးအနေနဲ့ ကျွန်တော်မဟုတ်တဲ့ တခြားပတ်ဝန်းကျင်မှာ မစုံစမ်းတော့ဘူးလား"

"ကျွန်တော်ဆိုလိုတာကို ကိုမိုးသောက်ဦး သဘောပေါက်မှာပါ"

ညီညီစကားအဆုံးမှာ သူ့မျက်နှာက အရောင်တစ်မျိုး ဖျတ်ခနဲ ပြောင်းလွဲသွားတာကို မြင်လိုက်ရပြီး ခဏတဖြုတ်အတွင်းမှာ ပျောက်သွားသည်။

ညီညီမေးတာကို ချက်ချင်းမဖြေဘဲ စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်သည်။

"တိမ်စင်သာနဲ့ ညီညီသတင်းကို ကိုယ်ကြားသင့်သလောက် ကြားပါတယ်၊ ကိုယ်သိချင်တာက ကာယကံရှင်ကိုယ်တိုင် ဖြေတဲ့အဖြေမျိုး"

သူ့စကားကြောင့် ညီညီ အသံထွက်၍ ရယ်မောလိုက်





သည်။ ပြီးမှ…

"ခင်ဗျားကြား◌ာ အမှန်တွေပဲဆိုရင် ကိုမိုးသောက် ကျွန်တော်ကို ဘာဆက်ပြောမလဲ"

"ကိုယ်ပြောချင်တာက မင်းတို့ ဘာဖြစ်လို့ လက်မထပ်သေးတာလဲဆိုတာမျိုး"

"ဒါကလွယ်ပါတယ် ကိုမိုးသောက်ဦး၊ လက်မထပ်ချင်သေးလို့ဆိုရင် ဒီအဖြေရှင်းသွားပြီ"

"ကို့အတွက် အဲဒီအဖြေက မရှင်းဘူး"

သူ့စကားကြောင့် ညီညီ အံ့သြစွာ စူးစမ်းသည့် မျက်လုံးများဖြင့် မိုးသောက်ဦး၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။

"မရှင်းဘူးဟု◌လား…အဲဒါ ဘာကိုဆိုလိုတာလဲ ကိုမိုးသောက်"

"ကိုယ်ဆိုလိုချင်တာက မင်းနဲ့ တိမ်စင်သာကို အန်ကယ်က သဘောမတူဘူးလို့ ကြားထားတယ်၊ အဲဒီအတွက် မင်းတို့ လက်ထပ်ချင်တိုင်း လက်ထပ်လို့ မရဘူးဆိုတဲ့သဘောပဲ"

"ပြီးတော့ ကိုယ်က အန်ကယ်ကိုယ်တိုင် တိမ်စင်သာနဲ့ သဘောတူပြီးသား၊ လူကြီးချင်းလည်း ဘာပြဿနာမှမရှိဘူးဆိုတော့"

"ခင်ဗျားအတွေးအခေါ်တွေက သိပ်ဖိုက်အောက်နေပြီ ကိုမိုးသောက်၊ ခင်ဗျားနဲ့ တိမ်စင်သာ လူကြီးချင်း သဘောတူရုံနဲ့ ခင်ဗျားတို့ မင်္ဂလာပွဲ ဖြစ်မြောက်မယ်လို့ ခင်ဗျားထင်နေလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ ကိုယ်မထင်ပါဘူး၊ ကိုယ်ဆိုလိုတာက လူကြီးချင်း သဘောတူထားပြီးသား ဖြစ်တဲ့အတွက် ကိုယ့်မှာ အခွင့်အရေးတစ်ခု ပိုရထားတယ်လို့ ဆိုလိုတာပါ"

ညီညီ မျက်ခုံးနှစ်ဖက် လှပစွာ ပင့်တက်သွားသည်။

"ဒါဆို ခင်ဗျားမှားနေပြီ၊ လူကြီးချင်း သဘောတူဖို့ထက် လူငယ်ချင်း သဘောကျနေဖို့က ပိုအရေးကြီးတယ်လို့ ခင်ဗျား မထင်ဘူးလား"

"ဒါပေမယ့် လောကမှာ မိန်းကလေးရှင်ဘက်က သဘောမတူနိုင်ပါဘူးလို့ ခါးခါးသီးသီး ငြင်းပယ်ခံရတာလောက် ဆိုးရွားတာမရှိဘူးလို့ ကိုယ်ထင်တယ်"

"ကျွန်တော် အဲဒါတွေဂရုမစိုက်ဘူး ကိုမိုးသောက် ကျွန်တော် ဂရုစိုက်တာက တစ်ခုပဲ၊ အဲဒါက ဘယ်လိုအခက်အခဲ အတားအဆီးတွေ ရှိပါစေ သူ ကျွန်တော့်ကို မြတ်မြတ်နိုးနိုး ချစ်နေ က အဓိကပဲ"

"ကျွန်တော့်ချစ်သူက ကျွန်တော့်ကို သိပ်ချစ်နေပြီဆိုရင် အဲဒီအချစ်တစ်ခုထဲနဲ့ ကျွန်တော် ရင်ဆိုင်ရသမျှ လုံလောက်သွား ပြီ၊ အရေးကြီးတာက အချစ်၊ အချစ်ပဲလေ၊ လောကမှာ တစ်ယော နဲ့တစ်ယောက် နက်နက်ရှိုင်းရှိုင်း ချစ်နေဖို့ပဲ"

"အဲဒီအချစ်ကပဲ ကျွန်တော်တို့ကို လွတ်မြောက်ခွင့်ပေ စွမ်းနိုင်လိမ့်မယ်"

"ကိုယ့်သဘောကတော့ မင်းနဲ့ဩသမီးကို လုံးဝသဘော





မတူနိုင်ပါဘူးလို့ ခါးခါးသီး ငြင်းပယ်ခြင်းခံထားရတဲ့ သမီးရှင် တစ်ယောက်ဆီမှာ ကိုယ့်ရဲ့ မာန်မာနနဲ့ ဂုဏ်သိက္ခာကို ခဝါချပြီး ဒူးထောက်အညံ့မခံနိုင်ဘူး၊ ကိုယ်လိုချင်တာက ကိုယ့်ကို ကြည်ကြည် ဖြူဖြူနဲ့ ဝမ်းပမ်းတသာ လက်ကမ်းကြိုဆိုခြင်း ခံရတာမျိုးပါ"

မိုးသောက်ဦး စကားအဆုံးမှာ သူ့ သရော်ပြုံး၊ စိန်ခေါ်ပြုံး တစ်ခုကို လှပစွာ မွေးဖွားရှင်သန်စေလိုက်ပါသည်။ ထို့နောက် ယုံကြည်ခြင်း မာန်မာနတို့ဖြင့် ရှူးလက်တောက်ပြောင်နေသော မျက်လုံး အစုံဖြင့် မိုးသောက်ဦး၏ မျက်နှာကို ခပ်နက်နက် စူးစိုက်ကြည့်လိုက် သည်။

"ခင်ဗျားပြောသလို ဖြစ်ကောင်းဖြစ်လာနိုင်ပါလိမ့်မယ် ကိုမိုးသောက်၊ ခင်ဗျား ဒီစကားကို ပြောနေတာကိုက ခင်ဗျားနှလုံး သားမှာ အချစ်ဆိုတာ လုံးဝမရှိသေးလို့ပဲ ဖြစ်ပါလိမ့်မယ်"

"တကယ်ချစ်တတ်လာရင် ခင်ဗျား အခုလိုတွေးချင်မှ တွေးလိမ့်မယ်ဗျာ၊ ကျွန်တော် ခင်ဗျားကို ပြောမယ်ဗျာ အဲဒီ (အချစ်)ဆိုတာကြီးကို ခင်ဗျား တကယ်တမ်း ရင်ဆိုင်လာရပြီ ဆိုရင်တော့ ခင်ဗျား ခုနကလို ပြောနိုင်တော့မှာမဟုတ်ဘူး၊ သေချာ ပါတယ် ခင်ဗျား မချစ်တတ်သေးပါဘူး"

"မင်းထင်လို့ပါ ညီညီ၊ မိန်းကလေးတစ်ယောက်ကို ဆက်ထပ်ပြီး ထာဝရအတူနေနိုင်ဖို့ဆိုတာ အချစ်မရှိဘဲနဲ့ မဖြစ်နိုင် ပါဘူး"

မိုးသောက်ဦး၏စကားကို သူ့ ညင်သာစွာ ခေါင်းခါသမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်ပါသည်။

"အဲဒီကိစ္စမျိုးဆိုတာက ပါးစပ်က ပြောလိုက်ရုံနဲ့ မလုံ လောက်သေးဘူးဗျ၊ ဟောဒီနေရာက လာဖို့လည်း လိုသေးတယ် ဒါတွေကိုရော လိုအပ်တယ်လို့ ခင်ဗျား နည်းနည်းမှ မထင်ဘူးလား ကိုမိုးသော်က်"

သူ့ရင်ဘတ်နေရာကို ပုတ်ပြနေသော ညီညီကို မိုးသော် ဦး ငေးကြည့်နေပါသည်။

"မင်းပြောတဲ့စကားကို ကိုယ်မငြင်းပါဘူး၊ ဒါပေမယ့် အချစ်ကိုချည်း ကိုးကွယ်ချင်တဲ့ ခပ်ညံ့ညံ့ယောကျ်ားထဲမှာ မပါဘူး"

"ကောင်းပြီ...ဒါဆိုရင် ကျွန်တော် ခင်ဗျားကို မေးမေ တိမ်စင်သာကို ဘာကြောင့် ခင်ဗျား လက်ထပ်ချင်တာလဲ၊ အ ဆိုတာကြီးလုံးဝမပါဝင်ဘဲ ခင်ဗျား ဘာအတွက် မိန်းက တစ်ယောက်ကို ချဉ်းကပ်နေရတာလဲ၊ ငွေရေးကြေးရေးအတွက် ဂုဏ်ပကာသနအတွက်လား၊ ဘာအတွက်လဲ၊ ဘာအတွက်လဲ တစ်ခုတော့ ကျွန်တော် နားမလည်ဘူး၊ဘာဖြစ်လို့လဲဆိုတော့ ခ မှာ ကျွန်တော်ပြောတာတွေ အားလုံးရှိနေတာပဲ"

"အရှင်းဆုံးနဲ့ အပွင့်လင်းဆုံး ခင်ဗျားကို ကျွန်တော် မယ်ဗျာ၊ ခင်ဗျား သူ့အပေါ်မှာ တစ်ခုခု မကျေနပ်စရာရှိလို့ လ ပြန်ကလဲ့စားချေလိုတာများလား"

"ကိုယ် အဲဒီလောက် အောက်တန်းကျတဲ့ ယော





တစ်ယောက် မဟုတ်ပါဘူး ညီညီ၊ ကိုယ့်ကို အဲဒီလောက်ကြီး လျှော့မတွက်ပါနဲ့"

"ကောင်းပြီ...ဒါဆို ခင်ဗျား တိမ်စင်သာကို ချဉ်းကပ် နေတဲ့ သဘောထားအမှန်က ဘာလဲ"

ရုတ်တရက် မိုးသော်ဦး ငြိမ်သက်သွားခြင်းအပေါ်မှာ ညီညီ သိပ်ပြီးအံ့စာမကြေလှပါ။ သူချစ်သော၊ မြတ်နိုးသော မိန်းက လေးတစ်ယောက်အပေါ်မှာ ချစ်ခြင်းမေတ္တာ လုံးဝမပါဝင်ခဲ့ပဲ သူ့ရဲ့ ပြိုင်ဘက်တစ်ယောက်နေရာကို ရောက်လာသူကို သူ့ဘက်က ဘယ်လိုအကြောင်းတရားတွေနဲ့များ အလဲထိုးအနိုင်ယူဖို့လိုက်ရမှာ ပါလိမ့်။

ဒါကို တိမ်စင်သာ သိစေချင်စမ်းလှပါသည်။ သို့ပါ သော်လည်း အခုအနေအထားက သူသိထားသလောက် သူမကို ပြောပြအသိပေးဖို့ မဖြစ်နိုင်လောက်အောင် သိပ်နောက်ကျသွားခဲ့ ပါပြီ။

တိမ်စင်သာ ရှေ့မှာပဲ မိုးသော်ဦးကို သူ့ရဲ့ပြိုင်ဘက် တစ်ယောက်အဖြစ် ရဲဝံ့စွာ စိန်ခေါ်ခဲ့ပြီးမှာတော့ မိုးသော်ဦးနှင့် ပတ်သက်သော သူ့ဘက်က ထင်မြင်ချက် အယူအဆသဘောထား တွေကို သူမကို သွားပြောလျှင် သူ့အပေါ်မှာ သေချာပေါက် အထင်လွဲခံရပေတော့မည်မှာ သေချာလျက်ရှိနေပါသည်။

"အမှန်အတိုင်း ဝန်ခံရရင် တိမ်စင်သာကို သူ့ခါတ်ပုံ လေးကို အမှတ်မထင်စပြီး တွေ့ခဲ့ရတဲ့နေ့ထဲက စပြီး စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပဲ၊ လူချင်းတွေ့ပြီးတဲ့နောက်မှာတော့ ကိုယ် လက်ထပ်မယ့် မိန်းကလေးဟာ သူပဲဆိုတာ ပိုပြီးသေချာသွားတယ်"

"တိမ်စင်သာဒက်ဒီကိုယ်တိုင်က ကိုယ်နဲ့ သူ့သမီးတို့ သဘောတူထားသလို ကိုယ့်အနေနဲ့လည်း သူ့ကို အခုလို ပြိုင်ဘက် တစ်ယောက်နဲ့ ယှဉ်ပြိုင်ပြီး ရယူရလိမ့်မယ်လို့ မထင်ခဲ့ဘူး"

"တစ်ခုတော့ ကိုယ့်အတွက် ကံကောင်းသွားပါတယ်၊ အဲဒါက ဘာလဲဆိုတော့ မင်းခုနက ပြောသလိုပါပဲ အခုချိန်ကျ ပြီး တိမ်စင်သာအချစ်ကို အရင်ဦးဆုံးရအောင် ကြိုးစားဖို့ပေါ့၊ တစ်ပြိုင်နက်ထဲမှာပဲ မင်းဟာ တိမ်စင်သာရဲ့ ချစ်သူတစ်ယောက် အနေနဲ့ အခွင့်အရေး အများကြီးရှိတယ်ဆိုတာပါပဲ"

သူ မိုးသောက်ဦး၏ မျက်နှာကို စိုက်ကြည့်လိုက်သည်၊ သူနဲ့ ဒီလူကြားမှာ မှားယွင်းလွဲချော်မှု ရှိနေတုန်းပါလား။

"ခင်ဗျား မှားနေပြီ ကိုမိုးသောက်ဦး၊ ကျွန်တော်နဲ့ တိမ်စင်သာဟာ ခင်ဗျားထင်ထားသလို ချစ်သူတွေမဟုတ်ဘူးဗျ၊ တိမ်စင်သာကို ကျွန်တော့်ဘက်က ပရိုပိုစ်လုပ်ထားတာကြာပြီ၊ အခုချိန်ထိ သူ ကျွန်တော့်ကို ချစ်တယ်လို့ တစ်ခါမှမပြောဘူးသေး"

"**ကျွန်တော်ကတော့ သူ့ကို ချစ်တယ်၊** မြတ်နိုးတယ်၊ လက်ထပ်ခွင့်**လည်း တောင်းထားတယ်၊ ဒါပေမယ့် သူက ကျွန်တော့်အပေါ်မှာ** ချစ်သူတစ်ယောက်လို ပြန်**ပြီးမချစ်နိုင်ခဲ့ဘူး** လက်ထပ်ဖို့ဆိုတာကတော့ ဟိုး**အဝေးကြီးမှာ**ပါ"





"သူက…သူချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူတစ်ယောက်ထဲပဲ ဖြစ်ချင်တယ်၊ အဲဒါကို ကျွန်တော်နားလည်တယ်၊ သူ့ခံစားချက်အတိုင်းပဲ အချစ်ရေးမှာ ဆုံးဖြတ်စေချင်တယ်"

"မင်းတို့နှစ်ယောက်ကို ကြည့်ရတာ တစ်ယောက်ကို တစ်ယောက် ဒီလောက်ကြီး ခံစားနားလည်နိုင်ကြရဲ့သားနဲ့ အခုချိန်ထိ ချစ်သူတွေ မဖြစ်ကြသေးတာလည်း အံ့သြစရာပဲ၊ ကိုယ်ကတော့ မင်းညံ့တယ်လို့ မထင်ချင်ပါဘူး"

"ထင်ခဲ့ရင်လည်း ကျွန်တော် စိတ်မဆိုးပါဘူး၊ ကိုမိုးသောက် အမှန်အတိုင်းဝန်ခံရရင် တိမ်စင်သာအချစ်ကို ရဖို့အတွက် ကျွန်တော့်ဘက်က ဇွတ်ကြိုးစားမယ်ဆိုရင် ကြိုးစားခွင့်ရှိတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် အချစ်ကို ကျွန်တော် အဲဒီလို ပုံစံမျိုးနဲ့ မလိုချင်ဘူး၊ သူ့အလိုလို ကျွန်တော့်အပေါ်မှာ နူးညံ့သိမ်မွေ့စွာ ပေါ်ပေါက်လာမယ့် အချစ်မျိုး၊ အဲဒါမျိုးကိုပဲ ကျွန်တော်လိုချင်တယ်"

"မင်းက လူတစ်မျိုးပဲ၊ အချစ်ဆိုတာ ရယူပိုင်ဆိုင်ဖို့ပဲ မဟုတ်ဘူးလား"

"ကျွန်တော် ပြောပြီးပြီလေ၊ အချစ်ကို အဲဒီလိုပုံစံမျိုးနဲ့ မလိုချင်ဘူးလို့"

"ဒါဆို သူ့အချစ်က မင်းမဟုတ်တဲ့ တခြားတစ်ယောက်ဆီ ပါသွားခဲ့မယ်ဆိုရင် မင်းက ခွင့်လွှတ်နိုင်တယ်ပေါ့ ဟုတ်လား"

"ဒါပဲလေ…အချစ်ဆိုတာ ပိုင်ဆိုင်ရမှ အချစ်မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

'ကိုယ်ကတော့ ပိုင်ဆိုင်ခွင့်ရမှ 'အချစ်'လို့ ယုံကြည်တယ်၊ ‹ သ်ချစ်တဲ့သူကို ကိုယ်ပဲ ပိုင်ဆိုင်ခွင့်ရချင်တယ်''

ါးသောက်ဦး စကားကို ျ မည်သို့မှ မတုံ့ပြန်တော့ဘဲ မြူးနေရ ါပါသည်။ သူတို့၏ဆွေး နွေးပွဲက ဤနေရာတွင် အဆုံးသတ်သွ ခဲ့ပြီဖြစ်သည်။

အမြင်မတူသူနှစ်ယောက်၏ အတွေးအခေါ် အယူအဆတွေ ခြား ားနေသ၍ စကားတွေ ဆက်ပြောသော်လည်း အကြောင်းထူးမလ နိုင်တော့တာကို သူ ဂ်ေင်းစွာသဘောပေါက်လိုက်ပါသည်။





## အခန်း (၁၀)

''ငါတို့နှစ်ယောက် တွေ့ခဲ့ကြတယ် တိမ်စင်သာ''

''ဟယ်''

''နင်...နင်တို့ ငါ့အကြောင်းတွေ ဘာတွေပြောကြတာလဲ ဟင်၊ ဒါမှမဟုတ် နင်တို့ချင်း ရန်ဖြစ်ကြတာလား၊ ဟုတ်လား ညီညီ၊ ပြောစမ်းပါဟယ်...ငါ ရင်ထိတ်လိုက်တာ''

ညီညီထံမှ သူမ လုံးဝမျှော်လင့်ထားခြင်းမရှိသော စကားကို ကြားရခြင်းအတွက် သူမရင်တွေ တဒိတ်ဒိတ်တုန်ရီလှုပ်ရှားသွားရပါသည်။

ကြည့်စမ်းပါဦး...။

သူမကို လုံးဝအသိမပေးကြဘဲနဲ့ သူတို့ဘာသာ သူတို့ပြိုင်ဘက်တွေလို့ ထင်မြင်ယူဆထားတဲ့ ယောကျ်ားနှစ်ယောက်ကတွေ့ဆုံခဲ့ကြပါသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ အသည်းယားစရာကောင်းလိုက်တဲ့ အဖြစ်အပျက်ပါလဲ။ သေချာတာကတော့ သူတို့နှစ်ယောက် ပြောဆိုဆွေးနွေးကြသော အကြောင်းအရာတိုင်းမှာ သူမနဲ့ မလွဲမသွေ ပတ်သက်နေတယ်ဆိုတာပါပဲ။

"နင်နဲ့ငါ့ကို သူက ချစ်သူတွေလို့ ထင်နေတာ၊ အဲဒါ လုံးဝမဟုတ်ဘူးလို့ ကိုမိုးသောက်ကို ငါပြောပြလိုက်တယ်"

ညီညီ့ထံမှ ပထမဦးဆုံး ကြားရသော စကားဖြစ်ပါသည်။ သူမ ဘာမှဆက်မပြောနိုင်ခင်မှာပင် သူက စကားကို ဆက်ပြန်ပါသည်။

"ဒါပေမယ့် ငါ နင့်ကို ပရိုပိုစ့်လုပ်ထားတဲ့ အကြောင်း သူ့ကို ဖွင့်ပြောခဲ့တယ် တိမ်စင်သာ၊ တစ်နေ့နေ့မှာတော့ သူနဲ့ငါ တစ်ယောက်ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်နိုင်ကြလိမ့်မယ်လို့ ငါယုံကြည်တယ်"

"အဲဒီလို လက်ဆွဲနှုတ်ဆက်ကြတဲ့အခါ တစ်ယောက်က ဂုဏ်အပြုခံဖြစ်ပြီး တခြားတစ်ယောက်ကတော့ အဲဒီဂုဏ်ပြုပွဲကို ရဲဝံ့စွာတက်ရောက်နိုင်တဲ့သူပဲ ဖြစ်လိမ့်မယ်"

"အဲဒီအတွက်တော့ သူရော ငါရော သတ္တိရှိကြမှာပါ"

ဘုရားရေ…။

သူတို့နှစ်ယောက်ကကော့ သူမကျွယ်ရာမှာ တစ်ယောက်ကိုတစ်ယောက် သွေးအေးစွာ စိန်ခေါ်လိုက်ကြပါရော့လား။ သူမသည် ညီညီ့မျက်နှာကို အခံရခက်သလိုလေး စူးစိုက်ကြည့်ပစ်လိုက်





သည်။

သူတို့ကတော့ သူတို့ကိုယ်သူတို့ မိန်းကလေးတစ်ယောက်အတွက် အချစ်စစ်ပွဲကို ရဲဝံ့စွာပြိုင်ရဲသော အချစ်သူရဲကောင်းကြီးတွေလို ဂုဏ်ယူချင်နေကြသည်။

ပြီးတော့ သူတို့နှစ်ယောက်၏ အချစ်ပြိုင်ပွဲကြီးမှာ သူမကို သူတို့အတွက် အလောင်းအစားပြုစရာ ပစ္စည်းတစ်ခုလို သဘောထားကြသည့်အဖြစ်ကတော့ ဘယ်လောက်များ အောင့်သီးအောင့်သက်နှင့် အခံရခက်စေသလဲဆိုတာ ကာယကံရှင်ဖြစ်သော သူမဘက်က နည်းနည်းလေးမှ ကိုယ်ချင်းစာနာစိတ်ဖြင့် တွေးမကြည့်ပုံမရခြင်းဟာ သူတို့ရဲ့ တစ်ကိုယ်ကောင်းဆန်လှတဲ့ အတ္တစိတ်ကို ဖော်ပြနေတာပဲမဟုတ်လား။

သူမကို အရုပ်ကလေးတစ်ရုပ်လို သဘောထားနေကြသလားမသိပါ။

"ဪ…နင်တို့က နင်တို့ကိုယ်နင်တို့ သိပ်သေချာနေတယ်ပေါ့ ဟုတ်လား ညီညီ"

"မဟုတ်ဘူးလေ တိမ်စင်သာ၊ နင်နဲ့ပတ်သက်ပြီး သူနဲ့ငါ တစ်ယောက်မဟုတ်တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြရမှာပဲ မဟုတ်လား"

"အဟင်း…ဟင်း နင်တို့က ကိုယ့်ကိုယ်ကို တယ်ပြီး အထင်ကြီးနေကြတာပါလား၊ ဒီမှာ ငါရွေးချယ်လိုက်တဲ့သူဟာ နင်တို့နှစ်ယောက် ပြောနေတဲ့စကားတွေဟာ သိပ်ပြီးရယ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားလိမ့်မယ်ဆိုတာရော စဉ်းစားမိကြရဲ့လား''

''တိမ်စင်သာ''

ညီညီ့ထံမှ သူမအမည်ကို မယုံကြည်နိုင်သလို ခေါ်လိုက်တာကို သူမ မကြားချင်ဟန်ဆောင်ပြီး သူမ ပြောစရာရှိတာကိုသာ အရဲသာရှိရှိ ဆက်ပြောချလိုက်ပါသည်။

''သေချာပါတယ်...နင်တို့နှစ်ယောက် ဝုဏ်ပြုရမဲ့သူဟာ ငါနဲ့တခြားတစ်ယောက်ကို ဖြစ်ကောင်းဖြစ်နေနိုင်သေးတယ်ဆိုတာ ဘယ်တော့မှမမေ့နဲ့ သိလား''

သူမက သူတို့မခံချင်လောက်စရာကောင်းသော ညစ်ကျယ်ကျယ်လေသံဖြင့် တမင်မြူးကြွချင်ဟန်ဆောင်လျက် ပြောလိုက်လျှင် ငြိမ်သက်တိတ်ဆိတ်သွားသော ညီညီကို ကြည့်လျက် သူမစိတ်ထဲမှ နည်းနည်းမှ နောင်တမရဘဲ ရှိလေသည်။

''တိမ်စင်သာရယ်...နင့်မှာ ငါဝို့မဟုတ်တဲ့ တခြားကောင်တစ်ကောင် ရှိနေပြီလား''

''အခုလောလောဆယ်တော့ မရှိပါဘူးလေ၊ ဒါပေမယ့် နောင်ကိုတော့ ဘယ်ပြောနိုင်ပါ့မလဲ၊ အချစ်ဆိုတာကြီးက ဘာတစ်ခုမှ ပုံသေတွက်ထားလို့ ရတာမျိုးမှမဟုတ်ဘဲ၊ ဘာမဟုတ်တဲ့ အကြောင်းအရာလေးတစ်ခုနဲ့လည်း ရင်ထဲအသည်းထဲကို မြှန်းခနဲ ဒိုင်းခနဲ ဝင်လာနိုင်သေးတာပဲ''

''အချိန်အကြာကြီး **အတူရှိနေကြပေမယ့်လည်း** အဲဒီ အချစ်ဆိုတာကြီးက ဖြစ်ချင်မှ **ဖြစ်လာနိုင်တာကိုး**၊ ငါပြောတာ





မဟုတ်ဘူးလား ညီညီ''

''အေးပါ...အေးပါ နင်ပြောတဲ့စကားတွေကို ငါမငြင်းပါဘူး၊ နင်ပြောတာတွေလည်း ဖြစ်နိုင်ပါတယ်၊ နင့်အချစ်တွေ တခြားကောင်တစ်ကောင် လက်ထဲပါမသွားအောင် ငါတို့က ပိုပြီး အချိန်ပေးကြိုးစားရမှာပေါ့''

ထိုစကားကိုတော့ ညီညီနှင့်ပြိုင်ပြီး သူမ ဘာတစ်ခုမှ မပြောတော့ပါ။ တိမ်စင်သာဆိုတဲ့ မိန်းကလေးဟာ သူတို့လျှော့တွက်ထားရလောက်အောင် သူမရင်ထဲက အချစ်ကို ဘယ်သူ့ကိုမှ အလွယ်တကူ ပေးမယ့်သူမျိုးမဟုတ်ဘူးဆိုတာ သိရင် ကျေနပ်ပါပြီ။

ညီညီနှင့် လမ်းခွဲပြီးနောက် သူမအတွေးအာရုံထဲမှာ စဉ်းစားစရာ အကြောင်းအရာလေးတွေ တော်တော်များများပါလာပါသည်။

တကယ်တမ်းကြတော့ 'အချစ်'ဆိုတာကြီးကို သူမကိုယ်တိုင်လည်း ကောင်းစွာနားလည်ထားသည်တော့လည်း မဟုတ်ရပါ။ သူများအပြောနှင့် ကြားဖူးထားရုံမျှသာဖြစ်ပြီး ထိုအချစ်ဆိုသည့် အရာကြီးနှင့် သူမကိုယ်တိုင် **နဖူးတွေ့ ဒူးတွေ့** ရင်ဆိုင်ခဲ့ဘူးခြင်း မရှိသေးသဖြင့် သူမအတွက် **ရှင်သန်ပေါ်ပေါက်**လာမည့် 'အချစ်' ဆိုတာ ဘယ်လို**အသွင်မျိုးဖြစ်နိုင်မလဲဆိုတာ**လည်း သိချင်နေမိပါသည်။

**အနေနီးစပ်တိုင်း အချစ်ဖြစ်လာရမည်ဆိုလျှင်တော့** သူမ အပေါ်မှာ **အစစအရာရာ နားလည်မှုပေးနိုင်လွန်းသော** သူမ၏အလို



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒကို သူ့အလိုဆန္ဒထက် ပိုလိုက်လျောတတ်သော အစစအရာရာ အနစ်နာခံတတ်သော ညီညီလိုလူသည် သူမအတွက် 'အချစ်' ဆိုတာ ဖြစ်လာချင်စရာကြီးဖြစ်သော်လည်း ညီညီအပေါ်မှာ တစ်ခါမှ ထိုကဲ့သို့တွေးတောခံစားခဲ့ဖူးခြင်း မရှိခဲ့ချေ။

ထို့အတူ သူမအပေါ်မှာ ရဲဝံ့ပိုင်စိုးစွာ ပြုမူပြောဆိုတတ်သော မိုးသော်ဦးလို လူတစ်ယောက်ကို စိတ်ထဲက မနှစ်မြို့နိုင်ခြင်းနှင့်အတူ ဘာကိုမှန်းမသိ ရင်ထဲမှာ တုန်ရီလှုပ်ရှားစေတာကိုလည်း နားမလည်ပြန်ပါချေ။

"သြော်…ဒေါ်တိမ်စင်သာ ပြန်လာပြီကိုး"

"ဒက်ဒီ"

"ဟုတ်ပါ့ဗျာ…ကိုယ့်အဖေကိုယ် အဖေမှန်းသိသေးသားပဲ"

စိတ်ရှုပ်ထွေးမွန်းကျပ်စွာ ပြန်ရောက်လာသော သူမကို ဧည့်ခန်းအတွင်းသို့ လှမ်းအဝင်မှာပင် ဒက်ဒီထံမှ ခပ်ငေါ့ငေါ့လေသံနှင့် ဒေါသဖြင့် ခက်ထန်နေသော မျက်နှာကြီးကို နှုတ်ခမ်းမွေးကော့ကော့ကြီးနှင့် အတူတွေ့လိုက်ရခြင်းဖြစ်သည်။

"ဒက်ဒီ အလုပ်မသွားဘူးလားဟင်"

"အေး…သွားတယ်၊ အလုပ်ထက်အရေးကြီးတဲ့ ကိစ္စရှိလို့ အိမ်ကိုပြန်လာတာ နားလည်လား"

"ဒီမှာ လာထိုင်စမ်း တိမ်စင်သာ"

"ဟုတ်ကဲ့"





အန်တီဂရေ့စ်က တိမ်စင်သာတို့ သားအဖနှစ်ယောက်ကို ခန်းဆီးလိုက်ကာအကွယ်မှာ ချောင်းကြည့်လျက် သူမကို ဘယ်လောက် ဒေါသဖြစ်နေကြောင်း သူမသိအောင် ခြေဟန်လက်ဟန်ဖြင့် လုပ်ပြနေတာကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး ဒက်ဒီညွှန်ပြရာခုံမှာ သူမ အသာအယာ ဝင်ထိုင်လိုက်ပါသည်။

"ကဲ…ပြောစမ်း အခု ဒက်ဒီသမီး ဘာတွေလုပ်နေလဲ၊ ဘယ်ကပြန်လာတာလဲ"

"သမီး သင်တန်းသွားတက်ပြီး ပြန်လာတာပဲ ဒက်ဒီ၊ တခြား ဘာမှမလုပ်သေးပါဘူး၊ သင်တန်းပြီးမှပဲ…"

"တော်စမ်း…ဒက်ဒီမေးနေတာ အဲဒီအရေးမပါတဲ့ ကိစ္စတွေမဟုတ်ဘူး၊ အခုသမီးဘယ်သူနဲ့တွေ့ပြီး ပြန်လာသလဲဆိုတာ ရှင်းရှင်းလင်းလင်း သိချင်တာ"

သူမဒက်ဒီ၏ ဒေါသမျက်နှာကြီးကို မော့ကြည့်လိုက်ရာ မျက်လုံးပြူးကြီးနှင့် သူမကို ပြန်စိုက်ကြည့်နေသော ဒက်ဒီကြောင့် သူမကို အဘယ်မျှ ဒေါသဖြစ်နေကြောင်း ခန့်မှန်းသိရှိလိုက်ပါသည်။

သေချာပါတယ်။

ညီညီနဲ့ သူမကို ဒက်ဒီကိုယ်တိုင် တွေ့လာခဲ့ပြီးပါပြီ။ ဘယ်နေရာက ဘယ်လို တွေ့မြင်လာခဲ့သလဲတော့ သူမလည်း မသိပါ။

"တိမ်စင်သာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ဒက်ဒီ"

"ငါ့သမီးလေးဟာ ဒီလောက် အသိဉာဏ်မဲ့လိမ့်မယ် မိုက်မဲလိမ့်မယ်လို့ ဒက်ဒီ မထင်ချင်ဘူးကွယ်၊ ဘာဖြစ်လို့ ဒက်ဒီ မကြိုက်တဲ့အလုပ်ကိုမှ တမင်ရွေးလုပ်ချင်နေရတာလဲ တိမ်စင်သာ ဒက်ဒီ့ကိုပြောစမ်း"

"ငါ့သမီး မျက်စိရှေ့မှာ ဒေါသတွေဖြစ်ရလွန်းလို့ ဦးနှောက်ကြောပြတ်ပြီး ပိုးစိုးပက်စက်သေသွားတဲ့ ဒက်ဒီပုံစံကို ငါ့သမီးလေး မြင်ချင်တွေ့ချင်လို့လား၊ ဒါမှမဟုတ်…"

"ဒက်ဒီ"

ဒက်ဒီစကားလုံးတွေက သူမအသည်းနှလုံးကို ခံနိုင်ရည် မရှိအောင် နာကျင်ကြေကွဲစရာအဖြစ်မို့ သူမဒက်ဒီကို အလန့်တကြား လေး အော်ဟစ်တားမြစ်လိုက်ပါသည်။

"နမိတ်မရှိ…ဘာမရှိ စကားတွေမပြောပါနဲ့ ဒက်ဒီ၊ သမီး မကြားရဲလို့ပါ"

"ဟုတ်ပြီ…ဒါဆို ဒက်ဒီသမီးလေးရဲ့ သဘောထားကို အမှန်အတိုင်း ဒက်ဒီ့ကိုပြောစမ်း၊ ညီညီဆိုတဲ့ ကောင်လေးကို ဒက်ဒီ ထက် ပိုချစ်နေတာလား"

"လုံးဝမဟုတ်ဘူး ဒက်ဒီ၊ ဒက်ဒီမှားနေပြီ"

"ဒက်ဒီမှားနေပြီ ဟုတ်လား၊ ဒါဆို သမီးအခုလုပ်နေတာ တွေကတော့ သိပ်မှန်တယ်ပေါ့"

"သမီးလည်း မမှန်ပါဘူး ဒက်ဒီ"





"ဟုတ်ပြီ…ကိုယ့်အမှားကိုယ်သိပြီး ဝန်ခံရဲတာ ဒက်ဒီ သဘောအကျဆုံးပဲ၊ အဲဒီတော့ သမီးဘာဆက်လုပ်မယ် စိတ်ကူး လဲ"

တိမ်စင်သာ မဖြေနိုင်ပါ။

ခေါင်းငုံ့လျက် ငြိမ်သက်တိတ်ဆိတ်နေမိပါသည်။ ဒက်ဒီ နှင့်ညီညီ၊ သူမတို့ပြဿနာကို အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းအမှန်မှာ ဘာဟု သူမတွေးမရသေးပါ။

တိမ်စင်သာကိုယ်တိုင် သမီးအလိမ္မာလေး ဖြစ်ခဲ့မည်ဆို လျှင်တော့ ကိုယ့်အဖေမကြိုက်သည့် အလုပ်ကို ဆက်မလုပ်တော့ ပါဘူးဟု ဝန်ခံကတိပြုလိုက်ရုံဖြင့် ဒက်ဒီဒေါသများကို ပြေပျောက် သွားစေနိုင်သော်လည်း ထိုကဲ့သို့ ဝန်ခံကတိစကားမျိုးပေးပြီး ဒက်ဒီ ကျောက်ကွယ်မှာ ထင်ရာလျှောက်လုပ်နေရတာကိုလည်း သူမကိုယ်တိုင် မနှစ်မြို့တော့လည်း ထိုဝန်ခံစကားကို ပြောဖို့ခက်နေမိပါသည်။

"ကောင်းပြီ…ဒက်ဒီအမေးကို သမီးမဖြေနိုင်ရင် ဒက်ဒီ ပြောတဲ့စကားကိုပဲ သမီးနားထောင်ပါ၊ အခုချိန်ကစပြီး ငါ့သမီး ဘယ်ကိုမှ မသွားရဘူး၊ ပြီးတော့ မောင်မိုးသောက်နဲ့ မင်္ဂလာကိစ္စ ကို ဒက်ဒီအမြန်ဆုံးစီစဉ်မယ်"

"ဒက်ဒီ"

"မမ"

"လာပြီ မောင်ငြိမ်းသူ"

အန်တီဂရေ့စ် လိုက်ကာအကွယ်က ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



''အခုချိန်ကစပြီး မမတူမကို အိမ်ထဲက အိမ်ပြင် လုံးဝ ပေးမထွက်ပါနဲ့၊ ဖုန်းလည်း ပေးမကိုင်ပါနဲ့၊ အိမ်ကို လုံလုံခြုံခြုံ တံခါးသော့ခတ်ထားခဲ့မယ်၊ ကျွန်တော်သွားပြီ''

''ဒက်ဒီ…ဒက်ဒီ''

တိမ်စင်သာ ခေါ်သံကို ဒက်ဒီက လုံးဝဂရုမစိုက်တော့ဘဲ အိမ်ရှေ့တံခါးမကြီးကို သူကိုယ်တိုင် သော့ခတ်ပြီး ကားကို နေရာမှ ခပ်ကြမ်းကြမ်း မောင်းထွက်သွားလျှင် သူမဘဝမှာ တစ်ခါမှ မကြုံဖူးသော အဖြစ်ထူးကြောင့် နေရာမှာ ကျောက်ရုပ်ကြီးတစ်ခုလို တောင့်တောင့်ငူငူကြီး ဖြစ်သွားရပါသည်။

ဘုရား…ဘုရား…။

သူမနဲ့ ဒက်ဒီကြားမှာ ဘာတွေများ ဘယ်လိုဖြစ်ကုန်ကြ ရတာပါလိမ့်နော်။

ရုတ်တရက် သူမသည် အကြာကြီး ငြိမ်သက်နေမိပြီး တံခါးမကြီးကို အပြေးတွန်းဖွင့်ရန် သတိရလေသည်။

သော့ခလောက်တန်းလန်းနှင့် ငြိမ်သက်နေသော တံခါး ကြီးက သူမကိုလှောင်ပြောင်သရော်လျက်ရှိသည်။ နောက်ဘက် တံခါးပေါက်ရှိရာသို့ ပြေးသွားသော်လည်း ထိုနည်းအတိုင်းပင် သော့ခတ်လျက်။

''အန်တီဂရေ့စ်''

သူမသည် အရူးမလေးလို ဖြစ်သွားရကာ အန်တီဂရေ့စ် နာမည်ကို ခပ်ကျယ်ကျယ်အော်ခေါ်လိုက်ပါသည်။





''စိတ်ကို ငြိမ်ငြိမ်ထားစမ်း တိမ်စင်သာ၊ အခုကိစ္စက ဒီလောက်နဲ့ ခပ်လွယ်လွယ်ပြီးမှာ မဟုတ်ဘူး၊ အန်တီရဲ့သတိပေး စကားကိုမှ နားမထောင်ပဲကွယ်''

''အခုလို ကြုံရလိမ့်မယ်ဆိုတာ အန်တီ ကြိုသိနေခဲ့တာ ပဲ၊ အခုကိစ္စမှာ တိမ်စင်သာ သိပ်မှားတယ်လို့ အန်တီထင်တယ်၊ လိုအပ်ဘဲခေါင်းမာနေတာ အကျိုးကျေးဇူးမရှိပါဘူးကွယ်''

''ကိုမိုးသောက်ကို တိမ်စင်သာ လက်မထပ်ချင်ဘူး အန်တီ''

''အဲဒီအဖြေကိုက တိမ်စင်သာ တစ်ဦးတည်းနဲ့ သက်ဆိုင် တာပါလေ၊ ခေါင်းအေးအေးထားပြီး ဘာလုပ်သင့်တယ်၊ ဘာဖြစ် သင့်တယ်ဆိုတာ အချိန်ယူပြီး စဉ်းစားထားဟုတ်လား''

''ကဲ…ကဲ အနားယူချည်၊ အန်တီဂရေ့စ် အပြင်မှာ ရှိနေမယ်၊ လိုချင်တာရှိရင်ပြော''

အန်တီကိုယ်တိုင် သူမကို အခန်းထဲအထိအတူလိုက်ပို့ ပေးပါသည်။ ခုတင်ပေါ်သို့ ကိုယ်ကို ပစ်လှဲချလိုက်သောအခါ မှကိုယ်ရှိ အားတွေ ကုန်ခမ်းသွားသလို ထင်လိုက်ရသည်။

ဘာတွေလဲ…။

ဘာတွေဖြစ်ကုန်တာလဲဟု တွေးရင်း မျက်ဝန်းအစုံကို မှိတ်လိုက်သောအခါ ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားရပါ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

''မိုးသောက်ဦးဆီက ဖုန်းလာနေတယ် တိမ်စင်သာ လက်ခံပြောမလား၊ မပြောဘူးလား''

အန်တီဂရေ့စ်က သူမရှိရာကို ရောက်လာပြီး တိုးတိတ်စွာ အသိပေးခြင်းဖြစ်ပါသည်။ ညီညီဖုန်းဆိုလျှင် သူမကို လုံးဝအသိ ပေး ပြောကြားခြင်းမပြုဘဲ အန်တီက သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်း ပစ်လိုက်တာဖြစ်ပြီး မိုးသောက်ဦးဖုန်းကိုတော့ဖြင့် အခုလိုပဲ သူမ သဘောထားကို မေးပြီးမှ သူမစိတ်ဆန္ဒကို အဆုံးအဖြတ်ခံယူ တတ်ခြင်းဖြစ်သည်။

''ပြောမယ်''

**သူမသည် အရင့်အရင်နေ့များက မိုးသောက်ဦး၏ဖုန်း ပင် လက်ခံနိုင်စွမ်းမရှိသဖြင့် အန်တီဂရေ့စ် အခုလိုလာပြော အပြတ်ငြင်းပစ်လေ့ရှိသော်လည်း ဒီနေ့တော့ဖြင့် မိုးသောက်ဦး**





အားပြောချင်စိတ်ရှိနေသောကြောင့် အလွယ်တကူ လက်ခံလိုက် လျှာရခြင်း ဖြစ်ပါသည်။

ဒီရက်ပိုင်းအတွင်း သူမ ခေါင်းအေးအေးထားပြီး စဉ်းစား နေပါသည်။ တိကျရေရာသော အဖြေထွက်မလာသေးသော်လည်း သူမ မှားသည်ဆိုတာကိုဖြင့် တိတ်တဆိတ် ဝန်ခံနေမိပါသည်။

ညီညီကို ဒက်ဒီ မနှစ်မြို့နိုင်တာဖြင့် သူမ မတတ်နိုင်သလို ညီညီဆိုတာ သူမရဲ့ အကောင်းဆုံးမိတ်ဆွေသူငယ်ချင်း ဖြစ်ရတာ ကိုလည်း မငြင်းပယ်နိုင်ခဲ့ချေ။

ကံတရားအတိုင်းသာ ဖြစ်ချလိုက်ရမည်ဆိုလျှင်တော့ ဒက်ဒီအလိုကျ ဒီတစ်သက်မှာဖြင့် ညီညီကို ပြန်ခေါ်ဖို့ရာ အစီအစဉ် ပင် မရှိတော့လောက်အောင် အခြေအနေက တင်းမာခက်ထန်လှ ပါသည်။

ထိုအခြေအနေများကို လျော့ပါးပြေလည်အောင် လုပ်ပေး နိုင်သည့်သူမှာ မိုးသောက်ဦးဆိုသည့် လူမှတစ်ပါး တခြားမရှိနိုင် ဟု သူမတွေးမိလာသောအခါ အခုလို ဖုန်းပြောဖို့ဖြစ်လာရခြင်းဖြစ် သည်။

''ဟဲလို''

''တိမ်စင်သာ…ကိုယ်ပါ''

''ဟုတ်ကဲ့၊ **ပြောပါ**''

''တိမ်စင်သာ **နေမကောင်းဘူးဆို**၊ အခုရော နေလို့ ကောင်းပြီလား''



www.burmeseclassic.com

www.burmeseclassic.com



မိုးသောက်ဦး၏ အမေးကြောင့် သူမ အန်တီဂရေ့စ်ရှိရာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ အန်တီက သူမကို ခေါင်းတစ်ချက်ဆတ်ပြပါသည်။

သူမ မည်သူ့ကိုမှ ဖုန်းလက်ခံပြီး မပြောသည့်အချိန်တုန်းက မိုးသောက်ဦးကို အဆင်ပြေအောင် ကြည့်ပြောထားပုံရပါသည်။

"အင်း…ကောင်းပါတယ်၊ လူကပေါ့လေ စိတ်ကတော့နေလို့မကောင်းဘူး"

တိမ်စင်သာ စကားအဆုံးမှာ တိုးညှင်းသာယာစွာ သူ့ထံမှ ရယ်မောသံကို ကြားရသည်။

အင်း…သူ့အတွက်တော့ တိမ်စင်သာ အခုပြောလိုက်တဲ့စကားဟာ ရယ်စရာကောင်းနေမယ်ထင်ပါရဲ့။

ဒါတောင် သူမကို ဒက်ဒီက အကျယ်ချုပ်လုပ်ထားတာ သူမသိသေးလို့နော်။သိများသိရင် ဒီထက်ပိုပြီး အော်ကြီးဟစ်ကျယ် လျှောင်ပြောင်ရယ်မောမည်လား မဆိုနိုင်ပါ။

"ကိုမိုးသောက်ဦးအတွက် တိမ်စင်သာစကားက သိပ်ရယ်စရာကောင်းနေလို့လား"

"အင်း…အဲဒီလိုအမေးခံရမယ်ဆိုတာ ကိုယ်သိသားပဲ ဒါပေမယ့် ကိုယ်က တိမ်စင်သာ ပြောတာလေးကို သဘောကျလို့ ရယ်မိတာပါဗျာ"

"စိတ်ကြည်လင်ပြီး လန်းဆန်းတက်ကြွလာအောင် တိမ်စင်သာ အနေနဲ့ လူတွေအများကြီးရှိတဲ့ ပွဲလမ်းသဘင်တစ်ခုခု





သွားရရင်မကောင်းဘူးလားဟင်"

"မကောင်းပါဘူး"

"ဘာဖြစ်လို့လဲ"

"လူတွေအများကြီးထဲမှာ မနေချင်လို့ပေါ့၊ ပြီးတော့ နှုတ်ခမ်းတွေက ရယ်နေကြပြီး မျက်လုံးတွေက အေးစက်နေတဲ့ လူတွေကို စကားပြောရတာ ဘာအဓိပ္ပာယ်မှမရှိဘူး"

"ကြည့်ပါဦးဗျာ…တိမ်စင်သာပဲ ကြံကြံဖန်ဖန်တွေးပြီး ပြောတတ်တယ်၊ ဘာတဲ့ နှုတ်ခမ်းတွေကရယ်ပြီး မျက်လုံးတွေက အေးစက်တဲ့လူတွေ ဟုတ်လား၊ အဲဒီလိုလူမျိုး ကိုယ်မတွေ့ဖူးသေးဘူးထင်တယ်"

မိုးသောက်ဦး စကားအဆုံးမှာ သူမ ခပ်လျှောင်လျှောင်လေး ပြုံးလိုက်သည်။

"ထင်လို့ပါလေ…အဲဒီလိုလူမျိုးတွေ ကိုမိုးသောက်အနားမှာ ဝိုင်းဝိုင်းလည်နေအောင် ရှိပါတယ်"

"ဟုတ်လားဗျာ…အင်း…တစ်နေ့လောက်မှ အဲဒီလူဘယ်သူဖြစ်နိုင်သလဲဆိုတာ ကိုယ် လေ့လာကြည့်ရဦးမယ်၊ အခုလောလောဆယ်တော့ တိမ်စင်သာကို ကိုယ်နဲ့အတူ အပြင်ထွက်လည်ဖို့ ဖိတ်ခေါ်ပါရစေဗျာ၊ ခွင့်ပြုနိုင်မလားဟင်"

အရင်တုန်းက ပုံစံအနေအထားနှင့်ဆိုလျှင်တော့ သူနှင့်နံဘေးယောက်ထဲ မသွားချင်သဖြင့် ဟင့်အင်း…ခွင့်မပြုနိုင်ပါဘူးဟု ချက်ချင်း တုံ့ပြန်မိမှာဖြစ်သော်လည်း အခုအနေအထားက ဟိုတုန်းက



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆန့်ကျင်ဘက်မို့ သူ့စကားကို မငြင်းဆန်ဘဲ အလွယ်တကူ လက်ခံလိုက်လျှောရန် ဆုံးဖြတ်လိုက်ပါသည်။

"ခွင့်ပြုပါတယ်…ကျွန်မလည်း အိမ်ထဲမှာနေနေရတာ၊ ခေါင်းထဲမှာ ညည်းစီစီကြီးဖြစ်နေပြီ"

"အိုကေ…ကိုယ် တိမ်စင်သာကို ဘယ်အချိန်လာခေါ်ရမလဲဆိုတာကိုသာ ပြောပါ"

သူမ အချိန်ကို အနည်းငယ်စဉ်းစားပြီး ပြောလိုက်ကာ ဖုန်းချလိုက်ပါသည်။

"မိုးသောက်ဦးနဲ့ အပြင်သွားမယ်လား"

"ဒက်ဒီက မသွားရဘူးလို့ မှာထားလို့လား အန်တီ"

"သူနဲ့ကတော့ ခွင့်ပြုထားပါတယ်၊ ပြင်စရာရှိတာပြင်ပါ၊ အန်တီ မောင်ငြိမ်းသူဆီကို ဖုန်းဆက်ဦးမယ်"

အန်တီဂရေ့စ် ဖုန်းခွက်ကို ကောက်ယူလိုက်စဉ်မှာပင် သူမ နေရာက လှည့်ထွက်လာခဲ့သည်။ တစ်ကိုယ်လုံး ခေါင်းလျှော် ရေချိုးပစ်လိုက်သည်။

မှန်တင်ခုံရှေ့မှာ ထိုင်ရင်း အတွေးထဲကို ညီညီပုံရိပ်က ဖျတ်ခနဲ ဝင်ရောက်လာသည်။ ဒီအချိန်လောက်ဆို သူမဆီက ဘာ အဆက်အသွယ်မှမရလို့ ညီညီတစ်ယောက်လည်း ပျာယာခတ်နေလောက်ပြီဟု တွေးလိုက်မိသည်။

ကြည်စင်၍ ပြာလဲ့လဲ့သန်းရုံလေးမျှသာ ရှိသော ဝတ်စုံလေးကိုဝတ်ပြီး ခေါင်းလျှော်ပြီးစ ဆံပင်များကို ဒီအတိုင်း ဖြန့်ချ





ထားလိုက်သည်။ အဖြူရောင်ဖိနပ်နှင့် လက်ကိုင်အိတ်လေးကြောင့် အေးငြိမ်းသော အသွင်သဏ္ဌာန်လေးက ထင်းခနဲ ရှင်းခနဲ ပေါ်လာပါသည်။

"တီ"

"မောင်မိုးသောက် ရောက်နေပြီ တိမ်စင်သာ"

"ဟုတ်ကဲ့…တိမ်စင်သာလည်း ပြီးပါပြီ"

လှပကျော့ရှင်းသော တိမ်စင်သာ၏ အသွင်လေးကို ငေးခနဲ တစ်ချက်စူးစိုက်ကြည့်ပြီး ကားတံခါးကို သူကိုယ်တိုင်ဖွင့်ပေးပါသည်။

အန်တီဂရေ့စ်ကို နှုတ်ဆက်ပြီးနောက် သူမတို့ထွားလေး နေရာမှ ညင်သာစွာ ထွက်သွားတာကို မျက်စိတဆုံးရပ်ကြည့်လျက် ကျန်ရစ်ခဲ့သော အန်တီဂရေ့စ်ကို နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းမြင်နေရပါသည်။

အန်တီ စိတ်ထဲမှာလည်း သူမနှင့် မိုးသောက်ဦးကို ဒက်ဒီလိုပဲ သေချာပေါက် သဘောတူနေမည် ထင်ပါသည်။

"ဘယ်ကိုသွားချင်လဲ တိမ်စင်သာ"

"အေးဆေးတဲ့နေရာတစ်ခုခုဆိုရင် ရပါပြီ"

"ဟုတ်ပြီ…ကိုယ်နားလည်ပြီ"

ကားလေးက လမ်းအတိုင်း တရိပ်ရိပ်ပြေးသွားသည်။ မည်သူမျှ စကားအပိုမဆိုမိကြပါ။ သန့်ရှင်းသပ်ရပ်သော စားသောက်ဆိုင်လေးတစ်ခုမှာ ကားကိုရပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာလေးကို သဘောကျရဲ့လား တိမ်စင်သာ"

"ဟုတ်ကဲ့"

ထောင့်အစွန်းဘက် လူရှင်းသည့်နေရာတစ်ခုကိုရွေးပြီး ထိုင်ဖြစ်ကြသည်။

"ဘာစားမလဲ တိမ်စင်သာ"

"အမှန်အတိုင်းပြောရရင် အခု ကျွန်မစိတ်ထဲမှာ ဘာတစ်ခုမှ စားချင်စိတ်မရှိဘူး"

"အအေးတစ်ခုခုသောက်လိုက်ပါ၊ ကိုယ်မှာလိုက်မယ် ဟုတ်လား"

သူမထံမှ မည်သည့်အဖြေမှ မရခင်မှာပင် သူက စားပွဲထိုးလေးကို အအေးနှစ်ခွက်ယူလာဖို့ မှာလိုက်ပြီးဖြစ်သည်။ ကြည်လင်ခန့်ညားသော သူ့ပုံစံကတော့ ထူးခြားစွာ ဘာတစ်ခုမှမပြောင်းလဲချေ။ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုအပြည့် ဖြစ်လေသည်။

တိမ်စင်သာသည် သူတစ်ဖက်ကိုလှည့်နေတုန်းမှာ တိတ်တိတ်လေး ခိုးကြည့်နေတာဖြစ်ပြီး သူဒီဘက်ကို ပြန်လှည့်လာတာနှင့် ချက်ချင်းပင် အကြည့်လွှဲကာ သူမရှေ့တွင်ချထားပေးသော အအေးခွက်ကို ဟန်မပျက် ငုံသောက်လိုက်ပါသည်။

"ကိုယ်တို့နှစ်ယောက်ထဲ အခုလို အေးအေးဆေးဆေး မတွေ့ရတာ ကြာပြီနော် ချာတိတ်"

အအေးသောက်မပျက် သူမ ခေါင်းညိတ်ပြလိုက်တော့ သူက တိမ်စင်သာ မျက်နှာလှလှလေးကို ပြုံးလျက်စိုက်ကြည့်ပါ





သည်။

"ဒီနေ့ တိမ်စင်သာ သိပ်လှတယ်သိလား၊ ဒီဝတ်စုံလေးနဲ့လည်း သိပ်လိုက်တာပဲ"

"ကျေးဇူးတင်ပါတယ်၊ တိမ်စင်သာကို ချီးကျူးပေးတဲ့အတွက်ပါ"

"အဟွန်း...ဟွန်း ကိုယ်ကသာ ချာတိတ်ကို ကျေးဇူးတင်ရမှာပါ၊ ဘာဖြစ်လို့လဲသိလား"

တိမ်စင်သာ မဖြေပါ။ မိုးသောက်ဦးမျက်နှာကို လှပဝိုင်းစက်သော မျက်ဝန်းပြာကြီးအစုံဖြင့် ပြန်ငေးကြည့်နေရာ သူက တိမ်စင်သာရှေ့သို့ သူ့ကိုယ်ကြီးကို ရုတ်တရက် ကိုင်းချလိုက်ပြီးနောက် လေသံတိုးတိုးဖြင့်...

"ကိုယ်က...တိမ်စင်သာကို သိပ်ပြီးတွေ့ချင်နေတဲ့အချိန်မှာ ချာတိတ်လေးက ကိုယ်အဖြစ်ချင်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးလိုက်လို့ပါ"

"ဒါက ရှင့်အထင်ပါ ဦးမိုးသောက်"

"ဗျာ"

"တိမ်စင်သာ ဘာပြောလိုက်တယ်"

"ကျွန်မကိုယ်တိုင်က အိမ်ထဲမှာ အကြာကြီးမနေချင်လို့ ရှင့်ရဲ့ဖိတ်ခေါ်ချက်ကို လက်ခံခဲ့တာ ရှင်မှမသိဘဲ"

သူမက အဖြစ်မှန်ကိုပြောလိုက်သည်။

မိုးသောက်ဦးက သူ့ဆန္ဒကို ဖြည့်ဆည်းပေးသူအဖြစ် သူမ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျေးဇူးတင်ပါသည်ဟုဆိုလျှင် သူမကလည်း သူမလုပ်ချင်ရာ လုပ်ခွင့်ရလိုက်သော အခြေအနေတစ်ခုအတွက် သူ့ကိုပင်ပြန်၍ ကျေးဇူးတင်ရမလို ဖြစ်နေပါသည်။

တိမ်စင်သာဆိုတာ ဘယ်သူ့အတွက်မှ အဖြည့်ခံမဟုတ်ဘူး။ သူမအတွက် သူတို့ကသာ လိုအပ်သည့်အချိန်မှာ သုံးဖို့ အဖြည့်ခံဖြစ်ရမည်ဟု တွေးလိုက်သည်။

သူမစကားအဆုံးမှာ သူက ပြုံးနေပါသည်။

"ဘယ်လိုပဲဖြစ်ဖြစ်ပါလေ ကိုယ့်အတွက်တော့ တိမ်စင်သာနဲ့ အခုလို ဆုံတွေ့ခွင့်ရတာကိုပဲ ကျေနပ်လှပါပြီ"

သူ့စကားကို သူမ မည်သို့မှ မတုံ့ပြန်ဘဲ ငြိမ်နေလိုက်ပါသည်။ မိုးသောက်ဦးကတော့ သူနှင့်မတွေ့ရသည့် ရက်အတွင်းမှ ပို၍လှပနေသော တိမ်စင်သာမျက်နှာလေးကို ငေးကြည့်နေမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် တိမ်စင်သာကို သူလိုလားနှစ်သက်ပါသည်။ သူမက သူ့အတွက် အသင့်တော်ဆုံး မိန်းကလေးအဖြစ် သူယုံကြည်ထားသည်။ အထူးသဖြင့် သူနှင့်ပြိုင်ဘက်ဖြစ်သော တခြားသူတစ်ယောက်နှင့် သူမကို အပြိုင်ရယူနိုင်ဖို့ ကြိုးစားရခြင်းကို သူပို၍ သဘောကျပါသည်။

ဘယ်အရာမျိုးမှာပဲဖြစ်ဖြစ် အပြိုင်အဆိုင်ရှိနေခြင်းက ထိုအရာကို ပို၍တန်ဖိုးထားနှစ်သက်စေသော အရည်အချင်းကို ဖြစ်စေပါသည်။

အချစ်ရေး၊ အိမ်ထောင်ရေးမှာလည်း ထိုအတိုင်းဖြစ်သည်။





ဖြစ်ရိုးဖြစ်စဉ် လူကြီးမိဘတွေအလိုကျ လူငယ်ချင်းလည်းရင်းနှီးကျွမ်းဝင်လာရပြီးနောက် ခေါင်းညိတ်လက်ထပ်လိုက်ရသော သာမန်ဖြစ်ရိုးဖြစ်စဉ် အနေအထားဆိုတာ ပျင်းစရာကြီးပါ။ စိတ်လှုပ်ရှားပျော်ရွှင်စေသည်က အခုလို လှုပ်လှုပ်ရှားရှား အခြေအနေမျိုးဖြစ်သည့်အကြောင်း သူလိုလူတစ်ယောက်ထဲက ခံစားသိရှိနိုင်ပါလိမ့်မည်။

"မိုး"

"သြော်...ရှိစ်ပါလား၊ မတွေ့ရတာကြာပြီပဲ"

သူတို့စားပွဲဆီသို့ လျှောက်လာပြီး အပြုံးလှလှဖြင့် နှုတ်ဆက်လာသည့် အမျိုးသမီးကို ဖျတ်ခနဲ လှမ်းအကြည့်မှာ မိုးသောက်ဦးနှင့် ထိုအမျိုးသမီးမှာ တစ်ယောက်ကိုတစ်ယောက် အပြုံးကိုယ်စီဖြင့် လက်ဆွဲနှုတ်ဆက်ပြီးဖြစ်သည်။

"ရှိစ်လည်း မိုးကို သတိရနေတာပါပဲ၊ အလုပ်တွေများနေလို့ မဆုံနိုင်ဘူး၊ အခုမှ မိုးနဲ့ တိုက်တိုက်ဆိုင်ဆိုင်ဆုံရတာကိုပဲ ဝမ်းသာလှပါပြီ"

"ရှိစ်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ တိမ်စင်သာတဲ့၊ အန်ကယ်ငြိမ်းသမီးလေ"

"အို...ဟုတ်လား၊ လှလိုက်တာဟယ်၊ ချစ်စရာလေး၊ မမက ရှိစ်ပါ၊ မိုးနဲ့ငယ်သူငယ်ချင်းတွေပါ"

"ဟုတ်ကဲ့...တွေ့ရတာဝမ်းသာပါတယ် မမ"

"မမလည်း ဝမ်းသာပါတယ် ညီမရယ်၊ ခွင့်ပြုဦးနော်



www.burmeseclassic.com

www.burmeseclassic.com



မိုးနဲ့သီမလေး၊ ရှိစ်မှာ ချည့်သည်ပါလာလို့"

"ကောင်းပြီ"

"ဟုတ်ကဲ့မမ"

လုပမြူးကြွသော အသွင်ဖြင့် ရိုစ်ဆိုသည့် အမျိုးသမီးက သူမတို့နားက ထွက်သွားတာကိုကြည့်ပြီး တိမ်စင်သာ ရင်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားသည်။

အကြောင်းက ရိုစ်ဆိုသည့် အမျိုးသမီးနှင့်အတူ ပါလာသည်ဆိုသော ချည့်သည်များအားလုံး သူမနှင့် သက်တူရွယ်တူ အမျိုးသမီးသုံးယောက်ဖြစ်ပြီး ဘာအတွက် တမင်သက်သက် တကူးတကကြီး မိုးသောက်ဦးဆိုသည့် လူကို ထနှုတ်ဆက်ကြောင်း စဉ်းစားမရချေ။

ဒီအပြုအမူဟာ ဘယ်လိုမှ ရိုးသားမှုမရှိဟု သိနေသော်လည်း တိမ်စင်သာအတွက် ထိုထက်ပို၍ မတတ်နိုင်သဖြင့် မသိဟန် ဆောင်နေလိုက်ရ၏။

ထိုအမျိုးသမီးမှာ တခြားသူတွေနှင့် စကားပြောနေသော်လည်း တစ်ချိန်လုံး သူမတို့ဝိုင်းကိုသာ အကဲခတ်လျက်ရှိနေကြောင်း တိမ်စင်သာ ကောင်းစွာရိပ်မိလေသည်။

ရုတ်တရက် သူမဦးခေါင်းထဲမှာ မိုးသောက်ဦး ပြောဖူးသော စကားတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သဖြင့် သူ့မျက်နှာကို မော့ကြည့်လိုက်သည်။

"ဒီမယ်…ရှင် ကျွန်မကိုပြောဘူးတဲ့ စကားတစ်ခုကို





မှတ်မိသေးလား"

"ဘယ်စကားလဲ…ကိုယ် တိမ်စင်သာကို ပြောထားတဲ့ စကားတွေက အများကြီးပဲဆိုတော့ မမှတ်မိတော့ဘူး"

"ရှင်ပဲ နှုတ်ခမ်းတွေချည်းပြုံးပြီး မျက်လုံးတွေအေးစက်နေတဲ့ လူတစ်ယောက်ကို မြင်ဘူးချင်တယ်ဆို"

"ဪ…အဲဒါ ဟုတ်တယ်"

"အခု အဲဒီလူမျိုးကို ရှင်ကြည့်မလား"

"ကြည့်မှာပေါ့၊ ဘယ်မှာလဲ"

တိမ်စင်သာထံမှ တီးတိုးစကားကို စိတ်ဝင်စားသလို သူကမေးလာတော့ သူမ ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"သိပ်ဝေးဝေးမကြည့်ရပါဘူး…အခု ကျွန်မတို့နေရာနဲ့ ခပ်လှမ်းလှမ်းမှာရှိနေတဲ့ စားပွဲက ရိုစ်ဆိုတဲ့ မိန်းမမှာ အဲဒီအပြုံးနဲ့ အဲဒီအကြည့်ရှိနေတယ်၊ ရှင်မယုံရင် လှမ်းကြည့်လိုက်"

"တိမ်စင်သာ"

သူက မယုံကြည်နိုင်သလို အံ့သြသော အမူအရာဖြင့် သူမအမည်ကို ခပ်အုပ်အုပ် လှမ်းခေါ်လိုက်ပြီး သူ့မျက်လုံးများက လိုအပ်သည်ထက်ပို၍ ကျယ်လောင်စီလွင်စွာ ရယ်မောလိုက်သော ရိုစ်ရှိရာကို ရောက်သွား၏။

အံ့သြစရာကောင်းလှစွာဖြင့် ရိုစ်နှုတ်ခမ်းပါးအစုံမှာ အပြုံးတွေ အပြည့်အဝ ဆင်မြန်းတပ်ဆင်ထားသော်လည်း အင်မတန်ပါးနပ်ထက်မြက်သည့် မျက်ဝန်းအစုံမှာ အရောင်တဖျပ်ဖျပ် လင်း



www.burmeseclassic.com

www.burmeseclassic.com



လက်စွာ အေးစက်နေသည့်အဖြစ်ကို တိုက်ဆိုင်စွာပင် တွေ့လိုက်ရခြင်းက မိုးသောက်ဦး၏ နှုတ်ခမ်းအစုံကို သူ့အလိုလို ဆွဲအသွားစေခဲ့သည်။

✦ ✦ ✦





## အခန်း (၁၂)

"နင်...ဘယ်လိုလုပ်လိုက်တာလဲ တိမ်စင်သာရယ်၊ ငါ့ရင်ထဲမှာ နေဆယ်စင်းအပြိုင် ထွန်းလင်းသွားတယ်လို့ ထင်ရလောင်အောင် ဘယ်လောက်နာကျင်ပူလောင်ရတယ်ထင်လဲ"

တိမ်စင်သာထံမှ ဖုန်းရသည်နှင့် ညီညီထံမှ ကြားရသော ပထမဆုံး ပြစ်တင်စကားဖြစ်သည်။ သူစိတ်ဆိုးစိတ်ပူမယ်ဆိုရင်လည်း ပူစရာပါ။

ညီညီကိုလည်း အပြစ်မတင်ချင်။ ကိုယ့်အပြစ်ကိုယ်လည်း ရှာမတွေ့နှင့် အတော့်ကို ခက်ခဲမွန်းကြပ်စရာ ကောင်းလှသော အခြေအနေဖြစ်သည်။

"အေး...နင့်လိုပဲ ငါ့မှာ ရူးမတတ်ခံစားနေရတာ နင်သိရဲ့လား ညီညီ၊ အခု ငါဘာတွေဖြစ်နေတယ်၊ ဘယ်လိုခံစားနေရတယ်ဆိုတာသိရင် နင် အခုလိုတောင် ငါ့ကို အပြစ်တင်နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးသိလား''

''နင့်ဒက်ဒီကိစ္စပဲလား''

''ဒါပဲပေါ့…ဒါ့အပြင် ဘာများရှိဦးမှာလဲ၊ ဒက်ဒီက နင်နဲ့ဆက်သွယ်လို့ဆိုပြီး ငါ့ကို ဟိုလူနဲ့ အမြန်ဆုံးလက်ထပ်ပေးမယ် တဲ့ သိလား''

''ငါ့ကို အပြင်လည်းပေးမထွက်ဘူး၊ ဖုန်းလည်းပေး မဆက်ဘူး၊ အခုတောင် အန်တီဂရေ့စ်ကို မနည်းအသနားခံထားရ တာ၊ အခု ငါ ဘာဆက်လုပ်ရမလဲဆိုတာ နင်ပဲပြောစမ်းပါဦး''

ညီညီဘက်မှ ကျယ်လောင်သော သက်ပြင်းရှိုက်သံကို ကြားလိုက်ရ၏။

''ထင်တော့ထင်သားပဲ…နင့်ဒက်ဒီ စိတ်ကို ငါသိတယ်၊ နင်ဘယ်လိုလုပ်ချင်လဲ၊ မိုးသောက်ဦးဆိုတဲ့လူကို နင်လက်ထပ်နိုင် လို့လား''

''နိုးပဲ''

''ဒါဖြင့် ငါ့ကိုရော''

''ဟင့်အင်း…နင့်လည်းမဟုတ်ဘူး၊ ဘယ်သူမှလည်း မဟုတ်ဘူး၊ အခုငါလိုချင်တာ လွတ်လပ်မှု၊ ငါ့ကို အခုလိုချုပ်ချယ် တာ ငါမကြိုက်ဘူး၊ မခံစားနိုင်ဘူး ညီညီ''

ဒါ အမှန်တွေဖြစ်သည်။

တိမ်စင်သာဘဝမှာ ဒီလိုအဖြစ်မျိုးကြုံရတာ ဒါ ပထမဆုံး နဲ့ နောက်ဆုံးဖြစ်ပါစေလို့ ဆုတောင်းမိတဲ့အထိ ဆိုပေမယ့် အခုကို





သိ ညီညီကို စွန့်လွှတ်ဖို့ မဆုံးဖြတ်ရသေးပါ။

''နင် သိပ်ပြီး စိတ်ဆင်းရဲနေမှာပဲ တိမ်စင်သာ၊ နင် ငါ့ကိုပဲ စွန့်လွှတ်မလား''

''အဲဒီလောက်လွယ်ရင် အခုလို ငါ့ကိုယ်ငါ ဒုက္ခခံမနေ ဘူး ညီညီ''

သူမပြောတာ မှန်နေသဖြင့် တစ်ဖက်က အတော်ကြာ အောင် ငြိမ်သွားသည်။

''ငါတို့ တစ်ခုခုလုပ်မှဖြစ်မယ် တိမ်စင်သာ''

''မသိဘူး…အခုချိန်မှာ ငါ့ခေါင်းတွေပူနေတာပဲ သိတယ်၊ ငါ စိတ်ညစ်တယ် ညီညီရယ်''

တိုးသဲ့စွာ ညည်းညူလိုက်မိသည်။ ဒက်ဒီက အခုချိန်ထိ တိမ်စင်သာကို လွတ်လပ်ခွင့်မပေးသေးဘဲ သူမနားမှာ အန်တီဂရေ့စ် ကို သက်တော်စောင့်လုပ်ခိုင်းထားသည်။

သူမဘက်က ခွတ်တရွတ် လွတ်မြောက်ခွင့်ရအောင် ကြိုးစားရင်ရပေမယ့် သူမကြောင့် အန်တီဂရေ့စ်ကို ဒက်ဒီက အပြစ် ပေးမှာမျိုးကိုလည်း မလိုချင်သဖြင့် ငြိမ်သက်နေခြင်းဖြစ်သည်။

တိမ်စင်သာသည် သူမရင်ထဲက စိတ်ခံစားချက်များကို ကြာရင်း ကိုယ့်ကိုယ်ကို မကျေနပ်ဘဲ ဖြစ်လာသည်။

တကယ်ဆို သူမအနေဖြင့် တစ်စုံတစ်ခုကို ပြတ်ပြတ်သား သား ဆုံးဖြတ်နိုင်ခဲ့လျှင် အခုလို နှောင်ကြိုးသော ခါးသီးမှုဝေဒနာမျိုး ဖြစ်မျိုးနှင့်လည်း ကြုံဆုံစရာမရှိကြောင်း တွေးမိပြန်သေး

www.burmeseclassic.com



ညီညီကို စကားဆက်မပြောချင်တော့ဘဲ နှုတ်ဆက်ကာ ဖုန်းချ လိုက်သည်။

"တစ်ခုခုတော့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ဖို့သင့်ပြီလို့ မ ထင်ဘူးလား တိမ်စင်သာရယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ယောကျ် နှစ်ယောက်ထဲက တစ်ယောက်ကိုတော့ မဖြစ်မနေ ရွေးချယ်ရ ပဲ မဟုတ်ဘူးလား"

"ဘာတွေများ ဒီလောက်တွေဝေနေရတာလဲကွယ် တိမ်စင်သာဆိုတဲ့ မိန်းကလေးဟာ ဘယ်တုန်းကမှ တွေဝေ ညှိုတ်တတ်တဲ့သူမှ မဟုတ်ပဲ"

အန်တီဂရေ့စ်စကားကို တိမ်စင်သာ မည်သို့မှ နှုတ်တုံ ပြီး ပြောမနေတော့ပါ။ အခု တိမ်စင်သာ ကြုံတွေ့ရင်ဆိုင်နေရသည် ပြဿနာက ရိုးရိုးအခက်အခဲမျိုးမဟုတ်သဖြင့် ဘာတစ်ခုမှ တိ ပြတ်သားသော အဖြေကို မထုတ်နိုင်ဘဲ ဖြစ်နေ၏။

အန်တီဂရေ့စ်က ဘေးလူတစ်ယောက်အနေနဲ့ လွယ်လွ ပြောနိုင်ပေမယ့် ခေါင်းလေးတစ်ချက် အညိတ်မှားတာ တိမ်စင်သာရဲ့ဘဝ၊ တိမ်စင်သာရဲ့ အနာဂါတ်အားလုံး ပျက်စီးသွ ရမည့်အရေးကို သူမအနေဖြင့် လေးနက်စွာ အချိန်ယူစဉ်းစား သင့်တော်ရုံအဖြေကို ရမည်ဖြစ်ကြောင်း အန်တီဂရေ့စ်ကို ရှင် မနေချင်။

အိပ်ရာထက်မှာ တိတ်ဆိတ်စွာ ငြိမ်သက်ရင်း သူမကို သူမ အဖြေရှာနေမိ၏။





တိမ်စင်သာ နှလုံးသားက အမှန်တကယ် နှစ်သက်မြတ်နိုး ရာ ယုံကြည်အားကိုးစိတ်ဖြင့် တွဲပြန်လက်ခံနိုင်မည့်သူက ဘယ်သူ သဲ။

မိုးသောက်ဦးလား...။

ဒါမှမဟုတ် ညီညီကိုယ်တိုင်ပဲလား ဆိုတာ သူမကိုယ် တိုင် အဖြေရှာ စဉ်းစား၍မရလေ ပို၍ စိတ်ပင်ပန်းဆင်းရဲရလေ ဖြစ်လာသည်။

တစ်ပြိုင်နက်ထဲမှာပင် ရိုဇ်ဆိုသည့် အမျိုးသမီး၏ မျက်နှာ ကို ဖျတ်ခနဲ မြင်ယောင်လာ၏။ မျက်နှာမှာ တိမ်စင်သာလို င်ကိုယ်သဘာဝကျကျ ဆွဲဆောင်နိုင်သော လှပမှုမျိုးမဟုတ်သော် ည်း အနုစိတ် ပြင်ဆင်ခြယ်မှုန်းထားခြင်းဖြင့် လှပမှုကို ဖန်တီး ယူထားသလို လှပသော ခန္ဓာကိုယ်အချိုးအစားမှာ ယောကျ်ား များလုအတွက် အကောင်းဆုံး စွဲဆောင်မှုဆိုတာကိုတော့ ငြင်းမရ ။

ရိုဇ်နဲ့ မိုးသောက်ဦးတို့ရဲ့ ပတ်သက်မှုကရော ဘယ် ောက် အတိုင်းအတာအထိ ရှိနေမလဲ။ သူပြောပြသလောက် ရသည်မှာ ထိုအမျိုးသမီးမှာ ဖက်ရှင်ဒီဇိုင်းနာတစ်ယောက်ဖြစ်ပြီး င်ခြားခရီး မကြာခဏထွက်ရကြောင်း၊ မိုးသောက်ဦးနှင့် သူမမှာ င်ခြားမှာ အတူတူဆုံဖြစ်တာမျိုးလည်း ရှိကြောင်း၊ ငယ်သူငယ် ်တွေ ဖြစ်ပြီး ဘယ်သူမှ အိမ်ထောင်မပြုသေးဘဲ ရှိနေကြကြောင်း သိခဲ့ရပြီးနောက် သူတို့နှစ်ယောက်ကို ယှဉ်တွဲကြည့်ရမှာ သူမ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အလွှန်ပင် အခံရခက်လှသည့်အဖြစ်ကို ရုတ်တရက် မြင်တွေးမိလာသောအခါ တိမ်စင်သာမှာ သူမကိုယ်သူမပင် လန့် သွားမိသည်။

ဘုရားရေ…။

မိုးသောက်ဦးနဲ့ ပတ်သက်ပြီး တိမ်စင်သာရင်ထဲမှာ ခံစား ဒေါသတွေနဲ့ အဲဒီလောက်တောင် ပူလောင်သွားတယ်ဆိုတော့ ဒါဟာ သူမကြားဖူးနေကြ မနာလိုဝန်တိုခြင်းတွေများလား။

ချစ်ရင် သဝန်ကြောင်တတ်တယ်ဆိုပဲ။ တိမ်စင်သာဆို သူမက မိုးသောက်ဦးအပေါ်မှာ မနာလိုဝန်တိုမိတာ အမှန်ပဲဆို တော့…။

မြတ်စွာဘုရား…။

သူမကိုယ်သူမ မသိနိုင်ခင်မှာပဲ မိုးသောက်ဦးကို ချစ် ရှာမိုးများလားဟု အူကြောင်ကြောင်တွေးရင်း ညီညီကို သတိ လာ၏။

ညီညီကိုယ်တိုင် တိမ်စင်သာမဟုတ်သည့် တခြားမိန်း လေးတစ်ယောက်နဲ့ ရင်းရင်းနှီးနှီး ရယ်ရယ်မောမော အတူရှိနေ သူမကို လုံးဝဂရုမစိုက်ဘဲ ပြစ်ပယ်ထားခဲ့ရင်ရော သူမ ခံနိုင် ရှိမှာတဲ့လား။

ဟင့်အင်း…။

ညီညီမှာ အဲဒီလိုလုပ်ခွင့်မရှိပါဘူး။ ညီညီသာ တိမ်စင် ကို အဲဒီလိုရက်စက်ခဲ့မယ်ဆိုရင် သူမဟာ သိပ်ကိုဝမ်းနည်းထိခိုက်





စွာ နာကျင်ကြေကွဲမိမှာလည်း အသေအချာပါ။

ကဲ…အခု သူမ ဘာလုပ်ရမှာလဲ။ အခုပုံအတိုင်းဆိုရင် တော့ တိမ်စင်သာဆိုတဲ့ မိန်းကလေးဟာ သိပ်ပြီး လောဘကြီး သူဖြစ်နေပြီထင်သည်။

တိမ်စင်သာသည် နှစ်ယောက်စလုံးကို စိတ်ထဲက ချစ်ကြည့်သည်။ နောက်ထပ်တစ်ဖန် နှစ်ယောက်စလုံးကို စိတ်ထဲက မုန်းကြည့်သည်။ ရလာသောအဖြေမှာ ထိုနှစ်ယောက်စလုံးကို ချစ် လည်းမချစ်နိုင်သလို မုန်းလည်းမမုန်းနိုင်ခြင်းတည်း။

အား…။

နောက်ဆုံးတော့ အရူးမလေးတစ်ယောက်လိုပင် အာခေါင် ခြစ်လျက် ရူးရူးရှရှ အော်ဟစ်ပေါက်ကွဲပြစ်လိုက်၏။

"ဘာဖြစ်တာလဲ တိမ်စင်သာ၊ ဘာဖြစ်လို့လဲဟင်"

အန်တီဂရေ့စ်က တိမ်စင်သာအနား ရောက်လာပြီး သူမ ကိုယ်လေးကို ကိုင်လှုပ်လျက် စိုးရိမ်တကြီး မေးမြန်းလာခြင်းဖြစ် သည်။

တိမ်စင်သာသည် အန်တီဂရေ့စ်၏ မျက်နှာကို ပြည့်ပြည့် ချင်း မော့ကြည့်လိုက်သည်။

"ကျွန်မ ဘာဖြစ်လို့လဲ အန်တီဂရေ့စ်"

"ဟင်"

အန်တီဂရေ့စ်က တိမ်စင်သာမျက်နှာကို အံ့သြထူးဆန်းမှု အပေါင်းဖြင့် စေ့စေ့ကြည့်နေပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



''နေကောင်းရဲ့လား ကလေးရယ်၊ အန်တီ ဘာလုပ်ပေးရမလဲ''

''ဟင့်အင်း…ကျွန်မကို အန်တီ ဘာမှလုပ်ပေးစရာမလိုပါဘူး၊ ကျွန်မ နေကောင်းပါတယ်''

တိုးသဲ့စွာ သူမဆိုလိုက်သည့် စကားအဆုံးမှာ အန်တီဂရေ့စ်ထံမှ သက်ပြင်းရှိုက်သံကို ကြားလိုက်ရသည်။

''ဒီလိုပုံစံမျိုးနဲ့ ကြာရှည်ဆက်နေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး တိမ်စင်သာ၊ ကလေးဘက်က တစ်ခုခုကို ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ရင် အန်တီတို့လူကြီးတွေ ဆုံးဖြတ်စီစဉ်တဲ့အတိုင်း တိမ်စင်သာဘက်က နာခံလိုက်ပါကွယ်၊ ကလေးကိုကြည့်ရတာ သိပ်ပင်ပန်းနေပြီ''

သိပ်ပင်ပန်းနေပြီ…။

အင်း…ဒီစကားကိုတော့ တိမ်စင်သာ လွယ်ကူစွာပဲ ဝန်ခံလိုက်ပါသည်။ အမှန်တကယ်လည်း ဆန့်ကျင်ဘက်စရိုက်နှစ်မျိုး ရှိကြသော ယောကျ်ားနှစ်ယောက်ကြားမှာ သူမစိတ်တွေ ပင်ပန်းဆင်းရဲလှပြီဖြစ်သည်။

''အန်တီဂရေ့စ်''

''ဘာလဲ ကလေး၊ ကလေး ဘာလုပ်ချင်တယ်၊ ဘာဖြစ်ချင်တယ်ဆိုတာ အန်တီ့ကို ပြောစမ်း''

''ကလေးစိတ်တိုင်းကျဖြစ်အောင် အန်တီ စီစဉ်ပေးမယ်''

''ကျွန်မ အနားယူချင်တယ်၊ ဘယ်သူနဲ့မှလည်း စကားမပြောချင်ဘူး၊ ဘယ်သူ့ကိုမှလည်း မတွေ့ချင်ဘူး၊ အန်တီနဲ့ ကျွန်မ နှစ်ယောက်ထဲ နေလို့ရတဲ့နေရာ မရှိဘူးလား''

''ရှိတာပေါ့…သိပ်ရှိတာပေါ့၊ ကလေး ဒီမှာ ငြိမ်ငြိမ်လေးနေလိုက်ဦး၊ ကလေးနဲ့အန်တီ ခရီးထွက်ဖို့ အခုပဲ မောင်ငြိမ်းကို စီစဉ်ခိုင်းလိုက်မယ်၊ ဟုတ်လား''

''ဟုတ်ကဲ့ပါ အန်တီဂရေ့စ်''

အန်တီဂရေ့စ် ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေချိန်မှာ တိမ်စင်သာကတော့ ဘယ်သူ့အကြောင်းမှ မတွေးဘဲ အိပ်ရာထက်မှာ မျက်စိမှိတ်ကာ ငြိမ်သက်တိတ်ဆိတ်နေလိုက်ပါသည်။

ထို့နောက် လေးလံတင်းကျပ်နေသော စိတ်များကို ဖြည်းဖြည်းချင်း လျှော့ချလိုက်ပြီးနောက် အရာအားလုံး တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

+++







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

အဖြူရောင်ရေလှိုင်းများ တလိမ့်လိမ့် ပြေးတက်လာပြီးနောက် ကမ်းစပ်သောင်ပြင်ဖြင့် ရိုက်ခတ်ကာ တဖြည်းဖြည်းလျော့ကျ နိမ့်ဆင်းသွား၏။

ပင်လယ်ရနံ့သင်းပျံ့သော လေကို အားပါးတရ ရှူရှိုက်လိုက်သောအခါ ညစ်ညျူးရှုပ်ထွေးနေသော တိမ်စင်သာ၏ စိတ်များမှာ ပြန်လည်ကြည်စင် လန်းဆန်းလာသည်။

လှပသော ပင်လယ်ပြင်နှင့် ကောင်းကင်ပြာကြီးကို ကြည့်ရင်း တိမ်စင်သာ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးလာရာ ထိုအရသာမှာ ဘာနှင့်မှ မလဲနိုင်ချေ။

ကြည့်စမ်းပါဦး...အခုတော့လည်း မှုန်းကျပ်ရှုပ်ထွေးမှုဆိုတာ တိမ်စင်သာနဲ့ လုံးဝမသက်ဆိုင်တော့သလိုပါပဲလား။ သူမရဲ့ အတွေးထဲမှာ ညီညီလည်းမရှိ၊ မိုးသောက်ဦးလည်း မရှိ။ ဘာဆိုဘာမှမရှိ။





ရုတ်တရက် သူမစိတ်မှာ နူးညံ့သွားကာ သီချင်းတစ်ပိုင်းတစ်စကို သဲ့သဲ့မျှ ညည်းညူလိုက်မိသည်။ အစတုန်းကတော့ တိုးတိုးညင်ညင်။ နောက်တော့ စိတ်ပါလက်ပါပင် ထိုသီချင်းကို အစွဲအငင် အဖြတ်အတောက် မှန်မှန် မတိုးလွန်းမကျယ်လွန်း ဆိုညည်းလိုက်သည်။

"ဖြောင်း...ဖြောင်း...ဖြောင်း"

သူမ သီချင်းအဆုံးမှာ ထွက်ပေါ်လာသော လက်ခုပ်သံကြောင့် အသံလာရာသို့ သူမ ဦးခေါင်းလေးကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

"အို"

လူတစ်ယောက်ပါလား...။

တိကျသေချာစွာ ပြောရလျှင်တော့ တိမ်စင်သာထက် အသက်များစွာကြီးသော အန်တီဂရေ့စ်အရွယ် ယောကျ်ားတစ်ယောက်။ ဝါးလုံးသဲ့သပ်သော နှုတ်ခမ်းအစုံကို ကော့ညွှတ်စွာ ပြုံးလျက် လက်ခုပ်တီးနေခြင်းပါလား။

အရပ်မြင့်မြင့်၊ အသားမဖြူမညို၊ အချိုးအစားကျနသော ခန္ဓာကိုယ်မှာ ဘောင်းဘီရှည်အဖြူနှင့် အဖြူခံပေါ်မှာ အပြာရောင်ခပ်နုတ်နုတ်ပါဝင်သော ဟာဝေယံရှပ်အင်္ကျီတစ်ထည်ကို လွတ်လပ်ပေါ့ပါးစွာ ဝတ်ဆင်ထား၏။

"ခွင့်လွှတ်ပါ မိန်းကလေး၊ မင်းရဲ့သီချင်းဆိုသံလေးက



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကောင်းလွန်းလို့ ကျုပ် လက်ခုပ်တီးပြီး ဂုဏ်ပြုမိတာပါ''

အောင်မြင်ကြည်လင်သော အသံပိုင်ရှင်မှာ စကားပြောရာတွင် အင်အားအပြည့်ပါလှသည်။ ထိုလူက လှပသော တိမ်စင်သာ မျက်နှာလေးကို တစ်ချက်စူးစိုက်ကြည့်ပြီး မလှမ်းမကမ်းနေရာတွင် ရပ်လျက် ရှိနေရာမှ သူမရှိရာကို အေးဆေးငြိမ်သက်သော အမူအရာဖြင့် ပျော့ပျောင်းသော သဲမြေကို နင်းဖြတ်လျက် ဖြည်းဖြည်းချင်း လျှောက်လာ၏။

''ရှင်ဘယ်သူလဲ''

''ကျုပ်လား…ကိုယ်လိုသူလိုပါပဲ၊ ကမ်းခြေမှာ ပင်လယ်လေကို ရှူရှိုက်ရင်း အပန်းဖြေဖို့ရောက်လာတဲ့ ဧည့်သည် တစ်ယောက်ပါ''

''ဒါကိုမေးတာမဟုတ်ဘူးရှင့်…ရှင်ဘာကြောင့် ဒီနေရာကို ရောက်လာရတာလဲလို့ မေးတာ''

''ဘာဖြစ်လို့ မင်းက ကျုပ်ကို အဲဒီလိုမေးရတာလဲ ကလေးမရယ်၊ ဒီနေရာကို ကျုပ်အပါအဝင် ဘယ်သူမဆို ရောက်လာနိုင်တာပဲ မဟုတ်လား''

''ဒါပေမယ့်…မိန်းကလေးတစ်ယောက်ထဲ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် သီချင်းဆိုနေတာကို ခိုးနားထောင်တာမျိုးတော့ မလုပ်သင့်ဘူးမဟုတ်လား''

စူးရှတောက်ပလွန်းသော သူ့မျက်ဝန်းအစုံမှာ အရောင်တဖျပ်ဖျပ် လင်းလက်သွားတာကို မြင်လိုက်ရသည်။ ကြည့်စမ်း



ဒီလူရဲ့မျက်လုံးတွေဟာ သိပ်ပြီး ထူးခြားဆန်းကြယ်တာပဲ။

''မင်းမှားနေပြီ ကလေးမ၊ ကျုပ် အခုအသက်အရွယ်အထိ မိန်းကလေးတစ်ယောက် သီချင်းဆိုနေတာကို ခိုးနားထောင်တာမျိုး မရှိခဲ့ဘူး၊ကျုပ် လမ်းလျှောက်ထွက်လာရင်း မင်းရဲ့သီချင်းဆိုသံလေးက သိပ်ကိုဆွဲဆောင်နိုင်လွန်းလို့ ဒီနေရာလေးကို ရောက်လာရတာပဲ''

သူ့ထံမှ ခပ်တည်တည်အဖြေကြောင့် တိမ်စင်သာမှာ ထိုလူကို ဘာပြန်ပြောရမှန်းမသိဘဲ အူကြောင်ကြောင်လေး ပြန်ကြည့်နေမိသည်။ သူပြောပုံအတိုင်းသာဆိုရင်ဖြင့် သီချင်းအဆိုကောင်းသည်ဟု ချီးမွမ်းခံရသော ကိုယ့်ကိုယ်ကိုပင် ဘဝင်မြင့်ရတော့မလိုလို၊ ချီးကျူးစကားဆိုနေသော သူ့ကိုပဲ ကျေးဇူးတင်ရတော့မလိုလိုပါလား။

''ဒါပေမယ့်…ဒီလိုနေရာမျိုးဟာ နည်းနည်းတော့ လူပြတ်တယ်လို့ မထင်ဘူးလား၊ ဥပမာ မင်းလိုမိန်းမလှလေးတစ်ယောက် အနေနဲ့ အဖော်မပါဘဲ ဒီလောက်ဝေးတဲ့နေရာမျိုးကို မလာသင့်ဘူးလို့ ကိုယ်ထင်တယ်''

''ဘာလဲ…ရှင်က ကျွန်မကို ခြိမ်းခြောက်နေတာလား''

''နိုး…နိုး ဖြစ်တတ်တဲ့သဘောလေးကို သတိပေးတာပါ''

''အခုလို သတိပေးတာ လူကြီးမင်းကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မက ဘယ်သူ့ကိုမှ ကြောက်တတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမမျိုး မဟုတ်ဘူးရှင့်''

''ကြိုက်သွားပြီ''

''ဘာရှင့်''

''ခြော်…မင်းရဲ့သတ္တိကို ပြောတာဝါ၊ ကျုပ်က ရဲရင့်ထက်မြက်တဲ့သူကို သဘောကျတယ်၊ ဒါပေမယ့် မင်းမှတ်ထားရမှာက သတ္တိဆိုတာ နေရာတကာ သုံးလို့ကောင်းတာမဟုတ်ဘူးဆိုတာပဲ''

''တစ်ခါ…တစ်ခါ မလိုအပ်တဲ့နေရာမှာ သုံးမိရင် ကိုယ့်ပဲ ဒုက္ခရောက်တတ်တယ်၊ ကဲ…ကျုပ်သွားမယ်''

သူမအနားက ခြေလှမ်းကျဲကြီးများဖြင့် ကျောခိုင်းထွက်သွားသော လူကြီး၏နောက်ကျောပြင်ကို ကြည့်ကာ တိမ်စင်သာ နှုတ်ခမ်းအစုံ တင်းတင်းစေ့သွားသည်။

ဘာလဲ…ဘယ်လိုလူကြီးလဲ။ သူမကို အသားလွှတ်ကြီး ဆရာလာလုပ်သွားတာ ဘာသဘောလဲ။

မုန်းဖို့ကောင်းလိုက်တာ…။

တိမ်စင်သာကိုများ ပြောသွားလိုက်တာ။ သူပြောသလိုဆိုရင် သူမလုပ်ပုံတွေက မိုက်ရူးရဲသိပ်ဆန်နေပြီပေါ့။

သွားစမ်းပါ…။

တိမ်စင်သာဆိုတာ အဲဒီလိုမိန်းကလေးမျိုး မဟုတ်ဘဲ ဘဝ တစ်ခုကို စိတ်ကူးယဉ်တွေ တခမ်းတနား ကြီးကြီးကျယ်ကျယ် လေထဲတိုက်အိမ်ဆောက်နေမယ့်သူမျိုး မဟုတ်ဘူး။





လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ စိတ်ကူးတွေကို ဘောင်ခတ်ထားပြီး အချိန်တွေကို တန်ဖိုးရှိရှိ အသုံးချနေတဲ့သူဆိုတာ အဲဒီလူကြီးမှ မသိဘဲ။

တစ်လှမ်းချင်း ကျောခိုင်းသွားသော လူကြီးကို ဆက်မကြည့်တော့ဘဲ စောစောက သူမထိုင်နေခဲ့သော ကျောက်ဆောင်လေးမှာ ပင်လယ်ပြင်ကို မျက်နှာမူပြီး ထိုင်လိုက်သည်။

အို…ဆည်းဆာရောင်သန်းနေတဲ့ နေဝင်ချိန်ဟာ ဘယ်လောက်များ ကဗျာဆန်လိုက်ပါသလဲ။ ဒီလောက်လှပတဲ့ အချိန်မျိုးတွေ အရင်တုံးထဲက ရှိနေခဲ့တာကို သူမ ဘာကြောင့်များ အခုလို ထိုင်ကြည့်ဖို့ သတိမရခဲ့တာပါလိမ့်။

ပြီးဆုံးသွားသော အချိန်တွေကို နှမြောတသစွာ ဆိုလိုက်မိရင်း စောစောကလူကြီးကို ဖျတ်ခနဲ သတိရလိုက်မိသည်။ မျက်နှာပေါ်မှာလည်း အမွေးအမျှင်တွေ ရှုပ်ထွေးနေတဲ့ လူကြီးပုံစံက လူကြမ်းကြီးတစ်ယောက်နဲ့ တူလှသော်လည်း သူမှာ တိမ်စင်သာ သီချင်းသံကို ခံစားနားဆင်နိုင်သော နူးညံ့သိမ်မွေ့သော အသည်းနှလုံး ရှိနေတာကလည်း အံ့ဩစရာပဲမဟုတ်လား။

သို့သော်လည်း တိမ်စင်သာလို မိန်းမချောလေး တစ်ယောက်နဲ့ စကားပြောရာမှာ နူးညံ့သိမ်မွေ့မှု တစ်ခုမှမရှိဘဲ ဆရာကဲ တပည့်တစ်ယောက်ကို ဆုံးမနေသလိုလို ဘာဖြစ်လို။

သူ့ပုံစံက မိုးသောက်ဦးနဲ့လည်း မတူ။ ညီညီလိုလည်း မဟုတ်။ တစ်မျိုးတော့ တစ်မျိုးပဲဟု တွေးနေစဉ်မှာပင်…



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတ်"

"အမယ်လေး"

သူမအပါးမှာ နီးကပ်စွာ အော်လိုက်သောအသံကြောင့် တိမ်စင်သာကိုယ်လေး ဆတ်ခနဲတုန်သွားကာ အသံလာရာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ စောစောကလူကြီး။

"ဟင်…ရှင်…ရှင်"

"အဟွန်း…ဟွန်း…ဟွန်း"

မျက်လုံးအဝိုင်းသားဖြင့် ရင်ဘတ်ကို လက်ကလေးဖြင့် ဖိထားသော တိမ်စင်သာကိုကြည့်ကာ အားပါးတရ ရယ်မောလိုက် သူကိုကြည့်ပြီး လှပသော သူမမျက်နှာလေးမှာ ကြောက်စိတ်များ လွင့်ပြယ်သျက် ချက်ချင်းပင် မှုံတည်သွား၏။

BURMESE CLASSIC

"ရှင်…ရှင် ဒါဘာလုပ်တာလဲဟင်"

"မင်းပဲ သတ္တိရှိတယ်ဆို၊ မင်းဘယ်လောက် သတ္တိရှိလဲဆိုတာ သိချင်လို့ ကျုပ်ကိုယ်တိုင် စမ်းသပ်ကြည့်တာ"

"ဘယ့်နှယ်လဲ တော်တော်လန့်သွားလား"

သူ့စကားအဆုံးမှာ သူမမျက်နှာလေး ရဲခနဲဖြစ်သွားသည်။

"ဘာရှင့်…လူကို တမင်ခြောက်လှန့်ပြီးမှ ဒီစကား မေးရသေးလား၊ ဒီမယ် ကျွန်မဘာသာ သတ္တိရှိရှိ မရှိရှိ ရှင်နဲ့ဘာမဆိုင်ဘူးသိလား"

"ဟုတ်ပါပြီ…ကျုပ်ကလည်း မင်းနဲ့ကျုပ် သက်ဆိုင်ပတ်သက်တယ်လို့ မဆိုလိုပါဘူးလေ"





"ဒါဖြင့်ရင်လည်း ရှင် ဘာကိစ္စ ကျွန်မဆီ ပြန်လာသေးလဲ"

"မင်းကို ပြန်နိုင်းမလို့"

"ရှင်နိုင်းတိုင်း ကျွန်မက လိုက်လုပ်ရမှာလား"

"လုပ်သင့်ရင်လည်း လုပ်ရမှာပေါ့"

"ဟွင်"

"ရှင်…ရှင် သိပ်လွန်လာပြီနော်၊ ရှင့်ကိုယ်ရှင် ဘာများထင်နေလဲ"

"အဲဒီမေးခွန်းကို ကျုပ်မဖြေခင် မင်းကိုယ်မင်း အရင်မေးကြည့်ပါဦး"

ဒီလူ…ဒီလူ သူမကို တော်တော်ဆရာလုပ် အမိန့်ပေးနေပါလား။ စူးရှတောက်ပသော မျက်ဝန်းအစုံနှင့် ရန်လိုခေါ်သဖြစ်နေသော လှပသည့် မျက်ဝန်းအစုံတို့ လမ်းခုလတ်မှာ အားပြင်းစွာဆုံစည်းသွားကြသည်။

မည်သူကမျှ မည်သူ့ကို အလျှော့ပေးခြင်းမရှိ။ သို့သော် ရှနက်ရှိုင်းလွန်းသော သူ့ထံမှ အကြည့်စူးများက တိမ်စင်သာ၏ ဝိုင်းစက်သော မျက်ဝန်းများမှတစ်ဆင့် အသည်းနှလုံးထဲကိုပင် ဝင်ရောက်ထိုးဖောက်သွားသလို ထင်လိုက်ရခြင်းကဖြင့် အတော့်ကို ဆိုးဝါးလှသည်။

"အချိန်လည်းကြည့်ဦး ကလေးမ၊ မိုးချုပ်နေပြီ၊ ဒီလိုအချိန်မှာ မင်းတစ်ယောက်တည်း ဆက်နေရင် ဘာဖြစ်မယ်ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ…ဘာမှမဖြစ်ဘူး"

အမှောင်ထုလွှမ်းစပြုနေပြီဖြစ်သော ပတ်ဝန်းကျင်ကို တစ်ချက်မျှ ဝေ့ဝဲကြည့်လိုက်ပြီး ဆတ်ဆတ်ထိမခံ တုံ့ပြန်လိုက်ပေမယ့် စိတ်ထဲမှာ နည်းနည်းတော့ ကြောက်လာမိသလိုပင်။

ဒါကလည်း ဒီလူက ခြိမ်းခြောက်နေလို့ပါ။ ပုံမှန်ဆိုရင် တိမ်စင်သာကိုယ်တိုင်လည်း ဒီမှာ ခဏလောက်ထိုင်ပြီး ပြန်တော့မလို့ပါပဲ။

အခုတော့ သူမကို ဆရာလုပ်လွန်းသူကို တမင်ပြန်ပြီး အရွဲ့တိုက်ပေမယ့် လူကတော့ နေရာက ထရပ်ပြီးသား ဖြစ်နေပါသည်။

"ကဲ…ဒီထက်မိုးမချုပ်ခင် ကျုပ်တို့ ဒီနေရာက သွားကြစို့၊ ဒီအချိန်လောက်ဆို ကလေးမနဲ့ အတူပါလာတဲ့ အဖော်လည်း စိတ်ပူနေလောက်ပြီ"

BURMESE CLASSIC

ထိုစကားကိုတော့ သူမ ခံငြင်းမနေတော့ပါ။

အမှန်တကယ်လည်း တိမ်စင်သာပျောက်နေလို့ အန်တီဂရေ့စ် စိတ်ပူနေလောက်ပြီဟု သိနေပါသည်။

"ရှင့်ဘာသာ သွားနှင့်ပါ၊ ကျွန်မနောက်က လိုက်ခဲ့မယ်"

ဆောင့်ဆောင့်အောင့်အောင့်နှင့် သူ့နားရောက်လာသူကို ဦးရန်ပိုင် တစ်ချက်မျှ ငုံ့ကြည့်လိုက်သည်။ မိန်းကလေးအများစု ထဲမှာ သူမဟာ အရပ်မြင့်သူတစ်ယောက်လို့ ဆိုရပေမယ့် ဦးရန်ပိုင်နှင့် နှိုင်းစာလျှင်တော့ သူမအရပ်က သူ့ထက် ခေါင်းတစ်လုံးစာ နိမ့်နေသဖြင့် သူမကို ငုံ့ကြည့်ရခြင်း ဖြစ်သည်။





ချောသည်၊ လှသည်။ ပြီးတော့ သိပ်ပြီးစွာသည်။ ပုံစံလေးက ဖွတ်တရွတ်။ စကားပြောတော့လည်း ဂျစ်ကန်ကန်။ သူမ မှန်သည်ထင်တာမျိုးကို စွတ်လုပ်မယ့်ပုံမျိုး ဖြစ်ပြီး ဘယ်သူကမှ သူမကို ဆရာလုပ်တာမျိုးကိုလည်း ကြိုက်ပုံမရ။

မိဘတွေက အလိုလိုက်လွန်း၍ ဆိုးနေသော ကလေးမနှင့် တူသည်။ ဒီလိုဒေါသဖြစ်လွယ်သော စိတ်ဆိုးလွယ်သော သူမကို ဦးရန်ပိုင် စိတ်ထဲမှာ စချင်နောက်ချင်သည်။

သူ့ဘဝမှာ ဒီလိုပုံစံ အဆိုးလေးမျိုး မကြုံဘူးသေးပါ။ အားလုံးက ဦးရန်ပိုင်သဘောကျ၊ ဦးရန်ပိုင်အလိုအတိုင်း ပြေလည်အောင် လိုက်လျောကြသူတွေချည်း။

ဘယ်သူကမှ သူလိုလူနှင့်ဆန့်ကျင်ပြီး ဘာတစ်ခုမှမလုပ်ရဲ။ သူ့ကိုကြောက်လို့တော့မဟုတ်။ သူစိတ်ဆိုးမှာ သူမျက်နှာညိုလျှင် သူတို့ရမည့်အခွင့်အရေးတွေအားလုံး ဆုံးရှုံးသွားကြမှာ ကြောက်၍ဖြစ်သည်။

ဒီကလေးမကတော့ ထိုသို့မဟုတ်…။

ဦးရန်ပိုင် ဘယ်လိုလူလဲဆိုတာလည်း မသိ။ သူလိုလူတစ်ယောက်က အခုလို အရေးတယူ ဂရုတစိုက် စကားဆို၊ အစိုးနိုးပိုပေးနေတာကိုသော်မှ ကျေးဇူးတင်ဖော်မရ။

လှပသည့် မျက်နှာလေးက မှုတေတေဂျစ်ကပ်ကပ်နှင့် အနားမှာ ဦးရန်ပိုင်လိုလူ ရှိနေတာကိုတောင် သူမနဲ့ အဝေးဆုံးကို



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားစေလိုပုံရသည်။

ဦးရန်ပိုင် လိုချင်တာကလည်း ဒါပဲဖြစ်သည်။ သူ့ဘဝအတွက် အစစ်အမှန်ဆိုတာ အခုလက်ရှိ အခြေအနေလေးသည်သာ အမှန်ဆုံးဖြစ်သည့်အတွက် ဦးရန်ပိုင်ရင်ထဲမှာ ကြည်နူးကျေနပ်သွားသည်။

"သွားလေ…ဘာလို့ရပ်နေတာလဲ"

စိတ်မရှည်သံလေးနှင့်အတူ မကြည်သလို အကြည့်လေးကို မပြုံးမိအောင်နေရသည်။

"အတူတူသွားလို့မရဘူးလား"

"မရဘူး"

"ဘာဖြစ်လို့လဲ"

"အိုး…အစထဲက ရှင်ကြီးနဲ့ကျွန်မ အတူတူလာကြတာ မှမဟုတ်တာဘဲ၊ ကိုယ့်လမ်းကိုယ်သွားပါ"

"လမ်းကတော့ အတူတူပါပဲ၊ နှစ်ယောက်အတူသွားလို့လည်း ကျဉ်းမသွားနိုင်ပါဘူးဗျာ"

"ရှင် ဘယ်လိုလူလဲ"

"ပြောပြီးပြီလေ…သူလိုကိုယ်လိုပါပဲဆိုတာ"

သူလိုလူတစ်ယောက်နဲ့ ပြိုင်ပြီး စကားပြောနေလို့ကတော့ သူမပဲ ရှုံးတော့မည်ဟု သိလိုက်ရပြီမို့ မကျေမနပ်နှင့်ပင် ခြေလှမ်းကို စတင်လိုက်ရသည်။

မိုးချုပ်နေပြီမို့ အန်တီဂရေ့စ် စိတ်ပူနေလောက်ပြီဖြစ်ကြောင်း တွေးမိလာသဖြင့် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းနေသမျှ သူကလည်း ဦးရန်ပိုင်အနားမှာ သက်တောင့်သက်သာအမူအရာဖြင့် ခပ်အေးအေး လိုက်ပါလာ၏။

ဟိုးအဝေးမှာ အန်တီဂရေ့စ်ကို လှမ်းမြင်လိုက်ရသဖြင့် အပြုံးမျက်နှာဖြင့် အန်တီဂရေ့စ်ကို လက်လှမ်းပြလိုက်သည်။

"အန်တီဂရေ့စ်"

"ကလေး"

ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် အန်တီဂရေ့စ် ရှိရာကို ပြေးထွက်ခဲ့သည်။

ဟိုလူကြီးကို နောက်ပြန်လှည့်ကြည့်ဖို့ သတိမရ။ ရေပြာလှိုင်းတို့ကို ကျောခိုင်းပြီး တူဝရီးနှစ်ယောက် ဘန်ဂလိုရှိရာသို့ အတူလျှောက်ခဲ့ကြသည်။





+++



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

''ကလေး…တိမ်စင်သာ''

သူမပခုံးကို ဖွဖွလှုပ်နှိုးရင်း သူမအမည်ကိုပါ ခေါ်နေသော အန်တီဂရေ့စ်ကြောင့် လေးလံနေသော မျက်လုံးအစုံကို အားယူဖွင့်ကြည့်လိုက်တော့ သူမခုတင်ဘေးမှာ ဝင်ထိုင်နေသော အန်တီဂရေ့စ်မျက်နှာကို ခပ်ဝါးဝါးမြင်လိုက်ရ၏။

''နိုးပြီလား…တိမ်စင်သာ''

''ဟုတ်…ဘာကိစ္စရှိလို့လဲ အန်တီဂရေ့စ်''

''ဒီမှာလေ…တိမ်စင်သာမှာထားတဲ့ပန်းတွေ စောစောပဲ လာပို့သွားလို့ အန်တီယူထားလိုက်တယ်''

''ရှင်''

လေးလံသော မျက်လုံးအစုံ ချက်ချင်းပြူးဝိုင်း ကြောင်အသွားလျက် လှပစွာ ထုတ်ပိုးထားသော နှင်းဆီပန်းတွေရှိရာကို





အကြည့်ရောက်သွားသည်။

ပြီးတော့ အန်တီဂရေ့စ်မျက်နှာကို ကယောင်ကတမ်း လေးမော့ကြည့်လိုက်သည်။

''ဒီပန်းတွေ ဘယ်သူလာပေးသွားတာလဲ အန်တီ''

''လူငယ်လေးတစ်ယောက်ပဲ…ဘာဖြစ်လို့လဲ''

''မှားနေပြီ အန်တီရဲ့''

''ဘာမှားတာလဲ ကလေးရဲ့၊ အန်တီနားလည်အောင် ပြောစမ်းပါဦး''

''ဒီပန်းတွေ ကျွန်မ မမှာဘူး၊ အဲဒီလူ အခန်းမှားပြီး လာပို့သွားတာ''

''ဟုတ်ပါ့မလား တိမ်စင်သာရယ်၊ ဟိုက မင်းနာမည်မေးပြီး ရောက်လာတာ သိရဲ့လား''

''ဘုရားရေ…သူက တိမ်စင်သာနာမည်ကို မေးတယ်ဟုတ်လား''

ရင်ဘတ်ကိုဖိပြီး အိပ်ရာက ဝုန်းခနဲခုန်ထလိုက်ပုံကို ကြည့်လျက် အန်တီဂရေ့စ် နှုတ်ခမ်းကိုစေ့ပြီး မျက်စောင်းကိုဝင့်လျက် ကြည့်၏။

''အခုမှ အလွန့်အကြား လုပ်မနေနဲ့၊ ဟိုနှစ်ယောက်ထဲက တစ်ယောက်ယောက်ပဲ''

''ဟင်''

''သူတို့က ဘယ်လိုလုပ်ပြီး တိမ်စင်သာ ဒီမှာရှိတာကို



www.burmeseclassic.com

www.burmeseclassic.com



သိသွားကြတာလဲ အန်တီရယ်၊ စိတ်ညစ်ပါတယ်ဆိုမှ''

''အခုမှ စိတ်ညစ်ပါပြီ လုပ်မနေနဲ့၊ ကိုယ်စခဲ့တဲ့ တော လမ်း ကိုယ့်ဘာသာ အဆုံးသတ်ပေတော့ အန်တီသွားတော့မယ်''

''ဘယ်ကိုလဲ အန်တီက''

''ကျောက်ပုဇွန်မှာထားတယ်၊ ပို့သွားပြီလေ၊ ဒေါ်ကြီး ကို ချက်ပြုတ်ဖို့ စီစဉ်ညွှန်ကြားရဦးမှာပေါ့၊ အိပ်ရေးမဝရင် ပြန်အိပ် ချင်အိပ်ဦး၊ အခန်းတံခါး ပြန်ပိတ်ပေးခဲ့မယ်''

ပြောပြောဆိုဆို အန်တီဂရေ့စ်က သူမ အိပ်ခန်းတံခါးကို ညင်သာစွာ ဆွဲပိတ်ပေးသွားသဖြင့် အခန်းထဲမှာ တိမ်စင်သာ တစ်ယောက်ထဲ ကျန်ရစ်ခဲ့သည်။

လှပသော ပန်းစည်းကြီးကို တစ်ချက်ကြည့်ပြီး အိပ်ရာ မှာ ဝုန်းခနဲ ပြန်လှဲချလိုက်သည်။

ညီညီလား…။

မိုးသောက်ဦးလား။

ဒီအထိတော့င် လိုက်လာသည်ဆိုတော့ ခွဲက တော့ မဟုတ်။ဘယ်သူပဲဖြစ်ဖြစ် တစ်မှတ်ပိုပေးရတော့မည်ထင်သည်။

သင်းပျံ့သော နှင်းဆီပန်းရနံ့က တိမ်စင်သာ နှာခေါင်း ကို ဆွတ်ချူသွား၏။

နေစမ်းပါဦး…။

ဒီကိုထွက်လာတာ ဘယ်သူ့ကိုမှ အသိမပေးဘဲ တိတ် တိတ်လေး တူဝရီးနှစ်ယောက် ထွက်လာတာပါ။ဘယ်လိုလုပ်ပြီး





တိမ်စင်သာ ဒီမှာရှိတယ်ဆိုတာ သိသွားတာလဲ။ သူတို့ကို ဘယ်သူ ပြောလို့လဲ။

အန်တီဂရေ့စ်လား၊ မဖြစ်နိုင်ပါ။ ဒက်ဒီဆိုရင် ပိုလို့တောင် ပြောမည်မဟုတ်။

အင်း…ပြောလို့ကတော့ သိပ်မရ။ ဒက်ဒီက ညီညီကို ကြည့်မရ၍ တိမ်စင်သာနဲ့ အဆက်ဖြတ်ခိုင်းထားပြီးသားဆိုတော့ လူကြီးချင်း သဘောတူထားသူ၊ ဒက်ဒီစိတ်ကြိုက် ရွေးချယ်ထား သည့် သားမက်လောင်း မိုးသောက်ဦးပဲ ဖြစ်ဖို့များသည်။

ညီညီနှင့် ဒက်ဒီက သိသည့်အတိုင်း တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်းဆိုင်ဖို့ဆိုတာထားလို့ ညီညီနာမည်ကြား တာနှင့်ပင် ဒက်ဒီမှာ နှုတ်ခမ်းမွေးကြီး ကော့တက်လာအောင် ဒေါသတွေဖြစ်နေသူ။

မိုးသောက်ဦး…။

ရှင်…ကျွန်မနောက်ကို လိုက်လာတယ်ပေါ့ ဟုတ်လား။ ရှင့်အစွမ်းအစနဲ့ မဟုတ်ဘဲ ဒက်ဒီကြောင့်ဆိုရင်တော့ ရှင့်ရဲ့လုပ်ရပ် ကို ကျွန်မ လုံးဝအထင်ကြီးလိမ့်မယ် မထင်ပါနဲ့…။

ရှင်က…ဒက်ဒီလူ၊ ဒက်ဒီအစွမ်းအစနဲ့ ရောက်လာတာ ကျွန်မသိနေတဲ့အတွက် ရှင့်ကို အမှတ်ပိုမပေးနိုင်တာ ခွင့်လွှတ်ပါ။

အိပ်ရာထက်က တစ်ချက်လူးလွန့်လိုက်ပြီး ပန်းနုရောင် နှင်းဆီပန်းစည်းကို လှမ်းယူလိုက်တော့ အထဲမှာ ကဒ်ပြားလေး တစ်ခုထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာရှိသော မနက်ခင်းပါ တိမ်စင်သာ။ စာက ဒါပဲ ဖြစ်သည်။

ကွန်ပျူတာဖြင့် ရိုက်ထားခြင်းဖြစ်သည်။တိမ်စင်သာ မျက်ခုံးလေး တွန့်သွားသည်။ စာအောက်မှာ ဘာလက်မှတ်မှ မပါ သလို နာမည်လည်းမပါ။

ဒါ…မိုးသောက်ဦးပို့တာလား။ တိမ်စင်သာလည်း သေချာမသိ။ ဘာပဲဖြစ်ဖြစ် သူ ဒီရောက်နေပြီဆိုတော့ သူမကို အနေးနှင့်အမြန် ဆက်သွယ်မှာ သေချာသည့်အတွက် ခေါင်းအရှုပ် ခံပြီး စဉ်းစားမနေတော့ဘဲ ကဒ်ပြားလေးကို စားပွဲပေါ်လှမ်းတင် လိုက်ပြီး လုပသောပန်းတွေကို ညင်သာဖွဖွ တစ်ချက်ငုံ့နမ်းလိုက် သည်။

ထို့နောက်…ပန်းများကို.စားပွဲပေါ် အသာပြန်တင်လိုက် ပြီး ရေချိုးခန်းဝင်ခဲ့သည်။ မျက်နှာသစ်၊ သွားတိုက်နေရာမှ တစ်ခါ ထဲ ခေါင်းလျှော်ရေချိုးပစ်လိုက်သည်။

မိုးသောက်ဦးနဲ့တွေ့ရင် သူမ ဘာပြောရမလဲဟု စဉ်းစား ကြည့်မိသည်။ ဒီလိုနေရာမှာ သူနဲ့ နှစ်ယောက်ထဲ ပြန်တွေ့ရမည် ဆိုတော့ စိတ်ထဲမှာ နည်းနည်းတော့ ထူးဆန်းသလို ထင်မိသည်။

ရန်ကုန်မှာချည်း အမြဲမြင်တွေ့နေရသော လူတစ်ယောက် ကို တခြားတစ်နေရာမှ ပြန်ဆုံရသော စိတ်ခံစားချက်ကို သူမလည်း သေချာတော့မပြောတတ်။ မှန်တင်ခုံရှေ့မှာ သူမထိုင်နေစဉ်မှာပင် အခန်းတွင်းသို့ ပန်းအိုးအလွတ်တစ်ခုနှင့်အတူ အန်တီဂရေ့စ် ရောက်





လာသည်။

"ကြည့်စမ်း…ခေါင်းကဆံပင်တွေကို ရေစင်အောင် ဘယ်တော့မှ မသုတ်ဘူး၊ ကိုယ့်ကိုယ်ကို မှန်ထဲကြည့်ပြီး ဘာလုပ် နေတာတုန်း"

"စဉ်းစားနေတာ"

"ဘာမှစဉ်းစားမနေနဲ့၊ ဒီထက်ရှင်းတဲ့အဖြေ မရှိဘူး"

ပြောပြောဆိုဆို အန်တီဂရေ့စ်က သေသပ်စွာ ထုတ်ပိုး ထားသော ပန်းစည်းကို ဖွင့်ပြီး ပန်းတွေကို အိုးလွတ်ထဲမှာ လှပ စွာ ထိုးစိုက်လိုက်ပြီး တစ်ပွင့်သောပန်းကိုတော့ သူမလက်ထဲကို လာထည့်၏။

"ဘာလုပ်ရမှာလဲ အန်တီရဲ့"

"လုပ်ချင်တာလုပ်"

အနားက တဘက်တစ်ထည်ကို ဆွဲပြီး အန်တီဂရေ့စ်က တိမ်စင်သာ ဆံပင်တွေကို ရေစင်အောင်သုတ်ပြီး ဆံပင်အခြောက် ခံကရိယာလေးဖြင့် လေမှုတ်ပေးသည်။

"ယောကျ်ားရပြီးရင်လည်း ဒီလိုပဲ ထုံပေပေလုပ်မနေနဲ့၊ သူတို့က အန်တီဂရေ့စ်လို ညည်းလေးကို ဂရုစိုက်ပြီး တယုတယ ပြုစုနေမှာမဟုတ်ဘူး၊ သူတို့ကသာ အကြင်နာအယုအယခံပြီး ညည်း လေးအပြုအစုကို စောင့်နေမှာသိရဲ့လား"

"မိုးသောက်ဦးဆိုရင်တော့ ဟုတ်မှာပေါ့"

"ဩော်…ညီညီဆိုရင်တော့ အန်တီပြောသလို မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့''

''ထင်ရတာပဲလေ…သူက တိမ်စင်သာအတွက် အမြဲ ထည့်စဉ်းစားပေးတတ်တဲ့သူဆိုတော့ သူ့ကို တိမ်စင်သာ ဂရုမစိုက်မိဘဲ နေတဲ့အခါကြရင် နားလည်ပေးနိုင်မလားလို့ပါ''

''အပိုတွေပါအေ …ဒါတွေဟာ တစ်ယောက်နဲ့ တစ်ယောက် မရခင်တုန်းကပါ၊ ရလည်းရပြီးရော အန်တီပြောတာ မှန်လှချည်ရဲ့လို့ ပြောမနေနဲ့''

''အဟင်း…ဟင်း…ဟင်း''

နှုတ်ခမ်းတစ်ဖက်ကို ရွဲ့တက်သွားအောင် ယောကျ်ား မကောင်းကြောင်း ပြောနေသည့် အန်တီဂရေ့စ်ပုံစံကိုကြည့်ပြီး မအောင့်နိုင်ဘဲ သူမရယ်လိုက်မိသည်။

''အန်တီဂရေ့စ်က ယောကျ်ားတွေ ကောင်းကြောင်း ဘယ်တုန်းကမှ မပြောဖူးဘူးနော်''

''ကောင်းမှမကောင်းဘဲ၊ မကောင်းဘူးပဲပြောမှာပေါ့''

''ယောကျ်ားတွေကို မုန်းနေတာလားဟင်''

''ချစ်ကိုမချစ်တာ''

''ခစ်''

အန်တီဂရေ့စ်အပြောကို သဘောကျစွာ ရယ်လိုက်မိသည်။

''တိမ်စင်သာလည်း…အန်တီလိုပဲ ဘယ်ယောကျ်ားကိုမှ မချစ်ရင်ကောင်းမယ်''

''ဖြစ်ချင်ရင် လွယ်လွယ်လေးပါ၊ အားလုံးကို ဆောင်





ဆိုရင် ပြီးပြီ၊ ပြီးမှ ထိုင်ငိုမနေနဲ့''

''ကျွန်မက ဘာလို့ငိုရမှာလဲ အန်တီ''

''အန်တီဂရေ့စ်ကြောင့် တစ်ကိုယ်တည်း အပျိုကြီးဖြစ်ရတယ်ဆိုပြီးတော့လေ''

''အဟင်း…ဟင်း…ဟင်း''

''ကဲ…ကဲ မမလေး ရယ်မနေနဲ့၊ အဝတ်လဲတော့ မနက်စာအားလုံး အသင့်ပြင်ထားပြီးပြီ၊ ထွက်ခဲ့တော့''

''ဟုတ်ကဲ့ပါ အန်တီရဲ့''

တိမ်စင်သာ အဝတ်လဲပြီး ထွက်လာချိန်မှာ မနက်စာကို ပူနွေးမွှေးကြိုင်စွာ တွေ့လိုက်ရသည်။

''မုန့်ဟင်းခါးတွေပါလား အန်တီ၊ ချက်တာလားဟင်''

''ဒေါ်ကြိုင်ချက်တာလေ…ဒီမှာ ဘဲဥ၊ ငါးဖယ်၊ အကြော်စုံပဲ၊ အဝသာစား၊ အန်တီတော့ ဘေးခန်းတွေနည်းနည်း ပါးပါး ဝေလိုက်ဦးမယ်''

''အန်တီက စားပြီးတာလား''

''ပြီးပြီပေါ့ ကလေးမရယ်၊ အချိန်ကိုလည်း ကြည့်ဦးမှပေါ့၊ စားပြီး လမ်းလျှောက်ရင် မနေ့ကလို အဝေးကြီးကိုမသွားနဲ့နော်၊ ဒီနား နီးနီးနားနားပဲသွား ဟုတ်လား''

''ဟုတ်ကဲ့ပါ''

''အင်း…ပြောလိုက်ရင်တော့ ချောနေတာပဲ၊ ပြီးမှလည်း ချင်ရာလုပ်တာ ခက်တယ်''



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးတစ်ယောက်လို တပြစ်တောက်တောက် ပြောပြီး ထွက်သွားသော အန်တီဂရေ့စ် ကျောပြင်ကိုကြည့်ပြီး ပြုံးလိုက်မိသည်။

အန်တီပြောမယ်ဆိုရင်လည်း ပြောစရာပါ။ တိမ်စင်သာဆိုတာ လိမ္မာသိတတ်သော မိုင်းကောင်းကျောက်ဖိ မိန်းကလေးမျိုး မဟုတ်တာ ကိုယ့်ဘာသာကိုယ် သိပါသည်။ ဒါကလည်း ဒက်ဒီတို့ မောင်နှမနှစ်ယောက်စလုံးက မိတဆိုးဆိုးပြီး ငယ်ငယ်လေးက မပြောရက် မဆိုရက် အလိုလိုက်ထားခဲ့မှတော့ အခုလို အပိုးမကျိုးတာလေးတွေ ပြန်မပြော နားမထောင်တာလေးတွေ၊ စိတ်နောက်ကိုယ်ပါ တဇွတ်ထိုးလုပ်တတ်တာလေးတွေ ဖြစ်လာရခြင်းများလား မဆိုနိုင်။

လက်ရာကောင်းလှသော မုန့်ဟင်းခါးစားပြီးနောက် ဖြူလွှသော သဲမြေကို နင်းလျှက် ခြေဦးတည့်ရာ လမ်းလျှောက်ထွက်ခဲ့ရင်း မနေ့က လူကြီးကို ဖျတ်ခနဲ သတိရလိုက်သည်။

သူကလည်း ညေ့သည်ဆိုတော့ ပြန်သွားပြီလား၊ ဒီမှာပဲလားမသိ။ သေချာတာကတော့ သူမလို အိပ်ရာထဲမှာ တန်ဖိုးရှိတဲ့ အချိန်တွေကို ဖြုန်းတီးပစ်မယ့်သူမျိုးမဟုတ်။

သူ့ပုံစံကြည့်ရတာ လန်းလန်းဆန်းဆန်း တက်ကြွမှု အပြည့်ရှိပြီး ကျန်းမာရေးလိုက်စားသူတစ်ယောက်နှင့် ပိုတူသည်။ အနီခံပေါ်မှာ အစိမ်းရောင်တောက်ပနေသော အုန်းစိမ်းခက်ကလေးများပါဝင်သော တိမ်စင်သာဝတ်စုံလေးက လေမှာ တဖျပ်ဖျပ် လွင့်





မျောနေသလို ရွှေညိုရောင်ဆံပင်လေးတွေကလည်း လေမှာ ပျံ့ဝဲနေ၏။

တိမ်စင်သာသည် မိုးသောက်ဦးကို ဘယ်လိုအချိန်မှာ ဘယ်လိုပုံစံနှင့် တွေ့ရမလဲဟု တွေးရင်း ကျန်ရစ်ခဲ့သော ပန်းများကို သတိရလာ၏။

အမည်မဖော်ဘဲ ပန်းတွေပေးဖို့လာခြင်းက သူမကို စိတ်ဝင်စားမှုရှိအောင် စွဲဆောင်ခြင်းတစ်မျိုးဟု ဆိုရပေမည်ဖြစ်သော်လည်း ထိုပန်းပိုင်ရှင်မှာ တခြားသူမဟုတ်ဘဲ မိုးသောက်ဦး ဖြစ်နေတာကို ကြိုသိထားသော သူမအတွက် သိပ်ပြီးတော့ ပျော်ရွှင်စရာမကောင်းလှချေ။

ဒက်ဒီကြောင့် သူဟာ တိမ်စင်သာရှိတဲ့နေရာကို သိရတာ၊ ဆိုရင်ဖြင့် ညီညီကိုလည်း သူမ ဒီမှာရှိနေကြောင်း အသိပေးလိုက်မှ တရားမျှတရာ ရောက်မည်ဟု တွေးနေမိသည်။

နှစ်ယောက်စလုံးတွင် ညီမျှသော အခွင့်အရေးရှိရမည်။ ဘယ်သူမှ ပို၍မဖြစ်။ ဒါမှ နှစ်ယောက်ထဲက တစ်ယောက်ကို မဖြစ်မနေ ရွေးချယ်သည့်အခါ မှန်ကန်တိကျသောအဖြေကို ရမည်ဟု ထင်သည်။

"ဟဲလို မောနင်းပါ မိန်းကလေး"

မျက်မှန်အမည်းနှင့် အုန်းလက်ဦးထုပ် ဆောင်းထားသော လူတစ်ယောက် တိမ်စင်သာရှေ့ ရောက်လာပြီး နှုတ်ဆက်စကားဆိုလိုက်ရာ ထိုလူကို ရုတ်တရက် မမှတ်မိဘဲ ကြောင်ကြည့်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



မှာပင် သူက တစ်ချက်မျှရယ်မောလျက် မျက်မှန်ကို ချွတ်လိုက်၏။

''ဟင်…ရှင်''

''ဟုတ်ပါတယ်၊ ကျုပ်ပါ၊ ဘယ်နှယ့်လဲ မှတ်မိပြီလား၊ စောစောတုန်းကတော့ ကျုပ်ကို မခေါ်ချင်လို့ တမင်မမြင်ဟန်ဆောင်သွားတယ်လို့ ထင်နေတာ၊ လက်စသတ်တော့ ကလေးမက တကယ့်ကို မမှတ်မိပဲကိုး''

သူ့ထံမှ မှတ်ချက်ချသံကို သဘောမကျလှသော်လည်း မနေ့ကလူကို အမှန်တကယ် မမှတ်မိတာလည်း သေချာသဖြင့် သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်၏။

''မှတ်မိစေချင်ရင် လည်ပင်းမှာ စာဆွဲလာခဲ့ပေါ့ရှင်၊ ကျွန်မက လူတွေရဲ့ မျက်နှာကို လိုက်မှတ်နေရအောင် အချိန်ပိုနေတဲ့လူ မဟုတ်ဘူး''

''ဟုတ်လားဗျာ…ကျုပ်ကတော့ ကလေးမထက်စာရင် အချိန်နည်းနည်း ပိုနေပုံရတယ်၊ လူတစ်ယောက်ရဲ့မျက်နှာကို တစ်ခါတွေ့ပြီးရင် ဘယ်တော့မှမမေ့ဘူး၊ အထူးသဖြင့် ကျုပ်အပေါ်မှာ နည်းနည်းမှ အရေးမစိုက်ဘဲ ကိုယ်မှန်တယ်ထင်တာကို လုပ်တတ်တဲ့ ခပ်ရွာရွာမိန်းကလေးမျိုးဆို ပိုလို့တောင် မှတ်မိနေသေးတယ်''

''အဲဒီအတွက် ကျွန်မကပဲ ရှင့်ကို ကျေးဇူးတင်ရဦးမလား''

''နိုး…နိုး ကျုပ်ကသာ ကလေးမကို ကျေးဇူးတင်သင့်တာပါ၊ ကျုပ်ဘဝမှာ အစစ်အမှန်ဆိုတာ ပျောက်ဆုံးနေခဲ့တာ ကြာ





ပြီပဲ၊ ဒါကို ကျုပ်ပဲသိတယ်''

''ကျုပ်စကားတွေကို မင်းနားလည်မှာမဟုတ်ဘူး၊ တခြားဘယ်သူမှလဲ နားမလည်ဘူး၊ အဲဒီအတွက် သိပ်ကြီးမားတဲ့ ပြဿနာမရှိပါဘူး၊ ကျုပ်စကားတွေကို ကျုပ်ဘာသာ နားလည်ရင် ပြီးတာပဲမဟုတ်လား''

တိမ်စင်သာသည် သူမ မျက်စိရှေ့တည့်တည့်ရှိလူကို စိတ်ဝင်စားစွာ မော့ကြည့်လိုက်သည်။ သူက သူမကိုမကြည့်။ အဆုံးအစမရှိသော ပင်လယ်ရေပြင်ကျယ်ရှိရာကိုသာ မှုန်ရီရီလှမ်းမျှော်ကြည့်နေ၏။

''ဒီမယ် မိန်းကလေး မင်းဟာ ကျုပ်အတွက် ခံစားချက်အစစ်အမှန် ပေးတဲ့သူလို့ ကျုပ်ယုံတယ်''

''နေစမ်းပါဦး…ရှင်ပြောနေတာ ဘာစကားလဲ၊ ကျွန်မ တစ်ခါမှ မကြားဘူးတဲ့ ခေတ်သစ်ရည်းစားစကားလား''

''ဗျာ''

ဦးရန်ပိုင်မှာ ဘာဆက်ပြောရမှန်းမသိဘဲ ပါးစပ်ဟသွားသည်။ မိန်းကလေးက သူ့ကို စိတ်ရှုပ်ထွေးစွာ ခပ်တည်တည်လေး ...ပြန်ကြည့်နေသောကြောင့် သူ့စကား၏အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မည်မျှလွဲမှားသွားကြောင်း သိရှိသွားကာ ဟက်ခနဲ တစ်ချက်ရယ်လိုက်...သည်။

''ဆောရီးပါ ကလေးမရယ်၊ ကျုပ်စကားရဲ့ ဦးတည်ချက် ... ခဲ့ဒီလိုဖြစ်သွားရင် တောင်းပန်ပါတယ်၊ ကျုပ်ဆိုလိုတဲ့ ကျုပ်

www.burmeseclassic.com



ခံစားချက်က မင်းပြောတဲ့ အစိပ္ပာယ်မျိုး မဟုတ်ပါဘူး၊ ဒါကို ယုံပါမှာ''

တည်ကြည်လေးနက်လှသော ထိုသူ့မျက်နှာမှာ တိမ်စင်သော စိတ်မှာ ထင်ထားသလို မရှိးသားသည့် အရိပ်အငွေ့တစ်ခုမှ မပါဝင်သလို လှောင်ပြောင်သရော်လိုသော အရိပ်အငွေ့ တစ်ခုမှလည်း ရှိမနေသဖြင့် သူ့စကားကို သူမ ယုံကြည်စွာ လက်ခံပေးလိုက်ပါသည်။

''ရှင့်စကားကို ကျွန်မ ယုံပါတယ်၊ ဒါပေမယ့် ရှင်ဟာ မနေ့၊ သူမျှနေကောင်းတဲ့လူတစ်ယောက်ဖြစ်ဖို့တော့ လိုတယ်''

''ကျုပ် နေကောင်းပါတယ် ကလေးမ''

''ဟုတ်ပြီ….ဒါက အပေါ်ယံကြည့်ရင် တွေ့ရတဲ့အမြင်ပဲ၊ ရှင်နေမကောင်းဖြစ်နေတာက ခန္ဓာကိုယ်မဟုတ်ဘူး''

''စိတ်''

''စိတ် …ဟုတ်လား''

''ဟုတ်တယ်…ရှင့်စိတ်တွေ သိပ်နေမကောင်းဘူးလို့ ကျွန်မထင်တယ်၊ ကျွန်မကိုခွင့်ပြုပါဦး''

ဦးရန်ပိုင်သည် သူ့ကို ခပ်တည်တည်လေး ကျောခိုင်းသွားပြီဖြစ်သော မိန်းမလှလေးကို ကြည့်၍ စိတ်ဆိုးဒေါသဖြစ်ချင်လာ၏။

ကြည့်စမ်းပါဦး…။

သူ့ထက်များစွာ နုနယ်ငယ်ရွယ်တဲ့ ကလေးမလေး





တစ်ယောက်က သူ့ကို အရူးလို့ ယဉ်ကျေးသိမ်မွေ့စွာ ပြောသွားခဲ့တာလောက် စိတ်ဆိုးဒေါသဖြစ်စရာ ဘာများရှိဦးမည်နည်း။

သို့သော် ထိုကလေးကိုကြည့်ပြီး စိတ်ဆိုးခြင်း၊ ဒေါသဖြစ်ခြင်း မဖြစ်မိဘဲ ကျေနပ်အားရစွာ လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်မိသည်။

မင်းမှန်ပါတယ် ကလေးမ။ အပေါ်ယံအရေခွံမှာ လူတွေရဲ့ ခန္ဓာကိုယ်အားလုံး ကျန်းမာနေကြပေမယ့် လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာကတော့ တစ်ခုခုသော အလိုမပြည့်နိုင်တဲ့ အကြောင်းတရားတွေကြောင့် အမြဲလို နေမကောင်းဖြစ်နေကြတယ်။

အဲဒီအထဲမှာ မင်းလည်း အပါအဝင်တစ်ယောက်ဖြစ်တယ်ဆိုရင် မင်းမငြင်းပါနဲ့။

✢ ✢ ✢



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"တိမ်စင်သာ သိပြီးပြီလား"

"ဘာကိုလဲ အန်တီဂရေ့စ်"

"မြပုဝါပိုင်ရှင်သူဌေး ဒီမှာရောက်နေတယ်ဆို အကြောင်းလေ"

"ဟင့်အင်း…တိမ်စင်သာ မသိဘူး၊ နာမည်ကြီးသူ ကြီးတစ်ယောက်ဆိုတာတော့ တိမ်စင်သာ ကြားဖူးနေသားပဲ၊ တော့မမြင်ဖူးပါဘူး"

"အန်တီဂရေ့စ်ရော မြင်ဘူးလို့လား"

ပန်းချီကားတစ်ချပ်ကို စိတ်ပါလက်ပါ ရေးဆွဲ ရပ်တန့်ခြင်းမရှိဘဲ အန်တီဂရေ့စ်ကို လှမ်းမေးလိုက်ခြင်းဖြစ်ပါ

"အန်တီလည်း မတွေ့ဖူးပါဘူး၊ နာမည်ကြီး တစ်ယောက်ဆိုပေမယ့် အနေအထိုင် လျှို့ဝှက်လွန်းတယ်လို့



တယ်၊ မဖြစ်မနေကိစ္စတချို့ကလွဲပြီး ကျန်တာ သူ့လူယုံနဲ့ပဲ အလုပ် လုပ်တယ်လို့ ကြားတာပဲ"

"ဒါတောင် သူ့ကိုသိနေတဲ့လူက ရှိသားပဲနော်၊ ကြည့်ရ တာ လူသိခံချင်ပုံမရဘူးထင်တယ်"

သူမစိတ်ထဲမှာ ခံစားမိသော မှတ်ချက်ပေးလိုက်သည်။

"ဒီလိုပဲလေ …နာမည်ကြီးပုဂ္ဂိုလ်တွေဆိုတာ လူအများ ရဲ့ စိတ်ဝင်စားတာကို ခံရစမြဲပဲမဟုတ်လား၊ တိမ်စင်သာဆိုတဲ့ အန်တီ့တူမလေးကိုပဲကြည့်"

"ဟင်…တိမ်စင်သာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ပါသကောရှင်…ဘယ်လောက်ပဲပုန်းပုန်း ရှာအောင် ပြီး ပန်းဆက်သမား လုပ်နေတာနဲ့ ပန်းတွေတောင် ထားစရာ ရှိတော့ဘူးမဟုတ်လား"

"အောင်မှတ်တော့ ပေးသင့်ပြီထင်တာပဲ"

အန်တီ့စကားကြောင့် တိမ်စင်သာ နှုတ်ခမ်းလေး စူထော် သွားသည်။ ပန်းတွေက နေ့တိုင်းလို သူမအခန်းထဲ ရောက်လာမြဲ။ ရှင်ကလည်း ထွက်မလာသေး။ သူမကလည်း စကားမပြောချင်တာ ထွက်လာဖို့မတောင်းဆို။

"သူက ကိုယ်ပိုင်အရည်အချင်းနဲ့မှ မဟုတ်ဘဲ အန်တီ ဂရေ့စ်ရဲ့၊ သူတ အောင်မှတ်ရအောင် ဒက်ဒီနဲ့ ပေါင်းပြီး လိမ်ထား တာ၊ ဘယ်လိုလုပ် အမှတ်ပေးမလဲ"

"နှစ်ယောက်ညီမျှသွားအောင် ညီညီကိုလည်း အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးပေးသင့်တာပေါ့"

"တော်ပါပြီ ကလေးမရယ်၊ ဒီမှာ ဒီလောက်နေရရင် ကျေနပ်ပါ၊ မောင်ငြိမ်းတစ်ယောက်ထဲ ဟိုမှာ ကျန်ရစ်ခဲ့တာ အခု လောက်ဆို ဘယ်လောက် ဒုက္ခရောက်နေပြီလဲ မသိဘူး၊ ပစ္စည်း တွေသိမ်းတော့ မနက်ပြန်မယ်"

"မနက်ပြန်မယ်"

"ဒါပေါ့…ဆက်ရန်စာတ်လမ်းကို ဟိုရောက်မှဆက်ကာ ဒီလောက် ဂျိကျခွင့်ရတာ ကျေနပ်သင့်ပြီ ဟုတ်လား"

"ဒေါ်ကြိုင်ကို ပေးစရာရှိတာတွေ သွားပေးဦးမှပဲ၊ ဒီပန်း တွေကရော ဘယ်နှယ့်လုပ်ချင်သလဲ"

ပန်းအိုးနောက်တစ်အိုး ထိုးနေသော ပန်းတွေရှိရာကို သူမ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

"ဒီအတိုင်းပဲ ထားခဲ့လိုက်ပါ၊ ဒီနေ့တော့ ကိုမိုးသောက် ဦး ရောက်လာမယ်ထင်ပါတယ်"

"အေး…အန်တီလည်း ထင်ပါတယ်၊ အဆင်ပြေရင် အတူပြန်ကြတာပေါ့"

"သူဘာသာပြန်ပါစေ အန်တီရယ်၊ တိမ်စင်သာ သူနဲ့ မပြန်ချင်ဘူး"

"သဘော…သဘော မမလေးစိတ်ကြိုက်သာလုပ်တော့ အန်တီ သွားပြီ"

တိမ်စင်သာနားက အန်တီဂရေ့စ် ထွက်သွားသည်နှင့်





လက်ထဲက ပန်းချီရေးသည့် စုတ်တံလေးကို ညင်သာစွာ ချလိုက် ပြီး ပင်လယ်ကမ်းခြေ ရှုမျှော်ခင်းကို ငေးငေးလေးကြည့်နေမိသည်။

မနက်ပိုင်းနှင့် ညနေပိုင်းမှာ လူစည်ကားရှုပ်ထွေးတတ် သော သောင်ပြင်မှာ အခုတော့ မည်သူ့ကိုမျှ မတွေ့ရ။ သောင်စပ် နှင့် ရေပြင်ကို နေရောင်အောက်မှာ တောက်ပစွာ ငြိမ်သက်တိတ် ဆိတ်လျက်။

ဒီကနေ့သည် တိမ်စင်သာအတွက် ဤကမ်းခြေသောင် ပြင်နှင့် ရေပြာလှိုင်းများကို နောက်ဆုံးတွေ့မြင်ရခြင်းဖြစ်သည်။ ပန်းချီကားကို အပြီးသတ် ရေးချယ်ရန် ဆုံးဖြတ်လိုက်သည်။

အချိန်ကုန်လို့ ကုန်သွားမှန်းပင် မသိလိုက်။ ပန်းချီကား ထောင့်မှာ သူမ၏အမည်ကို လက်မှတ်ရေးထိုးပြီးချိန်ကျမှ သူမ တစ်ကိုယ်လုံး ညောင်းညာတောင့်တင်းနေတာကို သတိပြုမိ၏။

"အား"

အိပ်ရာပေါ် ဝုန်းခနဲပစ်လှဲပြီး ခွေလျက် ငြိမ်သက်နေစဉ် အန်တီဂရေ့စ် ရောက်လာသည်။

"ပြီးသွားပြီပေါ့ ဟုတ်လား"

"ဟုတ်တယ်…အန်တီ၊ အမှတ်တရဖြစ်သွားအောင် ဒီနေ့ ပဲ အပြီးရေးလိုက်တာ အချိန်ကုန်လို့ ကုန်သွားမှန်းတောင် မသိ လိုက်ဘူး"

"အေး…အန်တီလည်း ကလေးအနှောင့်အယှက်ဖြစ်မှာ စိုးလို့ အနားကို တမင်မလာတော့တာလေ၊ ကဲ…ကဲ အနားယူဦး၊



www.burmeseclassic.com

www.burmeseclassic.com



ညကျရင် မီးပုံပွဲလေးလုပ်မယ်၊ တိမ်စင်သာ ဖိတ်ချင်တဲ့ဧည့်သည် ရှိရင်လည်း ဖိတ်ပေါ့၊ အန်တီသွားလိုက်ဦးမယ်''

''ဟုတ်''

မျက်လုံးဖွင့်မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်သည်။ မီးပုံပွဲလုပ်မယ်ဆိုပါလား…။ တိမ်စင်သာ ဖိတ်ချင်တဲ့သူဖိတ်ဟု ဆိုပေမယ့် သူမမှာမှ အသိမိတ်ဆွေမရှိဘဲ။

ဖိတ်ချင်းဖိတ် မိုးသောက်ဦးဆိုသည့် လူကိုပဲ ဖိတ်ရမည် ထင်သည်။ သူကလည်း ဘယ်ရောက်နေမှန်းမသိ။ ပန်းသုံးစည်းနှင့် ကဒ်ပြားလေးသုံးခုပေးပြီး လူကပျောက်နေသည်။

ဘာအဆက်အသွယ်မလုပ်…။

သူမနဲ့ အဆက်အသွယ်မရှိပေမယ့် အန်တီဂရေ့စ်နဲ့တော့ အဆက်အသွယ်ရှိကောင်းရှိနေမည် ထင်သည်။ မီးပုံပွဲကို အကြောင်းပြုပြီး တိမ်စင်သာကို အံ့သြသွားစေချင်တာလားဟု ဉာဏ်မီသလောက် တွေးကြည့်မိသည်။

အန်တီဂရေ့စ်ပုံစံက ဒီနေ့မှ ထူးခြားစွာ တက်ကြွနေသလို ထင်လိုက်မိသည်။ တိမ်စင်သာ ဘာမှကူညီစရာမလိုဘဲ အန်တီဂရေ့စ်တစ်ယောက်ထဲ ဒေါ်ကြိုင်တို့နဲ့ တိုင်ပင်ပြီး အလုပ်လုပ်နေပေမယ့် မောပန်းပုံမရ။ အန်တီဂရေ့စ်ကို တိမ်စင်သာ ချစ်ရသဘောကျရသည်မှာလည်း ထိုအချက်က ထိပ်ဆုံးက ပါဝင်သည်။

အန်တီဂရေ့စ်လို အမြဲလိုတက်ကြွထက်မြက်နေတဲ့ မိန်းမတစ်ယောက်မှာ ဒီအသက်အရွယ်အထိ ချစ်သူရည်းစား မရှိတာ





ကိုလည်း အံ့သြနေမိသည်။ အသက်လေးဆယ်ကျော်ဟုဆိုသော်လည်း လှပသော အန်တီဂရေ့စ်မှာ ရှိရင်းအသက်ထက်များစွာ နုပျိုသူဖြစ်ပြီး အခုချိန်ထိ အန်တီကို စိတ်ဝင်စားသူရွှေ ရှိနေတာကိုလည်း သူမသိသားပင်။

တင်းမာပြတ်သားသော အန်တီဂရေ့စ်နှာကို တော်ရုံလူ၊ တော်ရုံဇွဲဖြင့် ချဉ်းကပ်ရန် မလွယ်ကူပါ။ ပညာအရည်အချင်း၊ ရုပ်ရည်လှပမှုနှင့် ချမ်းသာပြည့်စုံကြွယ်ဝမှု အားလုံးပြည့်စုံနေသော အန်တီအတွက် အိမ်ထောင်ပြုရန်ကိစ္စကို အပိုအလုပ်ဟု ထင်ကောင်းထင်နေနိုင်သလို အန်တီဂရေ့စ် အထင်ကြီးမည့် ယောကျ်ားမျိုး မရှိနိုင်တာလည်း တစ်မျိုးအပါအဝင်တစ်ရပ်ဟု ဆိုရမည်ထင်သည်။

များသောအားဖြင့် အပျိုကြီး၊ လူပျိုကြီးတွေဟာ အစွန်းရောက်တတ်ကြသူတွေဖြစ်ကြောင်း သူမ မကြာခဏ ကြားဖူးသည်။

ထိုအထဲမှာ ဟိုအူကြောင်ကြောင်လူကြီးလည်း အပါအဝင်ဖြစ်လောက်သည်ဟု တွေးရင်း ခစ်ခနဲ တစ်ချက်ရယ်လိုက်မိသည်။ မြပဝါ၏ သူဌေးကြီး ဦးရန်ပိုင်ဟုလည်းမသိ။ အားလုံးက အလေးထား အရေးပေးရလွန်းသူရယ်လို့လည်း နားမလည်။

အူကြောင်ကြောင် လူကြီးတစ်ယောက်အဖြစ်လောက်သာ သိထားသော ထိုလူကြီးကို သူမက စိတ်နေမကောင်းသူဟု ဆိုခဲ့မိတာကို အခုမှ ပြန်ပြီး အားနာရမလိုလိုဖြစ်လာသည်။

တကယ်ဆို သူလည်း အန်တီဂရေ့စ်လို လူပျိုကြီးဖြစ်နေရင် သူကြောင်ပုံကြောင်နည်းတွေကိုလည်း သနားညှာတာသင့်သား



www.burmeseclassic.com

www.burmeseclassic.com



ပြင်။

ဒီနေ့တော့ ကမ်းခြေရဲ့ နောက်ဆုံးမှတ်ဆက်ညမို့ ထိုလူကြီးနှင့်တွေ့လျှင် ကောင်းမွန်ယဉ်ကျေးစွာ ဆက်ဆံမည်ဟု တွေးရင်း အဲဒီလူကြီးနဲ့ အန်တီဂရေ့စ်ဆိုရင် အတော့်ကို လိုက်ဖက်သော စုံတွဲတစ်တွဲ ဖြစ်လာနိုင်သေးတာကို စဉ်းစားမိလာ၏။

အတွေးဖြင့် ကျေနပ်စွာပြုံးရင်း ရေချိုးခန်းဝင်ခဲ့သည်။ မှန်တင်ခုံရှေ့မှာ အလှဆုံးပြင်ဆင်လိုက်ပြီး စိတ်တိုင်းကျမကျ ကိုယ့်ကိုယ်ကို ကြည့်လိုက်သည်။

ချစ်တာမချစ်တာ အသာထားပြီး မိုးသောက်ဦး မျက်လုံးထဲမှာ တိမ်စင်သာဆိုသည့် အချစ်နတ်သမီးလေးကို စွဲမြဲစွာ တသသ အမှတ်တရရှိနေစေလိုသည်က သူမရင်ထဲက စစ်မှန်သော ဆန္ဒတစ်ရပ်လည်း ဖြစ်ပါသည်။

သဲမြေထဲကို သူမခြေထောက်လေးများ နစ်ဝင်သွားသည့် အရသာကို သူမအလွန်နှစ်သက်သဘောကျသူ ဖြစ်သည့်အတိုင်း အပြာရောင်ဖျော့ဖျော့ ဖိနပ်လေးကို ခပ်ဝေးဝေးမှာထားရစ်ခဲ့ကာ သဲအိအိပေါ် ခြေဖဝါးချည်းသက်သက်နင်းလျက် လျှောက်နေမိသည်။

"တိမ်စင်သာ"

နောက်ပါးဆီမှ သူမအမည်ကို လှမ်းခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်တော့ သူမကို လက်တစ်ဖက် ဝှေ့ယမ်းပြနေသော မိုးသောက်ဦး၏ တည်ခန့်ချောမောသော မျက်နှာနှင့် အပြုံးကို





မြင်လိုက်ရခြင်းက သူမကို ထူးခြားသော အံ့သြမှုမဖြစ်စေခဲ့ပါ။

သူလိုက်လာမယ်ဆိုတာ သူမသိနေပြီးသား အပြုံးနှင့် အေးဆေးငြိမ်သက်စွာပင် သူမရှိရာကို လျှောက်လာနေသူကို နေရာမှာ ဣန္ဒြေရစွာ ရပ်လျက် စောင့်ကြိုနေလိုက်ပါသည်။

"ကိုယ်ရောက်လာတာ မအံ့သြဘူးလားဟင်၊ တိမ်စင်သာ ပုံကြည့်ရတာ ဘာမှမထူးဆန်းသလိုပဲ"

အနားရောက်တာနှင့် မိုးသောက်ဦးက လှပသော သူမ ချက်နှာလေးကို စူးစိုက်ကြည့်ရင်း ဆိုလိုက်ခြင်းဖြစ်ရာ နူးညံ့သိမ်မွေ့စွာပင် သူမပြုံးလိုက်သည်။

"ဘာများ ထူးဆန်းစရာများ ဖြစ်နေလို့လဲ ကိုမိုးသောက်ရယ်၊ ဒီနေရာဟာ ဘယ်သူမဆို လွတ်လပ်စွာ အပန်းဖြေအနားယူနိုင်တဲ့ နေရာပဲ၊ ကိုမိုးသောက်လည်း အပန်းဖြေအနားယူချင်လို့ ရောက်လာတာပဲမဟုတ်လား"

"တိမ်စင်သာက အဲဒီလိုပဲထင်တယ်ပေါ့၊ ဟုတ်လား"

"ဒါဖြင့် ကျွန်မထင်သလို မဟုတ်ဘူးပေါ့"

"လုံးဝမဟုတ်ဘူး…တိမ်စင်သာရှိနေတဲ့ နေရာမို့ ကိုယ်ရောက်လာတာ၊ တိမ်စင်သာဆိုတဲ့ မင်းလေးနဲ့ တွေ့ချင်လို့ရှင်းလား"

"ဟုတ်ကဲ့…အခုလိုရှင်းပြလိုက်တော့ ပိုရှင်းသွားပါပြီ"

"အဟွန်း…ဟွန်း…ဟွန်း"

"အဟင်း…ဟင်း…ဟင်း"

လွတ်လပ်ပေါ့ပါးစွာ အတူရယ်မောလိုက်မိရင်း စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ညီညီကို ဖျတ်ခနဲ၊ ဖျတ်ခနဲ သတိရနေမိသည်။

အင်း…သူ့နေရာမှာ ညီညီဆိုရင်လည်း သူမကို အခုလို စကားမျိုးမဟုတ်ရင်တောင်မှ တခြားအဓိပ္ပာယ်တူတဲ့ စကားမျိုးပဲ ပြောမယ်ထင်ရဲ့…။

"ဒီဝတ်စုံလေးနဲ့ မင်းနဲ့ သိပ်လှတာပဲ တိမ်စင်သာ"

"ကျေးဇူးတင်စွာနဲ့ မှတ်ထားပါ့မယ်"

"စကားတွေလည်း ပိုသွက်လာသလိုပဲ"

"ဟုတ်မယ်ထင်တယ်…တစ်ယောက်တည်း စကားပြောမယ့် အဖော်မရှိတုန်း ကိုမိုးသောက် ရောက်လာတာနဲ့ အတော်ဖြစ်သွားပုံရတယ်"

"ပြောပုံလေးကိုက ချစ်စရာပဲ၊ ဒါကြောင့်ပဲ ကိုယ် မင်းကို မေ့လို့မရအောင် ဖြစ်နေရတာပဲနေမှာ သိလား"

"ကျွန်မလည်း မမေ့ဘူး"

"ကိုယ့်ကိုလား"

"ကိုမိုးသောက် အပါအဝင်အားလုံးကိုပဲ ဆိုပါတော့"

မျှော်လင့်ခြင်းဖြင့် လင်းလက်သွားသော မျက်ဝန်းအစုံအစုံက သူမစကားအဆုံးမှာ နဂိုအနေအထားအတိုင်း ပြန်ဖြစ်သွားသည်။

နူးညံ့အိထွေးသော သံမြေအတိုင်း အတူယှဉ်လျှောက်မိကြသည်။

"ကျွန်မက မီးပုံပွဲကြမှ ဆုံကြရမယ်လို့ထင်နေတာ"

"ဘာဖြစ်လို့ အဲဒီလိုထင်ရတာလဲ၊ အခု ကိုယ်နဲ့စောစော





တွေ့ရတာ မကောင်းဘူးလား"

တိမ်စင်သာက ပန်းတွေပေးပြီး လူချင်းအတွေ့မခံဘဲ ဝှက်သလိုလုပ်ထားပြီး မီးပုံပွဲညမှာဆုံပြီး သူမကို အံ့သြသွားစေမည်ဟု ထင်ထားသည့်အတိုင်း ပြောလိုက်တာဖြစ်ပေမယ့် သူမစကား၏ အဓိပ္ပာယ်ကို မိုးသောက်ဦး နားလည်ပုံမရသဖြင့် ပြုံးလိုက်သည်။

"ဒီထက်ပိုပြီး စောစောတွေ့ချင်ရင် ဘာလို့ အခုမှ လာသေးလဲ၊ ပန်းတွေနဲ့အတူလာပေါ့"

"လာချင်ပါတယ်…အလုပ်တွေရှုပ်နေတာနဲ့ တိမ်စင်သာအတွက် ပန်းဝယ်မလာနိုင်ပေမယ့် ရောက်ရောက်ချင်း မင်းဆီကို အရင်ဆုံး အပြေးလာတွေ့တာပဲလေ"

"ဟင်"

"ရှင်…ဘာပြောလိုက်တယ်"

"ရောက်ရောက်ချင်း တိမ်စင်သာကို လာတွေ့တာကို ပြောတာ"

"အို"

အံ့သြမယုံနိုင်စွာ မိုးသောက်ဦး မျက်နှာကို သူမ မော့ကြည့်လိုက်တော့ သူကလည်း တိမ်စင်သာ မျက်နှာလှလှလေးကို နားမလည်သလို ပြန်ကြည့်နေတာကို တွေ့ရသည်။

"ဒါဖြင့်…ရှင်က ဒီနေ့မှရောက်လာတယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ်လေ…တိမ်စင်သာ ရုတ်တရက် ပျောက်သွားတော့ ကိုယ် ဘာလုပ်ရမှန်းမသိဘူး၊ နောက်မှ အန်ကယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်တတ်မေးလို့ တိမ်စင်သာတို့ တူဝရီးနှစ်ယောက် ဒီမှာရှိမှန်းသိတာနဲ့ ချက်ချင်းလိုက်လာတာ''

တိမ်စင်သာရင်ထဲမှာ ဟင်ခနဲ မြည်သွားသည်။

''ဒါဆို…ကျွန်မဆီ နေ့တိုင်းရောက်နေတဲ့ ပန်းတွေကို ရှင်ပို့ပေးနေတာမဟုတ်ဘူးပေါ့''

''ပန်းတွေ…ဘာပန်းတွေလဲ၊ တိမ်စင်သာဆီကို ကိုယ် ဘာပန်းမှမပို့နိုင်းဖူးပါဘူး''

''ဘာတွေဖြစ်နေတာလဲ တိမ်စင်သာ၊ ကိုယ်နားလည် အောင် ရှင်းပြနိုင်မလား''

''ရှင်းပြနိုင်ပါတယ် ကိုမိုးသောက်၊ လွန်ခဲ့တဲ့သုံးရက်က စပြီး ကျွန်မဆီကို နေ့တိုင်း ပန်းတစ်စည်းရောက်လာတယ်''

တိမ်စင်သာက သူမ ကြုံတွေ့ဖြစ်ပျက်သမျှအားလုံး အမှန် အတိုင်းပင် မိုးသောက်ဦးကို ပြောပြလိုက်သည်။ တစ်ပြိုင်နက်ထဲ မှာပင် ထိုပန်းများကို ပေးပို့လာသူကိုလည်း မိုးသောက်ဦးဟု ထင်မြင်ယူဆ သတ်မှတ်ထားမိတာကိုလည်း ဝန်ခံပြောကြားလိုက် ၏။

''ဘာဖြစ်လို့…တိမ်စင်သာက ကိုယ်လို့ တတ်အပ်သေ ချာထင်ရတာလဲ ပြောပါဦး''

''ဘာလို့ထင်ရတာလဲဆိုတော့ ဒက်ဒီက ကိုမိုးသောက် ဘက်ကပဲ အခုတောင် ကျွန်မရှိတဲ့နေရာကို ဒက်ဒီပဲ ပြောပြလိုက်တာ မဟုတ်လား''

''အင်း…အဲဒါလည်း ဟုတ်တာပဲ၊ ဒါပေမယ့် တိမ်စင်





သာ ထည့်တွက်သင့်တဲ့လူတစ်ယောက် ကျန်သေးတာ မေ့နေပြီ ထင်တယ်''

''ကျွန်မက ဘယ်သူ့ကိုမေ့ရမှာလဲ''

''ညီညီလေ''

''ရှင်''

မိုးသောက်ဦး စကားကို နားမလည်နိုင်စွာ သူ့မျက်နှာကို မော့ကြည့်တော့ သူပြုံးသည်။

''ဘာဖြစ်လို့ ကျွန်မက ညီညီကို ထည့်တွက်ရမှာလဲ''

''ထည့်တွက်သင့်တာပေါ့ဗျာ…ကိုယ်က အနီကယ်ဘက် ကလူဆိုရင် ညီညီလည်း အန်တီ့ဘက်ကလူ ဖြစ်နိုင်သေးတာပဲ''

''အို…မဟုတ်ဘူး၊ ဒါ လုံးဝမဖြစ်နိုင်ဘူး၊ အန်တီ အကြောင်းကို ကျွန်မသိတယ်''

အန်တီဂရေ့စ်ကို မည်သည့်ဘက်မှ မလိုက်ပါမှန်းသိထား ၍ သူမ ပြတ်သားစွာ ငြင်းလိုက်တာကို သူက လွယ်ကူစွာ လက်ခံယုံကြည်ပေးချင်ပုံမရဘဲ ညင်သာစွာ ရယ်မောလိုက်ပါသည်။

''အဟွန်း…ဟွန်း…ဟွန်း''

''သိပ်လည်း ငြင်းမနေပါနဲ့လေ၊ ဖြစ်နိုင်လို့တောင် ပန်း တွေက တိမ်စင်သာဆီကို ရောက်နေပြီပဲ''

''တိမ်စင်သာကို အခုချိန်မှာ အပြိုင်အဆိုင်စိန်ခေါ်ပြီး ပိုးပမ်းနေကြတာ ကိုယ်နဲ့ညီညီပဲ ရှိတာမဟုတ်လား၊ ကိုယ်မဟုတ် ဘူးဆိုရင် တခြားတစ်ယောက်ဟာ ညီညီပဲ''

''အဲဒီလိုမှမဟုတ်ဘူးဆိုရင် တိမ်စင်သာက ကိုယ်တို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တဲ့ တခြားတစ်ယောက်ယောက်များ…”

“ရှင့်ပါးစပ်ကို အခုပိတ်လိုက်ပါ ကိုမိုးသောက်၊ အခု ချိန်မှာ ကျွန်မရှင်နဲ့ စကားများများ မပြောပါရစေနဲ့”

“ကိုယ်ကလည်း တိမ်စင်သာလိုပါပဲလေ၊ ကိုယ်နဲ့မသက် ဆိုင်တဲ့ အဓိပ္ပာယ်မရှိတဲ့စကားတွေ လျှောက်ပြောပြီး ကိုယ့်ရဲ့ အဖိုး တန်တဲ့အချိန်တွေကို မဖြုန်းတီးချင်ပါဘူး”

“ကိုယ်ပြောတဲ့ စကားကို တိမ်စင်သာ နားလည်မှာပါ”

နားမလည်ဘူး…ဘာတစ်ခုမှ နားမလည်ဘူးဟု စိတ်ထဲ က အော်ဟစ်လိုက်ပေမယ့် အပြင်မှာတော့ တိမ်စင်သာတစ်ယောက် ရေငုံနှုတ်ဆိတ်နေလိုက်ပါသည်။

တကယ်ပဲ ညီညီလား။

ဒါဆို…သူဟာ ဘာဖြစ်လို့ သူမရှိတဲ့နေရာကို ရောက် မလာရတာလဲ။

သူမတို့ရှိနေတဲ့ နေရာကို အန်တီဂရေ့စ် ပြောလိုက်တယ် ဆိုတာရော ဖြစ်နိုင်ပါ့မလား။

ကြည်နူးဆွတ်ပျံ့သော စိတ်ခံစားချက်များအားလုံး ပင်လယ်လေညှင်းနှင့်အတူ မျောလွင့်သွားသလို ထင်ရသည်။

ဘာတွေလဲ…။

သူမ ဘာတွေဖြစ်နေတာလဲဆိုတာ သူမကိုယ်တိုင်လည်း မသိတော့ပေ။

✢ ✢ ✢





## အခန်း (၁၆)

“ကျွန်မ အန်တီဂရေ့စ်ကို အခုပဲသွားမေးမယ်”

“မေးလေ…ဒါကို ကိုယ်မကန့်ကွက်ပါဘူး၊ ဒါပေမယ့် အဲဒီပန်းကိုစွ ညီညီပေးသည်ဖြစ်စေ၊ တခြားတစ်ယောက်က ပေး သည်ဖြစ်စေ ဟိုးအဝေးကြီးကနေ တိမ်စင်သာမျက်နှာကို ကြည့်ဖို့ ရောက်လာတဲ့ ကိုယ့်လောက်တော့ အရေးမကြီးဘူးမဟုတ်လား”

“ဒါပေမယ့်…”

“ကိုယ်နဲ့အတူ ဒီနေရာလေးမှာ ရှိနေပေးဖို့ ကိုယ်တောင်း ဆိုတယ်ဆိုရင် တိမ်စင်သာအနေနဲ့ ငြင်းပယ်မှာလား၊ လက်ခံမလား ဆိုတာပဲ ကိုယ်သိချင်တယ်”

မိုးသောက်ဦးနှင့် တိမ်စင်သာမှာ တစ်ယောက်မျက်နှာကို တစ်ယောက် ငြိုင်တူလို စူးစိုက်ကြည့်လိုက်သည်။ နှောင်ဖွဲ့မှုများပါ သော သူ့စကားက သူမအတွက် ငြင်းပယ်ရခက်စွာ တင်းနှောင်



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းကြောင့် တိမ်စင်သာမှာ သူမစိတ်ကို တစ်ဝက်မက လျှော့ရ
လိုက်ရသည်။

အခုချိန်ရောက်မှတော့ ပန်းပေးတဲ့လူဟာ ဘယ်သူပဲဖြစ်
ဖြစ် သူမအတွက် သိပ်မထူးတော့ဟု ဆိုရပေတော့မည်။

ညီညီဖြစ်တော့ရော ဘာဖြစ်လဲ။

ညီညီမဟုတ်ဘူး ဆိုတော့ရော သူမအတွက် ဘာမှမထူး

"သေချာပါတယ်…ဒီကိစ္စကို ညီညီမလုပ်ဘူး"

"ဒါဖြင့် တခြားဘယ်သူဖြစ်နိုင်မလဲ"

"ကျွန်မ မသိဘူး"

"အဟွန်း…ဟွန်း…ဟွန်း"

သူမစကားအဆုံးမှာ သူက တိုးဖွဖွညင်သာစွာ ရယ်မော
နိုင်ပေမယ့် သူမကတော့ သူလိုမရယ်မောနိုင်ခဲ့ပါ။ စိတ်ထဲက
ညီညီမဟုတ်ဘူးဆိုတာကိုပဲ ခိုင်မာယုံကြည်စွာ ပြောချင်နေ၏။

ညီညီ အကျင့်စရိုက်ကို သူမသိသည်။ အလုပ်တစ်ခုကို
ဘယ်တုန်းကမှ ခိုးကြောင်ခိုးဝှက် မလုပ်တတ်။ ညီညီလို လူ
တစ်ယောက်က သူမကို ပုန်းလျှိုးကွယ်လျှိုး ပန်းပေး၊ ပဟေဠိ
ဖွက်မည့်သူမျိုး မဟုတ်ဟု တွေးနေစဉ်မှာ မိုးသောက်ဦး၏အသံကို
ကြားလိုက်ရသည်။

"ဟိုမှာကြည့်စမ်း တိမ်စင်သာ၊ နေဝင်ချိန်က မလှဘူး
လား၊ လာ ကိုယ်တို့ဒီမှာထိုင်ပြီး ကြည့်ရအောင်"

"ကျွန်မ လမ်းလျှောက်ဦးမယ်"





"လျှောက်လေ…ဟိုနားက ကျောက်ဆောင်လေးပေါ်က
ထိုင်ကြည့်ရတာ ပိုအဆင်ပြေတာပေါ့"

မိုးသောက်ဦးက တိမ်စင်သာထံမှ ငြင်းပယ်စကားကို ဘာ
တစ်ခုမှ အရေးမစိုက်ဘဲ သူမဦးဆောင်သွားရာနောက်ကို အတူ
လိုက်ပါလာသည်။

ထိုနေရာလေးမှာ သူမကို အလွန်အမိန့်ပေးဆရာလုပ်ချင်
သော ဟိုလူကြီးနှင့် စတွေ့တာကို သတိရသွားပြီး ဒီနေရာမှာ
သူများရှိဦးမလားဟု မျက်လုံးလေး ဝေ့ဝဲပြီး ကြည့်လိုက်မိသေး
သည်။

သို့သော် ငြိမ်သက်တိတ်ဆိတ်သော ဝန်းကျင်မှာ ရေလှိုင်း
ပုတ်သံမှလွဲ၍ တခြားဘာကိုမှ မမြင်ရမကြားရပေ။ တိမ်စင်သာ
သည် ရေညှိတက်၍ မည်းနက်နေသော ကျောက်တုံးအစွန်းတွင်
အသာအယာဝင်ထိုင်လိုက်ရာ မိုးသောက်ဦးမှာလည်း သူမနှင့်
မလှမ်းမကမ်းမှာ အသာဝင်ထိုင်လေသည်။

"လုပ်ငန်းခွင်တွေကြားမှာ စာရင်းဇယားတွေနဲ့ ရှုပ်ထွေး
နေတဲ့ ကိုယ့်အတွက် ဒီလိုလွတ်လပ်မှုမျိုး မရတာကြာပြီပဲ"

"တိမ်စင်သာရှိလို့သာ ဒီနေရာ ကိုယ်လာဖြစ်တာ အဲဒီ
အတွက် ချာတိတ်ကို ကျေးဇူးတင်ရမလိုဖြစ်နေပြီ"

ကျွန်မကလည်း ရှင်တို့နှစ်ယောက်ကို ကျေးဇူးတင်ပါ
တယ်။ ရှင်တို့ကြောင့် စိတ်ရှုပ်ပြီး ဒီကိုထွက်လာခွင့်ရတဲ့အတွက်
ပါဆိုသည့် စကားကိုတော့ သူမစိတ်ထဲက တုံ့ပြန်ပြောဆိုလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြင့် သူကြားမည်မဟုတ်ပါ။

"တိမ်စင်သာ"

"ရှင်"

"ကိုယ်ရောက်လာလို့ စိတ်ညစ်သွားလား"

"ကျွန်မ အဲဒီလိုမပြောမိဘူးထင်တယ်"

"ဒါဖြင့် ပျော်တယ်ပေါ့"

"ကိုမိုးသောက် ဘယ်လိုဖြေစေချင်လဲ"

"ကိုယ်ဖြေစေချင်တဲ့အတိုင်း တိမ်စင်သာက ဖြေမှာ လား"

"ပြောကြည့်လေ"

"ကိုယ့်ကို လက်ထပ်ပါ့မယ်လို့ ဖြေလိုက်ပါလား၊ အဲ တိမ်စင်သာဆီက ကိုယ်အကြားချင်ဆုံးစကားပဲ"

"ဖြေနိုင်မလားဟင်"

နူးညံ့ရှန်းလဲ့သော အကြည့်တစ်မျိုး သူမထံရောက်လာ သည့်အတွက် သူမရင်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားသည်။

ဒါအချစ်လား...။

ရင်ခုန်တာလား...စိတ်လှုပ်ရှားတာလားဆိုတာ သူမသ သာလည်း ရုတ်တရက် မခွဲခြားတတ်ဘဲ ဖြစ်နေ၏။ သူနေရာ ညီညီဆိုရင်တော့ ဒီလိုဖြစ်ချင်မှဖြစ်မည်ဟုလည်း တွေးကြည့်မိ သည်။

"ကိုယ်မေးတာ မဖြေသေးဘူးနော်"





"ကျွန်မ စဉ်းစားနေလို့ပါ"

"ဘာတွေစဉ်းစားနေတာလဲဗျာ...ပြောပါဦး"

"သြော်...ကိုမိုးသောက်က ကျွန်မကို လက်ထပ်ချင် တယ်ဆိုလို့ပါ၊ ကျွန်မ မသိလို့မေးပါရစေဦး၊ ကိုမိုးသောက်က ဘာဖြစ်လို့ ကျွန်မကိုမှ လက်ထပ်ချင်ရတာလဲဟင်"

"သဘောကျလို့ပေါ့၊ တိမ်စင်သာပုံစံလေးကို ကိုယ်ကြိုက် တယ်၊ တစ်နေ့ ကိုယ်လက်ထပ်ရမဲ့ မိန်းကလေးဟာ တိမ်စင်သာ လို မိန်းကလေးမျိုးဖြစ်ရမယ်လို့လည်း ဆုံးဖြတ်ထားတယ်"

"တိမ်စင်သာလို မိန်းကလေးမျိုး ဟုတ်လား၊ ကိုမိုး သောက် တစ်ခုခုတော့ မှားနေပြီထင်တယ်၊ တကယ်တော့ ကျွန်မ မှာ ထူးခြားပေါ်လွင်တဲ့ အရည်အချင်း ဘာတစ်ခုမှ မရှိဘူး၊ တခြား မိန်းကလေးတွေနဲ့ ဘာမှမထူးခြားတဲ့ သူလိုကိုယ်လို သာမန်မိန်း ကလေးပါ"

အမှန်တကယ်လည်း တိမ်စင်သာဆိုတာ သိပ်ပြီးထူးချွန် ထက်မြက်နေတာမျိုး မဟုတ်သလို သုံးမရအောင် တုံးအနေသူမျိုး လည်းမဟုတ်။ အလယ်အလတ်ရှိသော သူမအဆင့်က တခြားသူ လိုကိုယ်လို မိန်းကလေးတွေမှာ တွေ့မြင်ရသော သာမန်အရည် အချင်းထက်မပို။ ဒါကို ရိုးသားစွာ ဝန်ခံလိုက်ရလို့လည်း သူမကိုယ် သူမ ဂုဏ်ငယ်သည်ဟု မထင်ပါ။

"ဘာမှမထူးခြားဘူးလို့ ထင်ရတာကိုက ထူးခြားနေတာပဲ ဆိုပါတော့၊ ဥပမာ ပြောရရင် အခု ပွင့်ပွင့်လင်းလင်း ချပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ တိမ်စင်သာရဲ့ ရိုးသားမှုကို ကိုယ်သဘောကျတယ်''

''တိမ်စင်သာက ဟန်မဆောင်တတ်ဘူး ရင်ထဲရှိတဲ့အတိုင်း စိတ်ထဲမှာ ခံစားရတဲ့အတိုင်း ပြောတတ်လုပ်တတ်တာလေးကိုက ဘယ်လောက်ချစ်စရာကောင်းလဲ''

''တိမ်စင်သာမှာ ကိုယ်သဘောကျတဲ့ အချက်တွေ တော်တော်များများ ရှိနေတာကိုက တိမ်စင်သာကို ကိုယ်လက်ထပ်ချင်တဲ့ အဓိကအချက်ပဲ''

''တိမ်စင်သာဆိုရင်ရော ကိုယ်လက်ထပ်မယ့် ယောကျ်ားမျိုးဟာ ဘယ်လိုပုံစံမျိုး ဖြစ်ရမယ်၊ ဘယ်လိုအကျင့်စရိုက်မျိုး ရှိရမယ်ထင်လဲ''

''ရှင်''

''ဟင့်အင်း…ကျွန်မ သိပ်များများကြီးတော့လည်း တွေးမထားဘူးရှင့်''

''ဟုတ်ပြီလေ…အကြမ်းဖျင်း စံတစ်ခုတော့ ရှိမှာပေါ့၊ အဲဒီလိုလူထဲမှာ ကိုယ်ပါမပါ သိချင်တာ''

ဝိုင်းစက်ကြည်လင်သော သူမမျက်ဝန်းများ အရောင်လက်သွားသည်။လူတိုင်းတွင် စိတ်ကူးနှင့် စံထားသော ချစ်သူမျိုးရှိကြတာကို သူမလက်ခံပါသည်။

သို့သော် တိမ်စင်သာချစ်သူ ဖြစ်ရမည့်သူကိုမူ တိတိကျကျကြီး ပုံဖော်ထားသည်ရယ်လို့လည်း မရှိ။ အကြမ်းအားဖြင့်တော့ သူမချစ်သူဟာ သူမထက်အရပ်မြင့်ရမယ်၊ သူမထက် အသက်





နည်းနည်းပိုကြီးကာ စိတ်ဓာတ်ရင့်ကျက်ခိုင်မာသူ၊ စိတ်သဘောထားပြည့်ဝသူ၊ တိမ်စင်သာဘဝကို ကောင်းမွန်သော ဦးဆောင်မှုတွေ ပေးနိုင်သူဆိုတာမျိုးတော့ရှိသည်။

သူဟာ တိမ်စင်သာကို လေးနက်စွာ တန်ဖိုးထားပြီး ချစ်ခင်နိုင်သူမျိုးဖြစ်ပြီး သူမကလည်း ထိုသူမှတစ်ပါး တခြားမရှိ ချစ်ရပါဦးမည်။

ချစ်သူနှစ်ဦးစလုံးဟာ တစ်ယောက်ကိုတစ်ယောက် အလေးထားရမှာဖြစ်သလို တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်နားလည်မှု၊ ဂရုစိုက်မှု၊ ကြင်နာမှု၊ လေးစားမှုလည်း ရှိရမည်။

''ဘယ်လိုလဲ ချာတိတ်၊ ကိုယ်က ချာတိတ်ရဲ့ချစ်သူအဖြစ် ရွေးချယ်သတ်မှတ်ထားတဲ့ စံထဲမှာ မပါဘူးလား''

ငြိမ်သက်သွားသောသူမကို မိုးသောက်ဦးအသံက လှုပ်ခတ်ပစ်လိုက်၏။

''အဲလိုလည်းမဟုတ်ပါဘူး…ချစ်သူဆိုတာ ကိုယ်ဘယ်လိုပဲ စိတ်ကူးယဉ်စံထားတာမျိုး ဆိုပေမယ့်လည်း အားလုံး ထပ်တူညီနိုင်တာမျိုးမှ မဟုတ်ဘဲ''

''အချစ်ဆိုတာ လုပ်ကြံဖန်တီးလို့ရတာမျိုးလည်း မဟုတ်ဘူးလေ၊ နှလုံးသားခံစားချက်ဆိုတာကလည်း ကိုယ်က မြင်နိုင်တွေ့နိုင် ကြားသိနိုင်တာမျိုးမဟုတ်တော့ သူ ချစ်ချင်တဲ့သူကို ချစ်ပြီး သူမချစ်ချင်တဲ့သူကို ထားပစ်တတ်တာမျိုးပဲ''

''ကိုမိုးသောက်လည်း ကျွန်မချစ်သူဖြစ်နိုင်သလို တခြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကလည်း ကျွန်မချစ်သူ ဖြစ်လာနိုင်တာမျိုး"

"တိမ်စင်သာတို့ မိန်းကလေးတွေက အချစ်ကို စိတ်ကူးယဉ်ကြတာပဲ၊ တကယ့်လက်တွေ့ဘဝမှာ အဆင်ပြေမှုသာမရှိရင် အချစ်ဆိုတာလည်း မရှိနိုင်ဘူး။ဒါကို တိမ်စင်သာလည်း သိမှာပါ"

"ကိုမိုးသောက် ဆိုလိုတာက လက်တွေ့ဘဝမှာ အချစ်ထက် ငွေရေးကြေးရေးက ပိုအရေးကြီးတယ်လို့ ဆိုလိုချင်တာလား"

"အဲဒီလိုအဓိပ္ပာယ်မျိုး ဖြစ်ကောင်းဖြစ်လိမ့်မယ်ထင်တယ်၊ ဘယ်လောက်ပဲ ချစ်ကြတယ်လို့ပဲ ဆိုဆို၊ အဆင်မပြေမှုတွေ ဘဝအခက်အခဲတွေ ကြုံရလာရတဲ့အခါ အဲဒီပင်ပန်းဆင်းရဲမှုဟာ ချစ်သူတွေကို ကွေကွင်းသွားစေတဲ့ ပထမဆုံး တရားခံပဲမဟုတ်လား"

"ဒါဖြင့် အချစ်ဆိုတာ အလကားပေါ့၊ အချစ်ဟာ ငွေကြေးချမ်းသာကြွယ်ဝမှုလောက်မှ အသုံးမဝင်ဘူးပေါ့"

ထိုစကားကို တိမ်စင်သာ လေးနက်စွာ မေးလိုက်မိသည်။ အချစ်ဆိုတာကို သူမကိုယ်ကိုင်လည်း တိတိကျကျကြီး တွေ့ကြုံဘူးတာလည်း မဟုတ်တော့ အချစ်အကြောင်းကိုလည်း ရေရာတိကျစွာ မပြောနိုင်ပါ။

ယောကျ်ားတစ်ယောက်၏ အချစ်အပေါ် ထားသည့် သဘောထား အတွေးအမြင် သုံးသပ်ချက်နှင့် မိန်းမတစ်ယောက်၏ အချစ်အပေါ်ထားရှိသော ယုံကြည်လေးနက်မှုချင်းမှာ မတူညီကြချေ။

**စိတ်ခံစားချက်၊ နှလုံးသားတောင်းဆိုချက်ကို အလေး**





အနက် တန်ဖိုးထားသော မိန်းမသားတစ်ယောက်နှင့် ရုပ်ဝါဒီကိုပို၍ အလေးထားသော လက်တွေ့ဆန်ဆန် ကျင့်သုံးတတ်သော ယောကျ်ားများမှာ အရာအားလုံး ထပ်တူညီမျှစွာ တွေးချင်မှတွေးနိုင်ပေလိမ့်မည်။

ဆန့်ကျင်ဘက် လူသားနှစ်ဦးအတွက် အတွေးအခေါ် အယူအဆတို့မှာလည်း ထိုနည်းမျှသာ။

"ကိုယ်ဆိုလိုတာက အချစ်ဆိုတာ လူသားတိုင်းမှာ ရှိသင့်တယ်၊ ရှိလည်းရှိရမယ့် အရာတစ်ခုပဲ၊ ဒါပေမယ့် အချစ်ဟာ ကိုးကွယ်စရာမဟုတ်ဘူးဆိုတာပဲ"

"ဒါဖြင့် လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘာလို့လက်ထပ်ကြတာလဲ၊ အချစ်ကြောင့်မဟုတ်ဘူးဆိုရင် ငွေရေးကြေးရေးကြောင့်လား၊ သွေးသားဆန္ဒကြောင့်လား၊ မလေ့ထုံးစံကြောင့်လား၊ ဒါမှမဟုတ် တခြားအကြောင်းတွေကြောင့်လား"

"တိမ်စင်သာ ဘာကိုဆိုလိုတာလဲ"

"ကိုမိုးသောက် ကျွန်မကို ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ"

**တိမ်စင်သာ**သည် သူမေးတာကိုမဖြေဘဲ သူမသိချင်သည့် မေးခွန်းကိုပဲ မေးပစ်လိုက်သည့်အခါ သူက သူမကို နူးညံ့သိမ်မွေ့သော မျက်ဝန်းအစုံဖြင့် ရွှန်းလဲ့ဝေရီစွာ ပြုံးလျက်ကြည့်လာပါသည်။

"တိမ်စင်သာ ကိုယ့်ကိုစိတ်ဆိုးနေလား"

"ကျွန်မက ဘာကိုစိတ်ဆိုးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဟာ ဘဝလောက် အရေးမကြီးဘူးလို့ ကိုယ် ပြောလိုက်မိတာကိုပေါ့"

"ဒါကတော့ လူချင်းမတူသလို အတွေးအခေါ်ချင်းလည်း ဘယ်တူနိုင်မလဲ၊ ကျွန်မမေးတာကို ဖြေဦး"

"ချစ်လို့ဆိုရင်ဖြစ်မလား"

"အဲဒါတစ်ခုထဲလား"

"အဟွန်း...ဟွန်း...ဟွန်း"

"ကိုယ်ထင်သားပဲ...ကိုယ့်စကားကို တိမ်စင်သာ ယုံမှာ မဟုတ်ဘူးဆိုတာ အချစ်ဆိုတာ အပါအဝင်ဖြစ်သလို ကိုယ့်အသက်အရွယ်ကလည်း လက်ထပ်ရမယ့်အရွယ်၊ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေရမယ့်အရွယ်လည်းပါတာပေါ့လေ"

"အရေးအကြီးဆုံးက ကိုယ်လက်ထပ်မယ့် မိန်းကလေးဟာ တိမ်စင်သာကိုယ်တိုင် ဖြစ်နေဖို့ပဲ၊ ကိုယ့်ဘဝမှာ ဒါထက်အရေးကြီးတာ ဘာမှမရှိဘူး"

ပင်လယ်ပြင်သည် တဖြည်းဖြည်း အမှောင်ရင့်လာ၏။ တိမ်စင်သာသည် အခုချိန်ထိ သူမကို ချစ်ခွင့်ပန်စကား တစ်ခွန်းမှ မပြောဘဲ လက်ထပ်ခွင့်တောင်းနေသော မိုးသောက်၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လျက် အကြည့်ကို လွှဲပစ်လိုက်သည်။

အချစ်ကို အလွယ်တကူ လက်ခံချင်ပုံမရသော မိုးသောက်ဒက်ဒီကို ယောကျ်ားတစ်ယောက်အတွက် မိန်းကလေးတစ်ယောက်ရှေ့မှာ အချစ်ကို ဒူးထောက်တောင်းဆိုရန် အတော်ဝန်လေးနေပုံရ





ပြီး သူအလိုရှိသောအရာဝတ္ထုတစ်ခုကို လက်တွေ့ကျကျတည်ဆောက်ရန် ကြိုးစားအားထုတ်နေကြောင်း တွေးမိလာ၏။

သူမအနေဖြင့် ချစ်ရတာကို ရှက်စရာဟူ၍ မမြင်ချေ။ လူတစ်ယောက်က တခြားလူတစ်ယောက်ကို ချစ်မိသည့်အကြောင်း ပြောလိုက်ခြင်းဖြင့် တစ်ယောက်အတွက်ကို တစ်ယောက် မထိခိုက်နိုင်ဟုထင်သည်။

တိမ်စင်သာ ယောကျ်ားတစ်ယောက် ဖြစ်ခဲ့မည်ဆိုလျှင် သူမ ချစ်သူကို ချစ်ရေးမဆိုဘဲ လက်ထပ်ခွင့် ဘယ်တော့မှ တောင်းခံလိမ့်မည်မဟုတ်ကြောင်း တိုးတိတ်စွာ သစ္စာဆိုလိုက်လေသည်။

"တော်တော်မှောင်လာပြီပဲ၊ ကျွန်မတို့ ဒီနေရာကနေ သွားကြစို့"

အလင်းရောင်မှုမှုသည် ပျောက်ဆုံးသွားတာကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီးနောက် တိတ်ဆိတ်သောခြေလှမ်းများဖြင့် ထိုနေရာလေးကို ညင်သာစွာ ကျောခိုင်းခဲ့ကြသည်။

ညင်သာသဲ့သဲ့ အေးမြည်သော လှိုင်းပုတ်သံနှင့်အတူ ဖွဖွမျောလွင့်သွားသော သက်ပြင်းရှိုက်သံကိုတော့ မည်သူမှ သတိမထားမိကြပေ။

www.burmeseclassic.com



## အခန်း (၁၇)

မီးပုံပွဲလေးမှာ မိုးသောက်ဦး၏ ဂစ်တာသံနှင့် တေးသီချင်းသံအောက်မှာ ဝိပြင်သည်းကွဲစွာ ဖြည်တည်လာခဲ့သည်။

လူနည်းနည်းဖြင့် ပြီးဆုံးသွားလိမ့်မည်ဟု ထင်ထားခဲ့သော အန်တီဂရေ့စ်၏ မီးပုံပွဲမှာ အနီးအနားမှ ပါဝင်ဆင်နွှဲလိုကြသော အဖော်များ၏ ပါဝင်မှုဖြင့် အတော်လေး စည်ကားသက်ဝင်နေ၏။

"သီချင်းတစ်ပုဒ်လောက်ဆိုပါလား"

"ဟုတ်တယ်…ဟုတ်တယ် မောင်မိုးသောက်ပြောတာကို အန်တီလည်း ထောက်ခံတယ်၊ သီချင်းတစ်ပုဒ်ဆိုစမ်းပါ ကလေးရဲ့"

"အန်တီကလည်း"

"လုပ်စမ်းပါ… အန်တီ့တူမလေးက လိမ္မာပြီးသား"





"စုံတွဲဆိုပါဗျို့"

ခပ်အုပ်အုပ်ပွဲတောင်းသံက တဖြည်းဖြည်း ဝီပြင်လာတော့ တိမ်စင်သာ ငြိမ်နေပေမယ့် မရတော့။ အားလုံး၏ဆန္ဒအတိုင်း သီချင်းဆိုပေးရသည်။

ပထမတော့ တစ်ပုဒ်၊ နောက်တော့ နှစ်ပုဒ်ဆိုရင်းက စိတ်လည်းပါလာတာမို့ စုံတွဲပါဆက်ဆိုဖြစ်သည်။ သီချင်းအဆုံးမှာ လက်ခုပ်သံတွေကို ကြားရတိုင်း သူမ သီချင်းကို လက်ခုပ်တီး၍ တစ်ဦးတည်းအားပေးသော ဆရာလုပ်ချင်သော လူကြီးကို ဖျတ်ခနဲသတိရမိသည်။

အခုချိန်ဆို ဒီလူကြီး ဘာလုပ်နေမလဲဟု သိချင်မိသည်။

"တိမ်စင်သာက ဆုတောင်းကောင်းတဲ့ မိန်းကလေးပဲ၊ ချာတိတ် ဒီလောက်သီချင်းဆိုတတ်မှန်း ကိုယ်မသိဘူး၊ နားထဲမှာ အခုထိ တိမ်စင်သာသီချင်းသံလေး စွဲနေတုန်းပဲ"

"အဟင်း…ဟင်း…ဟင်း"

"အဲဒီလောက်တောင်ပဲလားရှင်ရယ်၊ ကျွန်မက အမြှောက်ကြိုက်တယ်နော်၊ တော်ကြာ လိုက်ဖမ်းလို့မမီဘဲ မြေကြီးနဲ့ခြေထောက်မထိဘဲ ဖြစ်နေဦးမယ်"

"ကိုယ်တကယ်ပြောတာ"

"ကျွန်မလည်း တကယ်ပြောတာ၊ သိပ်မမြှောက်နဲ့၊ ဘဝင်မြင့်တတ်တယ်"

"အဟွန်း…ဟွန်း…ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



အတည်ပေါက်ဖြင့် နောက်လိုက်သော စကားသံအဆုံးမှာ လွှတ်လပ်ပေါ့ပါးစွာ သူရယ်ပါသည်။

"ကိုယ်တော့ သိပ်ကံကောင်းတာပဲ"

"ဘာဖြစ်လို့"

"တိမ်စင်သာလို မိန်းမလှလေးနဲ့ တွေ့ခွင့်ရလို့ပေါ့ဗျာ"

သူမ ဘာမှမပြောဘဲ ပြုံးနေလိုက်သည်။ သူ ကံကောင်းသလို တိမ်စင်သာဆိုသည့် သူမကလည်း ကံကောင်းသူလေး ဖြစ်ခွင့်ရချင်နေတဲ့သူပါဆိုရင် သူဘာပြောမလဲ သိချင်နေမိသည်။

မီးပုံပွဲကြီးမှာ ကိုယ်စီ လမ်းခွဲပြီး ပျော်ရွှင်ကြည်နူး မောပန်းစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြသူတွေနှင့် ဆန့်ကျင်ဘက် သူမတစ်ယောက်တည်း အိပ်၍မပျော်ဘဲ မျက်လုံးတွေကြောင်နေ၏။

စိတ်ထဲမှာ ညီညီမျက်နှာကို ပြေးမြင်ယောင်မိသည်။ တိမ်စင်သာဘက်က ရက်တရက် ဘာအဆက်အသွယ်မှ မလုပ်တော့ဘဲ တိတ်ဆိတ်စွာ ပျောက်ဆုံးသွားတာကို ခံစားနေရမှာ သေချာသည်။

အထူးသဖြင့် ညီညီရဲ့ ပြိုင်ဘက်က သူမရှိရာကို လိုက်လာနိုင်ပြီး ညီညီတစ်ယောက်တည်း ကျန်ရစ်ခဲ့ရသော အဖြစ်က သူ့လို လူတစ်ယောက် ပိုလို့အခံရခက်စေမည်။

အနီရောင်ဖုန်းလေးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ အခုအဖြစ်အပျက်တွေအားလုံး ညီညီကို သူမအမှန်အတိုင်း ဖွင့်ပြောဖို့ ဆုံးဖြတ်ပြီးသားဖြစ်ပေမယ့် ဖုန်းနှင့်မပြောဘဲ လူချင်းတွေ့ပြီးမှ





ပြောဆိုအသိပေးတော့မည်ဟု ဆုံးဖြတ်လိုက်၏။

"နင်ပြောတာအားလုံး ငါလက်ခံပါတယ် တိမ်စင်သာ၊ ငါ့ထက် သူက အခွင့်အရေးပိုရတဲ့လူပဲ၊ ဒီလောက်တော့ရှိမှာပေါ့"

"နင့်ကို ငါနားလည်ပါတယ်"

သူမစကားကို ယုံကြည်စွာ လက်ခံပေးလိုက်သော ညီညီ မျက်နှာကို စူးစိုက်ကြည့်ရင်း ရင်မောစွာ ပင့်သက်ဖြာလိုက်မိသူက သူမကိုယ်တိုင်ဖြစ်သည်။

သူမကို နားလည်ပါသည်ဟု ဆိုလာသူ၏ မျက်နှာလေးမှာ သူမနှင့်ဝေးနေသော ရက်အတွင်း အနည်းငယ် ချောင်ကျသွားတာကို ကြည့်ခြင်းဖြင့် ညီညီရင်ထဲက ခံစားချက်ကို ခန့်မှန်းမိပြီး ဖြစ်သည်။

"ငါပြန်တော့မယ် ညီညီ၊ တော်ကြာ ဒက်ဒီနဲ့ တွေ့နေရင် နောက်ထပ်ပြဿနာတွေ ရှင်းမရအောင်ရှုပ်ကုန်မယ်"

လက်ကနာရီလေးကို တစ်ချက်ငုံ့ကြည့်ရင်း ဆိုလိုက်ခြင်း ဖြစ်သည်။

"ငါတို့မှာ နောက်ထပ်တွေ့ဖို့ အစီအစဉ်ရောရှိသေးရဲ့လား"

"ဒါကတော့ အခြေအနေပေါ်မှာ မူတည်တာပေါ့၊ ဖုန်းကတော့ ဒက်ဒီမသိအောင် ခိုးဆက်လို့ရပါတယ်"

"ငါပြန်မယ်နော် ညီညီ"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းထဲ ပြတ်သားစွာပြောပြီး ကျန်နေရစ်ခဲ့သော ညီညီကို စိတ်ထဲမှာ သနားနေမိပေမယ့် မတတ်နိုင်။ ဒက်ဒီ ကျေနပ်သဘောကျအောင် ညီညီနှင့် နောက်အဆက်အသွယ်မလုပ်တော့ပါဟု သူမကိုယ်တိုင် ဝန်ခံကတိပေးပြီးခဲ့ပြီမို့ အခုလို မိုးကြောင်နိုးဝှက် ညီညီနှင့် လာတွေ့တာသိလျှင် မိုးသောက်ဦးဆိုသူနှင့် ချက်ချင်းလက်ထပ်ရမည်ဆိုတော့ ဒက်ဒီအမိန့်ကို တကယ်သွေးလန့်နေမိတာပါသည်။

ဒီအကြောင်းတွေလည်း ညီညီသိအောင် သူမ ဖွင့်ပြောခဲ့ပြီးပါပြီ။ သူမဘက်က အခြေအနေအရပ်ရပ်ကို သူမနားလည်သလိုပင် ညီညီလည်း နားလည်မှာသေချာပါသည်။

"တွီ...တွီ"

"ဟဲလို"

"အေး...ဒက်ဒီပါ၊ သမီး အခုဘယ်မှာလဲ"

"လမ်းပေါ်မှာဒက်ဒီ၊ ဘာဖြစ်လို့လဲ"

ဖုန်းအသံမြည်လာသဖြင့် နားထောင်လိုက်ရာ ဒက်ဒီဖုန်းဖြစ်နေသည်။

"အေး...ဒါဆို ဒက်ဒီ့ကို ဝင်ကြိုပေးစမ်းကွာ၊ ဒက်ဒီကားကို အခုပဲ ဝပ်ရှော့ပို့ထားခဲ့ရတယ်"

"ဟုတ်..သမီး အခုပဲလာခဲ့မယ်နော် ဒက်ဒီ"

"အေး...အေး ကားကို ဖြည်းဖြည်းမောင်းနော်"

"ဟုတ်ကဲ့ပါ"





ဖုန်းကို ပိတ်လိုက်သည်။ အခုတလော ဒက်ဒီတစ်ယောက် အလုပ်တွေရှုပ်နေသည်။ အစည်းအဝေးတက်ရ။ ဟိုဖွင့်ပွဲ ဒီဖွင့်ပွဲနှင့် အိမ်ကပ်ချိန်နည်းသဖြင့် သားအဖချင်း မျက်နှာချင်းပင် သိပ်ဆိုင်ဖြစ်ကြသည့်အထိပင်။

သူမစိတ်ထဲမှာ ဒက်ဒီကို သနားမိပေမယ့် ကိုယ်ကိုယ်တိုင်လည်း ဒက်ဒီ့လုပ်ငန်းတွေကို ဘာတစ်ခုမှ နားလည်းမလည်။ စိတ်လည်းမဝင်စားသဖြင့် ဘာတစ်ခုမှ မကူညီနိုင်။

တိမ်စင်သာ ဒက်ဒီအတွက် သားယောကျ်ားလေး ဖြစ်မည်ဆိုလျှင်တော့ ဒက်ဒီအနေဖြင့် သူမအပေါ်မှာ အခုလို ပူပင်သောကရောက်နေစရာလည်း အကြောင်းမရှိလှ။

အခုတော့ ဒက်ဒီအတွက် သူမ ဒုက္ခအပိုသက်သက်ပေးနေသလို ဖြစ်နေမည်ထင့်။

အိုလေ...အဲဒီလိုလည်း မဟုတ်သေးပါဘူး။

တိမ်စင်သာဆိုတာ ဒက်ဒီ သိပ်ချစ်ရတဲ့ တစ်ဦးတည်းသော သမီးလေးပဲဥစ္စာ။ မာမီမရှိတော့ပေမယ့် ဒက်ဒီနဲ့ အန်တီရစ်တို့အတွက် သူမက ရှုမငြီးသော တစ်ဦးတည်းသော မြတ်နိုးလေးမို့ သည်းသည်းလှုပ်ချစ်ကြလွန်းလို့ပဲ သူမ တစ်ခုခုဖြစ်မှာ အစိုးရိမ်ပို မျက်စိဒေါက်ထောက်ကြည့်နေရှာတာ မဟုတ်လား။

ဒီကြားထဲကမှ သူမဘက်က ဒက်ဒီတို့ကို စိတ်ဆင်းရဲအောင် တစ်ခုခု လုပ်ဆောင်မိမည်ဆိုပါက သူမလောက် အပြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမည့်သူ ရှိအံ့မထင်။

ဒီလောက် လိမ္မာသိတတ်နေမှဖြင့်လည်း ဒက်ဒီ စိတ်ချမ်းသာအောင် ညီညီကို အဆက်ဖြတ်၊ မိုးသောက်ဦးနှင့် လက်ထပ် အဲဒီလိုလုပ်ပစ်လိုက်ပါလားဟု ဆိုစရာဖြစ်နေသည်။

ခက်တာက တိမ်စင်သာဆိုသည့် သူမကိုယ်တိုင်လည်း သမီးအလိမ္မာလေး မလုပ်နိုင်တော့ အသိခေါက်ခက် အဝင်[နေ] သူလိုဖြစ်နေသည်။

“ကျွိုး”

“ဟော...မမလေး လာပြီ၊ အထဲကို ကြွပါခင်ဗျာ ဧည့်သည်တစ်ယောက် အခုလေးတင်ပဲ ရောက်လာလို့ ဆရာ အပေါ်မှာ စကားပြောနေပါတယ်”

“ရတယ်...ကျွန်မ မတက်တော့ဘူး၊ ဒီကပဲ စောင့်[နေ]လိုက်မယ်၊ ဒက်ဒီလာရင် ကျွန်မ ဟိုသစ်ပင်ရိပ်အောက်မှာ ရှိ[နေ] အကြောင်း ပြောပေးပါ”

“ဟုတ်ကဲ့ပါခင်ဗျာ”

သူမထင်ထားသလို ဒက်ဒီကို အဆင်သင့်မတွေ့[ရ] တခြားကားနှစ်စီးကို တွေ့ရသဖြင့် သူမကားလေးကို အရိပ်ရ[သော] သစ်ပင်အောက်မှာ အသာထိုးရပ်နားနေလိုက်ပါသည်။

ထိုင်ခုံနောက်မှီကို ခပ်လျော့လျော့ထိုင်ရင်း မျက်လုံး[များ]ကို မှိတ်လျက် ငြိမ်သက်စွာ အနားယူနေမိသည်။

သိပ်မကြာလိုက်ပါ။



အသံဝါကြီးဖြင့် ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်သော ဒက်ဒီအသံကြောင့် သူမ မျက်ဝန်းလေးတွေ လှပစွာ ပွင့်လာသည်။

ကားတံခါးဖွင့်သံပိတ်သံ၊ ပြောဆိုနှုတ်ဆက်သံများကို ကြားနေရပြီးနောက် ကားနှစ်စင်း ရှေ့ဆင့်နောက်ဆင့် မောင်းထွက်သွားသံကိုပါ ကြားလိုက်ရသဖြင့် ဘာရယ်မဟုတ် ထိုကားများရှိရာကို သူမအကြည့်လေးတွေ မရည်ရွယ်ဘဲ ဖျတ်ခနဲ ရောက်သွားချိန်မှာတော့...

ဟင်...။

ဟိုလူကြီးပါလား...။

သူနှင့် ကမ်းခြေပင်လယ်ပြင် သောင်စပ်မှာ ဆုံခဲ့ဘူးသော လူကြီးကို မှတ်မိနေခြင်းကြောင့် အံ့သြသလိုလေး ဆိုလိုက်မိခြင်းဖြစ်သည်။

သူတစ်ယောက်တည်းတော့ မဟုတ်။ အနားမှာ အတူပါလာသော အဖော်ဖြစ်သူနှင့် စကားပြောရင်း လိုက်ပါသွားခြင်းဖြစ်သည်။ ဒက်ဒီဆီလာသော ဧည့်သည်များထဲမှာ ထိုလူကြီးကို တိုက်ဆိုင်စွာ တွေ့လိုက်ရခြင်းက ပင်လယ်ပြင်၏ နေဝင်ဆည်းဆာအချိန်ကို ပြန်လည်အမှတ်ရစေပြန်သည်။

“ဘယ်နှယ့်လဲ သမီးလေး၊ ဒက်ဒီကို စောင့်လိုက်ရလို့ တစ်ယောက်တည်း ပျင်းနေပြီလား”

“မပျင်းပါဘူး ဒက်ဒီရဲ့၊ အချိန်အကြာကြီးမှ မဟုတ်တာ၊

www.burmeseclassic.com

www.burmeseclassic.com



သမီးစောင့်နေနိုင်ပါတယ်''

''ဒက်ဒီသမီးလေးက လိမ္မာလှချည်လားဗျာ၊ ကဲ…ဒါဖြင့် မောင်းတော့၊ ဒီညနေစာကို အိမ်မှာမစားဘဲ သမီးကြိုက်တဲ့ ဟိုတယ်မှာ လိုက်ကျွေးမယ်ဟုတ်လား''

''သမီးအန်တီကို အခုထဲက လှမ်းပြောထားဦးမှပဲ၊ နော်''

တီမ်စင်သာက သူမကားလေးကို နေရာမှ မောင်းထွက်လာချိန်မှာ ဒက်ဒီကတော့ သူဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေပါသည်။ အန်တီဂရေ့စ်ဆီကို ဖုန်းနှင့် လှမ်းအကြောင်းကြားပြီးနောက် ဆက်တိုက်ဆိုသလို ဝင်လာသောဖုန်းများကြောင့် ဒက်ဒီမှာ တစ်လမ်းလုံး အလုပ်စကားများ ပြောဆိုနေတာကို ကြားနေရသည်။

နောက်ဆုံးဖုန်းကတော့ ဒက်ဒီ့သူငယ်ချင်း အပေါင်းအသင်းတွေက အတူဆုံပြီး ညစာစားရန် ဖိတ်ခေါ်သည့်ဖုန်း ဖြစ်နေသည့်အတွက် ထိုဖုန်းကို ငြင်းဆို၍မဖြစ်သောကြောင့် ရယ်မော၍ လက်ခံလိုက်ရသည်။

''ကဲ…သမီးရေ ကြားတဲ့အတိုင်းပဲ၊ ဒီနေ့တော့ ဒက်ဒီ ဘယ်လိုမှ သမီးတို့နဲ့ လိုက်နိုင်မှာမဟုတ်ဘူး၊ သမီးနဲ့ သမီးအန်တီနဲ့ပဲ အတူသွားလိုက်ကြတော့ ဟုတ်လား''

''ဟုတ်ကဲ့ပါ ဒက်ဒီ''

ဒက်ဒီကို သူ့မိတ်ဆွေ အပေါင်းအသင်းများကိုယ်တိုင် လာရောက်ခေါ်ငင်သွားကြပြီးနောက် တီမ်စင်သာနှင့် အန်တီဂရေ့စ် တို့လည်း ညစာစားရန်အတွက် အိမ်မှ ရှေ့ဆင့်နောက်ဆင့် ဆိုသလို



ထွက်ခဲ့ကြသည်။

''ဘယ်ကိုသွားမလဲ အန်တီ''

''အေး…ဘယ်ကိုသွားပြီး ဘာစားရရင် ကောင်းမလဲလို့ စဉ်းစားနေတာပဲ ကလေးရဲ့၊ မင်းရော ဘာစားချင်လဲ''

ကုလားစာ၊ တရုတ်စာ၊ ဘိုစာ၊ မြန်မာစာ ရွေးခြယ်ရင်း ရုတ်တရက် ဘယ်ကိုသွားရမှန်းမသိချေ။

နောက်ဆုံးတော့ အေးအေးဆေးဆေး အနားယူနိုင်ပြီး လွတ်လပ်စွာ စကားပြော၍ရသော ဆိုင်တစ်ဆိုင်ကို ရွေးချယ်အတည်ပြုလိုက်လျက် ကားလေးကို ထိုနေရာသို့ ဦးတည်လိုက်ပါသည်။

အစားအသောက်များကို ဦးဆောင်မှာကြားသူမှာ အန်တီဂရေ့စ်ဖြစ်ပြီး သူမကတော့ အေးချမ်းတိတ်ဆိတ်၍ သက်တောင့်သက်သာရှိလှသော ဆိုင်အပြင်အဆင်များကို စိတ်ဝင်စားစွာ ငေးနေမိသည်။

''တီ…တီ''

''ခဏလေးနော် အန်တီ''

''ဒီမှာပြောလည်း ရရဲ့သားနဲ့ကွယ်''

အန်တီဂရေ့စ်အသံကို ကြားသော်လည်း သူမ နားထောင်မနေတော့ပါ။ ဖုန်းမှာ ညီညီ့ဖုန်းဖြစ်နေ၍ အန်တီရှေ့မှာ ပြောမဖြစ်တာ သူမပဲသိသည်။

''ပြော…ညီညီ ဘာကိစ္စလဲ''



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့တွေ့ချင်လို့"

"ဟင်"

"မနက်က တွေ့ပြီးပြီရော"

"အေးပါ…သိပါတယ်၊ နင့်ကို ပစ္စည်းတစ်ခု ပေးစရာ ရှိလို့ပါ"

"နောက်မှပေးဟယ်…အခု အန်တီဂရေ့စ် ထမင်းစားဖို့ စောင့်နေတယ်"

"အခုအိမ်မှာလား"

"နိုး…စားသောက်ဆိုင်မှာ"

"ဆိုင်နာမည်ပြော"

ညီညီကို လမ်းနံပါတ် အတိအကျနှင့် ဆိုင်အမည်ကို ပြောပြီး ဖုန်းချလိုက်သည်။ အန်တီ့နားကို အပြေးရောက်သွားတော့ အန်တီက သူမကို စိတ်မရှည်သလို လှမ်းကြည့်သည်။

"ပြောလို့ပြီးပြီလား"

"ပြီးပါပြီ အန်တီရဲ့၊ ခဏလေးပါ"

ထမင်းပန်းကန်ကို ဆွဲယူပြီး အန်တီ့ပန်းကန်ထဲကို ဟင်းများ ဦးဖယ်ချပေးရင်း ပြုံးစစဖြင့် ချော့လိုက်တော့ အန်တီက မျက်ခုံးတစ်ချက် တွန့်လိုက်၏။

"အခုထဲက…ကြိုသတိပေးလိုက်မယ်နော်၊ ညီညီနဲ့ဆက်သွယ်နေတာ မင်းဒက်ဒီသိရင် ဘာဖြစ်မယ်ဆိုတာလဲ ထည့်စဉ်းစားထား ဟုတ်လား"





"ဒီတစ်ခါတော့ အန်တီလည်း ဘာမှကူညီနိုင်တော့မယ် မထင်ဘူး"

အန်တီ့စကားကြောင့် တိမ်စင်သာ ဘာမှမပြောနိုင်ဘဲ က်ကလေးပုလိုက်သည်။

ငွေရှင်းပြီး ကားနားအရောက်မှာ လှပစွာ ချိတ်ဆွဲဝက်ဝံ ရုပ်ကြီးနှင့် ပန်းစည်းတစ်ခုက အသင့်စောင့်ကြိုနေ၏။

"ကြည့်စမ်း…ဘယ်သူ ကားပေါ်လာတင်သွားတယ် သိဘူး၊ ညီညီမှ ဟုတ်ရဲ့လား"

"တိမ်စင်သာလည်း ဘယ်သိပါ့မလဲ အန်တီရဲ့၊ ပန်းတွေ ာ လှတယ်နော်"

တိမ်စင်သာက မသိဟန်ဆောင်ပြီး လက်ထဲက ပန်းစည်း ကို တစ်ချက်ဝေ့ကစားလိုက်သည်။

"မသိရင်ခက်မယ်နော် ကလေးမ၊ ဒါတွေအားလုံးကို တိုကောင်လေး လက်ချက်ဆိုတာသိတယ်"

အန်တီက ဒါပဲပြောပြီး ကားပေါ်တက်သွားသဖြင့် သူမ ကပဲ အန်တီမမြင်အောင် တစ်ဖက်လှည့်ပြီး ပြုံးလိုက်သည်။

ညီညီ…။

အန်တီက နင့်ကိုသိနေတယ်ဟယ်…။

www.burmeseclassic.com



## အခန်း (၁၈)

"တိမ်စင်သာ"

"ဩော်…ကိုမိုးသောက်၊ ကျောင်းအထိအောင် လိုက်လာတယ်ဆိုတော့ ကိစ္စရှိလို့လားဟင်"

ချိန်းဆိုထားခြင်းမရှိဘဲ သူမကျောင်းကို ရောက်လာသော မိုးသောက်ဦးကို သူ့စတိုင်လ်အတိုင်း တည်ကြည်ခန့်ညားမှုအပြည့်ဖြင့် တွေ့လိုက်ရသည့်အတွက် တိမ်စင်သာမှာ မျက်ခုံးလေး မြင့်လျက် အံ့ဩသလိုလေး ဆိုလိုက်မိခြင်းဖြစ်သည်။

"ဆိုပါတော့လေ…အခုချိန်မှာ ကိုယ့်အတွက် အရေးအကြီးဆုံးကိစ္စတစ်ခုကို လုပ်နေတယ်"

"ဘာအလုပ်လဲဟင်"

တိမ်စင်သာ နားမလည်သလိုလေး ပြန်မေးလိုက်ရာ သူက တိမ်စင်သာ မျက်နှာလှလှလေးကို တစ်ချက်စိုက်ကြည့်ရင်း





ခပ်တိုးတိုး တစ်ချက်ရယ်သည်။

"တိမ်စင်သာဆိုတဲ့ ချာတိတ်လေးကို ထမင်းလိုက်ကျွေးချင်လို့ပါဗျာ"

"အိုး…အဟင်း…ဟင်း"

သူ့စကားကို သူမ သဘောကျစွာ ရယ်မောလိုက်ရာ သူက ရွှန်းလဲ့နူးညံ့သော မျက်ဝန်းတောက်တောက်များဖြင့် သူမကို ပြုံးလျက် ငေးကြည့်နေ၏။

"ကျွန်မက ဘာများလဲလို့"

"ကိုယ့်ရဲ့စကားက တိမ်စင်သာအတွက် ရယ်စရာဖြစ်နေလား"

"ဟင့်အင်း…ကိုမိုးသောက်ကို သဘောကျလို့ပါ"

"ဟုတ်လား…ဒါဆို တိမ်စင်သာ အမြဲသဘောကျအောင် နေမှပဲ ထင်တယ်"

ပြုံးလျက် သူဆိုတော့ သူမဘာမှမပြောဘဲ ပြုံးနေလိုက်သည်။ တိုက်ဆိုင်စွာ ဒီနေ့သီညီ ကျောင်းကိုမလာသဖြင့် သူမကို အပြိုင်ပိုးပန်းနေသော ယောကျ်ားနှစ်ယောက်ကြားမှာ သူမလည်း အနေရခက်စွာ မျက်နှာပူစရာမလိုချေ။

"ဘယ်လို့လဲ…ကိုယ်ဖိတ်ခေါ်တာကို လက်ခံမှာလား"

"လက်ခံပါတယ် ကျွန်မလည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

"အဟွန်း…ဟွန်း…ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ"

"သဘောကျလို့"

"ဘာကိုလဲ"

"တိမ်စင်သာကိုလေ"

"အင်း…ဒါဆို ကိုမိုးသောက် အမြဲသဘောကျအောင် နေမှပဲ ထင်တယ်၊ ဒါမှ ခဏ ခဏ မုန့်ဝယ်ကျွေးချင်စိတ်ပေါ် က် လာအောင်လေ"

"အဟွန်း…ဟွန်း…ဟွန်း့"

"တိမ်စင်သာကသာ လက်ခံမယ်ဆိုရင် ကိုယ်က တစ်ဘဝလုံးကို တာဝန်ယူချင်သူပါဗျာ"

"ဟိုး…ဟိုး စကားကို ဒီမှာပဲရပ်မယ်နော်၊ ကဲ…ပြော အခုဘယ်ကိုသွားရမှာလဲ"

"ချာတိတ် သွားချင်တဲ့နေရာကို ပြောလေ"

"ဟင့်အင်း…ကျွန်မ မပြောတတ်ဘူး၊ ကိုမိုးသောက် သွားတဲ့နေရာကိုပဲ လိုက်ခဲ့မယ်လေ"

"တကယ်လား"

"တကယ်ပေါ့…ထမင်းဆိုင်ကိုပဲ ပြောတာနော်"

"တိမ်စင်သာရယ်"

နှစ်ယောက်အတူ ရယ်မောလိုက်မိကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် မိုးသောက်ဦးနှင့်အတူ ရှိနေသည့်အချိန်တွေမှာ ဘာစိတ်အနှောင့်အယှက်မှ မရှိဘဲ စိတ်ထဲမှာ လွတ်လပ်နေးထွေးသလို





ခံစားနေရခြင်းကလည်း ညီညီနဲ့ အတူရှိနေခြင်းနှင့် သိပ်မကွာလှဟု ဆိုရမည်ဖြစ်သော်လည်း ထိုနှစ်ဦးကို နှိုင်းယှဉ်ကြည့်ရင် တစ်မျိုးစီတော့လည်း ကွာခြားနေသလို ထင်ရပြန်သည်။

နေ့လယ်စာကို ကိုမိုးသောက်၏ ဆန္ဒအတိုင်းပင် မိုးပြာစားသောက်ဆိုင်လေးမှာပဲ ထိုင်ဖြစ်ကြသည်။

အင်း…ဒီအချိန်သာ ညီညီရောက်လာရင်တော့ ပွဲဆူသွားမှာပဲ ထင်ရဲ့ဟု စိတ်မှာတွေးရင်း စိတ်မှာ သူ့အလိုလို ညီညီကို လွမ်းပြီးသတိရနေ၏။

ကိုမိုးသောက်ကို ဟင်းအမယ် ခပ်များများမမှာဖို့ ပြောရင်းကပင် စားပွဲပေါ်မှာ ဟင်းများ စုံလင်သွားရာ ဘာကိုမှ ဟုတ်တိပတ်တိ မစားနိုင်ခြင်းကြောင့် ဟင်းပွဲများကို သူကပဲ ဦးဆောင်စားနေရင်း သူမပန်းကန်ထဲသို့လည်း ကောင်းနိုးရာလေးများကို ဂရုတစိုက် ရွေးချယ်ထည့်ပေးလျက်ရှိသည်။

"အစားများများစားမှ အားရှိမှာပေါ့ဗျာ၊ များများစားစမ်းပါ"

"စားပါတယ် ကိုမိုးသောက်ရဲ့၊ ကျွန်မ ဘယ်လောက်အားရှိတယ်ဆိုတာ ကိုမိုးသောက် မသိသေးလို့ပါ"

"ဟုတ်လား…ဘယ်လောက်အားရှိတယ်ဆိုတာ ကိုယ်သိအောင်လည်း ပြောပြဦးမှပေါ့"

"ဟိုတစ်နေ့ကဆို ကျွန်မတစ်ယောက်ထဲ"

"ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်…ဖန်ခွက်ထဲမှာ ခလုတ်တိုက်ပြီး ချော်လဲတာကို ပြောမလို့ပါ"

"အဟွန်း…ဟွန်း တိမ်စင်သာက ကိုယ့်ကို အတည် ပေါက်နဲ့လည်း စနောက်တတ်သားပဲဗျာ"

"ချာတိတ်က ကိုယ့်အတွက် အမှတ်တွေ တစ်မှတ်ပြီး တစ်မှတ်တိုးနေပြီ၊ ဘယ်နှယ့်လုပ်ရမလဲ ချာတိတ်ရယ်၊ ပြောပါဦး"

"ဘယ့်နှယ်မှ မလုပ်နဲ့"

"အဟွန်း…ဟွန်း…ဟွန်း"

သူက တိမ်စင်သာစကားကို သဘောကျသလို ရယ်လျှင် သူမကလည်း သူနှင့်အတူ ရောယောင်ပြုံးနေလိုက်သည်။ ကျသင့်ငွေကို ရှင်းပေးပြီး နေရာက ထွက်အလာမှာ လူတစ်စုရောက်လာပြီး ကိုမိုးသောက်ကို ဖက်လှဲတကင်း ရင်းနှီးကျွမ်းဝင်စွာ နှုတ်ဆက်လျက်ရှိရာ တိမ်စင်သာလည်း သူ့ကို နှုတ်ဆက်စကားဆိုပြီး ထိုနေရာကပဲ လမ်းခွဲထွက်လာခဲ့လိုက်သည်။

"ဒီမယ် ကလေးမ"

"ဟင်"

ကားပေါ်တက်ခါနီး နောက်ပါးဆီမှ ကပ်လျက်ထွက်ပေါ်လာသော အသံကြောင့် နောက်ကိုလှည့်ကြည့်လိုက်ရာ လုံးဝမျှော်လင့်မထားသော လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် လှပသော မျက်နှာလေးမှာ အံ့သြမှုလေးများ ဖြစ်ထွန်းသွား၏။

"ရှင်…ရှစ် လူကြီး"





"ဟုတ်ပါတယ်၊ ကျုပ်ပါ၊ မှတ်မိတယ်မဟုတ်လား"

မရယ်မပြုံး ခပ်တည်တည်မျက်နှာထားနှင့် သူမကို ပင်လယ်ပြင်တစ်နေရာမှာ ဆရာလုပ်ခဲ့သည့် လူကြီး၏မျက်နှာကို မော့ကြည့်မိ၏။

"ဘာကိစ္စရှိလို့ ကျွန်မကို ခေါ်တာလဲ"

"မှတ်မိတယ် မဟုတ်လား"ဆိုသည့် သူ့မေးခွန်းကို သူမမဖြေဘဲ သူမ သိချင်တာ ကို မေးလိုက်တော့ သူ့မျက်နှာမှာ အဓိပ္ပာယ်ခွဲခြားရခက်သော အပြုံးတစ်ခု ပေါ်လာသည်။

"ဒီလိုလေ…ကလေးမဆီက အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"

"အကူအညီ ဟုတ်လား"

နားမလည်နိုင်သလို သူမဆိုလိုက်သည်။

"ဟုတ်တယ်…ဟိုဒင်း…ကျုပ်ပိုက်ဆံအိတ် မေ့ကျန်ရစ်ခဲ့လို့ ကျုပ်ကို ငွေငါးသောင်းလောက် ခဏလေးပေးသုံးပါလား ဗျာ"

"ဒီကပြန်ရင် ကလေးမရဲ့ငွေကို ကျုပ် ချက်ချင်းပြန်ပေးမှာပါ၊ ကလေးမ ကျုပ်ကိုယုံရဲ့လား"

"ရှင်…လူကိုလာပြီး အကြောင်ကြောင် လုပ်မနေနဲ့နော်၊ ရှင့်လိုလူတစ်ယောက်မှာ ငွေ ဒီလောက်လေးတောင်မှ ပါမလာဘူး ဆိုတာ ယုံနိုင်စရာလားရှင့်"

အကောင်းမှတ်ပြီး သူ့စကားကို နားထောင်နေမိသော



www.burmeseclassic.com

www.burmeseclassic.com



တိမ်စင်သာမှာ ဝတ်ထားသည့် အဝတ်အစား အသုံးအဆောင်ပစ္စည်းများနှင့် သူစီးလာသည့်ကား၊ ကိုင်ထားသည့် ဖုန်းကိုမှ အားမနာ သူမဆီကို ငွေလာချေးနေသော လူကြီးကို မယုံသင်္ကာဟန်အကြည့်လေးများဖြင့် ဆိုလိုက်ရာ သူက ဦးခေါင်းကိုလှန်မော့ပြီး ဟက်ခနဲ တစ်ချက်ရယ်ပါသည်။

"ဒါက…ဒီလိုရှိပါတယ် ကလေးမရဲ့"

"အို…ကျွန်မနာမည် တိမ်စင်သာရှင့်"

"ဪ…ဟုတ်ပြီ၊ ကျုပ်မှာ ပုံမှန်ဆိုရင် အခုကလေး…အဲ တိမ်စင်သာပြောသလိုပါပဲ၊ အခုပြောနေတဲ့စကားဟာ ယုံနိုင်စရာမရှိပါဘူး၊ ဒါပေမယ့် ပိုက်ဆံအိတ်က အမှန်တကယ်ပဲ အိမ်မှာ ကျန်ရစ်တာဖြစ်လေတော့၊ ဒီမှာ စားသောက်ပြီး ရှင်းစရာငွေက ပါမလာဘူးဖြစ်နေတယ်၊ အဲဒီအချိန်မှာပဲ တိမ်စင်သာကို တွေ့လိုက်ရလို့ အခုလို အကူအညီတောင်းရတာပါ"

"ကျုပ်ကိုမယုံရင် ဒီဖုန်းကို မင်းယူထားပါ"

"အို…ရှုပ်ရှုပ်ယှက်ယှက် ဘာဖြစ်လို့ ကျွန်မက ရှင့်ဖုန်းကို ယူထားရမှာလဲ၊ ငွေလိုရင် ရှင့်အိမ်ကို ဖုန်းဆက်ပြီး လာပို့ခိုင်းပေါ့ရှင်"

သူ့လက်ထဲက ဖုန်းကို သူမလက်ထဲ လာထည့်ပေးနေသဖြင့် စိတ်ရှုပ်စွာ သူမဆိုလိုက်၏။

"ကျုပ်ရဲ့ငွေကို တခြားဘယ်သူ့ကိုမှ ပေးမကိုင်ဘူး၊ သော့ကလည်း ကျုပ်ဆီမှာ"





စာတ်လမ်းကတော့ ပြတ်ပေပြီ။

သူမ ဘာမှထပ်ပြောနေလို့ မဖြစ်တော့။ လက်ကိုင်အိတ်ထဲက ပိုက်ဆံတစ်ထပ်ကို ဆွဲထုတ်လိုက်ပြီး သူလိုချင်သည့်ငွေကို ရေတွက်လိုက်၏။

"ရော့"

"သင့်ခ်ယူ…ကျုပ် ဖုန်းယူထားမလား"

"မလိုပါဘူး…ရှင် ငွေရှင်းစရာရှိတာ သွားရှင်းပါ၊ ကျွန်မကို ရှင့်လိပ်စာနဲ့ ဖုန်းနံပါတ်သာပေးခဲ့"

"ကျုပ်နဲ့တစ်ခါထဲ အိမ်ကို လိုက်မယူဘူးလား၊ ဒီမှာ ခဏပဲစောင့်ပါ ကျုပ်အခုပဲ ပြန်လာခဲ့မယ်ဟုတ်လား"

တိမ်စင်သာ ဘာမှပြန်မပြောနိုင်ခင် သူက နေရာမှ လှစ်ခနဲ ထွက်သွားပြီဖြစ်ရာ သူမလည်း ဘာလုပ်ရမှန်းမသိဘဲ ယောင်ချာချာလေးနှင့် ကိုယ့်ကားပေါ်က ထိုင်စောင့်နေရ၏။

လောကမှာ ဒီလိုလူမျိုးတွေလည်း ရှိသားပင်။ စားသောက်ပြီးမှ ငွေရှင်းစရာမပါမှန်း သိသတဲ့။ တိမ်စင်သာနဲ့ တွေ့လို့သာ ပေါ့၊ မဟုတ်ရင် သူ့ကိစ္စကို ဘယ်လိုရှင်းမည်မသိ။

သူမကိုပေးသလို သူ့လက်ကိုင်ဖုန်းကို ဆိုင်မှာ အပေါင်ထားခဲ့မည်ထင်သည်။ သူမကို ဆရာသိပ်လုပ်ချင်သည့် လူကြီးကို အခု သူမက ပြန်ပြီး ဆရာလုပ်ရတော့မည်ထင်သည်။

"သွားကြစို့…တိမ်စင်သာ၊ မင်းလေးရောက်လာတာ ကျုပ်အတွက် ဘုရားမတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘုရားက အမြဲမနိုင်မှာမဟုတ်ဘူးရှင့်၊ နောက်ကို အခုလို အဖြစ်မျိုးမရှိအောင် ဆင်ခြင်ပါ”

“ဗျာ”

“သြော်…ဟုတ်ကဲ့…ဟုတ်ကဲ့”

ရွဲ့သည်လား၊ တကယ်ပြောသည်လား မသိရသဖြင့် သူမကို ကျော်ခိုင်းပြီး တစ်ဖက်ကားပေါ် လှမ်းတက်ရန် ခြေလှမ်းပြင်နေသူကိုကြည့်ပြီး မကျေမနပ်လေး ဆိုလိုက်သည့်စကားကို သူကလည်း ကြားဖြစ်အောင် ကြားလေသည်။

“ဘယ်လိုလူကြီးမှန်းကို၊ မသိဘူး”

“သူလိုကိုယ်လို လူကြီးပါဗျာ၊ ကဲ…ကျုပ်ကားနောက်က လိုက်ခဲ့နော် ကလေးမ”

သူ့ကား နောက်မှ သူမကားလေးကို အတူလိုက်မောင်းလာရင်း တိမ်စင်သာမှာ ဒီလူကြီးနှင့် ကြုံဖန်ဆုံရပုံကို အံ့သြနေမိ၏။

အင်း…လူကြီးလို့သာဆိုရတယ်။

သူ့ပုံစံက အသက်လေးဆယ်ကျော်ပုံပင် မရပါ။ အလွန်ဆုံးရှိမှ သုံးဆယ်ရှစ်လောက်ဟု ထင်သည်။

တိမ်စင်သာကို သူမှတ်မိနေတာကိုပဲ ကျေးဇူးတင်ရမည်ထင်သည်။ နို့မို့ဖြင့် သူများစားသောက်ဆိုင်မှာ ရှက်စရာဖြစ်တော့မည်။

သူ့ပုံစံကြည့်ရတာ ဒီလို နမော်နမဲ့နိုင်လှတဲ့ ဥပဓိရုပ်မျိုး တစ်စက်လေးမှမရှိပါ။ ပါးလှပ်သော နှုတ်ခမ်းလေးတွေက လေး





ကိုင်းသဏ္ဍာန် ကော့ညွတ်နေတာမို့ ဘယ်အရာကိုပဲလုပ်လုပ် တိကျပြတ်သားမဲ့ပုံမျိုးဟု တွေးနေမိသည်။

ဒီအဖြစ်ဟာဖြင့် သူလိုလူတစ်ယောက်အတွက် ဘ၀မှာ ဖြစ်တောင့်ဖြစ်ခဲ ကြုံတောင့်ကြုံခဲ အဖြစ်မျိုးသာ ဖြစ်မည်ထင်သည်။

ဒါက ရိုးသားသော သူမအတွေးမျှသာဖြစ်ပြီး အခုအဖြစ်အပျက်မှာ တစ်ဖက်လူက ပိရိစွာ လိမ်ညာဟန်ဆောင်လိုက်ခြင်းဟု သူမ မသိခဲ့ချေ။

“တီ…တီ”

ကားဟွန်းသံနှစ်ချက်ပေးပြီးနောက် ခြံ၀င်းတံခါးကြီးမှာ သူ့အလိုလိုပွင့်သွား၏။ တိမ်စင်သာသည် လူကြီး၏ ကားနောက်မှ သူမကားလေးကို မောင်း၀င်ခဲ့လိုက်ရင်း အိမ်ခြံ၀င်းကျယ်ကြီးနှင့် ခန့်ညားထည်၀ါလှသော နှစ်ထပ်တိုက်ဖြူကြီးကိုပါ အကဲခတ်ကြည့်ရှုမိလျက်သား ဖြစ်သွားသည်။

“ကားပေါ်က ဆင်းပါဦး တိမ်စင်သာ၊ ကျေးဇူးတင်တဲ့ အထိမ်းအမှတ်အဖြစ် အအေးလေးဘာလေး သောက်သွားပါဦး”

“နောက်ကြုံမှပဲ”

“ခဏလေးပဲဖြစ်ဖြစ်ပါဗျာ၊ ကျုပ် ဖိတ်ခေါ်တာကို လက်ခံပါ”

သူမ ဘယ်လိုမှ ဆက်ငြင်းဆန်၍ မဖြစ်တော့သဖြင့် ကားပေါ်က ဆင်းလိုက်ရ၏။

ကော်ဇောခန်းလုံးပြည့် ခင်းထားသော အိမ်ကြီးထဲကိုလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်သည်နှင့် စိမ့်စိမ့်မှုသော အေးမြမှုက ညင်သာစွာ တွေးဆွေဆီးကြိုပါသည်။

မပော်ဂနီရောင် ပန်းကနုတ်ခုံကြီးများနှင့် တခြား အသုံးအဆောင်ပစ္စည်းများ အားလုံးမှာ မြန်မာမှုဆန်လျက် ခမ်းနားကျက်သရေရှိလှသော အသုံးအဆောင်ပစ္စည်းများဖြင့် ပြည့်လျက်ရှိ၏။

သိပ်မကြာလိုက်ပါ။

လူတစ်ယောက်က ငွေရောင်လင်ဗန်းလေးတစ်ခုကို တိမ်စင်သာရှေ့စားပွဲသို့ ရိုကျိုးညင်သာစွာ ချပေးပြီးနောက်မှ လှည့်ထွက်သွားပြီးနောက် အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်သွားသည်။

"သုံးဆောင်ပါဦး တိမ်စင်သာ"

"ဟုတ်ကဲ့"

တိမ်စင်သာအတွက် နို့ကရား၊ သကြား၊ ကော်ဖီရည်များကို စနစ်တကျ ရောစပ်ပြီး သူကိုယ်တိုင် သူမရှေ့ကိုချပေးရင်း ပြောလိုက်ခြင်းဖြစ်ရာ သူမလည်း ကော်ဖီခွက်ကို ယူပြီးသောက်လိုက်ရ၏။

"ခဏလေးနော် တိမ်စင်သာ"

"ဟုတ်ကဲ့"

သူမရှေ့က လူကြီးထွက်သွားသည်။

အခုချိန်ထိ သူ့နာမည်ကို သူမ မမေးမိသေးသလို သူကလည်း ပြောပြခြင်းမရှိခဲ့သေးတာကို အမှတ်ရလာ၏။

"တိမ်စင်သာရဲ့ငွေပါ၊ ဒါက တိမ်စင်သာအတွက် ကိုယ့်ရဲ့





လက်ဆောင်"

အညိုရောင်စက္ကူအိတ် တစ်လုံးနှင့်အတူ လှပ၍ ချစ်စဖွယ်ကောင်းသော အမွေးဖွာဝက်ဝံရုပ်ဖြူဖြူလေးကြောင့် သူပေးလာသည့် လက်ဆောင်ကို ငြင်းပယ်ရန် စိတ်ကူးမရဘဲ ကျေနပ်သဘောကျစွာ လက်ခံလိုက်သည်။

"ကျေးဇူးပဲ…ကျွန်မအရုပ်တွေကို ချစ်တယ်"

သူက ဝက်ဝံရုပ်လေးကို လိုလားစွာ ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်လိုက်သော တိမ်စင်သာ မျက်နှာလေးကို မျက်လုံးလက်လက်များဖြင့် တစ်ချက်မျှ စူးစိုက်ကြည့်လျက် နှုတ်ခမ်းအစုံမှာ ပြုံးမိန့်နေ၏။

သူ့ပုံစံမှာ တိမ်စင်သာရင်ထဲက အကြောင်းအရာတွေကို ထွင်းဖောက်သိမြင်နေသူတစ်ယောက်၏ ပုံစံမျိုးဖြစ်သည်။

"မောင်နှမ ဘယ်နှစ်ယောက်ရှိလဲ"

"ရှင်"

"ဩော်…တိမ်စင်သာတို့ မိသားစု ဘယ်နှစ်ယောက်ရှိလဲလို့ မေးတာပါ"

"အားလုံး သုံးယောက်ပေါ့၊ ဒက်ဒီရယ်၊ အန်တီရယ်၊ ကျွန်မရယ်၊ မာမီက ကျွန်မကို ငယ်ငယ်ထဲက ဆုံးသွားတော့ အန်တီနဲ့ ဒက်ဒီလက်ပေါ်မှာပဲ ကြီးပြင်းလာခဲ့ရတယ်ဆိုပါတော့"

"ဩော်…ကလေးက တစ်ဦးတည်းသော သမီးလေးကိုး၊ ကျုပ်နဲ့အတူတူပဲပေါ့၊ ကျုပ်မှာတော့ မိဘတွေမရှိတော့ဘူး။ ဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကွဲဦးလေးတစ်ယောက်နဲ့ အတူနေတယ်"

"မိသားစုတွေကရော"

"ကျုပ်တစ်ယောက်ထဲပါ"

"ဪ"

အန်တီဂရေစ်လိုပဲ တစ်ကိုယ်တည်း လူပျိုကြီးအဖြစ် အ ကြောင်ကြောင် ဖြစ်ရခြင်းပါလားဟု တွေးပြီး စိတ်ထဲက တစ်ချက် မျှ ပြုံးလိုက်မိသည်။

"ကျုပ်အနေနဲ့ တိမ်စင်သာကို မိတ်ဆွေတစ်ယောက်လို ခင်မင်ခွင့်ရနိုင်မလားဆိုတာ သိပါရစေ"

"ခင်မင်နိုင်ပါတယ်"

"သင့်ခ်ယူ"

သူတောင်းဆိုသဖြင့် တိမ်စင်သာ ဖုန်းနှင့် အိမ်လိပ်စာကို ပေးလိုက်သည်။ သူကို နှုတ်ဆက်ပြီး ကားပေါ်တက်သောအခါ သူကိုယ်တိုင် ကားနားအထိလိုက်ပို့၏။

"လူကြီး"

"ဗျာ"

"ရှင့်နာမည် အခုထိ ကျွန်မမသိသေးဘူးနော်"

"ဟုတ်လား...ကျုပ်က ပြောပြီးပြီထင်လို့ပါ၊ ကျုပ် နာမည် ရန်ပိုင်၊ ဦးရန်ပိုင်ပေါ့"

"ကျွန်မကို ခွင့်ပြုပါဦး ဦးရန်ပိုင်"

"ကောင်းပါပြီဗျာ"



မထင်မှတ်သော အနေအထားဖြင့် ဦးရန်ပိုင်ဆိုသည့် လူကြီးနှင့် ပြန်ဆုံခဲ့ရပြီးနောက် တိမ်စင်သာမှာ သူနှင့် ခင်မင်ရင်းနှီး ခဲ့ရသည်။

ထိုအတွက် နောင်တွင် ဝမ်းနည်းကြေကွဲဖွယ်အကောင်း ဆုံး အဖြစ်အပျက်များဖြစ်ပျက်လာခဲ့လိမ့်မည်ဟု ထိုစဉ်က သူရော သူမပါ ရိပ်စားခဲ့မိခြင်း မရှိခဲ့ကြချေ။

+ + +

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"အန်တီဂရေ့စ်"

"အင်း"

"အဲဒီစာအုပ်ကြီးကလည်း ချထားစမ်းပါဦး၊ တိမ်စင်သာ အန်တီကို မေးစရာရှိလို့"

"ဘာလဲ…ကလေးမလေးရယ်၊ တတစ်ကြောင်းတောင် ကောင်းကောင်းမဖတ်ရပါလား"

အန်တီဂရေ့စ်က တကုယ့်အဘွားကြီးတစ်ယောက်ပမာ ညည်းညူရင်း လက်ထဲက ဖတ်လက်စစာအုပ်ထူကြီးကို ပိတ်လိုက်ပြီး တူမဖြစ်သူနှင့် မျက်နှာချင်းဆိုင်လိုက်၏။

တကယ်တော့ အန်တီဂရေ့စ်မှာ မည်သည့်ပူပင်သောကမှ မရှိဘဲ အရိပ်ထဲမှာ အေးချမ်းစွာနေရသူဖြစ်သည့်အတိုင်း ရှိရင်း အသက်ထက် များစွာနုပျိုသူဖြစ်ရာ လှပသော အန်တီဂရေ့စ်ကို





ငယ်နစဉ်က လိုချင်သူတွေလည်း မရှားသူဖြစ်သည်။

အန်တီဂရေ့စ်ကိုယ်တိုင်က မည်သူ့ကိုမှ စိတ်ဝင်စားခြင်း မရှိသလို လက်ခံစဉ်းစားခြင်းမရှိ၍သာ အခုလိုတစ်ကိုယ်တည်း အပျိုကြီးဖြစ်နေသူတည်း။

"ကဲ…ပြော ဘာမေးမှာလဲ"

"အန်တီ့အကြောင်း မေးမလို့ပါ"

"အလို…အန်တီ့အကြောင်းဟုတ်လား၊ ထူးထူးဆန်းဆန်း ဘာများ မေးချင်တာတုန်း၊ တစ်အိမ်ထဲ အတူမနေရရှာလေတော့ အကြောင်းလည်းမသိဘူး ထင်ပါ့နော်"

"ခစ်"

အန်တီဂရေ့စ်ထံမှ ခပ်ငေါ့ငေါ့အပြောကို သဘောကျစွာ ခစ်ခနဲရယ်လိုက်မိ၏။ သူမအဖြစ်ကလည်း အန်တီပြောမည်ဆိုလည်း ပြောစရာ။

ဘယ်တုန်းကမှ အန်တီဂရေ့စ်အကြောင်းကို စိတ်ဝင်စားခဲ့ဘူးတာလည်း မဟုတ်။ အခုမှ စိတ်ဝင်စားလာရသည့် အကြောင်းကလည်း အန်တီဂရေ့စ်အရွယ် ဦးရန်ပိုင်ဆိုသည့် လူကြီးကြောင့်သာ။

သူမစိတ်ထဲမှာ ဦးရန်ပိုင်မှာ ရုပ်ချော၊ ဥစ္စာပစ္စည်းပါ ပြည့်စုံပါလျက် အခုချိန်ထိ လူပျိုကြီးလုပ်နေတာကြောင့် အန်တီဂရေ့စ် အပျိုကြီးဖြစ်ရခြင်းကိုလည်း စိတ်ဝင်စားမိခြင်းတည်း။

"အန်တီဂရေ့စ်မှာ ငယ်ငယ်တုန်းက ချစ်သူရှိခဲ့မှာပေါ့



www.burmeseclassic.com

နော်"

"လုပ်ပြန်ပြီ…မရှိလို့၊ အခုလိုတစ်ကိုယ်တည်း အပျိုကြီး ဖြစ်နေတာပေါ့ တိမ်စင်သာလေးရဲ့"

"ဟုတ်ပါဘူးနော်…အန့်တီက ဒီလောက်ချောလှနေတာ ချစ်သူတော့ ရှိခဲ့မှာပါ၊ အခုတောင် အန့်တီက လှနေတုန်းပဲဉစ္စာ"

"အဲဒါနဲ့ ဘာဆိုင်လဲ ကလေးရယ်"

"ဆိုင်တာပေါ့လို့…အန့်တီနဲ့ အန့်တီ့ချစ်သူ ဘာကြောင့် ကွဲသွားရသလဲဆိုတာ တိမ်စင်သာ သိချင်လို့ပါ"

"သိပြီးရင်ကော"

"အန့်တီ့ချစ်သူကို မြင်ဖူးအောင်သွားကြည့်မယ်"

"စိတ်ကူးယဉ်လှချည်လားကွယ်၊ အပြင်ဘဝနဲ့ စိတ်ကူး ယဉ်တာနဲ့က တခြားစီပါ"

တိုးတိတ်စွာ မှတ်ချက်ချလိုက်သံထဲမှာ မည်သည့်ခံစား ချက်မှ မပါဝင်ဘဲ အေးစက်လှသည့်အတွက် သူမစိတ်မှာ အန့်တီ ဂရေ့စ်ကိုကြည့်ပြီး အားမလိုအားမရ ဖြစ်နေမိသည်။

"အန့်တီဂရေ့စ်က ဘာကိုဆိုလိုတာလဲ"

"ဘာမှမဆိုလိုဘူး…ကိုယ့်ဘာသာ အေးအေးဆေးဆေး နေတာ ကောင်းတယ်လို့ပြောတာ"

"ဒါဆို တိမ်စင်သာလည်း အန့်တီလိုပဲနေမယ်"

"နေနိုင်ရင် အကောင်းဆုံးပေါ့၊ ချစ်ရတာ ပူလောင်လွန်း လှပါတယ်"





"ဟော…ပေါ်ပြီ…ပေါ်ပြီ အန့်တီလည်း ချစ်ခဲ့ဖူးတယ် မဟုတ်လား"

"ဒီလိုပဲကြားဖူးတာ ပြောရတာလေ၊ အချစ်မရှိရင် လူ့ဘဝ ကြီးဟာ ပျော်စရာမကောင်းဘူး ဘာညာနဲ့၊ အချစ်မရှိလည်း လူ့ ဘဝကြီးမှာ နေပျော်စရာတွေ အများကြီးရှိတာ သူတို့မှမသိဘဲ"

"အန့်တီစကားကလည်း လူ့လောကကြီးကို စိတ်ကုန်နေ သလိုပဲ"

"အဲဒီလိုလည်း မပြောရပါလားကွယ်၊ လောကကြီးမှာ နေတတ်ရင် ကျေနပ်စရာကောင်းပါတယ်လို့ပဲ ပြောတာပါ"

"ဒါကြောင့် အန့်တီက အပျိုကြီးလုပ်နေခဲ့တာလားဟင်"

"ပြောပြီးပြီလေ…တစ်ယောက်တည်းပဲ နေပါရစေဆို တာ"

အန့်တီဂရေ့စ်စကားကို သဘောမကျနိုင်စွာ တိမ်စင်သာ နှုတ်ခမ်းလေးကို စူထော်လိုက်မိသည်။ အပျိုကြီးလူပျိုကြီးတွေဟာ ဒီလိုပဲ စကားပြောတာ ဝွတီးဝွကျတွေထင်ရဲ့။

ကြည့်လေ… ဦးရန်ပိုင်နဲ့ စကားပြောဖြစ်ပြန်ရင်လည်း အခုအတိုင်း အန့်တီဂရေ့စ်နှင့် ပြောရတာကဲ့သို့ပင် ဘာမှမခြားချေ။

"တိမ်စင်သာတော့ အန့်တီမှာ ချစ်သူရည်းစား မရှိခဲ့ဘူး ဆိုတာကို မယုံပါဘူး၊ အနည်းဆုံး ချစ်သူရည်းစားတစ်ယောက်တော့ ရှိကိုရှိခဲ့မှာပါ"

"တိမ်စင်သာ ကြိုက်သလို ယူဆနိုင်ပါတယ်လေ အခိက

www.burmeseclassic.com



က စိတ်ချမ်းသာဖို့ပဲမဟုတ်လား"

တိမ်စင်သာသည် အန်တီအဖိုးကြီးကို ဘယ်လိုမှ အစ်အောက်၍မရနိုင်တော့မှန်း သိလိုက်ရသဖြင့် သူမအကြံအစည်ကို လက်လျှော့လိုက်သည်။ ထိုအကြောင်းကို ညီညီနှင့် ဖုန်းပြောသည့်အချိန်မှာ ထည့်ပြောတော့ သဘောကျစွာရယ်ပါသည်။

"အဖိုးကြီးနား သိပ်ကပ်မနေနဲ့နော်၊ တော်ကြာ နင့်ပါ အဖိုးကြီးလုပ်ချင်နေမယ်"

"အေး…ငါလည်း အဲဒီလိုလုပ်ရရင် ကောင်းမလားလို့ စဉ်းစားနေတယ်"

"ဒါဆို…ငါတော့ ဆွေးပြီပေါ့"

"ဟာ…ဟ"

တမင်လုပ်ကြံပြီး ဆွေးပြနေသံကြီးက ရယ်စရာမို့ ညီညီစကားကို လှောင်ရယ်ပြစ်လိုက်၏။

"နင်က ငါ့ကို လှောင်တာပေါ့ ဟုတ်လား၊ ငါ့အချစ်ကို နင်မယုံဘူးလား"

"ယုံသားပဲ"

"ကျွတ်…ဒါနဲ့များကွာ"

"နင်က ငါ့ကို တကယ်ချစ်တာလား"

"ဒါပေါ့"

"ငါ့ဆီက နင်လိုချင်တဲ့အဖြေ မရခဲ့ရင်ကော"

ညီညီဘက်က ရုတ်တရက် တိတ်ဆိတ်သွားသည်။





"နင့်မှာ အဲဒီအစီအစဉ်ရှိနေပြီပေါ့ ဟုတ်လား"

တိုးတိတ်ကြေကွဲစွာ သူမေးလာတော့ သူမဘာဖြေရမှန်း မသိ။ သူမကြောင့် ညီညီကို တစ်စုံတစ်ခု နာကျင်ထိခိုက်မှာကိုလည်း မလိုချင်။

"ငါဆိုလိုတာက …ဘာကိုမှ သိပ်မျှော်လင့်မထားဖို့ ပြောချင်တာပါ၊ တကယ်လို့များ ငါ့နှလုံးသားက တောင်းဆိုလာတဲ့ သူဟာ နင်မဟုတ်ခဲ့ဘူးဆိုရင် နင်အရှုံးခံစားရမှာစိုးရိမ်လို့ပါ"

"ဒါဖြင့်လွယ်ပါတယ်၊ တခြားသူမရွေးနဲ့ ငါ့ကိုပဲ ရွေးလိုက်ပေါ့"

"ညီညီရယ်"

"အချစ်ဆိုတဲ့အရာကို အဲဒီလိုပဲ ကိုယ်ဖြစ်စေချင်သလိုဖြစ်ခွင့်ရအောင် ခိုင်းစေအမိန့်ပေးနိုင်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲနော်"

"တိမ်စင်သာ"

"ဟင်"

"နင်…နင် အချစ်ကို ရှာတွေ့နေပြီလားဟင်၊ ဘယ်သူလဲ…ဘယ်သူလဲ၊ ငါ့ကိုပြောစမ်းပါဦးဟာ၊ ရင်ထိတ်လိုက်တာ"

အလန့်တကြားမေးလိုက်သော ညီညီစကားသံကြောင့် တိမ်စင်သာကိုယ်တိုင်ဖင်လျှင် သူမကိုယ်သူမ အူကြောင်ကြောင်လေး ဖြစ်သွားသည်။

"အလန့်တကြား ညီညီရယ်…နင်က ငါ့ကို ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမေးရတာလဲ''

''နှင့်အသံကို နားထောင်ရတဲ့ အရင်တုန်းကနဲ့ မတူတော့လို့ပေါ့''

''မတူဘူး''

''အေး''

''အချစ်အကြောင်းပြောတဲ့ နှင့်အသံက အရမ်းတည်ငြိမ်နေတာ နှင့်ကိုယ်နှင် မသိဘူးလား''

''ဟင့်အင်း''

သူမ အဲဒီလိုဖြစ်နေသလားဆိုတာ တိမ်စင်သာ တကယ်မသိပါ။

''အေး…ငါလည်း နှင့်အဖြေကို စောင့်ရင်း နှလုံးရောဂါရတော့မယ်''

''အဲဒါကြောင့် ဒီပွဲက နှုတ်ထွက်မယ်လား''

''နိုး''

''နှင့်ရဲ့ ကံထူးရှင်ဟာ ငါဖြစ်ပါစေလို့ ဆုတောင်းနေတာ''

ညီညီရယ်…။

ငါလည်း နင်ဖြစ်စေချင်သလိုပဲ ဖြစ်ပေးချင်ပါတယ်။

ဒါပေမယ့်ဟယ်…။

တိတ်ဆိတ်သောညမှာ တိမ်စင်သာတစ်ယောက်တည်း ရုတ်တရက် အိပ်မပျော်နိုင်သဖြင့် စားပွဲပေါ်က လှပသော ပန်းခြင်း





လေးနှင့် အရုပ်မလေးရှိရာကို ရောက်သွား၏။

ဦးရန်ပိုင်…။

သူမအတွေးအာရုံထဲမှာ ဦးရန်ပိုင်ဆိုသည့် လူတစ်ယောက်အကြောင်း ရုတ်တရက် ဝင်ရောက်လာ၏။ မနက်ဖြန် သူ့အိမ်မှာ ညှိခံပွဲတစ်ခုရှိသည်။ ထိုပွဲကို တိမ်စင်သာ မဖြစ်မနေတက်ရောက်ဖို့ ဖိတ်ခေါ်ထားသည်မဟုတ်ပါလား။

အခုချိန်ထိ သူမအနေဖြင့် သွားရမလား။ မသွားရဘူးလားဆိုတာ စဉ်းစားဆုံးဖြတ်ထားရခြင်း မရှိသေးပါ။

ဦးရန်ပိုင်နှင့် စတင်ခင်မင်သိကျွမ်းထဲက သူမကို မကြာခဏဆိုသလို အရုပ်လက်ဆောင် ပန်းလက်ဆောင်များ ပေးတတ်သည့်အကြောင်းကို စဉ်းစားရင်း ညီညီကို ဖျတ်ခနဲ သတိရလာသည်။

ဦးရန်ပိုင်လိုပဲ ညီညီက သူမကာ ပန်းများ အရုပ်များ ပေးတတ်ပေမယ့် မိုးသောက်ဦးကတော့ ထိုလက်ဆောင်မျိုး တစ်ခါမှမပေးဘူးပါ။

ရုတ်တရက် မေ့လျော့နေသော အဖြေတစ်ခုကို သိချင်လာသဖြင့် ညီညီ ဖုန်းနံပါတ်ကို နှိပ်လိုက်၏။

''ဟဲလို''

အိပ်ချင်မူးတူးသံဖြင့် ညီညီ ဖုန်းထူးသံကို နားထောင်ပြီး သူမပြုံးလိုက်သည်။

''ငါပါ…ညီညီရဲ့ နင့်ကိုမေးစရာရှိလို့''



www.burmeseclassic.com

www.burmeseclassic.com



''ဘာမေးမှာမို့…ညကြီးအချိန်မတော် ဖုန်းထဆက်နေရတာလဲ တိမ်စင်သာရယ်၊ နင့်ကို ငါတကယ်ချစ်မချစ် သိချင်လို့လား''

''အဲမယ်…မေးပုံကိုက တင်တင်စီးစီး''

''ဩော်…နင်ပဲစဉ်းစားကြည့်လေ၊ အိပ်နေတဲ့လူကို နှိုးပြီး အရေးတကြီး မေးစရာဆိုလို့ ဒါအပြင် တခြားဘာများရှိဦးမှာလဲ''

''စိတ်ချစမ်းပါ တိမ်စင်သာလေးရယ်၊ နင့်ကို ရိုးမြေကျသေတပန်သက်တစ်ဆုံး မြတ်နိုးစွာ ချစ်မယ့် ညီညီပါတဲ့ဗျာ''

''ကျေးဇူးတင်ပါသတဲ့ရှင်…ဒါနဲ့ စကားမစပ် ငါ ချောင်းသာကိုသွားတုန်းက ငါ့ဆီကို ဖုန်းတွေဘာတွေများ ပို့မိသေးလား''

''နင်သွားတဲ့နေရာကိုတောင် မသိပါဘူးဆိုမှ ဘယ်လိုလုပ် ဖုန်းပို့နိုင်မှာလဲကွာ''

''အေးပါ…နင့်ကို တမင်စချင်လို့ပါ၊ ဂွတ်နိုက်နော် ညီညီ''

''ဂွတ်နိုက်…ဂွတ်နိုက်''

ညီညီဘက်က ဖုန်းချသွားသည်နှင့် တစ်ပြိုင်နက်ထဲမှာပင် သူမသိလိုသော အဖြေတစ်ခုကို သည်းကွဲစွာ သိလိုက်မိသလို စိတ်မှာ ထင်လိုက်ရသည့်အတွက် ကျေနပ်သွားမိသည်။

ညီညီမဟုတ်ဘူးလို့ အစထဲကထင်ထားပြီးသားမို့ ထိုအဖြေအတွက်လည်း မထူးခြားမိပါ။





မိုးသောက်ဦးလည်းမဟုတ်…။

ဒါဖြင့် ဘယ်သူလဲ…။

မျက်ဝန်းကို ညင်သာစွာ မှေးမှိတ်လိုက်ပြီးနောက် မကြာခင်မှာပင် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

✢✢✢



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၀)

တိမ်စင်သာသည် သူမကိုယ်သူမ မှန်ထဲမှာ စေ့စေ့စပ်စပ်လေးကြည့်ရင်း နှုတ်ခမ်းအစုံကို တင်းတင်းစေ့လိုက်သည်။

မြစိမ်းရောင်တောက်ပသော ဝတ်စုံက ဝါဝင်းစိုပြေသော အသားအရေကို စိမ်းလဲ့သွားစေ၏။ ခန္ဓာကိုယ်လေး တစ်ချက်လှုပ်ရှားလိုက်တိုင်း သူမကိုယ်ပေါ်ရှိ အရည်အသွေးကောင်းလှသော စိန်ထည်ပစ္စည်းတွေက အရောင်တစ်ဖျပ်ဖျပ် လက်သွား၏။

ဦးရန်ပိုင်၏ ညည်ခံပွဲကို တက်ရောက်ရန် ဆုံးဖြတ်ပြီးနောက် အန်တီနှင့် ဒက်ဒီကို သူမသူငယ်ချင်းတစ်ယောက်၏ မွေးနေ့ပါတီပွဲသို့ သွားမည့်အကြောင်း လိမ်ညာပြောဆိုခွင့်တောင်းထားခဲ့သူတည်း။

"မသွားသေးဘူးလား…တိမ်စင်သာ"

"အခုပဲ သွားတော့မှာပါ အန်တီ"





"သိပ်မိုးမချုပ်စေနဲ့နော် ကလေး"

"ဟုတ်ကဲ့ပါ…တိမ်စင်သာ သွားပြီနော် အန်တီ"

အန်တီပါးကို ရွှတ်ခနဲ ငုံ့နမ်းရင်း ဆိုလိုက်သည်။

"ကားကို ဖြည်းဖြည်းမောင်းနော်"

"စိတ်ချပါ အန်တီရဲ့"

အဖြူရောင်လက်ကိုင်အိတ်၊ အဖြူရောင်ခွာမြင့်ဖိနပ်လေးကို စီးဖြင့် နေရာမှ ချာခနဲ လှည့်အထွက်မှာ ဒူးဆစ်အောက်နားရှိ ဖားလျားဝဲနေသော မဟူရာဆံပင်တစ်ထွေးကြီးမှာ ဝဲခနဲလွင့်ခါသွား ပုံကိုက သူမကို အထူးစိတ်ဝင်စားစေသော အချက်လည်းဖြစ်သည်။

သူမ ဦးရန်ပိုင်တို့ခြံကို ရောက်သွားချိန်မှာ သူမကားလေးမှလွဲ၍ တခြားမည်သည့်ကားကိုမှ မတွေ့ရချေ။ သူမသည် အခုချိန်ထိ သူမနှင့် ဦးရန်ပိုင်တို့ ခင်မင်ရင်းနှီးမှုကို မည်သူ့ကိုမျှ ပြောမပြမိသေးချေ။

ဘာကြောင့်ဟူ၍လည်း သူမကိုယ်သူမ မသိသလို အခုချိန်ထိလည်း ဦးရန်ပိုင်မှာ ပြည့်စုံကြွယ်ဝစွာ နေထိုင်နိုင်သူတစ်ဦးအဖြစ်ထက်လည်း သူ၏အကြောင်းကို ဘာတစ်ခုမှ ပိုသိခဲ့သူလည်း မဟုတ်ပါ။

ဦးရန်ပိုင်ကို သူမ တစ်ခါမှ မမေးဘူးသလို သူကလည်း တစ်ခါမှ ပြောပြခဲ့ခြင်းမရှိ။ မကြာခဏ နိုင်ငံခြားခရီးထွက်ရခြင်းနှင့် လုပ်ငန်းများ မအားလပ်သည့်အကြောင်း လောက်ကိုသာ သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသမျှ သိသူဖြစ်သည်။

သို့သော် သူမနှင့် ဦးရန်ပိုင်တို့၏ ခင်မင်ရင်းနှီးမှုမှာ ပေါ့ပါးလွတ်လပ်လျက် နွေးထွေးလိုက်လှဲမှု အပြည့်ရှိသည်ဟု ဆိုရပေမည်။

သူမက ဦးရန်ပိုင်ကို ဦးရန်ပိုင်အဖြစ်ပဲ မြင်သလို တခြားသူ၏ ပိုင်ဆိုင်မှုများနှင့် နှိုင်းယှဉ်ထည့်တွက်ခြင်း မရှိသောကြောင့် ခင်မင်နှစ်လိုဖွယ်ကောင်းသော မိတ်ဆွေတစ်ယောက်အဖြစ် သူမစိတ်ရင်းအတိုင်း ပြောဆိုဆက်ဆံကာ စိတ်ဆိုးစရာရှိလျှင် စိတ်ဆိုးသလို၊ စိတ်ပြေစရာရှိရင်လည်း ပြေပြစ်လိုက်သည်။

ဟန်ဆောင်တာ ဘာတစ်ခုမှမရှိ။

ဦးရန်ပိုင်ဘက်ကလည်း သူမကို မိသားစုအကြောင်း တစ်ခါမျှသာ မေးမြန်းပြီးနောက် တခြားဘာကိုမှ မေးမြန်းပြောဆိုခြင်း မပြုတော့ဘဲ သူမနှင့်သာ တိုက်ရိုက်ပတ်သက်သော စိတ်နေသဘောထား ဝါသနာများကိုသာ အလေးထား ပြောဆိုခဲ့သူဖြစ်သည်။

တိမ်စင်သာမှာ ဦးရန်ပိုင်ဘက်က မဖြစ်မနေ တောင်းဆိုထားသဖြင့် လာခဲ့ရသော်လည်း သူမ မျှော်လင့်ထင်မြင်ထားသလို မည်သည့်ဧည့်သည်မျှ မတွေ့ရသဖြင့် စိတ်မှာထင့်ခနဲ ဖြစ်သွားစဉ်မှာပင် သူမရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာသော ဦးရန်ပိုင်ကို တွေ့လိုက်ရသည်။

"တိမ်စင်သာ"





"ဦးရန်ပိုင်"

"ဝမ်းသာလိုက်တာ ကလေးရယ်၊ ကိုယ်က မင်းမလာလောက်ဘူးထင်နေတာ"

"ဦးရန်ပိုင်က သိပ်လာစေချင်နေမှန်း ကျွန်မသိနေတာပဲ"

"တိမ်စင်သာလေးရယ်"

သူမနှင့် ဦးရန်ပိုင်မှာ တစ်ယောက်မျက်နှာကို တစ်ယောက်မျက်တောင်မခတ်စတမ်း ရှုးစိုက်ကြည့်လိုက်မိကြပြီးနောက် သူမက စ၍ အရင်ဦးဆုံး အကြည့်လွှဲပစ်လိုက်ပါသည်။

"ဒီဝတ်စုံလေး တိမ်စင်သာ သိပ်လှတယ်သိလား"

"သင့်ခ်ယူ…ဦးရန်ပိုင်လည်း ဒီဝတ်စုံနဲ့ သိပ်ပြီးကြည့်လို့ကောင်းပါတယ်"

"ကျေပြီနော်"

"အဟွန်း…ဟွန်း…ဟွန်း"

သူ့စကားနှင့်သူ ပြန်အပြောခံလိုက်ရသဖြင့် သူက နှစ်ခြိုက်သဘောကျစွာ ရယ်မောလိုက်ရာ လှငယ်လေးတစ်ယောက်ပမာ နုပျိုသွားသော သူ့ရုပ်သွင်ကို ငေးခနဲတစ်ချက်ကြည့်ပြီး သူမ ပြုံးနေလိုက်ပါသည်။

"လာ…တိမ်စင်သာ ကိုယ်နဲ့အတူလိုက်ခဲ့စမ်း"

ပထမဦးဆုံးအကြိမ် ကျုပ်မှ ကိုယ်သို့ ပြောင်းလွဲသွားတာကို တိမ်စင်သာ သတိထားလိုက်မိသည်။

"ဧည့်သည်တွေရောဟင်"



www.burmeseclassic.com

www.burmeseclassic.com



''ဒီမှာလေ''

''ရှင်''

''အဟွန်း…ဟွန်း…ဟွန်း''

''ကိုယ့်ရဲ့ဧည့်သည်က တိမ်စင်သာပဲလေ''

''အို''

အံ့ဩထိတ်လန့်စွာ ဦးရန်ပိုင်မျက်နှာကို မော့ကြည့်လိုက်တော့ ပြုံးလျက် ငုံ့ကြည့်နေသော ဦးရန်ပိုင်၏ မျက်ဝန်းအကြည့်များဖြင့် ဆုံစည်းမိသည်။

''တိမ်စင်သာကို ကြိုတင်ပြောပြမထားမိတဲ့အတွက် ကိုယ့်ကို ခွင့်လွှတ်ပါ၊ တကယ်တော့ ဒီနေ့ပွဲလေးဟာ ကိုယ်နဲ့တိမ်စင်သာနဲ့ နှစ်ယောက်ထဲအတွက် သီးသန့်ကျင်းပတဲ့ပွဲလေးပါ''

''ရှင်''

''ကိုယ့်ကြောင့် တိမ်စင်သာ အနှောင့်အယှက်ဖြစ်သွားရင် ကိုယ်တောင်းပန်ပါတယ်ဗျာ''

အခုမှခက်ပြီ…။

တိမ်စင်သာမှာ ရှေ့တိုးရအခက်၊နောက်ဆုတ်ရခက်နှင့် ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားသည်။

''တိမ်စင်သာ''

''ရှင်''

''ကိုယ့်အပြုအမူတွေအတွက် စိတ်ဆိုးနေလား''

''အဲဒီလိုလည်း မဟုတ်ပါဘူး၊ ဧည့်ခံပွဲဆိုတော့ အခု





မထင်ဘူးလေ၊ အဲဒါကြောင့်ပါ''

ရောက်ပြီးမှ ပြန်လှည့်ထွက်သွား၍ မကောင်းတော့သည့်အတူ သူမစိတ်ထဲက ခံစားရသည့်အတိုင်းပဲ ပြောလိုက်သည်။

''အဲဒီအတွက် တိမ်စင်သာကို ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်၊ ကျေနပ်ပါ''

''ရပါတယ်''

မကျေနပ်ဘူးလို့ ပြောလို့မရသည့်အတူ ခေါင်းညိတ်ကျေအေးလိုက်ရသည်။ အိမ်ကြီး၏ ထမင်းစားခန်းသို့ ဦးရန်ပိုင်မှ ဦးဆောင်ခေါ်သွားရာ တိမ်စင်သာမှာ ပထမဦးဆုံး ရောက်ဖူးသည့်အတိုင်း ပတ်ဝန်းကျင်ကို မပြတ်အကဲခတ်နေမိသည်။

''ဦးစိန်…ခေါ်ထား''

''လာပါပြီ ဆရာ''

''ဧည့်သည်လာပြီဗျာ…အစီအစဉ်ကို စလို့ရပြီလို့ ပြောလိုက်ပါ''

''ဟုတ်ကဲ့ပါဆရာ''

ရိုကျိုးသောအမူအရာဖြင့် ထွက်သွားသူနှစ်ယောက်ကို ကြည့်ပြီး တိမ်စင်သာ နှုတ်ဆိတ်နေလိုက်ပါသည်။

အခန်းမှာ မီးရောင်ကို အချိုးအစားကျနလှစွာ သုံးထားသဖြင့် ဓွဲဆောင်မှုတစ်မျိုး ဖြစ်ထွန်းစေသလို စားပွဲပေါ်တွင် ဖယောင်းတိုင်မီးများ ထွန်းညှိထားခြင်းကလည်း စိတ်ကို တစ်မျိုး ဆွဲဆောင်မှုဖြစ်စေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိမ်စင်သာကို ကိုယ်ဖွင့်မပြောဘဲ ထားတာရှိသေးတယ်"

"ဘာလဲဟင်"

"ဒီနေ့ ကိုယ့်မွေးနေ့ဆိုတာလေ"

"အို"

"အခုမှ ဘာလို့ပြောတာလဲ၊ ကြိုပြောရင် မွေးနေ့လက်ဆောင်ယူလာမှာပေါ့"

"အခုပေးရင်လည်း အချိန်မှီပါသေးတယ်ဗျာ"

"ဟင်…ဘယ်လိုလုပ်ပေးရမှာလဲ၊ ကျွန်မမှာ ဦးရန်ပိုင်ကို ပေးစရာဘာမှမပါဘူး"

"ထင်လို့ပါဗျာ…ကိုယ်အလိုချင်ဆုံး လက်ဆောင်က တိမ်စင်သာမှာပဲ ရှိပါတယ်"

ဦးရန်ပိုင် စကားကြောင့် သူမရင်ထဲမှာ ဒိန်းခနဲဖြစ်သွားသည်။ သူ့စကားရဲ့ အဓိပ္ပာယ်က ဘယ်လိုလဲ။ သူလိုချင်တဲ့ မွေးနေ့လက်ဆောင်က တိမ်စင်သာဆီမှာ ရှိနေတယ်ဆိုပဲ။

ဘာလဲ…ဘာအဓိပ္ပာယ်လဲ။

ဦးရန်ပိုင်က သူ့မွေးနေ့လက်ဆောင်အဖြစ် တိမ်စင်သာဆီက ဘာကိုများ တောင်းဆိုချင်လို့ပါလဲ။

"ဦးရန်ပိုင်…ပြောတာကို ကျွန်မ နားမလည်ဘူး"

"ကိုယ့်အတွက် တိမ်စင်သာ ပေးရမယ့်မွေးနေ့လက်ဆောင်က တခြားမဟုတ်ပါဘူး"



"အပြုံးပါ"

"အပြုံး"

"ဟုတ်တယ်…တိမ်စင်သာရဲ့ အပြုံးလက်ဆောင်"

"အို"

"အဟင်း…ဟင်း…ဟင်း"

ရင်ခုန်ထိတ်လန့်နေရာမှ အံ့သြွေးထွေးစွာ ရယ်မောလိုက်မိသည်။

ကြည့်စမ်း…။

လုံးဝထင်မှတ်မထားတဲ့ အဖြေပဲ။

သူမ တွေးထင်ထားပြီး ရင်ခုန်ထိတ်လန့်နေသော အခြေအနေကို လွယ်ကူစွာ ကျော်ဖြတ်ခွင့်ရသွားခြင်းက မွန်းကျပ်သွားသော သူမစိတ်များကို ချက်ချင်း လွတ်လပ်ပေါ့ပါးသွားစေပါသည်။

"ကျေးဇူးတင်ပါတယ်ဗျာ…ကိုယ်အလိုချင်ဆုံး မွေးနေ့လက်ဆောင် ရလိုက်တဲ့အတွက်ပါ"

"ဦးရန်ပိုင်က လူလည်ပဲ"

"ဟုတ်လား…အခုလိုချီးကျူးတာ ကျေးဇူးတင်ပါတယ်"

"နောက်တစ်ခါ အခုလို မလိမ့်တစ်ပတ်လုပ်လို့ကတော့ ဘယ်တော့မှ မလာဘူးမှတ်ပါ၊ အခုတောင် ရောက်လက်စနဲ့ပြီး သည်းခံလိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကလည်း အဲဒီလိုပဲထင်ပါတယ်ဗျာ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ကိုယ့်ဆန္ဒကို ဖြည့်ဆည်းပေးတဲ့ တိမ်စင်သာကို ကိုယ် ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"

ပြုံးရွှန်းနူးညံ့သော ဦးရန်ပိုင်အသွင်က ခါတိုင်းနေ့တွေနှင့် မတူပဲ အထူးပင် သိမ်မွေ့တောက်ပဝင်ကြွားလျက်ရှိ၏။

ညစာမှာ ဟိုတယ်စာဖြစ်ပြီး စားပွဲထိုးကိုယ်တိုင် ဖြူစင် သန့်ရှင်းသော ဝတ်စုံပြည့်ဖြင့် ဟင်းလိုက်ပွဲဖြည့်ပေးလျက်ရှိသည်။

"ဒီတစ်ခါ ကျော်ဖြတ်ရတဲ့ ကိုယ့်မွေးနေ့ကား စိတ်ချမ်း သာစရာအကောင်းဆုံးပဲဗျာ"

"အထူးသဖြင့် ကိုယ့်ရဲ့ လူလည်ကျမှုကို ခွင့်လွှတ်သည်း ခံနိုင်တဲ့ တိမ်စင်သာရဲ့သဘောထား ပြည့်ဝမှုကြောင့်ဆိုရင် ပိုမှန် မယ်ထင်တယ်"

"သိပ်လည်း မမြှောက်ပါနဲ့ရှင်၊ နောက်တစ်ခါ ဒီလိုမျိုး လုပ်လာရင် ခွင့်မလွှတ်ဘူးလို့ ပြောပြီးပါပြီ"

"အဟွန်း...ဟွန်း...ဟွန်း"

"စိတ်ချပါ နောက်ဘယ်တော့မှ မလိမ်ညာတော့ပါဘူး လို့ ကတိပေးပါတယ်"

"ဒါဖြင့်...ကျွန်မ မေးတာကို အမှန်အတိုင်းဖြေပါ"

"ကိုယ်ကတိပေးပြီးပြီလေ"

"ကျွန်မ ဘန်ကောက်မှာ ရှိနေတုန်းက ပန်းတွေပို့တာ ဦးရန် ပိုင်မဟုတ်လား"



"ဟုတ်တယ်လေ"

"ဟင်"

တိမ်စင်သာမှာ ထိုအဖြေကို မျှော်လင့်ထားလျက်ကပင် ဦးရန်ပိုင် ကိုယ်တိုင် ဝန်ခံပြောလိုက်တာကို သဘောမကျနိုင်ဘဲ ဖြစ်သွားသည့်အတွက် ဒီလိုမေးခွန်းမျိုး အချိန် မေးလိုက်မိတာ မှားတာပဲ နောင်တရသွားမိပေမယ့် အချိန်မမှီတော့ပါ။

"အမှန်အတိုင်း ဝန်ခံရရင် အဲဒီအချိန်ထဲက တိမ်စင်သာ ကို ကိုယ်စိတ်ဝင်စားခဲ့တာပဲ"

"အို"

ဦးရန်ပိုင် မျက်နှာကို သူမ အလန့်တကြား မော့ကြည့် လိုက်တော့ နူးညံ့ရွှန်းလက်သော မျက်ဝန်းများဖြင့် အဆုံးမှာ သူမ ရင်တွေ တဒိတ်ဒိတ်ခုန်သွားရလျက် နေရာမှ ထပြေးချင်စိတ် ပေါက်လာသည်။

"ဟို...ကျွန်မ ပြန်တော့မယ်၊ အန်တီကို သူငယ်ချင်း မွေးနေ့ဆိုပြီး ပြောလာတာ၊ အပြန်နောက်ကျလို့ မဖြစ်လို့ပါ"

တိမ်စင်သာသည် ကမူးရှူးထိုးလေး စကားဆိုရင်း သူမ အိတ်ကလေးကို ကောက်ယူပြီး နေရာမှ ဖြုန်းခနဲထရပ်လိုက်ရာ သူကလည်း သူမနှင့်ပြိုင်တူလို ထရပ်ရင်း သူမအမည်ကို ခေါ်လိုက် ခြင်း ဖြစ်သည်။

"ကိုယ့်စကားမဆုံးသေးဘူးလေ"

"အို...ကျွန်မ နားမထောင်ချင်ဘူးရှင့်၊ ကျွန်မကို ခွင့်ပြု

www.burmeseclassic.com

www.burmeseclassic.com



ပါ''

''တိမ်စင်သာ''

''အိုး…အမေ့''

နေရာမှ ချာခနဲ လှည့်ပြေးရန်ပြင်လိုက်သော သူမခြေလှမ်းလေးများ နောက်ကျသွားသည်။ သူမပြေးမည့်လမ်းမှာ ကြို့ပိတ်ပြီး သူမကိုယ်လေးကို သူ့ရင်ခွင်ထဲ ဖြုန်းခနဲ ဆွဲယူပွေ့ဖက်လိုက်ပုံမှာ လျှင်မြန်ကျွမ်းကျင်လွန်းလှသဖြင့် တိမ်စင်သာမှာ အလစ်အငိုက်မိသူတစ်ယောက်လို သူ့မျက်နှာချောချောကို ရုက်လန့်ကြောက်ရွံ့စွာ မော့ကြည့်လိုက်မိသည်။

''ရှင်…ရှင် ဘယ်လိုလုပ်လိုက်တာလဲ ဦးရန်ပိုင်၊ ရှင့်ကို ယုံကြည်မိတာ ကျွန်မ အမှားပဲသိလား''

''ဖယ်…ကျွန်မကိုလွှတ်''

''ကိုယ်…တိမ်စင်သာကိုချစ်တယ်''

''အို''

''မေ့လို့မရနိုင်အောင်ကို ချစ်တယ်၊ အဲဒါ တိမ်စင်သာ သိရဲ့လားကွယ်''

''ဟင့်အင်း…ဟင့်အင်း ကျွန်မ ဘာတစ်ခုမှ မသိချင်ဘူး၊ ကျွန်မကို မပြောပါနဲ့''

''တိမ်စင်သာလေးရယ်''

''ရှင်နော်''

''အိုး''





မြဲမြန်ကြံ့ခိုင်လှသော ဦးရန်ပိုင်၏ လက်များထဲမှ ရုန်းထွက်ရန် ကြိုးစားနေသော လှုပ်ရှားမှုလေးမှာ တင်းကျပ်လွန်းသော အရစ်အထွေးထဲမှာ မွန်းနစ်လို့ ပျောက်ဆုံးသွားခဲ့ရပါပြီ။

သူက တိမ်စင်သာကို စကားဆိုခွင့်မပြုတော့ပါ။ နွေးသော ဝင်သက်ထွက်သက်လေးက ဖြူဖွေးနူးညံ့သော လည်တိုင်တစ်လျှောက် တိုးဖွဖြတ်သန်းသွားပြီးနောက် လှပသော မျက်နှာလေးထက် ပူးကပ်သွားသည်။

''ချစ်တယ်ကလေးရယ် မင်းလေးကို ကိုယ်သိပ်ချစ်တယ်''

လိုက်လှဲသော ခံစားချက်ဖြင့် ဆိုလိုက်သော ဦးရန်ပိုင်စကားများမှာ တိမ်စင်သာ နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေပါသည်။

သူမဘဝမှာ ဖြူစင်ရှင်းသန့်စွာ နေထိုင်ကြီးပြင်းလာခဲ့ရသူဖြစ်သည့်အတိုင်း ဦးရန်ပိုင်၏ ပိုင်စိုးရဲဝံ့သော အချစ်ကြမ်းမှုအောက်မှာ ရှက်ဒေါသအဟုန်ဖြင့် တုန်ရီလျက်ရှိနေသည်။

ညီညီနှင့် သူငယ်ချင်းအဖြစ် ခင်မင်စွာ ရင်းရင်းနှီးနှီး ပြောဆိုနေထိုင်ခဲ့ဘူးသော်လည်း ဘယ်တုန်းကမှ သူမအသားကို အထိခံခဲ့သူမဟုတ်ပါ။ မိုးသောက်ဦးနှင့်လည်း ထိုအတိုင်းပင်ဖြစ်ပါသည်။

မည်သူကမှလည်း သူမအချစ်ကို ရယူပိုင်ဆိုင်ဖို့ အခုလို



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖက်တာမျိုး၊ ကိုယ်ထိလက်ရောက် ကျူးလွန်တာမျိုးလည်း မရှိခဲ့ကြပါ။

စောင့်စည်းထိန်းသိမ်းခြင်းတွေ၊ အလိုက်သိခြင်းတွေနှင့် ကိုယ့်ဂုဏ်သိက္ခာ၊ သူ့ဂုဏ်သိက္ခာ အပြန်အလှန် ထိန်းသိမ်းရင်း နေလာခဲ့ကြသူများဖြစ်ရာ သူစိမ်းယောကျ်ားသားတစ်ဦး၏ အတွေ့အကြုံမှာ သူမလို မိန်းကလေးတစ်ယောက်အတွက် ဦးရန်ပိုင်သည် ပထမဆုံး ဖြစ်သည့်အတိုင်း ရှက်မွန်ပြာဝေလျက် ပါးပြင်ပေါ် မျက်ရည်ပေါက်ပေါက်ကျလာပါသည်။

"တိမ်စင်သာ"

"ကျွန်မကို…လွှတ်"

"အခွင့်အရေးသမားတစ်ယောက်ဆိုပြီး ကိုယ့်ကိုမုန်းသွားပြီပေါ့ ဟုတ်လား"

သူက ရင်ခွင်ထဲမှ ရုန်းထွက်နေသူလေး၏ မျက်ရည်စတွေနှင့် လှပသော မျက်နှာလေးကို ရင်နာစွာ ငုံ့ကြည့်ရင်း မြတ်နိုးခြင်းတွေနှင့် ဆိုလိုက်ခြင်းဖြစ်ပါသည်။

"ရှင့်ကိုယ်ရှင် သိမှာပေါ့၊ ရှင် အခုလုပ်နေတာ လူကြီးလူကောင်းတစ်ယောက်ရဲ့ လုပ်ရပ်လားဟင်"

"ရှင့်ကို ကျွန်မ သိပ်မုန်းတယ်သိလား"

နာကြည်းသံလေးဖြင့် မျက်ရည်ပေါက်ပေါက်ကျလျက် ဆိုလိုက်သူလေးကို လက်လွှတ်ဆုံးရှုံးရမှာ စိုးကြောက်နေသော ဦးရန်ပိုင်ရင်ထဲက စိတ်ခံစားချက်တွေကို သူမက သိမည်မဟုတ်။





"ကိုယ်က တိမ်စင်သာကို ဘယ်လောက်ချစ်နေတယ်ဆိုတာရော မင်းလေးသိရဲ့လားဟင်"

"သိစေချင်ရင် ပါးစပ်ကပြောရတယ်ရှင့်၊ အခုလို ကျွန်မကို မတရားအနိုင်ကျင့်တာ လူကြီးလူကောင်းအကျင့်လား"

"တိမ်စင်သာကမှ ကိုယ့်စကားကို ဆုံးအောင်နားမထောင်ဘဲ ထွက်ပြေးမလို့မဟုတ်လား၊ အဲဒီတော့ ကိုယ်လည်း အခုလို"

"တော်ပါပြီရှင်…နောက်ထပ် ဘာမှမကြားပါရစေနဲ့တော့၊ ကျွန်မပြန်ပါရစေ"

"ပြန်လို့မရဘူး"

"ဟင်"

ဒေါသဖြင့် သူ့မျက်နှာကို မော့အကြည့်မှာ နီရဲစိုစွတ်သော နှုတ်ခမ်းအစုံကြောင့် မျက်နှာလှလှလေး ရဲရဲနီသွားကာ ချက်ချင်း အကြည့်လွှဲလိုက်သည်။

"ကိုယ့်ကို တိမ်စင်သာ မုန်းတီးနာကြည်းသွားမှာ ကိုယ်မလိုချင်ဘူး။ ပြီးတော့ ကိုယ်ဟာ တိမ်စင်သာ ထင်မြင်ယူဆနေသလို အခွင့်အရေးသမား လူဆိုးလူယုတ်မာလည်း မဟုတ်ဘူး"

"တိမ်စင်သာကို သိပ်ချစ်လို့၊ ရယူပိုင်ဆိုင်ချင်ဖို့ ကြိုးစားနေတဲ့သူဆိုတာ မင်းလေးသိရဲ့လားဟင်"

"ကိုယ်ကို ကတိတစ်ခုခုပေးပါ၊ မပေးရင် တိမ်စင်သာကို ဒီနေရာက ပြန်မလွှတ်နိုင်ဘူး၊ ဖြစ်ချင်ရာဖြစ် နောက်မှရင်ဆိုင်မယ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ရှင် ကျွန်မကို ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ဘူး…ကိုယ့်ကို ကတိတစ်ခုပဲပေး"

"ဘာကတိလဲ"

"တိမ်စင်သာကို ကိုယ်ချစ်တယ်၊ လက်ထပ်ခွင့်ပြုပါလို့လည်း တောင်းဆိုပါရစေ၊ အဲဒါကို တိမ်စင်သာက လက်ခံစဉ်းစားပေးပါမယ်ဆိုတဲ့ကတိ"

အခုအခြေအနေရောက်မှတော့ သူမအနေနဲ့ ထိုကတိစကားကို အလွယ်တကူ လက်ခံခေါင်းညိတ်ပေးရန်မှတစ်ပါး တခြားနည်းလမ်းလည်း မရှိပါ။

"ကောင်းပြီ…ရှင့်ကို ကတိပေးတယ်၊ ကျွန်မကိုလွှတ်ပါ"

"တိမ်စင်သာရယ်"

သူ့လက်က လွှတ်သည်နှင့် သူမ နေရာက ချာခနဲလှည့်ပြေးခဲ့ရာ သူက သူမအမည်ကို အော်လျက် သူမနောက်မှ ပြေးလိုက်၏။

ကားကို နေရာမှ ကြမ်းကြမ်းလေး မောင်းထွက်ခဲ့ရာ ဦးရန်ပိုင်၏ ကားကလည်း သူမကားနောက်မှာ ထပ်ကြပ်အတူလိုက်ပါသည်။

သူမရင်ထဲမှာ ဦးရန်ပိုင်ကို မုန်းတယ်၊ မုန်းတယ်ဟု အဆက်မပြတ် အော်မြည်နေသည့်အဖြစ်ကို သူသိမည်မဟုတ်ပါ။

ပါးပြင်ပေါ် မျက်ရည်ပေါက်ပေါက် စီးကျလာခြင်းကို





မတားဆီးနိုင်။ ခြံထဲကို ကားလေးကို ချိုးကွေ့အဝင်လိုက်မှာ ဦးရန်ပိုင်ကားလေး သူမခြံရှေ့လမ်းအတိုင်း ခပ်ဖြည်းဖြည်းကျော်ဖြတ်သွားတာကို မြင်လိုက်ရသည်။

စိတ်ချ ဦးရန်ပိုင်…။

ရှင့်ကို ကျွန်မ ဘယ်တော့မှမချစ်ဘူး။

မုန်းလွန်းလို့ ရှင့်မျက်နှာကိုလည်း မမြင်ချင်ဘူး။

ရှင့်ကိုမုန်းတယ်ဟု စိတ်ထဲက အော်ဟစ်ပြစ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"တိမ်စင်သာရေ အိမ်ရှေ့မှာ ကလေးကိုတွေ့ချင်လို့တဲ့ ဧည့်သည်ရောက်နေတယ်"

"ဘယ်သူတဲ့လဲ အန်တီ"

"ဦးရန်ပိုင်တဲ့"

"ဟင်"

ဦးရန်ပိုင်ဆိုသည့် အသံကြောင့် တိမ်စင်သာမှာ ထိုင်ရာမှ ငွန်းခနဲခုန်ထလိုက်မိသည့်အထိပင် အံ့သြထိတ်လန့်သွားရလျက် ဦးရန်ပိုင်၏ ရဲတင်းဝံ့စားခြင်းအပေါ်မှာလည်း ဒေါသလေးများ ဖြစ်လာရပါသည်။

ကြည့်စမ်း…ဒီလူဟာ ဘယ်လောက်များ ရဲတင်းဝံ့စားလိုက်သလဲဆိုတာ။သူ့ကို မတွေ့ချင်၍ တမင်ရှောင်ပုန်းနေသူရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည့်အပြုအမူကတော့





တကယ့်ကို ခွင့်မလွှတ်နိုင်စရာပါ။

"တိမ်စင်သာ သူ့ကိုမတွေ့ချင်ဘူး အန်တီ၊ မရှိဘူးလို့ ပြောပေးပါ"

"အန်တီက ရှိတယ်လို့ပြောပြီးပြီကွဲ့၊ ဘာဖြစ်လို့ မတွေ့ချင်တာလဲ၊ ပုံစံကြည့်ရတာ ရည်ရည်မွန်မွန်လေးပါ"

ဒါက အန်တီဂရေ့စ်ရဲ့ အပေါ်ယံမြင်ကိုး။ အဲဒီလူဘယ်လောက်ဆိုးတယ်ဆိုတာ အန်တီဂရေ့စ်မှ မသိဘဲ။

ထိုစကားကိုတော့ သူမစိတ်ထဲကပဲ ဆိုလိုက်ခြင်းဖြစ်ပါသည်။

"အဲဒီအကြောင်းတွေ နောက်မှပဲ တိမ်စင်သာ အန်တီ့ကို ရှင်းပြပါမယ်၊ အခု အဲဒီလူပြန်သွားအောင် အန်တီ့ဘာသာပဲ ကြည့်ရှင်းပေးနော်အန်တီ"

"အေးပါကွယ်…တူမလေး မတွေ့ချင်တာကို အန်တီကလည်း ဇွတ်အတင်းမတွေ့ခိုင်းပါဘူး၊ ဒါပေမယ့် သူ့ပုံစံကြည့်ရတာ ဘာစ်ခုခုအရေးကြီးနေသလိုပဲ"

"ဘာမှအရေးမကြီးပါဘူး၊ တိမ်စင်သာဆိုပါတယ် အန်တီရဲ့၊ သွားပါ"

"အေး…အေး"

တိမ်စင်သာ ဇွတ်အတင်း တွန်းလွှတ်လိုက်သဖြင့် အန်တီဂရေ့စ် အပြင်ကို ပြန်ထွက်သွားသည့် နေရာကတစ်ဆင့် ဧည့်ခန်းကို လှမ်းကြည့်လိုက်ရာ ဦးရန်ပိုင်၏ တည်ကြည်ခန့်ညားသောမော



www.burmeseclassic.com

www.burmeseclassic.com



သော ရုပ်သွင်ကို ပင်ပန်းနွမ်းလျသော အသွင်ဖြင့် တွေ့မြင်လိုက်ရသည့်အတွက် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားရပေမယ့် သနားတော့ မသနားမိပါ။

ဦးရန်ပိုင်နှင့် သူမ နောက်ဆုံးတွေ့ဆုံပြီးနောက် တစ်ပတ်တိတိ သူမက ဦးရန်ပိုင်ကို ဖုန်းပြောခွင့်မပြုသလို လူချင်းလည်း ဆုံတွေ့ခွင့်မပြုခဲ့ပါ။

ဒီနေ့တော့ သူမနှင့် ဦးရန်ပိုင်တို့ မဆုံဖြစ်ကြသည်မှာ ဆယ်ရက်တိတိရှိပြီဖြစ်ရာ သူမအိမ်အထိ ရဲဝံ့စွာလိုက်လာသည့်အထိ ရဲတင်းလာခြင်းဖြစ်သည်။

အန်တီဂရေ့စ်က ဘာပြောလိုက်သည်မသိပါ။ အိမ်ထဲဘက်ကို တစ်ချက်လှမ်းကြည့်ပြီး အန်တီ့ကို နှုတ်ဆက်ပြီးမှ ဟင်းခနဲ သက်ပြင်းရှိုက်လိုက်သည်။

"ကဲ...မရွှေချောလေး၊ ဦးရန်ပိုင်ဆိုတာ ဘယ်သူလဲ ပြောပါဦး"

"တိမ်စင်သာလည်း သေချာမသိဘူး"

"ဘုရားရေ...တစ်ယောက်နဲ့တစ်ယောက် သေချာမသိဘဲနဲ့ ဟိုက အိမ်အထိတောင် လိုက်လာပါရောလား ကလေးရေ ရယ်"

အန်တီဂရေ့စ်က ရင်ဘတ်ကိုလက်ကလေးဖြင့် ဖိရင်း အံ့သြဟန်ဆိုလိုက်တာကိုကြည့်ပြီး တိမ်စင်သာမျက်နှာလေးမှာ ရှုပုတ်လျက် နှုတ်ခမ်းပါ စူထော်လာရပါသည်။





"ကဲ...ကဲ အစကပြော၊ ဘယ်လိုတွေသိ [illegible] ဖြစ်ကြတာလဲဆိုတာ"

ဦးရန်ပိုင်ကိုယ်တိုင် အိမ်ကိုလိုက်လာပြီဆိုမှတော့ တိမ်စင်သာလည်း ကွယ်ဝှက်နေလို့ မဖြစ်တော့သည့်အတူ ဦးရန်ပိုင်နှင့်သူမ၏ စတင်သိကျွမ်းခင်မင်ခဲ့ရာမှစ၍ ချစ်ရေးဆိုလက်ထပ်ခွင့် တောင်းခံလာတာကိုပါ အစအဆုံး ပြောပြလိုက်ရပါသည်။

"ဒီကိစ္စတွေ ညီညီနဲ့မိုးသောက်ဦး လုံးဝမသိဘူးပေါ့ ဟုတ်လား"

"ဟုတ်"

"အင်း...ဒါဆို တိမ်စင်သာရဲ့ အချစ်ကရော ဘယ်သူ့ဆီမှာ ပိုအလေးသာမယ်ထင်လဲ"

"ဟိုလူကြီးတော့ မပါပါဘူး"

ဦးရန်ပိုင်ကို ဆိုလိုက်ခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ တိမ်စင်သာရဲ့ ဟိုခမျာလည်း အိမ်အထိတောင် မရှက်မကြောက် လိုက်လာရတာကိုလည်း ထည့်တွက်ပေးဦးမှပေါ့"

"ထည့်တွက်ပေးစရာမလိုပါဘူး အန်တီကလည်း၊ တိမ်စင်သာကဖြင့် သူ့ကို မုန်းလွန်းလို့ စာရင်းထဲမှာ ပါကိုမပါတာ"

"မဟုတ်သေးဘူးထင်တယ်"

"ဟုတ်ပါတယ်ဆို အန်တီကလဲ"



www.burmeseclassic.com

နှုတ်ခမ်းစူလျက် ဆိုလိုက်သော တိမ်စင်သာ မျက်နှာလေးကိုကြည့်ပြီး အန်တီက ဘာအဓိပ္ပာယ်မှန်းမသိ ဦးခေါင်းကို တစ်ဆတ်ဆတ်ညိတ်လျက်···

"အေးလေ···ထားပါ၊ ဟိုနှစ်ယောက်ကိစ္စကိုရော ဘယ်လိုရှင်းမှာလဲ၊ ကိုယ်က မိန်းကလေးနော်၊ ဒါမျိုးကိစ္စဆိုတာ ရေရှည်ဆွဲထားလို့ ကောင်းတာမဟုတ်ဘူး"

"အန်တီကလည်း"

"အန်တီကလည်း လုပ်မနေနဲ့၊ အခုဆို နောက်တစ်ယောက်ပါ ရောက်လာပြီမဟုတ်လား"

"သူ့ကို စိတ်မဝင်စားပါဘူး"

"အေး···ဟိုက စိတ်ရောကိုယ်ပါဝင်စားလွန်းလို့ အိမ်အထိ ရောက်လာတာနော်၊ မောင်ငြိမ်း မရှိလို့ပဲ ရှိရင် ဘာတွေဘယ်လို ဖြစ်ကုန်မယ်မသိဘူး"

"အန်တီက ···ဒက်ဒီကို ပေးမသိနဲ့ပေါ့လို့"

"ဟဲ့···ဒါကကိုယ့်အပိုင်းကိုး၊ ဟိုက သွားပြီးပေးသိမှာ ခက်မယ်သိလား"

"အင်"

အန်တီပြောတော့ တိမ်စင်သာ နည်းနည်းတော့ လန့်သွားသည်။ ဦးရန်ပိုင် စိတ်ကတစ်မျိုး။ အခုပဲကြည့်၊ သူလုပ်ချင်တာ သူဖြစ်ချင်တာကို ဖွတ်အတင်းဖြစ်အောင် လုပ်တတ်တာကို သူမှန်းသည်။





အန်တီပြောသလို ဒက်ဒီကို အရှက်မရှိ သူမတို့အကြောင်းတွေ လျှောက်ပြောနေမှဖြင့် အမလေး···တွေးမိတာနှင့်ပင် ရင်တွေခုန်လာသလို ပါးလေးတွေ ထူပူနီမြန်းလာရသည်။

"အခု···တိမ်စင်သာ ဘာလုပ်ရမှာလဲ အန်တီ"

"အဖြစ်သင့်ဆုံးကတော့ ဟိုနှစ်ယောက်ထဲက တစ်ယောက်ကိုသာ အမြန်ဆုံး အဖြေပေးလိုက်တော့၊ အဲဒီလိုမှ မလုပ်ရင် တတိယမြောက်လူက လွယ်မယ့်ပုံမရဘူး"

"သူဖြစ်ချင်တိုင်း ဖြစ်ရမှာလား အန်တီရဲ့၊ တိမ်စင်သာ သဘောပါ"

"အေး···အဲဒီလိုဖြစ်ရင်တော့ အကောင်းဆုံးပဲ"

အန်တီဂရေ့စ်စကားအဓိပ္ပာယ်ကို သိပ်နားမလည်ပေမယ့် သူမပြိုင်ငြင်းမနေတော့ပါ။ ညီညီနဲ့ မိုးသောက်ဦး နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို အန်တီပြောသလို အမြန်ဆုံးရွေးချယ်ရန် ဆုံးဖြတ်လိုက်သည်။

နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးဖို့ကြပြန်တော့ တကယ့်လက်တွေ့မှာ ခက်နေ၏။ ညီညီရော မိုးသောက်ဦးမှာပါ ငြင်းပယ်လောက်စရာ ဘာအကြောင်းပြချက်မှ ရှာမတွေ့သလို နှစ်ယောက်စလုံးအပေါ်မှာ သံယောဇဉ်ငြိတွယ်နေပုံကလည်း တစ်ယောက်တစ်မျိုးစီ။

ဘယ်သူ···ဘယ်သူ့ကို အလေးသာလို့ မရသလို ဘယ်သူ···ဘယ်သူ့ကိုမှလည်း ထားခဲ့လို့မရ။

www.burmeseclassic.com



''သိပ်ခက်တာပဲ အန်တီရယ်၊ သူတို့နှစ်ယောက်ထဲက တစ်ယောက်ကိုရွေးဖို့ကြတော့ နှစ်ယောက်စလုံး အတူတူချည်း ဖြစ်နေတယ်''

''တိမ်စင်သာ ဘာလုပ်ရမလဲဟင်''

''ဘာမှမလုပ်နဲ့…စိတ်ကိုင်းချောင်သွားပြီး မယ်သီလရှင် သာ လုပ်လိုက်တော့''

''အဟင်း….ဟင်း…ဟင်း''

အန်တီဂရေ့စ် ပြက်လုံးကို စိတ်ရှုပ်သည့်ကြားမှ သဘော ကျစွာ ရယ်လိုက်မိသည်။ သူမအဖြစ်က အန်တီပြောသလို လုပ် ရတော့မလို ဖြစ်နေ၏။

''အကောင်းဆုံးက အခု တိမ်စင်သာ ကြုံတွေ့နေရတဲ့ အခက်အခဲအတိုင်း သူတို့ကို ပြောပြလိုက်ရင် ကျန်တဲ့အပိုင်းကို သူတို့ဘာသာ ရှင်းသွားလိမ့်မယ်''

''ဟုတ်တယ်နော်…အန်တီပေးတဲ့ အကြံအတိုင်း သူတို့ ကို တိမ်စင်သာ စိတ်ထဲရှိတာကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြလိုက် မယ်''

''ဒါပေါ့…ဒါ အဖြစ်သင့်ဆုံးကိစ္စပဲ၊ ဖြစ်နိုင်တာ မဖြစ် နိုင်တာ သူတို့ဘာသာ စဉ်းစားပလေ့စေ''

တိမ်စင်သာသည် သူမရင်ထဲက ခံစားချက်ကို ပထမဆုံး ညီညီကို စတင်ရင်ဖွင့်ပြောကြားလိုက်သည်။

''အင်း…နင်ပြောတဲ့ပုံအတိုင်းဆို ငါနဲ့ ဟိုလူနဲ့ လက်သီး





ချင်း ယှဉ်ထိုးရမလား၊ သေနတ်ပဲ ပြိုင်ပစ်ရမလား၊ တစ်ခုခုတော့ လုပ်မှဖြစ်တော့မယ်''

''အဲဒီလိုကြီးတော့လည်း ဘယ်ဖြစ်စေချင်ပါ့မလဲ ညီညီ ရယ်၊ ငါက ငါ့ရင်ထဲက ခံစားရတဲ့အတိုင်း နင့်ကို အရင်ဦးဆုံး ရင်ဖွင့်တိုင်ပင်တာပါ''

ထိုစကားကိုတော့ လေသံအေးအေးဖြင့် ဆိုလိုက်ပါသည်။ သူမအနေနှင့် နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးရမည်ဆိုလျှင် မည်သူ့ကို ရွေးချယ်ရမှန်းမသိသော်လည်း ထိုနှစ်ယောက်ထဲက တစ်ယောက်ကို တစ်ခုခု ဖြစ်သွားစေမည့်အရေးကိုလည်း မတွေး ရဲပါ။

''ငါ့အနေနဲ့ ဒီထက်ပိုပြီး ဘာမှမလုပ်တတ်တော့ဘူး ညီညီ''

''နင်တတ်နိုင်ပါသေးတယ်''

''ဘာကိုလဲဟင်''

''တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို အလေး သာလိုက်ဖို့ပေါ့၊ နည်းနည်းလေကွာ နည်းနည်းလေးဆိုရင်ရပြီ''

''ညီညီရယ်''

တိမ်စင်သာမှာ ညီညီစကားကို ရယ်လည်းရယ်ချင်လျက် ရယ်လည်းမရယ်ရက်ဘဲ ညည်းညူလိုက်မိသည်။

''ဒီအကြောင်းတွေ မိုးသောက်ဦး ဆိုတဲ့လူကို ပြောပြီး ပြီလား''

www.burmeseclassic.com



"ဟင့်အင်း…နင့်ကို ငါ အရင်ဆုံးအသိပေးတာ၊ အခု ငါ ဘာဆက်လုပ်ရမလဲ ညီညီ"

"ဘာမှမလုပ်နဲ့ ဟိုလူနဲ့ငါ တစ်နေရာရာမှာ ချိန်းပြီး စကားပြောမယ်"

"ဘာတွေပြောကြမှာလဲဟင်၊ ရန်တွေဘာတွေများ ဖြစ်ကြဦးမှာလား"

"သိချင်ရင် နင်ကိုယ်တိုင်လာကြည့်ပေါ့"

"ညီညီ"

"စိတ်ချစမ်းပါကွာ…ရန်ပွဲဆင်ရလောက်အောင် ငါတို့ မတုံးသေးပါဘူး"

"နင်တို့ ဘယ်တော့တွေ့ကြမလဲဟင်"

"မနက်ဖြန် ဖြစ်နိုင်ရင်ပေါ့"

"အို"

ညီညီဘက်က ဖုန်းချသွားသည့်တိုင် တိမ်စင်သာ တစ်ယောက်တည်း ငေးငေးငူငူလေး ဖြစ်ကျန်ရစ်ခဲ့သည်။ ညီညီကို သူမရင်ထဲက ခံစားချက်တွေအားလုံး ပြောပြီးမှတော့ မိုးသောက်ဦးအပေါ်မှာလည်း တရားမျှတမှုရှိရမည်ဟု ဆုံးဖြတ်ထားသည့် အပေါ်မှာလည်း ညီညီကို ပြောသလိုပင် သူ့ကိုလည်း သူမရင်ထဲက ခံစားချက်တွေကို မချွင်းမချန် ပြောပြအသိပေးလိုက်သည်။

ထိုအတွက် သူမကိုယ်တိုင် နည်းနည်းမှ နောင်တမရပါ။

"အင်းလေ…အခုကိစ္စမှာ တိမ်စင်သာကိုယ်တိုင်ကမှ မခွဲ





ခြားနိုင်ဘဲ၊ ကိုယ်နဲ့ညီညီပဲ တစ်ခုခုဆုံးဖြတ်ရမှာပေါ့"

မိုးသောက်ဦးကလည်း ညီညီလိုပင် သူမကိစ္စကို သွေးအေးလွှယ်ကူစွာပင် လက်ခံလိုက်ပြန်ပါသည်။

သူတို့နှစ်ဦး ဘယ်လိုတိုင်ပင်ဆုံးဖြတ်ကြမည် မသိရသော်လည်း တိမ်စင်သာ ကိုယ်တိုင်ကတော့ ရင်ခုန်နေသည်။

"သမီးရေ…လာပါဦးကွ"

"ဟုတ်ကဲ့ ဒက်ဒီ"

"ထိုင်ပါဦး"

ဒက်ဒီနှင့် မျက်နှာချင်းဆိုင်ခုံမှာ သူမဝင်ထိုင်လိုက်တော့ ဒက်ဒီက သူမကို ထူးဆန်းသလိုကြည့်လျက် မျက်ခုံးအစုံကို တွန့်ကွေးထား၏။

"သမီးကို…မေးစရာရှိလို့ပါ၊ မြပဝါပိုင်ရှင်နဲ့ သမီးတို့ အခြေအနေက ဘယ်လိုလဲ"

"ရှင်"

ဒက်ဒီစကားကို နားမလည်ဘဲ ဒက်ဒီမျက်နှာကို မော့ကြည့်လိုက်မိသည်။ သူမထင်ထားသည့်က ညီညီနှင့် ဆက်သွယ်တာ ဒက်ဒီများသိသွားပြီလားရယ်လို့ ရင်ထိတ်နေရတာဖြစ်ပေမယ့် ဒက်ဒီထံမှ မေးခွန်းက ဘာမှန်းမသိတာမို့ သူမပင် အူကြောင်ကြောင်ဖြစ်ရပါသည်။

"ဒက်ဒီ…ဘာကိုပြောတာလဲဟင်၊ တိမ်စင်သာ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရန်ပိုင်ကို ပြောတာကွာ၊ ဒါဆို သမီးသိပြီမဟုတ်လား"

"ဟင်"

"မောင်ရန်ပိုင်ဆိုတာ မြပဝါကုမ္ပဏီပိုင်ရှင်သူဌေးပဲ၊ ဟိုတလောကတောင် ဒက်ဒီ့လုပ်ငန်းကို စိတ်ဝင်စားလို့ဆိုပြီး ရှယ်ယာလာထည့်သွားသေးတယ်၊ အဲဒီထဲက အဲဒီသူငယ်နဲ့သမီးက ပတ်သက်နေတာလား"

"မဟုတ်ဘူး…ဒက်ဒီ၊ သမီးနဲ့သူနဲ့ ဘာမှမပတ်သက်ပါဘူး"

အခုမှပင် တိမ်စင်သာသည် ဦးရန်ပိုင်ကို မြပဝါပိုင်ရှင်သူဌေးမှန်း သိရသလို သူ့အကြံဉာဏ်များကိုလည်း သိရခြင်းဖြစ်ရာ ဒက်ဒီ့ကုမ္ပဏီမှာ ဦးရန်ပိုင်ကို တွေ့လိုက်ရသည့်အဖြစ်အားအခုမှနားလည်လာမိသည်။

"မဟုတ်သေးဘူးထင်တယ် မောင်ရန်ပိုင်က ပြောတော့တစ်မျိုးပါလား"

ဒက်ဒီစကားကြောင့် တိမ်စင်သာကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။ ဟိုလူကြီး ဒက်ဒီကို ဘာတွေများ လျှောက်ပြောလိုက်ပါလိမ့်ဟုတွေးကာ သူမပါးလေးတွေပါ နီမြန်းထူပူသွား၏။

"သူ…သူက ဒက်ဒီကို ဘာတွေပြောလိုက်လို့လဲ ဒက်ဒီ"

"အေး…ပြောရမှာလည်း ခက်ခက်ပဲ၊ သူက သမီးကို



မေတ္တာရှိနေလို့ ဒက်ဒီဆီမှာ သမီးနဲ့သူ့ကို လက်ထပ်ခွင့်ပြုဖို့ လာတောင်းပန်သွားတာ"

"အို"

"မမလည်း…လာပါဦးဗျာ၊ ကျွန်တော်တော့ ခေါင်းရှုပ်နေပြီ၊ ဒီကိစ္စတွေ မမမသိဘူးလား"

"ပြောဦးမှကိုးကွဲ…သူ့စိတ်ထဲရှိတာ ကျုပ်က ဘယ့်နှယ်လုပ်သိနိုင်မတုန်း"

အန်တီဂရေ့စ်က သူမဘေးတွင် ဝင်ထိုင်ရင်း ဆိုလိုက်ရာ အံ့ပြစ်ရှိသူလို ဖြစ်သွားသော တိမ်စင်သာခမျာ အနေရခက်သွားသည်။

"အခုသိပြီဗျာ…အဲဒါ ဘယ်နှယ့်လုပ်ကြမတုန်း"

"ကာယကံရှင် သဘောပေါ့၊ ငါတို့က ဘာများလုပ်နိုင်မှာတုန်း"

"ခက်တာပဲဗျာ…မောင်မိုးသောက်ကိစ္စကလည်း ရှိသေး၊ မောင်ရန်ပိုင်ကြပြန်တော့လည်း ငြင်းပယ်စရာမရှိပြန်ဘူး"

"သမီး အဲဒီလူကြီးကို မုန်းတယ်ဒက်ဒီ"

"ဟေ"

"သမီးကဘယ်သူ့ကို မုန်းတာတုန်း"

"ဦးရန်ပိုင်ကို"

"အလို"

ဒက်ဒီက တိမ်စင်သာကို အံ့သြသလို ကြည့်နေချိန်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



နေရာက အပြေးလေး သူမထွက်လာခဲ့သည်။

ဘယ်လောက်မုန်းစရာကောင်းတဲ့ လူကြီးလည်း။ သူမ အပေါ်မှာ နေရာတကာ လူလည်ကျလွန်းသည်ဟု တွေးပြီး ဒေါသ တွေ ဆူဝေလာသမျှကို သူပေးသည့်အရုပ်များကို ဆွဲယူလွှင့်ပစ် ခြင်းဖြင့် ရင်ထဲက ဆန္ဒကို ထုတ်ဖော်ဖောက်ခွဲပြစ်လိုက်ပါသည်။

သွားစမ်း…။

သိပ်ကိုလူလည်ကျတဲ့ လူကြီး။

ရှင့်ကို ဘယ်တော့မှ မယူဘူးသိလား။

+ + +





## အခန်း (၂၂)

"ရှင်ဘယ်လိုလုပ်လိုက်တာလဲ ဦးရန်ပိုင်"

"တိမ်စင်သာကရော…ကိုယ့်ကို ဘယ်လိုလုပ်လိုက်တာ လဲဗျာ၊ ကိုယ့်ရင်ထဲ ဘယ်လောက်ခံစားနေရတယ်ဆိုတာ မင်းလေး သိရဲ့လား"

"အိမ်လာတော့လည်း အတွေ့မခံဘူး၊ ဖုန်းဆက်တော့ လည်း မကိုင်ဘူး၊ ကိုယ့်မှာ အရူးကြီးတစ်ယောက်လိုပဲ တိမ်စင်သာ ကို ကိုယ်အရမ်းလွမ်းနေတာ၊ အရမ်းသတိရနေတာ၊ မင်းလေးတွေး ကြည့်ရင် သိမှာပါဗျာ"

"မသိဘူးရှင့်…မသိဘူး၊ ဒက်ဒီကို ရှင်ဘာတွေ လျှောက်ပြောလိုက်တာလဲ၊ အဲဒါပဲပြောပါ"

ဒေါသလေးဖြင့် ခွင့်မလွှတ်နိုင်စွာ သူမဆိုလိုက်တော့ တစ်ဖက်က သူမအမည်ကို ခေါ်ညည်းလိုက်သံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာမှမပြောရသေး…။

သူကချည်း စကားတွေပြောနေပုံကိုက အပြစ်လုပ်သူမှာ သူကိုယ်တိုင်မဟုတ်ဘဲ တိမ်စင်သာကိုယ်တိုင် ဖြစ်နေသလား ထင်ရသည့်အဖြစ်ပါ။

"ကိုယ် တိမ်စင်သာကိုချစ်တယ်၊ မြတ်မြတ်နိုးနိုးချစ်တယ်၊ ဒါကြောင့်မို့ ကလေး ဒက်ဒီဆီမှာ ကိုယ်နဲ့တိမ်စင်သာလေးကို လက်ထပ်ခွင့်ပြုပေးပါလို့ ကိုယ်တိုင်သွားတောင်းပန်ခဲ့တာပါ"

"အဲဒါ…ကလေးကို ကိုယ့်သိပ်ချစ်ရလွန်းလို့ပဲ"

"ကျွန်မက ရှင့်ကိုမချစ်ဘူးရှင့်"

"တိမ်စင်သာ"

သူက တိမ်စင်သာအမည်ကို မခံနိုင်သလို လှမ်းအော်လိုက်သံကို ကြားလိုက်ရသော်လည်း သူမ ဂရုမစိုက်ပါ။ ရင်ထဲရှိသလောက် စကားတွေကိုသာ ချပြောချင်နေမိသည့်အတိုင်း သူမကို စိတ်အနှောင့်အယှက်ဖြစ်စေသလိုပင် ဦးရန်ပိုင်ဆိုသူကိုလည်း ပြန်ပြီး စိတ်ထဲမှာ ထိခိုက်ခံစားစေချင်လာမိသည့်အတိုင်း နှုတ်ခမ်းလေးကို တင်းတင်းစေ့လိုက်၏။

"ဒီမယ် ဦးရန်ပိုင်"

"ရှင်သိထားရမှာက မကြာခင်မှာ ကျွန်မဟာ လက်ထပ်တော့မယ်ဆိုတဲ့အကြောင်းပဲ"

"အဲဒီအကြောင်းတွေကို ကိုယ်သိတယ်"

"ဟင်…ဒါနဲ့တောင် ရှင်က ဘာဖြစ်လို့ ကျွန်မဒက်ဒီ





ဆီမှာ အဓိပ္ပာယ်မရှိတဲ့စကားတွေ လာပြောနေရသေးလဲ"

တိမ်စင်သာ မျှော်လင့်ထားသလို သူ့ဘက်မှ အံ့ဩတုန် လှုပ်သွားသံကို မကြားရဘဲ အေးဆေးစွာ တုံ့ပြန်လာသံကြောင့် မခံချိမခံသာလေး ဖြစ်သွားရသူမှာ သူမကိုယ်တိုင် ဖြစ်သွားရပါသည်။

"အဲဒီလူကို တိမ်စင်သာ မချစ်ဘူးဆိုတာ ကိုယ်သိနေလို့ပေါ့"

"ရှင့်ကို ဘယ်သူပြောလဲ"

"ဒီလိုပဲ သိအောင်လုပ်ရတာပေါ့ဗျာ၊ ကိုယ့်ချစ်သူအကြောင်း စုံစမ်းရတာ မခက်ပါဘူး"

"ဒါဆို ရှင်မှားနေပြီရှင့်၊ ကျွန်မ လက်ထပ်မယ့်လူကို ကျွန်မချစ်တယ်"

"ဘယ်သူ့ကိုလဲ မိုးသောက်ဦးလား၊ ညီညီကိုလား"

"ဟင်…ရှင်…ရှင် ဒါတွေဘယ်လိုလုပ်သိနေတာလဲ"

"ပြောပြီးပြီလေ…ကိုယ်သိချင်တာကို သိအောင်လုပ်ဖို့က လွယ်ပါတယ်၊ ကိုယ့်ကိုပြန်ချစ်လာအောင် လုပ်ဖို့သာခက်နေတာပါဗျာ"

ရုတ်တရက် တိမ်စင်သာမှာ နှုတ်ဆွံ့အလျက် ဘာပြန်ပြောရမှန်းမသိချေ။

ဦးရန်ပိုင်ကို သူမနဲ့ပတ်သက်ပြီး ဤမျှအထိအတွင်းကျကျသိနှင့်ထားလိမ့်မည်ဟု မထင်ခဲ့မိခြင်းမှာ သူမအမှားသာ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒက်ဒီထံမှ ဦးရန်ပိုင်နှင့် ပတ်သက်ပြီး ကြားသိရပြီး နောက် ချက်ချင်းဆိုသလို သူ့ထံ ဖုန်းဆက်လိုက်ခြင်းဖြစ်သည်။

အပြင်မှာ မိုးတစ်ဖွဲဖွဲရွာနေရာမှ သည်းထန်လာ၏။

"တိမ်စင်သာ"

သူမ မထူးပါ။

"ကိုယ်ဟာ တိမ်စင်သာအတွက် ဘယ်လောက်များ မှန်းစရာကောင်းနေလဲကလေးရယ်၊ တိမ်စင်သာကို ကိုယ်သိပ်ချစ်တယ်ဆိုတာ ယုံပါကွယ်"

"ကိုယ့်ဘဝမှာ တိမ်စင်သာနဲ့တွေ့မှ အချစ်ဆိုတာကို တကယ်ခံစားလာရတာပါ"

သူ့စကားအဆုံးမှာ သူမနှုတ်ခမ်းထောင့်စွန်းလေး တစ်ချက်တွန့်သွားသည်။ အချစ်ဆိုတဲ့စကားကို ဒီလိုပဲ အလွယ်တကူ လျှာရိုးမရှိဘဲ လျှောက်ပြောနေတဲ့သူတွေရဲ့ စကားတိုင်းကို လိုက်ယုံနေရရင် မခက်ပေဘူးလား။

"တိမ်စင်သာကို ကိုယ်ချစ်တယ်၊ သိပ်ချစ်တယ်ကလေးရယ်၊ ကလေးယုံအောင် ဘယ်လိုသက်သေပြရမလဲ"

"လွယ်လွယ်လေးပါ"

"ဗျာ"

စိတ်အချဉ်ပေါက်စွာ သူမဆိုလိုက်ကြောင်းကို တစ်ဖက်က သိမည်မဟုတ်။





"ဦးရန်ပိုင်…ကျွန်မကို တကယ်ပဲချစ်သလား"

"ချစ်တယ်…သိပ်ချစ်ပါတယ်ကွယ်၊ ကလေးသာ ကိုယ့်အချစ်ကို ယုံမယ်ဆိုရင် ဘာပဲလုပ်ပြရလုပ်ပြရပါ"

"အဟင်း…ဟင်း…ဟင်း"

"သိပ်လည်း အပြောမကြီးပါနဲ့ဦးလေ၊ ရှင်သာ ကျွန်မကို တကယ်ချစ်တယ်ဆိုရင် အခုရွာနေတဲ့ မိုးရေထဲမှာ တစ်ညလုံးလာ ရပ်ပြလိုက်ပါလား"

"တိမ်စင်သာ"

သူ့စကားကို နားမထောင်တော့ဘဲ ဖုန်းပိတ်ပစ်လိုက်ပြီး နောက် အိပ်ရာပေါ် လှဲချလိုက်သည်။

မိုးပေါ်က ကြယ်ကိုလည်း မလိုချင်။ ပင်လယ်ပြင်ကိုလည်း လက်ပြစ်မကူးနိုင်။ အေးစက်နေတဲ့ မိုးရွာထဲမှာ တစ်ညလောက် သတ္တိရှိရှိ ရပ်ပြရဲရင်ကို တကယ်ရင်ထဲက အချစ်စစ်လို့ ယုံပစ်လိုက်မည်။

သူမရဲ့ မိုက်ရူးရဲဆန်လှတဲ့ တောင်းဆိုမှုမျိုးကို အသိဉာဏ်ရှိပြီး ကိုယ့်အသက်ကိုယ် တန်ဖိုးထားကြသော ဘယ်ယောကျ်ားကမှလည်း အတည်ပြုလိုက်လျောကြမည်မဟုတ်ပါ။

**မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကိုရဖို့ ဤမျှလောင်းကြေးထပ်ရဲမည်မထင်။ အပြင်မှာ မိုးက သည်းထန်စွာရွာနေဆဲ။**

**"ဒေါက်…ဒေါက်"**

**"သမီး…ဒီမှာ ဖုန်းလာနေတယ်"**



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ဒက်ဒီ"

"မောင်ရန်ပိုင်တဲ့"

"ရှင်"

အိပ်ရာမှ ဝုန်းခနဲထရင်း ဒက်ဒီမျက်နှာကို မယုံနိုင်သလို ကြည့်လိုက်မိသည်။

"ခြံအပြင်မှာ ရောက်နေပြီလို့ ပြောတယ်၊ သမီး လှမ်းခေါ် လိုက်တာလား"

"ဟင့်အင်း…မ …မဟုတ်ဘူး ဒက်ဒီ"

"အေး…အေး ဒါဆို ဖုန်းလာပြောချည်ဦး"

"ဟုတ်ကဲ့"

သူမနားက ဒက်ဒီထွက်သွားသည်နှင့် မျက်လုံးအစုံကို တင်းကျပ်စွာ မှိတ်ချလိုက်သည်။

ဦးရန်ပိုင် ခြံအပြင်မှာ ရောက်နေပြီတဲ့။

သူမ ဘာဆက်လုပ်ရမလဲ။ ဖုန်းရှိရာကို လေးလံသော ခြေလှမ်းများဖြင့် လျှောက်ခဲ့သည်။

"ဟဲလို"

"တိမ်စင်သာ…ကိုယ် မင်းကို ဘယ်လောက်ချစ်တယ် ဆိုတာ သက်သေပြဖို့ မင်းတို့ခြံရှေ့မှာ ရောက်နေပြီ"

"ရှင်…ရူးနေလား၊ အခုပြန်ပါ"

"ဟုတ်တယ်…ကိုယ်ရူးနေတယ်၊ အဲဒါ မင်းကိုချစ်လို့"

"ဦးရန်ပိုင်"





သူမ လှမ်းခေါ်လိုက်ပေမယ့် အချိန်မမှီတော့။ တစ်ဖက်မှ ဖုန်းချသွားပြီဖြစ်ရာ တိမ်စင်သာလည်း ဖုန်းကိုချပြီး အိမ်ရှေ့လမ်းပေါ်သို့ လှမ်းမျှော်ကြည့်လိုက်ရာ ဝင်းလဲ့သော ကားခေါင်မီးရောင်ဖြင့် မိုးရေထဲမှာ ရပ်နေသော သဏ္ဌာန်တစ်ခုကို ထင်ရှားစွာမြင်လိုက်ရသဖြင့် မျက်နှာပျက်သွားသည်။

"မောင်ရန်ပိုင်မဟုတ်လား သမီး၊ ဘာဖြစ်လို့ မိုးရေထဲမှာ ရပ်နေရတာလဲ၊ အိမ်ထဲကိုခေါ်လိုက်ပါကွယ်"

ဒက်ဒီက တိမ်စင်သာနားမှာ အတူလာရပ်ရင်း မိုးရေထဲရပ်နေသူကို အိမ်ထဲဝင်ရန် ဖိတ်ခေါ်ခိုင်းနေပါသည်။

"သူလာမှာမဟုတ်ဘူးဒက်ဒီ"

"ဘယ်လို…မိုးရေထဲမှာ ဒီအတိုင်းရပ်နေဖို့ သမီးကို သူပြောထားလို့လား"

တိမ်စင်သာ မဖြေပါ။

မိုးရေထဲက ဦးရန်ပိုင်ကိုသာ ငေးငေးကြီး ကြည့်နေမိသည်။

"ဒီသားအဖ ဘာကြည့်နေကြတာလဲ"

"အန်တီ"

သူမတို့နားသို့ အန်တီဂရေ့စ် ရောက်လာခြင်းဖြစ်သည်။

"အိမ်ရှေ့ကဘယ်သူလဲ"

"မောင်ရန်ပိုင် မမ၊ မိုးရေထဲမှာရပ်ပြီး သမီးအချစ်ကိုရဖို့ လာပြီး ဆန္ဒပြနေတာထင်တယ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းသော ဒက်ဒီအပြောကြောင့် တိမ်စင်သာ ပါးလေး ရဲရဲနီစွေးသွားသည့်အခိုက်မှာ အန်တီဂရေ့စ် အကြည့်များက သူမ မျက်နှာလေးရှိရာသို့ ဖျတ်ခနဲရောက်လာပါသည်။

"ဘယ်လိုဖြစ်ကြတာလဲ တိမ်စင်သာ၊ အန်တီတို့နားလည် အောင် ပြောပါဦး"

တိမ်စင်သာ ငြိမ်သက်နေလို့မရတော့။

ဦးရန်ပိုင်နှင့် သူမ စောစောကပြောခဲ့သော စကားအတိုင်း ပြန်ပြောလိုက်ရသည်။

သူမစကားအဆုံးမှာ ဒက်ဒီနှင့် အန်တီက တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ အပြင်မှာ မိုးက သည်း သည်းထန်ထန်ရွာနေဆဲ ဖြစ်သလို ဦးရန်ပိုင်ကလည်း မိုးထဲမှာ မလှုပ်မယှက် ရပ်နေမြဲဖြစ်သည်။

"ဘယ်လိုလုပ်ကြမလဲ မောင်ငြိမ်း၊ ညကြီးအချိန်မတော် ဘေးပတ်ဝန်းကျင်က မြင်လို့လည်း မသင့်တော်ဘူး၊ ပြီးတော့ အိမ်ရှေ့တည့်တည့်ကြီးမှာ၊ မိုးထဲရေထဲ တစ်ခုခုဖြစ်သွားရင် မခက် လား"

"လူငယ်တွေစိတ်ထင်ရာ လျှောက်လုပ်နေကြတာ အရေး မကြီးဘူး၊ ဒီမှာက လူကြီးတွေ ငုတ်တုတ်ရှိသေးတယ်"

"ဟုတ်တယ်…မမပြောတာ မှန်တယ်၊ သွား…သွား သမီးပဲ မောင်ရန်ပိုင်ကို ချော့မော့ပြီး အိမ်ပြန်ခိုင်းလိုက်တော့၊ ဟုတ် လား"

"သမီး မသွားချင်ဘူး ဒက်ဒီ"





"ဟေ"

"ဒါဖြင့် ဒက်ဒီကိုယ်တိုင်သွားရမှာလား"

"ဘယ်သူမှသွားစရာမလိုပါဘူး ဒက်ဒီ၊ သူဘာသာ သိပ် ချမ်းလာတဲ့အခါကြတော့ ပြန်သွားမှာပါ"

"သမီးက အဲဒီလိုထင်လား"

"ဟုတ်"

"အေးလေ…ဒါဆိုလည်း သမီးသဘောအတိုင်းပဲ၊ စောင့် ကြည့်နေကြရုံပေါ့၊ မမ…ကျွန်တော့်ကို ကော်ဖီခါးခါးလေးလုပ် ဗျာ"

ဒက်ဒီက ဆိုဖာတစ်ခုတွင် ဝင်ထိုင်ရင်း ပြောလိုက်ခြင်း ဖြစ်ရာ အန်တီကလည်း ဘာမှမပြောဘဲ ဒက်ဒီပြောသည့်အတိုင်း ကော်ဖီတစ်ခွက်လာချပေးပါသည်။

ထို့နောက် အန်တီဂရေ့စ်ကိုယ်တိုင် ဆိုဖာတစ်ဖက်မှာ ထိုင်ကာ ထိုးလက်စချည်ခင်တစ်စကို ပုံဖော်လျက် ရောက်တတ် ရာရာ စကားများကို မောင်နှမနှစ်ယောက် ပြောဆိုနေရာ ဦးရန်ပိုင် ကိစ္စမှာ သူတို့နှင့်မဆိုင်သလို ဖြစ်သွားသည်။

တိမ်စင်သာသည် ပြောတုန်းကပြောပြီး ကိုယ့်ဘာသာ ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ နာရီကို တကြည့်ကြည့်လုပ်နေမိ သော်လည်း အိမ်ရှေ့မှာရှိနေသော မိုးရေထဲက သဏ္ဌာန်ဆီကိုလည်း အကြည့်မပျက်ချေ။

ဦးရန်ပိုင်ဆိုသည့်လူမှာ သူပြောသလိုပင် ရှူးနေပြီလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



မိုးရေထဲမှာ အသိမဲ့သူတစ်ယောက်မှာ မည်သည့်အဆောင်းအကာမှမပါဘဲ ထုံပေပေ ရပ်မြဲရပ်လျက်ရှိသည်။

အချိန်တို့ တရွေ့ရွေ့ကုန်သွားသလို သူမကိုလည်း မည်သူကမှ ဦးရန်ပိုင်ကို ဆင်းတွေ့ရန် မတိုက်တွန်းကြသဖြင့် အချိန်တစ်နာရီခန့် ရောက်သောအခါ တိမ်စင်သာမှာ သည်းထန်စွာရွာနေသော မိုးရေထဲက ဦးရန်ပိုင်ကို ကြည့်ပြီး ငိုရခက် ရယ်ရခက်ဖြစ်နေသည်။

နောက်ဆုံး ဘယ်လိုမှ နေ၍မရတော့သည့်အဆုံး ထီးတစ်ချောင်းဆွဲလျက် ခြံထဲကို ဆင်းခဲ့သည်။

မိုးသည်းထန်ရုံမက လေပါသည်းလျက်ရှိရာ တိမ်စင်သာကိုယ်လေးမှာ လေနှင့်မိုးကြောင့် ရွဲနစ်သွားသလို အေးမြလှသော မိုးရေစက်နှင့် လေကြောင့်လည်း ချမ်းတုန်သွား၏။

"ဦးရန်ပိုင်"

"တိမ်စင်သာ"

လက်ထဲမှ ထီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း မိုးရေတို့ စိုရွဲလည်း လှတစ်ကိုယ်လုံး ချမ်းတုန်ပြာနေသော ဦးရန်ပိုင်၏ မျက်နှာကို ငေးမောစူးစိုက်ကြည့်ရင်း သူမရင်မှာ တစ်ခါမှ မခံစားဘူးသော ဝမ်းနည်းထိခိုက်ခြင်း ဝေဒနာကို စို့စို့နင့်နင့်ကြီး ခံစားရလျက် သူမကိုယ်သူမ သတိမထားမိနိုင်ခင်မှာပင် မျက်ရည်စက်တို့ အခဲနဲ့ ဝိုင်းတက်လာလေသည်။

"မိုးထဲရေထဲ ဘာဖြစ်လို့ဆင်းလာရတာလဲ ကလေးရယ်၊





မိုးတွေစိုကုန်ပြီ"

သူကတိမ်စင်သာရှိရာကို လျှောက်လာရင်း ပြောလိုက်ရာ တိမ်စင်သာရင်မှာ ခိုက်နင့်သွားလျက်...

"ရှင်...ရှင် အလကားလူသိလား၊ အခုချက်ချင်း ရှင့်အိမ်ကိုပြန်ပါ"

"ကိုယ်မပြန်နိုင်ဘူး"

"ဟင်"

"ကိုယ့်အချစ်ကို ကလေး ယုံကြည်လက်ခံလာတဲ့အချိန်အထိ ဒီနေရာမှာ ရှိနေဖို့ ဆုံးဖြတ်ထားတယ်"

"အို"

"တိမ်စင်သာ"

"ရှင်ပြန်ပါတော့လို့ ပြောနေတာမရဘူးလား၊ ရှင့်ကြောင့် ကျွန်မကို ဒက်ဒီနဲ့အန်တီက ဆူပူအပြစ်တင်နေတာကို ရှင်က ဂုဏ်ယူကျေနပ်နေတယ်ပေါ့လေ၊ ဟုတ်လား"

"ကိုယ့်မှာ အဲဒီလိုစိတ်မရှိပါဘူးဆိုတာ တိမ်စင်သာ ယုံပါကွယ်"

သူက တိမ်စင်သာမျက်နှာလှလှလေးကို၊ စိတ်ထိခိုက်သော အမူအရာဖြင့် ကြေကွဲစွာ ကြည့်လျက်ဆိုလိုက်၏။

"ဒါဖြင့်...ကျွန်မ ပြောတဲ့အတိုင်း ရှင် ဒီနေရာက အခုပြန်ပါ"

"ကိုယ့်အချစ်ကို တိမ်စင်သာ ယုံပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ မဖြေပါ။

မိုးရေတို့ဖြင့် တုန်ရီစိုနစ်နေသော ဦးရန်ပိုင်၏ မျက်နှာကိုသာ စူးစိုက်ကြည့်ရင်း ပါးပြင်ပေါ် မျက်ရည်တွေ တစ်ပေါက်ချင်း စီးကျလာ၏။

"တိမ်စင်သာ"

"ရှင့်ကို ...မုန်းတယ်၊ ကျွန်မကို စိတ်ဒုက္ခရောက်အောင် တမင်သက်သက် အကျပ်ကိုင်အနိုင်ကျင့်တဲ့ ရှင့်ကို မုန်းတယ်"

"မုန်းတယ်"

"မုန်းတယ်"

"တိမ်စင်သာ"

ဦးရန်ပိုင်ထံမှ သူမ၏အမည်ကို ကြေကွဲစွာ အော်ဟစ်ခေါ်ငင်လိုက်သံကို ကြားရသော်လည်း သူမ လှည့်မကြည့်တော့ပါ။

သည်းထန်စွာ ရွာနေသော မိုးရေထဲမှာ နောက်ကို တစ်ချက်မှ လှည့်မကြည့်ဘဲ နေရာမှ တအားပြေးထွက်ခဲ့လိုက်ပြီ ဖြစ်ပါတော့သည်။





## အခန်း (၂၃)

တိမ်စင်သာသည် မှန်ထဲမှာ ထင်ဟပ်နေသော သူမရုပ်သွင်ကို နောက်ဆုံးတစ်ချက် ကြည့်လိုက်ပြီးနောက် နေရာမှ ညင်သာစွာ ထရပ်လိုက်လေသည်။

ဆင်စွယ်ရောင် နူးညံ့ပျော့ပျောင်းသော ဝတ်စုံလေးက ဝင်းဝါနုထွတ်သော သူမအသားအရေဖြင့် ရောထွေးလျက် လှပနေသလို ရှည်လျားနက်မှောင်သော ဆံပင်ရှည်ကြီးမှာလည်း လှုပ်ရှားလိုက်တိုင်း ယိမ်းနွဲ့လျက် စည်းချက်ညီစွာ ရှိနေ၏။

ဒီနေ့တော့ သူမအတွက် ထူးခြားသောနေ့ရက်ဖြစ်သလို သမ္မာဘဝ၊ သူမနှလုံးသား၏ ကံကြမ္မာကို သူမကိုယ်တိုင် ဖန်တီးရွေးချယ်ရမည့် နေ့တစ်နေ့ဆိုလည်း မမှားချေ။

ဒက်ဒီကိုယ်တိုင်က တိမ်စင်သာ၏ နှလုံးသားရေးရာကိစ္စကို သူမကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ခွင့် ပြုလိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ သူမအတွက် ပို၍ စိတ်လှုပ်ရှားလျက်ရှိ၏။

ညီညီနှင့် မိုးသောက်ဦးတို့မှာ အခုချိန်ဆိုလျှင် တိမ်စင်သာ အလာကို နှစ်ယောက်အတူ ဆုံလျက် စောင့်နေကြပေတော့မည်။

သူမအနေဖြင့် ထိုသူနှစ်ဦးအနက်က တစ်ဦးကို ကျေနပ်စွာ ရွေးချယ်လိုက်လျှင် တခြားတစ်ယောက်က ထာဝရမိတ်ဆွေသူငယ် ချင်းအဖြစ် ကျေနပ်ကြည်ဖြူစွာ လက်ခံလိုက်ခြင်းဖြင့် တစ်ယောက် ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်ကြရမည်ဖြစ်သည်။

ထိုနှစ်ယောက်အနက် တစ်ယောက်မှာ ဂုဏ်အပြုခံရသူ ဖြစ်ပြီး တခြားတစ်ယောက်မှာ ဂုဏ်ပြုရသူဖြစ်၏။

ညီညီနှင့် မိုးသောက်ဦးတို့မှာ ထိုကဲ့သို့ တိမ်စင်သာကို ပိုင်ဆိုင်ရယူကြဖို့အတွက် နည်းပေါင်းစုံကို ရွေးချယ်လိုက်၊ သဘော မကျ၍ ပယ်ဖျက်လိုက်နှင့် ရှိနေကြရာ နောက်ဆုံး သူမ၏ဆန္ဒကို ပါ လှမ်းမေးမြန်းကြပြီးနောက် အားလုံး၏သဘောဖြင့် အချစ်ဆို သည့်အရာကို ကံကြမ္မာလက်ထဲ ဝကွက်အပ်၍ ရွေးချယ်ရန် အတည်ပြု ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

တကယ်တော့ ချစ်ခြင်းမေတ္တာမှာ ကံတရား၏ စေစားရာ မဟုတ်သော်လည်း သူမတို့သုံးဦးတွင် ထိုထက်ပို၍ ကောင်းမွန် သော နည်းလမ်းကိုလည်း ရှာမတွေ့ပဲရှိရာ နောက်ဆုံး ဗွတ်မျက်စိ မှိတ် သဘောတူလိုက်ကြရခြင်းဆိုလည်း မမှားချေ။

သူမတို့သုံးယောက် ရွေးချယ်အတည်ပြုလိုက်ပုံမှာ အင်မ တန် ရိုးစင်းသော်လည်း ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာလည်း ပြည့်နှက်





နေသည်ကိုလည်း ဝန်မခံလို့မဖြစ်ပါ။

ညီညီနှင့် မိုးသောက်ဦးကို ရွေးချယ်ရမည့် သူမ၏ပုံစံမှာ မျက်လုံးများကို အဖြူရောင် ပိုးပဝါဖြင့် ချည်နှောင်စေပြီးမှ သူမ ရှေ့တည့်တည့်တွင် အသင့်ချထားမည့် အဖြူရောင် နှင်းဆီတစ်ပွင့် နှင့် အနီရောင် နှင်းဆီတစ်ပွင့်ကို သူမစိတ်ကူးဖြင့် မှန်းဆရွေးချယ် ရန်ဖြစ်သည်။

အဖြူရောင်နှင်းဆီပိုင်ရှင်မှာ ညီညီဖြစ်ပြီး အနီရောင် နှင်းဆီ ပွင့်ပိုင်ရှင်မှာ မိုးသောက်ဦး ဖြစ်လေသည်။

သူမ ရွေးချယ်လိုက်သော ပန်း၏ အရှင်သခင်မှာ တခြား သူမဟုတ်။ သူမလက်ထပ်ယူရမည့်သူသာ ဖြစ်ရာ အတွေးနှင့်ပင် တိမ်စင်သာကိုယ်တိုင် ရင်ခုန်ထိတ်လန့်လျက်ရှိသည်။

"သွားတော့မယ်လား တိမ်စင်သာ"

"ဟုတ်ကဲ့"

အန်တီဂရေ့စ်ထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့ ကြားလိုက်ရ ၏၊

"သေချာစဉ်းစားပြီးပြီပေါ့ ဟုတ်လား"

"အန်တီဂရေ့စ်"

"အေးလေ…နောင်တမပါတဲ့ ချစ်ခြင်းနဲ့ ပျော်ရွှင်ချမ်း မြေ့စရာကောင်းတဲ့ အိမ်ထောင်ရှင်မလေး ဖြစ်ပါစေလို့ အန်တီ ဆုတောင်းပါတယ်ကွယ်"

"ကဲ…ကဲ သွားပေတော့၊ ဟိုကစောင့်နေတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



တီမ်စင်သာသည် အန်တီဂရေ့စ်ကို တစ်ချက်မျှကြည့်လိုက်ပြီးနောက် အသင့်ရပ်ထားသော ကားပေါ်သို့ တက်ကာ နေရာမှညင်သာစွာ မောင်းထွက်ခဲ့လိုက်ပါသည်။

နောင်တမပါတဲ့ချစ်ခြင်းနဲ့ ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ အိမ်ထောင်ရှင်မလေးဖြစ်ပါစေတဲ့။ အန်တီဂရေ့စ်စကားသံက သူမ နားဝမှတစ်ဆင့် အသည်းနှလုံးအိမ်အထိ စိမ့်ဝင်ရိုက်ခတ်သွားရာ သူမတစ်ကိုယ်လုံး ကြက်သီးဖုလေးများပင် ထသွားသည်။

အန်တီဂရေ့စ်သဘောကို သူမ နားလည်ပါသော်လည်း ဦးရန်ပိုင်နှင့် ကိစ္စမှာတော့ သူမဘက်က သဘောထား တင်းမာခက်ထန်လျက် တင်းမာပြတ်သားလျက်ရှိရာ အန်တီဂရေ့စ်က တီမ်စင်သာကို ပြင်းထန်စွာ ဖိအားပေးတိုက်တွန်းခြင်းမရှိဘဲ သူမသဘောအတိုင်း ဖြစ်စေခဲ့တာကို သူမ မမေ့ပါ။

"အန်တီဂရေ့စ်တော့ တစ်ခုခုမှားနေပြီထင်တာပဲ၊ဒါဟာ အန်တီရဲ့ စိတ်ထင်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ အရေးကြီးတာက တူမလေး စိတ်ချမ်းသာပျော်ရွှင်ရင် ကျေနပ်ပါပြီ"

ထိုစကားကို ပြောခဲ့စဉ်တုန်းက အန်တီဂရေ့စ်ထံမှ ဦးရန်ပိုင်နှင့် ပတ်သက်၍သူမကို ညီညီ၊ မိုးသောက်ဦးတို့နှင့် အပြိုင်တစ်ပေါင်းတည်း နေရာထား၍ ထိုသုံးယောက်ထဲမှ တစ်ယောက်ကို ရွေးချယ်ရန် ပြောဆိုတိုက်တွန်းခဲ့သော်လည်း သူမက လက်မခံဘဲ ပြတ်သားစွာ ငြင်းပယ်ခဲ့ရာ ပြောခဲ့သောစကားဖြစ်ပါသည်။

သူမစိတ်ထဲမှာ ဦးရန်ပိုင်၏ တစ်ဖက်သတ် စိတ်ထင်ရာ





လုပ်ပုံတွေကို ခွင့်မလွှတ်နိုင်အောင် မုန်းနေခဲ့တာမို့ သူမလက်ထပ်ဖို့ ရွေးချယ်သူနှစ်ဦးထဲမှာ သူ့ကိုပါ ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဥပက္ခာပြုထားခဲ့ခြင်းဖြစ်ရာ အန်တီ ဆုတောင်းစကားကြားမှ စိတ်မှာ ထင့်ခနဲဖြစ်သွားရလျက် ဟင်းခနဲ သက်ပြင်းကြိတ်ချလိုက်မိခြင်းဖြစ်သည်။

မိုးရေထဲမှာ ချမ်းတုန်နေသော ဦးရန်ပိုင်မျက်နှာကို ဖျတ်ခနဲမြင်ယောင်လိုက်တာကို ချက်ချင်းလို မောင်းထုတ်ပစ်လိုက်သည်။

သွားစမ်းပါ…။

ဒီအချိန်ရောက်မှ ဒါတွေဘာလို့ တွေးနေရတာလဲ။

တီမ်စင်သာဆိုတဲ့ သူမဘဝမှာ ဘယ်တုန်းကမှ နောင်တဆိုတာ မရှိခဲ့ဘူး။

အခုလည်းမရှိဘူး…နောင်လည်းမရှိဘူး။

အိုလေ…သူမ ရှင်သန်နေသ၍ ဘယ်တော့မှ နောင်တမရှိစေရဘူး…။

သူမ အခုဆုံးဖြတ်တာတွေအားလုံး အမှန်တွေချည်းဖြစ်ရမယ်။

သူမစိတ်ထဲက အတွေးသံသယကို နိုင်မာတိကျသောဆုံးဖြတ်ချက်ဖြင့် ချက်ချင်းဖယ်ရှားပြစ်လိုက်ပြီးနောက် ညီညီနှင့် မိုးသောက်ဦး နှစ်ယောက်ထဲက တစ်ယောက်ယောက်ဆိုသည့် အတွေးကိုသာ ဦးနှောက်မှာ ထည့်ထားလိုက်၏။

သူမ၏ကားလေးမှာ ထိုနှစ်ယောက်နှင့် ချိန်းဆိုထားသော



www.burmeseclassic.com

www.burmeseclassic.com



နေရာနှင့် နီးသထက်နီးလာပြီဖြစ်ရာ သူမရင်ခုန်သံတွေလည်း ပိုမို မြန်ဆန်လာ၏။

"တွီ...တွီ...တွီ"

တိတ်ဆိတ်ငြိမ်သက်နေသော ကားထဲမှာ အော်မြည်လာသော ဖုန်းသံက သူမကို အတွေးအာရုံမှာ နိုးထစေလိုက်ရာ သူမ ဖုန်းကို ကောက်ယူလိုက်သည်။

"ဟဲလို"

"ဒက်ဒီပါ သမီး"

"ဟုတ်ကဲ့ ဒက်ဒီ"

ဖုန်းမှာ သူမ မျှော်လင့်ထားသလို ညီညီနှင့် မိုးသောက်ဦး တစ်ယောက်ယောက်ဖြစ်လိမ့်မည် မဟုတ်ဘဲ သူမဒက်ဒီ ဖြစ်နေသဖြင့် အံ့သြသွား၏။

"သမီး...အခု ဘယ်ကိုရောက်နေလဲ"

"လမ်းပေါ်မှာပါ ဒက်ဒီ"

"ဟုတ်ပြီ...ဒါဆို သမီး သေချာနားထောင်ပါ၊ အခုမောင်ရန့်ပိုင် အဖျားကြီးပြီး သတိလစ်သွားလို့ အရေးပေါ်အခန်းမှာ ရောက်နေတယ်၊ ဖျားနေတာ တစ်ပတ်လောက်ရှိပြီလို့ပြောတယ်"

"မိုးရွာထဲမှာ သမီးကို လာရပ်ပြတဲ့ နေ့ထဲက အပြင်းဖျားတယ်လို့ပြောတာပဲ"

"ရှင်"

"အေး...အဲဒါ ဒက်ဒီလည်း အခုမှသိတာ၊ အခြေအနေ





မကောင်းလှဘူး၊ သူ့ရဲ့နောက်ဆုံးအခြေအနေကို ကြည့်ချင်ရင် ဒက်ဒီ ပြောတဲ့ဆေးရုံကို သမီး အခုချက်ချင်း လိုက်ခဲ့ပေတော့ကွယ်"

"မလာချင်ဘူးဆိုလည်း သမီးသဘောပဲ၊ ဒါပဲကွယ်"

"ဒက်ဒီ"

သူမ လှမ်းခေါ်လိုက်ပေမယ့် အချိန်မမှီတော့ပါ။ ဒက်ဒီက ဖုန်းချသွားနှင့်ပြီဖြစ်သည်။

ရုတ်တရက် သူမသည် ဘာလုပ်ရမှန်းမသိဘဲ ရင်တစ်ခုလုံး မွန်းကျပ်စို့နင့်သွား၏။

ဦးရန့်ပိုင်ကို မိုးရေထဲမှာ စိုရွှဲတုန်ရီနေသောပုံစံကို ဖျတ်ခနဲ ဖျတ်ခနဲ မြင်ယောင်လာသည်။

ဘုရား...ဘုရား။

သူသာ တစ်ခုခုဖြစ်သွားရင် သူမ အပြစ်ကင်းပါဦးမလား။

ဟင့်အင်း...။

သူမကြောင့် အပြစ်မဲ့တဲ့ လူတစ်ယောက် သေဆုံးသွားရမယ်ဆိုရင်...။

"အို"

"ကျွီး"

သူမကိုယ်သူမ ဘာလုပ်မိလိုက်မှန်းမသိခင်မှာပင် ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ်ပစ်လိုက်သည်။ တိုက်ဆိုင်စွာပင် သူမရောက်ရှိနေသော နေရာမှာ ညီညီနှင့် မိုးသောက်ဦးတို့၏ကား နှစ်စီးကို နောက်ပိုင်းအနေအထားမှ လှမ်းမြင်တွေ့နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ကားတစ်စီးနှင့် အနီရောင်ကားတစ်စီး။ တိမ်စင်သာ ရင်ထဲမှာ ဒုန်းခနဲဖြစ်သွားသည်။

အဖြူရောင် နှင်းဆီပန်းပွင့်နှင့် ညီညီ။ ပြီးတော့ အနီရောင်ပန်းနှင့် မိုးသောက်ဦးတို့ကို စိတ်ကူးဖြင့် လှမ်းမြင်ယောင်ရင်း မျက်ဝန်းအစုံကို အလန့်တကြားလေး မှိတ်ချလိုက်မိသည်။

သူမ ဘာလုပ်ရမလဲ

သူမ ဘာလုပ်သင့်သလဲ….။

ရှေ့ဆက်တိုးသွားလျှင် သူမကို စောင့်ကြိုနေသူနှစ်ဦးရှိရာကို မလွဲမသွေ ရောက်ပေတော့မည်။

ဦးရန်ပိုင်…။

မတွေးပါဘူးလို့ ဆုံးဖြတ်ထားသည့်ကြားမှ ဦးရန်ပိုင်၏ မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လာ၏။

ပင်လယ်ကမ်းခြေမှာ ဦးရန်ပိုင်နှင့် စတင်တွေ့ဆုံခဲ့ပုံ၊ ပန်းစည်းနှင့် အရုပ်တွေ ပေးပို့လာပုံ၊ မြပုဝါသူဌေးကြီးတစ်ယောက်က သူမလို ဘာမဟုတ်တဲ့ မိန်းမငယ်တစ်ယောက်အံက ပိုက်ဆံချေးကာ ဒုတိယအကြိမ် ရင်းနှီးပတ်သက်ရန် တမင်လုပ်ကြံဖန်တီးခဲ့ပုံများ။

နောက် သူမကို ဖွင့်အတင်း ချစ်ရေးဆိုသည်မှအစ မိုးရေထဲမှာ အချိန်အကြာကြီး ရပ်တန့်သွားခဲ့တာအဆုံး ရုပ်ရှင်တစ်ခုရဲ့ အနေးပြရိုက်ချက်များအတိုင်း တစ်ခုပြီးတစ်ခု မျက်ဝန်းမှာ ပြန်မြင်ယောင်လာတော့ ရင်ထဲ ဘယ်နေရာဆီကမှန်းမသိဘဲ စစ်ခနဲ





နာကျင်နင့်စို့သွား၏။

တကယ်ဆို…သူမှာ အပြစ်ရယ်လို့ ကြီးကြီးမားမား မရှိခဲ့ဘူးထင်သည်။ သူမကိုယ်တိုင် မျက်ဝန်းမှာ မျက်ရည်တွေ ချက်ချင်းပြည့်အိုင်လာတာကို မသိ။

သူ…ဦးရန်ပိုင် တစ်ခုခုဖြစ်သွားမှာကိုသာ စိုးရိမ်ထူပူသွားမိတာ ဘာကြောင့်ပါလဲ။

ဘုရားရေ…။

တိမ်စင်သာ တကယ်ချစ်မိနေတာ ဦးရန်ပိုင်တဲ့လား။

သူမရင်တွေ တဒိန်းဒိန်းလှုပ်ခုန်လာသလိုပါ။ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။ ထို့နောက် ကားကို နေရာမှ ခပ်ကြမ်းကြမ်းလေး နောက်ပြန်လှည့်ကွေ့လိုက်ပြီး ဦးရန်ပိုင်ရှိရာကို ဦးတည်လိုက်သည့်အဖြစ်ကို ညီညီရော မိုးသောက်ဦးဆိုသူပါ မသိလိုက်ကြပါ။

ကျွန်မကို ခွင့်လွှတ်ပါ ညီညီနဲ့ ကိုမိုးသောက်ရယ်…။

ဘဝတစ်ခုကို စိတ်တိုင်းကျ တည်ဆောက်ဖို့ဆိုရင် ကံကြမ္မာရဲ့ အဆုံးအဖြတ်တစ်ခုထဲနဲ့ ဆုံးဖြတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

အင်မတန်မှ နူးညံ့သိမ်မွေ့တဲ့ နှလုံးသားရဲ့ အလိုအတိုင်းသာ လုပ်ဆောင်သင့်ပါတယ်။

ကျွန်မ ဦးရန်ပိုင်ကို ချစ်တယ်။

တိမ်စင်သာ စိတ်ထဲက ထိုစကားကို တိုးတိုးလေးရွာ ဆို

www.burmeseclassic.com

www.burmeseclassic.com



ညည်းလိုက်ခြင်းကို မည်သူမျှမကြားချေ။

လူငယ်လေးနှစ်ယောက်သည် ကိုယ်စီပင် လက်မှနာရီကို ဖြိုင်တူလိုကြည့်လိုက်ကြပြီးနောက် ကားဝင်ပေါက်ရှိရာလမ်းသို့ မျှော်လင့်ချက်ကိုယ်စီပါသော မျက်ဝန်းအကြည့်များဖြင့် လှမ်းကြည့်လိုက်ကြ၏။

သူတို့ စောင့်မျှော်နေသူက သူတို့ရှိရာသို့ ရောက်မလာနိုင်တော့သည့်အဖြစ်ကို မသိကြသူများပီပီ သူတို့စိတ်ထဲမှာ တိမ်စင်သာဆိုသော မိန်းမလှလေး မလွဲမသွေ ဤနေရာသို့ ရောက်လာလိမ့်မည်ဟု ယုံကြည်လျက်ရှိသည်။

"ဦးရန်ပိုင်"

မလှုပ်မရှက် ငြိမ်သက်မှောမှေနေသော လူနာ၏ ပိန်သွယ်ပါးလျှသွားသော မျက်နှာကို ကြည့်ကာ ရင်စို့လိုက်လှဲစွာ ခေါ်ရင်း တိမ်စင်သာ ပါးပေါ် မျက်ရည်ပေါက်ပေါက် ယိုစီးလျက် ဦးရန်ပိုင်၏ မျက်နှာပေါ် ကျသွားသည့်အဖြစ်ကို သူမ ဂရုမစိုက်နိုင်ချေ။

ချစ်ရသူ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် တသိမ့်သိမ့် ရှိုက်ငိုနေသူမှာပင် သူမနှလုံးသားမှာ ဦးရန်ပိုင်ကို အဘယ်မျှ တွယ်ငြိချစ်ခင်မြတ်နိုးမိသလဲဆိုသည့် အဖြစ်ကို ရင်နာစွာ သိရလေသည်။

"တိမ်စင်သာ"

"ဟင်…ဦးရန်ပိုင်၊ ဦးရန်ပိုင် သတိရပြီနော်"

"ကလေးရယ်"

"ကိုယ်ဝမ်းသာလိုက်တာကွယ်"

"ကျွန်မလည်း သိပ်ဝမ်းသာပါတယ် ဦးရန်ပိုင်ရယ်"

"တိမ်စင်သာ…ကိုယ့်ရဲ့အချစ်ဆုံးရယ်"

တိမ်စင်သာသည် မျက်ရည်များကြားမှ ချစ်ရသူကို အလှဆုံး ပြုံးပြလိုက်မိပါသည်။

အခုတော့ သူမသိပါပြီ။

နှုတ်ခမ်းဖျားက ဘယ်လောက်ပဲ အမုန်းစကားဆိုဆို။

ဘယ်လောက်ပဲ ဥပေက္ခာပြုရက်စက်ဖို့ ကြိုးစားပေမယ့်လည်း အချစ်ရဲ့အမိန့်တော်အတိုင်း လွန်ဆန်မရတဲ့အကြောင်းတရားတွေအောက်မှာ ကိုယ်ချစ်ရသူကို ကျေနပ်ကြည်ဖြူစွာ၊ မြတ်နိုးနှစ်သိမ့်စွာ အရှုံးပေးလိုက်ရပြီဆိုတာပါပဲ။

ဒါဟာ…အချစ်ရဲ့ နူးညံ့တဲ့ အမိန့်တော်အတိုင်းပါပဲဆိုရင် ချစ်သူတိုင်း မငြင်းလိုက်ကြပါနဲ့လားကွယ်။

ဦးရန်ပိုင်ကို ကျွန်မချစ်တယ်။

**ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။**

**ချစ်ခြင်းမေတ္တာအားဖြင့်**

**မြပုလဲသွယ်**



BURMESE CLASSIC
www.burmeseclassic.com